


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၂၅) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် ၊ ဗုဒ္ဓဟူး ၊ (ဩဂုတ် ၂၈ ၊ ၂၀၁၃)

# ကိုယ်စားလှယ်အဖြစ်မှရုပ်သိမ်းခွင့် လွှတ်တော်တွင်းအင်အားစုအချို့ စိုးရိမ်

**အောင်သူရ၊အိဖြူလွင်**

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားများအတွက် လွှတ်တော်သက်တမ်းကာလ တစ်ဝက်ကျော်ရောက်ရှိလာပြီဖြစ်သည့်အတွက် ဆက်လက်ပြီး ဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ကြောင်း ဗိုလ်မှူးကြီးဉာဏ်နိုင်က ရဲရဲဝံ့ဝံ့ထပြောလိုက်သည်။

**အချပ်ပို(I)သို့**



*ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူတွေ့ရသည့် ကိုစိုးနိုင်၏မိခင်* ဓာတ်ပုံ-ကိုမြင့်ဦး

# နှောင်းခဲ့လေသည့် ဂုဏ်ပြုလွှာ

ပညာသင်ကြားရန် အိမ်ကထွက်သွားသည့် သားဖြစ်သူတစ်ယောက် ဒီမိုကရေစီနှင့် အမှန်တရားအတွက် အသက်စွန့်သွားခဲ့ခြင်းကို ဂုဏ်ယူဝမ်းနည်းကြောင်း စာနာသူအချို့ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းက စိတ်ဝေဒနာခံစားနေရသော အမေအိုထံ နှစ်ပေါင်း ၂၅နှစ်ကျော်ကြာပြီးကာမှ ရောက်ရှိလာခဲ့သည်။

**စာ(၈)သို့**



*ဟန်းဆက်အရောင်းဆိုင်တွင် ခင်းကျင်းနေသော ဝန်ထမ်းတစ်ဦး* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဝယ်သူသာလျှင် အမြဲမှားသည့် ဟန်းဆက်ဆိုင်တို့ ပေါ်လစီ

**ထွန်းခိုင်၊ ခန့်ထက်၊ ဆွေမွန်**

ဘောဂဗေဒပညာရှင်များနှင့် ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းရှင်များ မကြာခဏ ကိုးကားပြောဆိုလေ့ရှိသည့် "ဝယ်သူသည်သာ ထာဝရမှန်ကန်သည်"ဆိုသည့် ဆိုရိုးစကားမှာ မြန်မာပြည်အတွက်မူ ဟုတ်ဟန်မတူ။ ထိုစကားကို အနည်းငယ်မျှပင်သံသယရှိစရာမလိုဘဲ လက်ခံကြသည့် လူ့အချို့တော့ရှိသည်။ ထိုသူတို့မှာ မြန်မာနိုင်ငံက တယ်လီဖုန်းသုံးစွဲသူများပင်။

**အချပ်ပို(J)သို့**

**INTERVIEW**

## ပဋိပက္ခတွေဖြစ်နေရတဲ့ အကြောင်းရင်းတွေ သန်းနဲ့ချီပြီးရှိပါတယ် အဓိကက အကြောက်တရားပါ

ပဋိပက္ခဖြေရှင်းရေးဆိုင်ရာပညာရှင် ဒေါက်တာတတ်စ်ဆုရှိအရိုင်

စာ(၂၃)သို့

# ရန်ကုန်မြို့တွင်းမြေများ အခန်းကျဉ်းလေးများနှင့် ကုန်ဆုံးနေ

**မိုးညို**

ဆောက်လုပ်ရေးကန်ထရိုက်တာများက ရန်ကုန်မြို့တွင်းပိုင်း၌ တစ်နှစ်ထက်တစ်နှစ် လူနေတိုက်ခန်းများ ရောင်းချနိုင်ရေးတစ်ခုတည်းကိုသာ အဓိကဦးစားတည်ဆောက်လုပ်မှုများကြောင့် မြို့တော်၏ တန်ဖိုးမြင့်မြေကွက်အများစု ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း မြို့ပြစီမံကိန်းမှ ကျွမ်းကျင်ပညာရှင်များက ထောက်ပြပြောဆိုလိုက်သည်။

ယင်းကဲ့သို့မြေနေရာ ရှားပါးလာမှုများနှင့် အလျင်စလို တည်ဆောက်မှုများက ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံအများစုမှာ မြေနေရာခပ်ကျဉ်းကျဉ်း၌ လူသားမဆန်သည့် အခန်းငယ်များအဖြစ် ထွက်ပေါ်လာခဲ့ရသည်ဟု မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ယခင်အစိုးရ၏ စီမံခန့်ခွဲမှုအလွဲများအပေါ် ဝေဖန်ပြောဆိုသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စတင်၍ မြို့တွင်းပိုင်း မြို့နယ်များရှိ မြေကွက်နှင့် အိမ်ရာဟောင်းများတွင် အထပ်မြင့်လူနေတိုက်တာများ တည်ဆောက်မှုနှုန်းမြင့်မားလာခဲ့သည်။ ယင်းအကျိုးဆက်က ရန်ကုန်မြို့တွင် မြေနေရာရှားပါးမှုပြဿနာနှင့် အကြီးအကျယ်ကြုံတွေ့နေရပြီဖြစ်သည်ဟု မြို့ပြကျွမ်းကျင်ပညာရှင်များက ဆိုသည်။

**အချပ်ပို(K)သို့**



7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013





ဆေးတပ်သာ ၃၀၀ကျော်ပါဝင်သော Peace Ark အမည်ရှိ တရုတ်စစ်သင်္ဘော

# တရုတ်စစ်သင်္ဘော လာရောက်မည်

**ရဲနောင်**

**ရန်ကုန်၊ ဩဂုတ်-၂၆**

ဆေးတပ်သားသုံးရာကျော်ပါဝင်သည့်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ "Peace Ark" သည် ယခုလ ၂၈ ရက် နံနက်တွင် ရန်ကုန်မြို့၊ သီလဝါ ဆိပ်ကမ်းသို့ ရောက်ရှိမည်ဟု တရုတ်သံရုံးမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် သီတင်းပတ်တစ်ပတ်ကြာနေထိုင်မည့် ကာလအတွင်းမြန်မာ့တပ်မတော်မှ ဒဏ်ရာရရေတပ်သားများအား ဆေးကုသမှုပေးမည့်အပြင် ကျန်းမာရေးစစ်ဆေးမှု၊ ခွဲစိတ်ကုသမှုများကိုပြုလုပ်ပေးမည်ဖြစ်သည်။ ထို့အပြင်အရပ်သားများနေထိုင်ရာ ရပ်ကွက်အချို့နှင့် မူလတန်းကျောင်းများတွင်လည်း ကျန်းမာရေးစစ်ဆေးမှုနှင့် ကုသမှုများ လုပ်ဆောင်မည်ဟုသိရသည်။

နှစ်နိုင်ငံကြားယဉ်ကျေးမှုဖလှယ်ရေးနှင့် တရုတ်ရိုးရာ တိုင်းရင်းဆေးပညာဖြင့် ကုသမှုတို့ကို သရုပ်ပြတင်ဆက်ခြင်းကဲ့သို့သော အစီအစဉ်များလည်းပါဝင်ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။


"အဓိကကတော့ ဒီသင်္ဘောက ဒဏ်ရာရရေတပ်သားတွေကို ကုသမှုပေးတာဖြစ်ပါတယ်။ ဒါပေမဲ့ အရပ်သားတွေအတွက်ရော၊ တပ်အတွက်ရောဖြစ်နိုင်ပါတယ်"ဟု တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားထားသည်။

"Peace Ark"စစ်သင်္ဘောသည် တိုက်ခိုက်ရေးစစ်လက်နက်ပစ္စည်းများတပ်ဆင်ထားခြင်းမရှိဘဲ ကမ္ဘာတစ်ဝန်းဘေးဒုက္ခဖြစ်ပေါ်သည့်နေရာများတွင်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအတွက် အဓိကရည်ရွယ်ထားခြင်းဖြစ်ပြီး လူနာတင်ခုတင် ၃၀၀၊ အထူးကြပ်မတ်ကုသခုတင် ၂၀၊ ခွဲစိတ်ခန်း ရှစ်ခုပါဝင်ပြီး တစ်ရက်လျှင် အကြီးစားခွဲစိတ်ကုသမှု ၄၀ အထိပြုလုပ်နိုင်သည်။

ပြီးခဲ့သည့်ဇူလိုင် ၂၄ ရက်ကလည်း တရုတ်ရေကြောင်းဌာနမှ ချစ်ကြည်ရေးသင်္ဘော M/V HAI-XUN 01 သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို အမေရိကန်နှင့် အနောက်နိုင်ငံများက အားပေးထောက်ခံမှုများရှိနေချိန်တွင် တရုတ်တို့၏ အရေးပါမှုမှာ လျော့ကျလာဖွယ်ရှိကြောင်း သုံးသပ်မှုများရှိနေစဉ် တရုတ်တို့က အဆိုပါအချက်ကိုသတိထားကိုင်တွယ်လာပြီး မြန်မာနိုင်ငံတွင် ၎င်း၏ အရေးပါသဲ အခန်းကဏ္ဍများ မပျောက်ပျက်ရန် ကြိုးစားလှုပ်ရှားနေကြောင်း မြန်မာနိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။



7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ဆီးဂိမ်းအတွက် မြန်မာအသင့်ဖြစ်နေကြောင်း မလေးရှားအတည်ပြု

**ကွာလာလမ်ပူ၊ဩဂုတ်-၂၆**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို လက်ခံကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံသို့မကြာသေးမီက သွားရောက်ခဲ့သော မလေးရှားအိုလံပစ်ကောင်စီအတွင်းရေးမှူးဒါတွက်စီကုတ်ချီက ပြောကြားသည်။

"အခင်းအကျင်းတွေ အကုန်အဆင်သင့်ဖြစ်နေပြီ။ ဟော်ကီကလွဲလို့ စီစဉ်ထားတာတွေ အကုန်ကောင်းပါတယ်။ ဟော်ကီကတော့ မြန်မာမှာ လူကြိုက်များတဲ့ အားကစားမဟုတ်ပါဘူး။ ပွဲကြည့်စင်တွေမှာ လူ ၈၀၀ လောက် ထိုင်နိုင်ပြီးတော့ လိုအပ်ရင် ယာယီခုံတွေလည်း လုပ်ပေးဦးမယ်လို့ သူတို့က ပြောပါတယ်"ဟုကုတ်ချီကမလေးရှားသတင်းမီဒီယာများတွင် ပြောကြားခဲ့သည်။

ထို့အပြင် သယ်ယူပို့ဆောင်ရေးဆိုင်ရာတွင်လည်း မလေးရှားနိုင်ငံကွာလာလမ်ပူမှ နေပြည်တော်သို့ပြိုင်ပွဲကာလအတွင်း တိုက်ရိုက်လေကြောင်းပြေးဆွဲမည်ဖြစ်ပြီး အားကစားသမားများနှင့် တာဝန်ရှိသူများပြည်ဝင်ခွင့်ဗီဇာယူရန်မလိုဘဲ ခွင့်ပြုသွားမည်ဖြစ်သည်။




*နေပြည်တော်တွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သော ဝဏ္ဏသိဒ္ဓိအားကစားကွင်း*

လာမည့် ဒီဇင်ဘာလတွင် ကျင်းပမည့် ဆီးဂိမ်းအတွက် အားကစားသမားများကိုနေပြည်တော်ရှိ ၆,၄၀၀ ဆံ့ အားကစားကျေးရွာတွင် ထားရှိမည်ဖြစ်ပြီး လေအေးပေးစက်များ တပ်ဆင်ထားသည်ဟုကုတ်ချီကဆိုသည်။ ရန်ကုန်တွင်မူ အားကစားသမားများကို ဟိုတယ်များတွင် နေရာချထားပေးမည်ဖြစ်သည်။ ကစားနည်းအလိုက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ပုသိမ် လေးနေရာခွဲပြီး ကျင်းပရန်စီစဉ်ထားသည်။

(၄၄)နှစ်ကြာမှအိမ်ရှင်အဖြစ်ပြန်လည်ကျင်းပနိုင်သည့် ဆီးဂိမ်းတွင် မြန်မာက ကစားနည်း ၃၃ ခု ထည့်သွင်းထားသည်။ မြန်မာအားကစားသမားများ အားနည်းသောကစားနည်းများကို ချန်ထားခဲ့ပြီး မြန်မာ့ရိုးရာကစားနည်းများတွင် ရွှေတံဆိပ်ဆုများ ပိုထည့်ထားသဖြင့်ဖိလစ်ပိုင်နှင့်နိုင်ငံအချို့က မြန်မာကို ဝေဖန်ခဲ့သည်။

ကိုကား-The Star

# ရခိုင်ပြည်နယ် ငါးလုပ်ငန်းဥပဒေမူကြမ်း လာမည့်နှစ်တွင် အပြီးသတ်နိုင်ရေး ရခိုင်အဖွဲ့အစည်းများဆောင်ရွက်

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ်-၂၆**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဥပဒေမူကြမ်းအား ၂၀၁၄ခုနှစ်မတ်လကုန်တွင် အပြီးသတ် ရေးဆွဲနိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ အဖွဲ့အစည်းများက ဝိုင်းဝန်းအကူအညီပေးနေကြောင်း သတင်းရရှိသည်။

အဆိုပါဥပဒေကြမ်းတွင် ရခိုင်ပြည်နယ်ငါးလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကူညီရကြောင်း ရခိုင်ပြည်နယ်ငါးလုပ်ငန်းဆိုင်ရာမိတ်ဖက်အဖွဲ့တွင်ပါဝင်သည့် ပျိုးပင်အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

"ကျွန်တော်တို့က ငါးလုပ်ငန်းပညာရှင်တွေမဟုတ်ဘူး။ ငါး လုပ်ငန်းနဲ့ပတ်သက်လို့ ကျွမ်းကျင်သူတွေက ဥပဒေမှာပါသင့်တာတွေကို ဝိုင်းအကြံပြုကြမယ်။ ဥပဒေရေးဆွဲရေးအဖွဲ့ကလည်း မူကြမ်းအဖြစ် လက်ခံရေးဆွဲပြီး အစိုးရသော်လည်းကောင်း၊ လွှတ်တော်သို့လည်းကောင်းတင်မယ်။ ကျွန်တော်တို့က အဲဒီဥပဒေမှာ ပြင်ဆင်သင့်တာနဲ့လိုအပ်ချက်တွေ ဖြည့်ရမှာတွေကို အကြံပြုပေးချင်တာပါ"ဟု P.E.A.C.E Law Firm မှ တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဆွေကပြောသည်။

"ကျွန်တော်တို့က ဥပဒေကြမ်းမဆွဲခင်မှာလည်း အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တယ်။ ရေးဆွဲပြီးရင်လည်း အကြံပြုတာတွေ လုပ်ပေးပါမယ်။ ဒါပေမဲ့ ဥပဒေအတည်ပြုပြီးမှ အခြားတိုင်းဒေသကြီးလို ပြဿနာတွေဖြစ်၊ မဖြစ်ကတော့ ဥပဒေကြမ်းက အခုမှစရေးဆွဲဖို့ ပြင်နေတုန်းမို့ ကြိုမပြောနိုင်သေးပါဘူး"ဟု အဆိုပါမိတ်ဆက်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးက ၂၀၁၂ ခုနှစ် ငါးလုပ်ငန်းဥပဒေပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း အဆိုပါဥပဒေ၏ အားနည်းချက်ကြောင့် ဒေသခံများနှင့် အင်းအိုင်လုပ်ငန်းရှင်များကြား ပဋိပက္ခများဆက်တိုက်ပေါ်ပေါက်ခဲ့ရာ လူသတ်မှုများနှင့် အုပ်စုဖွဲ့အကြမ်းဖက်မှုများ မကြာခဏဖြစ်ပေါ်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

CRIME မှုခင်းသတင်း CORNER

## ရေဘေးဒုက္ခသည်စခန်းသို့ ထမင်းထုပ်ဝေစဉ် လိုင်းကားနှင့်တိုက်မိ သေဆုံး

ဖွဲ့မာန်

**ရန်ကုန်၊ ဩဂုတ်-၂၆**

မှော်ဘီမြို့နယ်ရှိရေဘေးဒုက္ခသည်စခန်းသို့ ထမင်း ထုပ်ပေးဝေရန်လာသည့် ဆိုင်ကယ်နှင့် ခရီးသည်တင် ဟိုင်းလပ်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်စီးသူ သေဆုံးသွားကြောင်း သတင်းရရှိသည်။

မှော်ဘီမြို့နယ်တွင် ရေကြီး၊ ရေလျှံမှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ နီးစပ်ရာမြို့နယ်ဒေသခံများမှ ထမင်းထုပ်များ သွားရောက်လှူဒါန်းကြရာ ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီခန့်တွင် ထောက်ကြန့်မြို့နယ်မှ မှော်ဘီရေဘေးကယ်ဆယ်ရေးစခန်းသို့ လှူဒါန်းရန်လာသည့် ဆိုင်ကယ်တစ်စီးနှင့် ရန်ကုန်၊ တိုက်ကြီးသို့ပြေးဆွဲသည့် ၁၃၄ ဟိုင်းလပ်ယာဉ်တို့ မှော်ဘီမြို့နယ်လေတပ်ကွေ့အနီးတွင် မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ပြီး ဆိုင်ကယ်အတူစီးသူလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း မှော်ဘီမြို့နယ်ရဲစခန်းမှ သတင်းရရှိသည်။

"သတင်းရရချင်းသွားပေမယ့် ယာဉ်မောင်းက မောင်းပြေးသွားတယ်။ အခုတိုက်တဲ့ယာဉ်ကိုတော့ မိထားပါပြီ။ ယာဉ်မောင်းကတော့ လွတ်နေသေးတယ်"ဟု မှော်ဘီမြို့နယ်ရဲစခန်းမှ စခန်းမှူးကပြောသည်။

အဆိုပါပြစ်မှုကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၁/ ၃၀၄(က)/ ၂၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ ယာဉ်မောင်းကို လိုက်လံရှာဖွေဖမ်းဆီးနေကြောင်း သတင်းရရှိသည်။

မှော်ဘီမြို့နယ်တွင် ဩဂုတ် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းကာ တောင်ကျရေစီးလာသောကြောင့် လူဦးရေ ၁,၅၀၀ ခန့် ရေဘေးအန္တရာယ်ကြုံတွေ့ရပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေရသော်လည်း အစားအသောက်အခက်အခဲရှိသဖြင့် နီးစပ်ရာမြို့နယ်ဒေသခံများမှ အစားအသောက်များ သွားရောက်ပေးဝေနေကြောင်း သိရသည်။

## ဥက္ကံအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူ သုံးဦးကို ပြစ်ဒဏ်အသီးသီးချ

သန်းဌေး

**ရန်ကုန်၊ ဩဂုတ် -၂၆**

ဧပြီလက ဖြစ်ပွားခဲ့သည့် ဥက္ကံမြို့ ဆူပူအကြမ်းဖက်မှု တရားခံအမျိုးသားသုံးဦးကို ပြစ်ဒဏ်အသီးသီး ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဩဂုတ် ၂၃ ရက်တွင် တရားခံများဖြစ်ကြသည့် စိန်ဟန်၊ ဝင်းသန်းနှင့် ကြည်ခိုင်စိုးတို့ သုံးဦးကို တိုက်ကြီးမြို့နယ် တရားရုံးမှ အပြီးသတ်စီရင်ချက်ချကာ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်နှင့် ခုနစ်နှစ်စီ အသီးသီးချမှတ်လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

အဆိုပါ အမျိုးသားသုံးဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့တွင် ဧပြီ ၃၀ ရက် နံနက် ၉ နာရီ၌ ဗုဒ္ဓဘာသာကိုရင်တစ်ပါးနှင့် အစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦးတို့ မတော်တဆ ထိခိုက်မိရာမှ စတင်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ကြသောကြောင့် ဥက္ကံမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူခံခဲ့ရသည်။

ထို့ကြောင့် တရားခံစိန်ဟန်ကို ပြစ်မှုဆိုင်ရာပုဒ်မ ၄၄၀/၃၄ ကို ကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် အလုပ်နှင့်ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်စီရင်လိုက်ခြင်းဖြစ်သည်။ အလားတူ တရားခံဝင်းသန်းကိုပြစ်မှုဆိုင်ရာပုဒ်မ ၄၃၆/၃၄ စွဲချက်ဖြင့် အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်လိုက်သည်။

ထို့အပြင် တရားခံကြည်ခိုင်စိုးကိုပြစ်မှုဆိုင်ရာပုဒ်မ ၄၄၀/၃၄ ကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်နှင့် ပြစ်မှုဆိုင်ရာပုဒ်မ ၄၃၆/၃၄ ကို ကျူးလွန်ခဲ့သောကြောင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

## ပုဂံရှေးဟောင်းဘုရားအချို့ မိုးယိုသဖြင့် နံရံဆေးရေးပန်းချီများ ပျက်စီးနေ

ငြိမ်းချမ်း

**ရန်ကုန်၊ ဩဂုတ်-၂၆**

ရှေးဟောင်းမြို့တော်ပုဂံမြို့ရှိ နံရံဆေးရေးပန်းချီများရှိသော နာမည်ကြီးဘုရားများအပါအဝင် ဘုရားစေတီအချို့ မိုးယိုကျပြီး နံရံဆေးပန်းချီများ ပျက်စီးမှု ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။



**ပုဂံရှိ နံရံဆေးရေးပန်းချီတစ်ခု** ဓာတ်ပုံ-ငြိမ်းချမ်း

နံရံဆေးပန်းချီများဖြင့် နာမည်ကြီးသော ဘုရားများဖြစ်သည့် မြေပုံသာ၊ ဘုရားလှ၊ စူဠာမဏိ၊ ဘုရားသုံးဆူဘုရားစသည့် ဘုရားများအပါအဝင် ဘုရားစေတီအချို့ အပေါ်မှ ဘုရားအတွင်းသို့ မိုးယိုမှုများဖြစ်ပေါ်နေကာ အတွင်းပိုင်းရှိ နံရံဆေးရေးပန်းချီများ ပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

"ဘုရားတွေက များတော့ ဘယ်လောက်များများ ဘုရားတွေ မိုးယိုနေတယ်ဆိုတာ သေချာမသိသေးပါဘူး။ မိုးယိုနေတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဘုရားအပေါ်ပိုင်းကနေ ပြုပြင်မှုတွေ လုပ်နေပါတယ်"ဟု ပုဂံရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကပြောသည်။

ပုဂံမြို့ရှိဘုရားများပျက်စီးမှု၊ မိုးယိုကျမှုများကို ပြုပြင်ရာတွင် ကျွမ်းကျင်သည့် ပညာရှင်များနှင့် မပြုပြင်ဘဲ အပေါ်ယံပြင်ဆင်မှုများသာ ရှိနေသောကြောင့် ဝေဖန်ပြောဆိုနေမှုများရှိနေသည်။

"မိုးယိုတဲ့ဘုရားတွေပြင်တာက နီးစပ်ရာပန်းရန်ဆရာနဲ့ပြင်နေတာ။ အဲဒီတော့ ဘုရားတွေက အရင်ရှေးမူတွေပျက်ပြီး ကောင်းလားဆိုတော့လည်း မကောင်းဘူး။ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ ပြုပြင်သင့်တယ်။ မိုးယိုနေတဲ့နေရာလေးပဲပိတ်လိုက်တာပဲ"ဟုပုဂံရှေးဟောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဝင်းမောင်က ပြောသည်။

"ဘုရားမိုးယိုနေတာတော့ ကြာပြီ။ အရင်ကလည်း မိုးယိုနေတာပဲ။ ပြင်လိုက်ဖာလိုက်လုပ်နေတာပဲ။ မိုးအရမ်းရွာရင်တော့ စောင့်ကြည့်ရတာပေါ့"ဟု ဘုရားအတွင်းသို့မိုးယိုကျနေသော ဘုရားအမှတ်၈၂၀မှဘုရားစောင့်တာဝန်ယူနေသော ဒေါ်ဝင်းစိန်က ပြောသည်။ ၁၉၉၆ ခုနှစ်နောက်ပိုင်းမှစပြီး ပုဂံဒေသရှိ ပျက်စီးနေသောဘုရားများကို အသစ်ပုံစံပြန်လည်ပြုပြင်သောကြောင့် လာရောက်ကြည့်ရှုသော ကမ္ဘာလှည့်ခရီးသွားများမှာ စိတ်ဝင်စားမှုလျော့နည်းလာကြောင်း ပုဂံဒေသခံများက ဆိုသည်။









Life
7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ခွေးခြံအတွင်း ကျောခင်းကြရခြင်း

ညီညီဇော်

မန္တလေးတောင်ခြေ တောင်ဆင်းလမ်းဘေးတွင် ကျယ်ဝန်းလှသော ခြံကြီးတစ်ခြံရှိသည်။ ထိုခြံကြီးထဲတွင် တဲအိမ်လေးများ နေရာအနှံ့ကွက်တိကွက်ကျား တည်ရှိပြီး ခြံဝင်းကြီး၏ အနောက်တောင်ထောင့်အနီးတွင်မူ ခနိမိုးထားသော တဲတန်းလျားကြီးတစ်ခု တည်ရှိနေသည်။ တဲတန်းလျားကြီးအနီးတွင် ကျောက်တုံးကြီးတစ်ခုရှိပြီး ယင်းကျောက်တုံးကြီးပေါ်တွင် ပျက်ယွင်းစပြုနေပြီဖြစ်သည့်ကျောက်ပြားဖြင့် ရေးထိုးထားသော စာတန်းတစ်ခုကို တွေ့ရမည်ဖြစ်သည်။ 'ခွေးဘေးမဲ့ခြံ၊ ၄-၁-၉၀ ရက်တွင် ဖွင့်လှစ်သည်' ဟူ၍ ဖြစ်သည်။

(၁)

ခွေးဘေးမဲ့ခြံဆိုသော်လည်း ခွေးတွေက တစ်ကောင်တစ်မြီးမှ မရှိတော့။ တဲတန်းလျားကြီးနှင့် တဲအိမ်လေးများတွင် လူတွေက နေရာဝင်ယူထားကြသည်။

"ခွေးတွေ မထားတော့တာကြာပြီ။ ခုကျုပ်တို့နေတဲ့ နေရာက အရင်က ခွေးထီးတွေ နေခဲ့တဲ့ နေရာ"ဟု ပြောရင်း ဦးစိန်ဝင်းက သံမံတလင်းပေါ် ထိုင်ချလိုက်သည်။

ဦးစိန်ဝင်းသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနတွင် မြောင်းဆယ်ရသည့်သန့်ရှင်းရေးဝန်ထမ်းတစ်ဦးဖြစ်သည်။ ဦးစိန်ဝင်းသည် ဇနီးသည်၊ ကလေးကိုးယောက်တို့နှင့် ခွေးဘေးမဲ့ခြံ၏ တဲတန်းလျားအလယ်ခန်းတွင်နေထိုင်ကြသည်။



*မြောင်းဆယ်အလုပ်သွားရန် အသင့်ပြင်နေသည့် ဦးစိန်ဝင်း*

ဓာတ်ပုံ - ညီညီဇော်

ဦးစိန်ဝင်းသည် တစ်ချိန်က ခ. လ. ရ(၄)တပ်တွင်အရာခံဗိုလ်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ အရာခံ ဗိုလ်ဘဝတွင် ပျဉ်းမနားရေဆင်းရှိ အမှတ်(၂)တိုးမြှင့် သင်တန်းကျောင်းဟုခေါ်သည့် တိုင်းဗဟိုလေ့ကျင့်ရေးကျောင်းတွင် နည်းပြတာဝန်ယူခဲ့ဖူးပြီး ယခုဆိုလျှင် သူ့တပည့်များမှာ တပ်မတော်အရာရှိများပင်ဖြစ်နေလေပြီ။

တပ်မတော်မှ ဆေးပင်စင်ယူသည့်အချိန် မိသားစုများလှသော ဦးစိန်ဝင်းအဖို့ကြီးမားသော အခက်အခဲတစ်ခု ရင်ဆိုင်လာရသည်။ ထိုအခက်အခဲမှာ နေစရာမရှိခြင်းဖြစ်သည်။ ဦးစိန်ဝင်း တပ်မတော်မှထွက်ပြီး ရေထမ်းရောင်းသည်။ ဆိုက်ကားထွက်နင်းသည်။ သို့သော် ထိုအလုပ်တွေမှ ရသည့်ငွေနှင့် နေစရာအခက်အခဲ ဘယ်လိုမှမဖြေရှင်းနိုင်။ နောက်ဆုံးတွင် တပ်မတော်က ဆရာသမားများထံ အကူအညီတောင်းရာ မန္တလေးစည်ပင်တွင် အလုပ်ရသည်။ လုပ်ရမည့် အလုပ်က မြောင်းဆယ် ရသည့်အလုပ်။ မန္တလေးစည်ပင်တွင် အလုပ်ရပြီး နေစရာအတွက် မန္တလေးတောင်ခြေက ခွေးတွေ မနေတော့သည့်ခွေးဘေးမဲ့ခြံတွင်သူတို့ မိသားစုနေထိုင်ခွင့်ရခဲ့သည်။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

စာမျက်နှာ(၅)မှ

## ခွေးခြံအတွင်း ကျောခင်းကြရခြင်း

အရင်က တပ်မတော်တွင်အရာခံဗိုလ်အဆင့်ဖြင့် နည်းပြဆရာ အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဦးစိန်ဝင်းက ယခုကဲ့သို့ ခွေးများအတွက် သီးသန့်နေရာတွင် နေရမည်ဆိုတော့ စိတ်ထဲတွင် ခံပြင်းမိသည်။ သို့သော် များပြားလှသော မိသားစုနေရေး ထိုင်ရေးတို့အတွက် ဦးစိန်ဝင်း အတိတ်ကာလကို ပြည်ဖုံးကားချလိုက်သည်။

"အဲဒီချိန်တုန်းက ခွေးတွေသာ မရှိတော့တာ။ ခွေးသန်းတွေ တအားကိုက်တာ။ ညကိုအိပ်လို့ မရဘူး။ ဖြုတ်တွေကလည်း အားကြီးပေါတာ"ဟုဦးစိန်ဝင်းက ပြောပြသည်။

ခွေးများနေထိုင်ခဲ့သဖြင့် နှစ်လလောက်က အနံ့အသက်တွေ မကောင်း။ ရေတွေဆေးချရသည်။ တရော် ကင်ပွန်းတွေ ဖျန်းချရသည်။ သူ့အသက်(၅၈)နှစ် ရှိပြီ။ ကိုယ်ပိုင် နေရာလေးတစ်ခုတွင် နေဖူးချင်သေးသည်။ သို့သော် ရတဲ့လုပ်အားခနဲ့ ရှိတဲ့မိသားစု ဦးရေနှင့်က ဘယ်လိုနည်းနှင့်မျှ အခြေအနေပေးတော့မည် မဟုတ်။ ထို့ကြောင့် သားသမီးတွေ သူမရှိတော့သည့်အချိန်တွင် နေစရာအတွက် အခက်အခဲမဖြစ်အောင် စည်ပင်မှာ အလုပ်ဝင်စေခဲ့သည်။ တံမြက်စည်းလှည်းသည့်အလုပ်၊ ကျုံးမှော်ဆယ်သည့် အလုပ်များဖြစ်သည်။ စည်ပင်ဝန်ထမ်းဖြစ်နေသရွေ့ စည်ပင်မှ ပေးမည့်နေစရာလေးတော့ ရနေဦးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖြစ်သည်ဟု သူက ဆိုသည်။

(၂)

ဦးစိန်ဝင်းက သားသမီးများပါ စည်ပင်တွင် အလုပ်ဝင်စေခဲ့သည့်အတွက် နေစရာအတွက်တော့ ခွေးခြံရှိနေသရွေ့ အဆင်ပြေနေပါဦးမည်။ သို့သော် ခွေးခြံ၏ ထောင့်စွန်းကတဲတွင် နေထိုင်သည့် ဒေါ်အေးအေးမြင့်တို့ကတော့ နေစရာအတွက် စတင်ပူပန်နေရပြီ ဖြစ်သည်။ ဒေါ်အေးအေးမြင့်က တပ်မတော်မှ မိုင်းထိ၍ ပင်စင်ယူခဲ့ရသူ ခင်ပွန်းဖြစ်သူ ဦးကျော်အေးကောင်းမှုဖြင့် ခွေးခြံထဲ ရောက်လာရသူ ဖြစ်သည်။ ဦးကျော်အေးက ပင်စင်ယူပြီး စည်ပင်တွင် ဝင်လုပ်ရာမှ ခွေးခြံတွင် စာရင်းကိုင်တာဝန် ချထားခံရသည်။ ဦးကျော်အေးအလုပ်က ခွေးတွေကို စာရင်းမှတ်ရသည်။ ခွေးမဘယ်နှကောင်၊ ခွေးထီးဘယ်နှကောင်၊ ဆိုးသွမ်းခွေး ဘယ်နှကောင် စသဖြင့်။

ထို့အပြင် ခွေးများကို ချက်ကျွေးသည့်အစားအသောက် ကုန်ကျစရိတ်စာရင်းများ၊ အလှူရှင်လာလှူသည့်ငွေစာရင်းများလည်းကိုင်ရသည်။

ခွေးများကို နေ့စဉ်အမဲသားချက်ကျွေးလေ့ရှိပြီး နေ့စဉ်ယူနေကျ အမဲသားဆိုင်က ဝန်ထမ်းများအတွက် အပိုတွေပေးတတ်သည်။ အပိုပေးလိုက်သည့် အမဲသားတွေကို ဝန်ထမ်းတွေ အလှည့်ကျချက်စားကြသည်။ ခွေးကိုမှီ၍ အသားဟင်းများ စားနေရသည့်အတွက် ဒေါ်အေးအေးမြင့်တို့ ထိုခွေးတွေကို ကျေးဇူးတင်ရသည်။

"ကျွန်မယောကျ်ားက ဆိုအမြဲပြောတယ်။ ခွေးတွေကြောင့်သာအလုပ်ရတာ။ စားဝတ်နေရေး ပြေလည်တာဆိုပြီး။ ဒါကြောင့် သူက ခွေးတွေအပေါ် လည်း သံယောဇဉ်ကြီးခဲ့တယ်။ ခွေးတွေရဲ့ ကျေးဇူးတွေရှိတဲ့အကြောင်းလည်း တဖွဖွ ပြောတယ်"ဟု ဒေါ်အေးအေးမြင့်က ပြောပြသည်။

ခွေးတွေကြောင့် စားဝတ်နေရေးအတွက် ပြေလည်သော်လည်း ခွေးခြံအပြင်ဘက်က ဥပေက္ခာတရားတွေတော့ ရင်ဆိုင်ရသည်။ "ဟိုတုန်းက လူတွေကလည်း သိပ်အမြင်မကျယ်သေးတာကြောင့် ကျွန်မတို့ ခွေးခြံကအဖွဲ့တွေ အနီးနားက ရပ်ကွက်ထဲ ဗီဒီယိုသွားကြည့်ရင် ခွေးခြံကလူတွေဆိုပြီး အနားမထိုင်ကြဘူး" ဟု ဆိုသည်။

အခုတော့ ပတ်ဝန်းကျင်က နားလည်မှုတွေ ရှိလာခဲ့ပြီ။ သို့သော် ဒီခွေးခြံမှာ ဘယ်ချိန်ထိ နေခွင့်ရတော့မည်ကို ဒေါ်အေးအေးမြင့် မတွေးရဲတော့။ ခင်ပွန်းဖြစ်သူ တပ်မတော်အငြိမ်းစား စည်ပင်ဝန်ထမ်းက အခုတော့ သာသနာ့ဘောင် အပြီးဝင်ရောက်သွားလေပြီ။ ဝန်ထမ်းမရှိတော့သည့်အတွက် ဘယ်ချိန်ထိ ခွေးခြံထဲမှာ နေခွင့်ရတော့မည်ကို မှန်းဆ၍မရ။ ထိုကြားထဲ ခွေးခြံကို တရုတ်တွေပဲလာဝယ်မှာလိုလို။ ရေသန့်စက်ရုံပဲ တည်တော့မှာလိုလို။ အသံတွေက မျိုးစုံကြားနေရ၍ စိတ်ပူမိသည်ဟု ဒေါ်အေးအေးမြင့်က ဆိုသည်။

(၃)

ထိုခွေးခြံတွင် ကျောချရသူများတွင် ဦးဘာဖယ်ဆိုသူလည်း အပါအဝင် ဖြစ်သည်။ အသက်(၂၅)နှစ်အရွယ် တက်ကြွဖျတ်လတ်နေချိန် စစ်ဆင်ရေး တိုက်ပွဲတစ်ခုတွင် မိုင်းထိခဲ့ရာမှ ညာဘက်ခြေထောက် ဒူးအထက်မှ အောက်ပိုင်းအထိ ဖြတ်ပစ်ခဲ့ရသည်။ ပြီးနောက် ဆေးပင်စင်ယူပြီး တပ်က ထွက်ခဲ့ရသည်။

"တပ်ကထွက်ရတာက မိုင်းထိတာထက် ပိုခံစားခဲ့ရတယ်"ဟု ချင်းတိုင်းရင်းသားတစ်ဦးလည်း ဖြစ်သူ ဦးဘာဖယ် ပြောပြသည်။

တပ်ကထွက်ပြီးခြေတစ်ဖက်တည်းနဲ့ ရပ်တည်ရတော့မည့် သူ့ဘဝကိုဦးဘာဖယ်ကပြောပြသည်။

အရာရှိအကြီးအကဲတွေ အကူအညီဖြင့်ခွေးဘေးမဲ့ခြံမှာ ဂိတ်စောင့်အလုပ်ရရှိခဲ့သည်။ သူ့အလုပ်က ခွေးခြံတံခါးကိုဖွင့်ပိတ်ပေးရုံသာမို့ ဒုက္ခိတသူ့အတွက်တော့ တော်တော်လေး အဆင်ပြေခဲ့သည်။ အကြီးအကဲများ၏ နားလည်မှုဖြင့် တပ်မတော်က လစဉ်ထောက်ပံ့သည့် ဆန်ခုနစ်ပြည်ကို ရောင်းစားကာ ခွေးများ ရိက္ခာထဲက ဆန်ဖြင့် သူ့ဝမ်းစာဖြည့်ခဲ့သည်။

သူဝါသနာပါသည့် ဂစ်တာလေးကို တဒေါင်ဒေါင်ခေါက်ရင်း တစ်ကိုယ်တည်း သူ့ဘဝခွေးခြံမှာ အဆင်ပြေခဲ့သည်။ သို့သော် သူ အဆင်ပြေခဲ့ချိန်က မကြာလိုက်။ အကြောင်းအမျိုးမျိုးကြောင့် ခွေးခြံကို ရပ်ဆိုင်းပစ်လိုက်ခြင်း ဖြစ်သည်။ ခွေးခြံပိတ်လိုက်တော့ ခွေးခြံစောင့်အလုပ်က အလိုအလျောက် ပြုတ်သည်။

ထိုကြားထဲ မိန်းမကရလိုက်သည်။ မိသားစုစားဝတ်နေရေးအတွက် သူအလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မည်ဟု ဆိုပြီး စက်ဘီးပြင်သည့်ပညာကို သင်ယူခဲ့သည်။ တပ်ထဲတွင် ခိုင်းတာလုပ်၊ ကျွေးတာစား အမိန့်အာဏာနှင့် နေခဲ့ရသည့်အခြေအနေမျိုးနှင့် လူ့လောကပတ်ဝန်းကျင် အခြေအနေတွေက ဆန့်ကျင်ဘက်ဆိုတာ သူသိလာသည်ဟု ဆိုသည်။

ဝန်ဆောင်မှုကို အကောင်းဆုံးပေးသည်။ ဖတ်ထားတဲ့စာတွေထဲက လူမှုဆက်ဆံရေး နည်းဗျူဟာတွေ ပြန်ထုတ်သုံးသည်။ နောက်ဆုံး သူ့စက်ဘီးပြင်ဆိုင်လေး ခွေးခြံနားလေးတွင် နာမည်ရလာခဲ့သည်။ ဝင်ငွေလေးလည်း အထိုက်အလျောက်ရခဲ့သည်။ သို့သော် စက်ဘီးအစား ဆိုင်ကယ်တွေ အသုံးများလာတဲ့ မန္တလေးတွင် သူ့လုပ်ငန်းတဖြည်းဖြည်း ပါးလာခဲ့ပြန်သည်။ မိန်းမဖြစ်သူက စည်ပင်က ဥယျာဉ်စိမ်းလန်း အခြေခံဝန်ထမ်းမို့ ခွေးခြံထဲ ဆက်နေခွင့်ရခဲ့၍ တော်သေးသည်။

ဦးဘာဖယ်တို့ကဲ့သို့ တပ်မတော်ကနေ ထွက်ပြီး စည်ပင်တွင် အလုပ်ဝင်လုပ်ကာ ခွေးဘေးမဲ့ခြံတွင် လာရောက်နေထိုင်ခွင့်ရသည့် တပ်မတော်သားမိသားစုပေါင်း ခုနစ်စုခန့် ရှိသည်။ ကျန်တာတွေက သန့်ရှင်းရေးနေ့စားဝန်ထမ်းတွေနှင့် ပန်းဥယျာဉ်ဌာနသစ်ပင်ပန်းပင်စိုက်သူ၊ ရေလောင်းပေါင်းသင်ရသည့်အလုပ်လုပ်ကိုင်နေရသည့် မိသားစုပေါင်း ၃၀ လောက် ရှိသေးသည်။

အချို့က ခွေးတွေနေထိုင်ခဲ့သည့် တဲတန်းလျားတွေမှာ နေထိုင်ကြသည်။ အချို့ကတော့ ခွေးတွေ နေ့ခင်းနေ့လယ် တရေးတမောအိပ်သည့် ချုံတွေကြားတွင် တဲထိုးကာ နေသူက နေသည်။ ဦးဘာဖယ်တို့ နေထိုင်နေသည့် ခွေးခြံကို မန္တလေးမြို့မှ တိရစ္ဆာန်ချစ်သူများက ယခင်ကဲ့သို့ခွေးများ ထိန်းသိမ်းစောင့်ရှောက်ရန် မန္တလေးစည်ပင်မှ ငှားရမ်းမည်ဟုလည်း ဆိုနေကြသည်။ ခွေးဘေးမဲ့ခြံ၏ မူလပိုင်ရှင် အစစ်အမှန်ခွေးတွေများ ပြန်လည်ရောက်ရှိလာလျှင်တော့ . . . . .။




## မဲဇလီဖူးငါးမွှ

ဒီတစ်ပတ်ဝိုက်ဗီက မဲဇလီဖူးသုပ်စားနေကျသူတွေအတွက် အရသာတစ်မျိုးနဲ့စားရအောင်ပြင်ဆင်ချက်ပြုတ်ထားပါတယ်။ ဈေးထဲမှာမဲဇလီဖူးက ဒီအချိန်ရှားတော့ အပင်ကနေ တကူးတကခူးချက်ထားတာပါ။ ဒီဟင်းချက်ဖို့မဲဇလီဖူးနဲ့ ငါးကြင်းဗိုက်သား ၁၅ ကျပ်သားပဲလိုပါတယ်။ တကယ်လို့ ငါးပတ်နဲ့ချက်မယ်ဆိုရင်လည်း ချက်လို့ရပါတယ်။

ပထမဆုံး မဲဇလီဖူးလေးတွေကို ထုံးစံအတိုင်းပြုတ်ပါမယ်။ ပြီးရင်ပြုတ်ပြီးသားမဲဇလီဖူးလေးတွေကို ထောင်းထားပါ။ ငါးကြင်းဗိုက်သားကိုလည်း ဆား၊ နနွင်းလေးနယ်ပြီး စပါးလင်လေး တစ်ချောင်းလောက်ထည့်ပြုတ်ပါမယ်။ ပြီးရင် အသားနွှင်ပါ။ ကြက်သွန်ဖြူ နီထောင်းထားပါမယ်။ ပထမဆုံး ကြက်သွန်နီဆီသတ်ပါ။ အရောင်တင်နဲ့သတ်ပါမယ်။ ငါးပြုတ်ထည့်မွှေပါမယ်။ အနံ့ပျောက်ပြီး ဆီပြန်လာတဲ့အခါ မဲဇလီဖူးပြုတ်ထောင်းကိုထည့်ပါမယ်။ ၃ မိနစ်လောက်သမအောင်မွှေပြီးတဲ့အခါ အပေါ်ကနေ ငရုတ်သီးစိမ်းကို ထက်ခြမ်း ခွဲပြီးအုပ်လိုက်ပါ။ ခပ်သက်သက်အရသာနဲ့ မဲဇလီဖူးငါးမွှေဟင်းကို ချက်တဲ့အခါ အဖူးကိုမပြုတ်ဘဲ အစိမ်းထောင်းထည့်ချက်လို့လည်းရပါတယ်။



7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ကြိမ်ဖူးဟင်းချို

စိုးဇေယျာထွန်း

ငွေဆောင်ကမ်းခြေတွင်ဖြစ်သည်။ အချိန်က နေ့လယ် ၂နာရီထိုးခါနီး ပြီ။ နေက အတော်ပင်ပူပါသည်။ ကမ်းခြေတစ်လျှောက်မှာ ငါးပိုက်ဆွဲနေသည့် တံငါသည်များကို ကျွန်တော်နေပူပူထဲတွင် ဓာတ်ပုံ လိုက်ရိုက်နေသည်။ ကမ်းခြေတွင် ပိုက်ဆွဲနေသူများကတော့ ဘယ်လိုရှိသည်မသိ။ သောင်ပြင်ပေါ်တွင် ငါးများ သူတို့နေပူလှန်းနေသည်ကို ဓာတ်ပုံရိုက်နေရင်း နေပူလှန်းသူများထဲတွင် ဝင်ကူနေသည့် ကလေးတစ်ယောက်၏ခြေထောက်ကို သတိထားမိလိုက်သည်။

ကလေးမလေးက အသက်ရှစ်နှစ်ကိုးနှစ်အရွယ်လောက်သာရှိပြီးခြေထောက်တွင် အမာရွတ်များမှာ အစင်းလိုက်အစင်းလိုက် ဖြစ်နေသည်။ ကျွန်တော်က ဘာဖြစ်တာလဲဟုမေးတော့ သူ့ဖေက ရခိုင်သံလား၊ ထားဝယ်သံလား တော့မပြောတတ်။ ထိုကဲ့သို့အသံဝဲဝဲဖြင့် နပေါက်မပါလို့လေ။ ပြောစကား၊ ဆိုစကား နားမထောင်မလို့ ရိုက်တာ။ နားမှာ အပေါက်မပါတဲ့ကလေးတွေက အဲဒီလိုရိုက်ပေးမှရတယ်ဟု ကျွန်တော့်ကို ပြန်ပြောသည်။

အဲဒီလူကြီးစကားဆုံးသွားတော့ ကလေးလေးရဲ့ခြေထောက်ကို ကြည့်ပြီး ကျွန်တော်စဉ်းစားကြည့်မိသည်။ အဲဒီလောက်ငယ်တဲ့ကလေးလေးတစ်ယောက်ကို အမာရွတ်တွေထင်သွားအောင် ရိုက်သင့်ရဲ့လား။ ကျွန်တော်ငယ်ငယ်ကျောင်းကပြန်လာပြီး ပုဆိုးလဲတော့ ကျွန်တော့်အစ်မက လှမ်းမေးသည်။ နင့်ခြေထောက်က အရာကြီးတွေက ဘာဖြစ်တာလဲတဲ့။ ကျွန်တော်ကတော့ ဘာမှမဖြစ်ပါဘူးဟု ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။ အစ်မက ထပ်မေးသည်နင် အရိုက်ခံထားရတာမဟုတ်လားတဲ့။ မဟုတ်ပါဘူး စက်ဘီးလဲထားလို့ဟုလိမ်ပြီးကျွန်တော်အိမ်ပေါ်သို့ပြေးတက်သွားလိုက်သည်။ အိမ်ပေါ်ရောက်တော့မှ ကျွန်တော့် ခြေသလုံးကို သေချာပြန်ကြည့်လိုက်သည်။ ခြေသလုံးမှာ အရှိုးလိုက် အရှိုးလိုက် အညိုအမည်းစွဲနေသည်။ အဲဒီတုန်းက ကျွန်တော်ငါးတန်းနှစ် ကျွန်တော်တို့ကျောင်းမှာကြိုသက်ဆိုသည့်ဘာသာရပ်တစ်ခုကို အလယ်တန်းကျောင်းသား ဘဝကသင်ရသည်။


ငွေဆောင်ကမ်းခြေသောင်ပြင်တွင် ငါးလှန်းနေသည့် ကလေးငယ်၏ ခြေထောက်မှ ဒဏ်ရာများ

ဓာတ်ပုံ - စိုးဇေယျာထွန်း

မြန်မာနိုင်ငံလုံးတွင် ကြိုသက်ဘာသာသင်ရသည့်ကျောင်းမှာ ကျောင်းငါးဆယ်ခန့်သာရှိသည်ဟု ဆိုသည်။ ကြိုသက်ဘာသာသည် ယောကျ်ားလေးများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံများကို သင်ကြားရသည်ဖြစ်ပြီး မိန်းကလေးများက အိမ်တွင်းမှု အခြေခံကို သင်ရသည်။ မိန်းကလေးများ သင်ရသည့်ဘာသာနှင့် ယောကျ်ားလေးများသင်ရသည့် ဘာသာက မတူပေ။ ထို့ကြောင့် ကြိုသက်ချိန်ရောက်ပြီဆိုလျှင် အခန်းနှစ်ခန်းပေါင်းကာ ယောကျ်ားလေးသတ်သတ်၊ မိန်းကလေးသတ်သတ်ပေါင်းပြီး သီးခြားစီသင်ရသည်။ ကျွန်တော်က ဘီခန်းကဖြစ်သည်။ ကြိုသက်ချိန်ရောက်ပြီဆိုလျှင် ဘီခန်းက မိန်းကလေးများက စီခန်းသို့သွား၍ စီခန်းမှယောကျ်ားလေးများက ကျွန်တော်တို့ ဘီခန်းကိုလာပြီး စာသင်ရသည်။ ကျွန်တော်တို့ ကျောင်းမှာ ထုံးစံက အတန်းတိုင်း ဘုရားညောင်ရေအိုးနှင့် ဆရာ၊ ဆရာမထိုင်သည့် စားပွဲပေါ်တွင် ဖန်ပန်းအိုးလေးတစ်လုံးရှိသည်။ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်းခွဲထားပြီး ယောကျ်ားလေးများက အသင်းကျသည့်နေ့တွင် သောက်ရေသွားခပ်ရသည်။ မိန်းကလေးများက အသင်းကျသည့်နေ့တွင် အခန်းကိုတံမြက်စည်းလှည်းရသည်။ ပိုက်ဆံစုကာ ဘုရားပန်းအိုးနှင့် ဆရာ၊ ဆရာမစားပွဲပေါ်က ပန်းအိုးလေးကို ပန်းထိုးပေးရသည်။

**စာမျက်နှာ (၁၄)သို့**



# နှောင်းခဲ့လေသည့် ဂုဏ်ပြုလွှာ



*ကိုစိုးနိုင်၏မိခင်ဖြစ်သူကို ဂုဏ်ပြုမှတ်တမ်းလွှာ ရင်ခွင်တွင်ပိုက်လျက်တွေ့ရစဉ်* ဓာတ်ပုံ-ကိုမြင့်ဦး

**ထွန်းနိုင်**

'သူတည်းတစ်ယောက်ကောင်းဖို့ ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း. . .'

အနန္တသူရိယ

ပုသိမ်မြို့၏ အနောက်ဘက်ရှိ အနည်းငယ်မသေမသပ်ပုံစံပေါက်နေသော အိမ်လေးဆီသို့ မျှော်လင့်မထားသည့် ဧည့်သည်အချို့ ယခုနှစ် ဩဂုတ်လအတွင်းက ရောက်ချလာသည်။

သူတို့ လက်ထဲတွင်တော့ သစ်သားဘောင်ကွပ်ထားသည့် အဖြူရောင်စာရွက်တစ်ခုပါလာသည်။ အိမ်ထဲရှိစိတ်ဝေဒနာခံစားနေရသည့် အမေအိုသည် အိမ်မကြီးနှင့် အိမ်ရှေ့အဖီအကြားအမိုးနှစ်ခုဆီမှ ထိုးကျနေသော အလင်းရောင်ကို အားပြုလျက် စာရွက်ပေါ်မှ စာသားများကို အားစိုက်ဖတ်လိုက်သည်။

ဧည့်သည်ယူလာသည့်စာရွက်ကတော့ လွန်ခဲ့သည့် ၂၅ နှစ်ကျော်ကတည်းက ပညာသင်ကြားရန် အိမ်ကထွက်ခွာသွားသည့် သူ၏ သားဖြစ်သူတစ်ယောက် ဒီမိုကရေစီနှင့် အမှန်တရားအတွက် အသက်စွန့်သွားခဲ့ခြင်းကို ဂုဏ်ယူဝမ်းနည်းကြောင်း စာနာသူအချို့ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းဖြစ်သည်။

သူ၏သားဖြစ်သူသည် လွန်ခဲ့သည့် ၂၅ နှစ်ကျော်က ဖြစ်ပွားခဲ့သည့် နာမည်ကျော်ကြို့ကုန်းစက်မှုတက္ကသိုလ်ပစ်ခတ်မှုတွင် သေဆုံးသွားသည့် ကိုစိုးနိုင်ဖြစ်သည်။ ထိုအရေးအခင်းသည် ကိုဖုန်းမော်အရေးအခင်းဟု လူသိများခဲ့သည်။

ကိုစိုးနိုင် ဆုံးပါးသွားခြင်းကြောင့် စိတ်ဝေဒနာခံစားခဲ့ရသည့် အမေအိုနှင့် သူတို့မိသားစုအဖို့ တော့ ထိုဂုဏ်ပြုမှတ်တမ်းက လွန်ခဲ့သည့် ၂၅ နှစ်ကျော်က ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခုဆီကို ပြန်လည်အသက်ဝင်ရောက်ရှိလာစေခဲ့သည်။

ပညာတော်ပြီး မိသားစုအပေါ် ရည်ရည်မွန်မွန်ဆက်ဆံတတ်သည့် ကိုစိုးနိုင်သည် ရန်ကုန်ကြို့ကုန်းစက်မှုတက္ကသိုလ်တွင် ပညာဆည်းပူးနေသည့် RIT ကျောင်းသားတစ်ဦးဖြစ်သည်။ သူသည်လည်း အခြားကျောင်းနေဖက် သူငယ်ချင်းများလို ရည်မှန်းချက်အပြည့်ဖြင့် သတ္တုတူးဖော်ရေးအင်ဂျင်နီယာဘာသာရပ်ကို ဆည်းပူးနေသူတစ်ယောက်ဖြစ်သည်။

အစ်မတစ်ယောက်၊ ညီငယ်နှစ်ယောက်အပါအဝင် မိသားစုခြောက်ဦးရှိသည့် သူတို့မိသားစု၏ အနာဂတ်သည် ကိုစိုးနိုင်ဖြစ်ခဲ့သည်။ သူ၏ ညီငယ်နှစ်ယောက်အနက် တစ်ယောက်က စစ်ဗိုလ်၊ နောက်တစ်ယောက်က ဆရာဝန်အဖြစ် မိသားစုက ရည်မှန်းထားသည်။ ရည်မှန်းချက်ကြီးမားသော်လည်း အတန်ငယ်မပြည့်မစုံဖြင့် ရုန်းကန်နေရသည့် သူတို့မိသားစုအတွက်တော့ကိုစိုးနိုင်တစ်ယောက် အင်ဂျင်နီယာတစ်ယောက်အဖြစ် အသက်မွေးပြီးပြန်လည်ထောက်ပံ့ရေးက သူတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်ခဲ့သည်။

သို့သော်လည်း ပူပြင်းလှသော မတ်လ၏ အပူရှိန်အောက်ကြွေလွင့်ခဲ့သည့် သစ်ရွက်ခြောက်များလို အာဏာရှင်ဦးနေဝင်းနှင့် သူ၏အပေါင်းအပါများ၏ ရက်စက်သည့် အာဏာစက်အောက်တွင် သူတို့မိသားစု၏ မျှော်လင့်ချက်များ တစ်စစီလွင့်ပါးခဲ့ရသည်။

ဝါဒဖြန့်ချိရေးဇာတ်ကားများတွင် ရည်မွန်သည့် ဟန်ပန်ရှိခဲ့သော်လည်း လက်တွေ့တွင် မာကျောခက်ထန်ပြီး ရက်စက်သည့် မျက်နှာထားများနှင့် လုံထိန်းအချို့သည် ကိုစိုးနိုင်ပညာသင်ကြားရာ အင်းစိန် RIT ဝင်းကိုဝိုင်းထားလိုက်သည်။ သူတို့သည် ထိုနေ့မတိုင်မီ (၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်) နေ့က လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားနှင့် အရပ်သားစကားများရာမှ စတင်သည့်ပြဿနာကို ဖြေရှင်းရန် လာရောက်ကြခြင်းဖြစ်သည်။

အမိန့်နာခံသည်မှလွဲပြီး ဘာမျှလုပ်နိုင်စွမ်းရှိပုံမပေါ်သည့် လုံထိန်းတပ်သားများက သူတို့၏ သေနတ်ပြောင်းဝကို ကျောင်းသားများဘက် ဆီသို့ ဦးတည်လိုက်သည်။ ထိုနေရာတွင် ရှိခဲ့သည့် ကိုမြင့်ဦးက ထိုနေ့က အခြေအနေကို ပြန်ပြောပြသည်။

"သူတို့ တကယ်ပစ်တယ်။ တကယ်ကို ရက်ရက်စက်စက်ပစ်ခဲ့တယ်"

သူတို့ ပစ်လိုက်သည့်ကျည်ဆန်များထဲမှ တစ်တောင့်က ကျောင်းသားများထဲ ကိုစိုးနိုင်၏ ဘယ်ဘက်ခါးနောက်ကို ထိမှန်သွားခဲ့ပြီး ကိုစိုးနိုင်တစ်ယောက်သည်လည်း မြေပေါ် လဲပြိုခဲ့ရသည်။ လုံထိန်းပစ်လွှတ်လိုက်သော သေနတ်ကျည်ဆန်သည် သူ၏ရှေ့မှ ဆယ်ကျော်သက်အရွယ် ကျောင်းသားလူငယ်ကိုသာမက သူ့အားမျှော်လင့်တကြီးစောင့်မျှော်နေသည့် အခြားမိသားစုဝင်များ၏ ဘဝကိုပါ လဲပြိုစေသည်ကို လုံထိန်းရဲဘော်သိဟန်မတူ။ ပွဲချင်းပြီးသေဆုံးသွားသော ကိုဖုန်းမော်၊ ဆန္ဒပြကျောင်းသား ကိုစိုးနိုင်နှင့် ကိုမြင့်ဦးအပါအဝင် ကျောင်းသားခြောက်ဦးထက်မနည်း သေနတ်မှန်ခဲ့ရသည်။

"ကျွန်တော်တို့ ဆေးရုံရောက်ပြီးနောက် ၃ နာရီလောက်ကြာမှ ကိုစိုးနိုင်ရောက်လာတယ်"ဟု အ

သည်းထဲ သေနတ်ထိမှန်ခဲ့သည့် ကိုမြင့်ဦးက ပြောသည်။

ငြိမ်းချမ်းစွာ စုဝေးနေကြသည့် ကျောင်းသားများအား လုံထိန်းများက သေနတ်ဖြင့်ပစ်သတ်သည်ဆိုသော သတင်းကိုကြားရပါက ရက်စက်သည့်လုပ်ရပ်ဖြစ်ကြောင်း မှတ်ချက်ပေးကောင်း ပေးလိမ့်မည်။ သို့သော်လည်း အာဏာရှင်ဦးနေဝင်းနှင့် အပေါင်းအပါများက ကိုစိုးနိုင်အပေါ် လုပ်သည့် လုပ်ရပ်များက ရက်စက်သည် ဆိုသည့်စကားထက်ပင် ပိုကောင်းပိုလိမ့်မည်။

ဒဏ်ရာရနေသော အခြားသူငယ်ချင်းများနှင့် ကိုစိုးနိုင်ကို ဆေးရုံသို့ သယ်ဆောင်မည့်မော်တော်ယာဉ်ကို အာဏာပိုင်များက တားမြစ်ခဲ့သည်။ ဆေးရုံရောက်တော့ ခုတင်တိုင်များနှင့် လူနာများ၏ ခြေလက်များကို သံကြိုးများအသုံးပြုကာ ချုပ်နှောင်ထားခဲ့သည်။ ထိုသံကြိုးများကို ကိုစိုးနိုင်သေဆုံးမှသာ အာဏာပိုင်များက ဖြုတ်ပေးခဲ့သည်။

ရန်ကုန်မြို့မှ လေးနာရီခန့်သွားရသည့် ပုသိမ်မြို့တွင်နေထိုင်သည့် ကိုစိုးနိုင်မိသားစုဝင်များက သူ၏သတင်းကို ကြားရတော့ သူ့ဖခင်က သားနောက်လိုက်ဖို့ပြင်သည်။ အိမ်ဆောက်ရန်အတွက် ဝယ်ယူထားသည့် ပျဉ်းကတိုးသစ်များကို ရောင်းချပြီး လမ်းစရိတ်လုပ်ရသည်။ သူ၏ ဖခင်ဖြစ်သူ ပုသိမ်မြို့မှ ထွက်လာတော့ ယာယီဆောက်ထားသည့်ဝါးတဲလေးထဲတွင် ကျန်းမာရေးမကောင်းသည့် မိခင်ဖြစ်သူကို စောင့်ရှောက်နေရသည့် ဆယ်တန်းဖြေမည့် ညီငယ်နှစ်ဦးနှင့် ကိုစိုးနိုင်၏ အစ်မတို့ စိုးရိမ်စိတ်ဖြင့် ကျန်နေခဲ့ရသည်။

ကိုစိုးနိုင်၏ ဖခင်ဖြစ်သူသည် ဦးနေဝင်း၏ လမ်းစဉ်ပါတီဝင်ဖြစ်ပြီး ရောဝတီတိုင်းတွင် ယခုခေတ်

အဆိုအရ တိုင်းဒေသကြီးအလုပ်သမားဝန်ကြီးအဆင့်လောက်အထိ တာဝန်ယူခဲ့ဖူးသည်။ သို့သော်လည်း အာဏာရှင်တို့သည် သူတို့အုပ်စိုးနိုင်ရေးကို ထိခိုက်လာမည်ဆိုပါလျှင် ဘာကိုမှ အရေးမထား။ RIT ကျောင်းဝင်းထဲတွင် ပစ်သတ်ခဲ့သော ကိုဖုန်းမော်တစ်ယောက်သည်လည်း လမ်းစဉ်လူငယ်ခေါင်းဆောင်တစ်ဦးပင်မဟုတ်ပါလား။

ကိုစိုးနိုင် ဖခင်ရန်ကုန်ရောက်တော့ သေနတ်ဒဏ်ရာရသားဖြစ်သူက ဆေးရုံခုတင်နှင့်လက်ထိတ်၊ ခြေထိတ်များတွဲလျက်။ သေနတ်အပစ်ခံရအပြီး ၂၃ ရက်အကြာ ကိုစိုးနိုင်တစ်ယောက် အသက်ဆုံးခဲ့ရသည်။

"အဖေ ပြန်ပြောပြတာကတော့ သူဆုံးခါနီးမှာ မိသားစုအပေါ် တာဝန်မကျေခဲ့တာ ခွင့်လွှတ်ပါလို့မှာသွားတယ်"ဟု ကိုစိုးနိုင်၏ အစ်မဖြစ်သူ ဒေါ်မြင့်မြင့်ရီက ပြောသည်။

"ဆုံးခါနီးသုံးရက်လောက်မှာ ရဲရဲတောက်တို့ဗမာတွေသီချင်းကို သူတောက်လျှောက်ဆိုနေခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်က အခြေအနေဆိုးနေခဲ့တာ။ သူကလာကြည့်တဲ့သူတိုင်းကို ကျွန်တော့်ကို ဂရုစိုက်ဖို့ပဲမှာနေတာ" ဟု နောက်ဆုံးအချိန်ထိ ကိုစိုးနိုင်ဘေးတွင်ရှိနေခဲ့သည့် ကိုမြင့်ဦးက ပြောသည်။

ရန်ကုန်တွင် အကျဉ်းချုံးကျင်းပခဲ့ရသည့် အသုဘအပြီး ဖခင်ဖြစ်သူက တိတ်တဆိတ် ပုသိမ်မြို့သို့ ပြန်လာခဲ့ရသည်။ ကိုစိုးနိုင်၏ ညီငယ်နှစ်ဦးစလုံး ဆယ်တန်းစာမေးပွဲဖြေနေဆဲမို့ သူ့အစ်ကိုသတင်းမပြောရက်သောကြောင့် ဖခင်ဖြစ်သူက အိမ်တန်းမပြန်ခဲ့ဘဲ ပုန်းနေခဲ့ရသည်။

"အငယ်နှစ်ယောက် စာမေးပွဲပြီးတဲ့နေ့မှ အဖေကပြောတယ်။ ကျွန်မလည်း မြေမှာလူးလိမ့်ပြီး ငိုခဲ့ရတယ်။ အဖေက ငါနဲ့အတူတူနေချင်ရင် အကျယ်ကြီးမငိုနဲ့။ ငါတို့တွေ အဖမ်းခံရမယ်။ ကျွန်မတို့မိသားစုတွေ ချက်ချင်းပဲရက်လည်ဆွမ်းသွတ်ဖို့ စီစဉ်ခဲ့ရတယ်"ဟု ဒေါ်မြင့်မြင့်ဦးက ပြောသည်။

ကိုစိုးနိုင်ကိစ္စဖြစ်ပြီးနောက်ပိုင်း အစိုးရ၏ခြိမ်းခြောက်မှုကို ကြောက်ရွံ့သောကြောင့် သူတို့မိသားစုနှင့်ပတ်သက်ဖို့ ဝန်လေးကြသူအချို့ရှိခဲ့သည်ဟု သူကပြောသည်။ ထိုအထဲတွင် ဆွေမျိုးအချို့ပင် ပါဝင်ခဲ့သည်။

ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သည်ဆိုရမည့် ဦးနေဝင်းနှင့် သူ့နောက်လိုက်များက ဒီတင်မရပ်သေး။ ကိုစိုးနိုင်၏ညီ ဆယ်တန်းကျောင်းသားများကိုပါ ဖိအားပေးစောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြသည်။

"အစ်ကိုဆုံးတဲ့နှစ်မှာ ကျွန်တော်စာမေးပွဲရှုံးတယ်။ ဖြေနိုင်ရက်သားနဲ့ မအောင်ခဲ့ဘူး။ အဲဒီတုန်းက (ခ)အဆင့်နဲ့ အအောင်ပေးတာလည်းရှိတယ်။ ဒါပေမဲ့(ခ)တောင်မပါဘူး။ အားလုံးကနားလည်လိုက်တယ်။ တမင်လုပ်တာလို့" ဟု ကိုစိုးနိုင်၏ ညီငယ် ကိုအောင်ကျော်စိုးက ပြောသည်။

နောက်တစ်နှစ်ဆက်နေတော့ သူ့အစ်ကိုလိုပင်ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သည်။ သို့သော်လည်း အတိတ်ကအကြောင်းများကြောင့် ပညာရေးကို သူစွန့်လွှတ်လိုက်သည်။

ကိုစိုးနိုင်၏ ဖခင်တစ်ယောက်လည်း စိတ်ဖိစီးမှုများခံစားရင်းက ကိုစိုးနိုင်သေဆုံးပြီးနောက်တစ်နှစ်အကြာ ကွယ်လွန်သွားခဲ့ရသည်။

လွန်ခဲ့သော ၂၅ နှစ်ကျော်က လုံထိန်းရဲဘော်ပစ်လိုက်သည့် ကျည်ဆန်များ၏ အကျိုးဆက်ကို သူတို့မိသားစု ခံစားနေရဆဲဖြစ်သည်။ ၂၅ နှစ်တာကာလ ဒီရက်ပိုင်းတွေအတွင်း လက်ချိုးရေ၍ရသော သူအချို့မှလွဲပြီး မည်သူကမှ စာနာသနားကြောင်း သူတို့ မိသားစုဝင်များဆီ လာရောက် နှစ်သိမ့်ခြင်းမရှိခဲ့ဖူးပေ။

သမိုင်းဝင်ရှစ်လေးလုံးအရေးတော်ပုံအစ၊ သေနတ်ဒဏ်ရာဖြင့် အစောဆုံးကျဆုံးခဲ့ရသည့် ကျောင်းသားတစ်ဦး၏ မိသားစုဝင်များဘဝမှာ ခက်ခဲစွာရုန်းကန်ခဲ့ရသည်။ ထို့အတွက် ကြေညာချက်များ လှိုင်လှိုင်ထုတ်လေ့ရှိသည့် အတိုက်အခံနိုင်ငံရေးအင်အားစုများဘက်ကရော၊ ဘိန်းဘုရင်ကြီးလော်စစ်ဟန်ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းထုတ်ဖော်ပြောလေ့ရှိသည့်အစိုးရဘက်အရာရှိများဘက်ကပါ စာနာမှုတစ်စုံတစ်ရာသူတို့မရခဲ့ကြ။

လူသန်းပေါင်းများစွာ ပူးပေါင်းပါဝင်ခဲ့သည့် တစ်ပါတီအာဏာရှင်စနစ်တော်လှန်ရေးကာလအတွင်း အရေးအတွက်အတိအကျမသိနိုင်သည့်နိုင်ငံသားများ ကိုစိုးနိုင်လို အသက်ပေးခဲ့ရသည်။ သူတို့၏ မိသားစုဝင်များ လူ့အသိုင်းအဝိုင်းကြားထဲတွင် ပေးဆပ်မှုနှင့်မတန်အောင် မည်မျှနစ်နာနေမှန်း ဘယ်သူမှ အတိအကျမသိခဲ့ကြ။

"ကျွန်မတို့ မိသားစုပြိုလဲရတာ စိုးနိုင်လုပ်ခဲ့တာကြောင့်ဆိုပြီး နောင်တမရမိခဲ့ဘူး။ ကျွန်မတို့မိသားစုဂုဏ်ယူရတာပေါ့။ ဒါကိုဘာနဲ့မှ တန်ဖိုးမဖြတ်နိုင်ဘူး"ဟု ကိုစိုးနိုင်၏ အစ်မဖြစ်သူ ဒေါ်မြင့်မြင့်ရီက ဆိုသည်။

ပြီးတော့ အဝေးကိုငေးနေခဲ့သည်။ ယိုင်တိယိုင်တိုင်အိမ်လေး၏ နံရံထက်တွင်တော့ ဧည့်သည်များယူဆောင်လာသည့် ဂုဏ်ပြုလက်မှတ်က ချိတ်ဆွဲလျက်ရှိနေခဲ့သည်။

Health
7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ကင်ဆာ ဖြစ်ပွားမှု ကမ္ဘာ့ဒုတိယအများဆုံး မြန်မာနိုင်ငံတွင် ရောဂါကျွမ်းကျင် အထူးကု ဆရာဝန် ၆၀ ဦးသာရှိ

**ရဲနောင်**

**ရန်ကုန်၊ ဩဂုတ်-၂၅**

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါဖြစ်ပွားမှုဒုတိယအများဆုံး မြန်မာနိုင်ငံတွင် ကင်ဆာရောဂါနှင့်ပတ်သက်၍ ကျွမ်းကျင်သော အထူးကုဆရာဝန်စုစုပေါင်း ၆၀ ဦးသာရှိသည်ဟုကမ္ဘာကျော်Forbes မဂ္ဂဇင်းတွင်ဖော်ပြထားသည်။

ယခုကဲ့သို့ကျွမ်းကျင်သော ဆရာဝန်ရှားပါးမှုသည်မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အားနည်းစေသည်ဟုဆိုသည်။

၂၀၁၂ ခုနှစ်က အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်ဆာကာကွယ်ရေးဆိုင်ရာကျန်းမာရေး စာစောင်၏ သုတေသနပြုလုပ်မှုများအရမြန်မာနိုင်ငံတွင် လူတစ်သိန်းလျှင် ၁၃၀ ကျော် ကင်ဆာ ရောဂါဖြစ်ပွားလျက်ရှိပြီး ကင်ဆာ ရောဂါနှင့် စပ်လျဉ်း၍ အထူးကု ဆရာဝန်မှာ လူတစ်သန်းလျှင် တစ်ယောက်သာရှိနေသည်။

"အခုနောက်ပိုင်းကင်ဆာရောဂါတွေအဖြစ်များလာတာကိုပိုပြီး သတိထားမိလာကြတယ်။ ဆရာဝန်ရှားပါးမှုကတော့ တဖြည်းဖြည်းချင်းနဲ့ ဖြည့်ယူရမယ့်ကိစ္စပဲ။ အရေးလည်းကြီးတယ်။ ဒါပေမယ့် ချက်ချင်းလုပ်လို့မရဘူး" ဟု အမျိုးသားကျန်းမာရေး ကွန်ရက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ကင်ဆာရောဂါဖြစ်ပွားလျက် ကုသနိုင်သော ဓာတ်ရောင်ခြည်ဆေးကုဌာနသည် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင်သာရှိနေပြီး လူနာများအနေဖြင့် ဆေးကုသရန်အတွက်အချိန်စောင့်ဆိုင်းရမှုများလည်းကြုံတွေ့နေရသည်။

ကင်ဆာရောဂါဖြစ်ပွားမှုအနေဖြင့် အမျိုးသားများတွင် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် အူမကြီးကင်ဆာအဖြစ်များပြီး အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ မိန်းမကိုယ်ကင်ဆာနှင့် အူမကြီးကင်ဆာများအဖြစ် များဆုံးဖြစ်သည်ဟု သိရသည်။



*စင်ကာပူနိုင်ငံသို့ သွားရောက် ကုသမှုခံယူမည့်ကိုဝင်းဇော်ဦးကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်မထွက်မီတွေ့ရစဉ်* ဓာတ်ပုံ - ရဲအောင်သူ /AFP

# ကြီးထွားမှုဟော်မုန်း အထွက်များနေသည့် ကိုဝင်းဇော်ဦး၏ အကျိတ်ပုံမှန်မဟုတ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၂၅**

ကြီးထွားမှုဟော်မုန်းအထွက်များသည့်ရောဂါရနေသောကိုဝင်းဇော်ဦးတွင် ဖြစ်ပေါ်နေသည့် အကျိတ်သည်ပုံမှန် မဟုတ်ဘဲ ရှားပါးသည့် အခြေအနေမျိုးအဖြစ် စမ်းသပ်တွေ့ရှိထားပြီး ခွဲစိတ်ကုသသည့် နည်းလမ်းဖြင့် ကုသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အကျိတ်သည် ပုံမှန်အားဖြင့် ဦးခေါင်းအတွင်း ပီကျူတရီထဲတွင် ဖြစ်လေ့ရှိသော်လည်း ယခု ပီကျူတရီတွင်မဟုတ်ဘဲ အထက်ဦးခေါင်းအတွင်းတွင်ရှိသည့် ဟိုင်ပိုသားလမတ်စ်တွင် ရှိနေခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုတွင်လည်း နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်ပွားလာနိုင်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

"ခွဲစိတ်မယ့် ရက်ကို ဒီတစ်ပတ်တွင်း သိနိုင်မယ်။ အခုတော့ သူ့အတွက် သီးသန့်လိုအပ်တဲ့ ခုတင်အကြီးလို၊ မေ့ဆေးပေးဖို့ လိုအပ်တဲ့လေပြွန်ထဲထည့်ရမယ့်ပြွန်အရှည်တွေလိုမျိုးတွေ စုဆောင်းနေတယ်"ဟု ဆေးကုသမှုအတွက် အဓိကတာဝန်ယူထားသည့်ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

ခန္ဓာကိုယ်အတွင်းမှ အလွန်အမင်းထွက်နေသည့် ဟော်မုန်းများကို ဆေးဝါးနှင့် တိုက်ထုတ်ခြင်းနှင့် ခွဲစိတ်ကုသခြင်း နှစ်နည်းရှိနေရာ လစဉ်ကျပ်သိန်း ၆၀၀ ခန့် ကုန်ကျနိုင်မည့် ဆေးဝါးဖြင့်ကုသခြင်းထက် ပိုမိုကောင်းသည့် ခွဲစိတ်ကုသခြင်း နည်းလမ်းကို ရွေးချယ်ခြင်းဖြစ်ကြောင်း ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

ခွဲစိတ်မှု လွဲချော်ပါက ဟိုင်ပိုသားလမတ်စ်ကို ထိခိုက်မိလျှင် ဆီးအသွားများခြင်းနှင့် မရပ်မနား စားသောက်သည့် အစားလွန်ရောဂါများ ဖြစ်ပွားလာနိုင်သည်ဟု ဆိုသည်။

ပုံမှန်ခွဲစိတ်မှု ကုန်ကျစရိတ်အဖြစ် ကျပ်သိန်း ၄၀၀ ခန့်မှန်းထားပြီး ခွဲစိတ်မှု၏ မလိုလားအပ်သည့် ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက ပိုမိုကုန်ကျနိုင်ဖွယ်ရှိကြောင်း သိရသည်။

ခွဲစိတ်ကုသမှုအတွက် ငွေကြေးလှူဒါန်းမှုများလည်း လိုအပ်နေပြီး လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၈၆၀၁၃၄၅ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။






7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသူများ၏ ထက်ဝက်ကျော် ရောဂါဖြစ်မှန်းမသိဘဲ ကုသမှုနောက်ကျပြီး သေဆုံးနေ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၂၅**
ပြည်တွင်းတွင်သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသူများ၏ ထက်ဝက်ကျော်သည်ရောဂါဖြစ်ပွားနေကြောင်း မသိဘဲ ဆေးကုသမှုခံယူရန် နောက်ကျခြင်းကြောင့်သေဆုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ထားသည်။

နှစ်စဉ်အမျိုးသမီး ၆၄၀၀ ကျော်သည် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားနေပြီး ထိုထဲမှ လူဦးရေ ၃၅၀၀ ကျော်သေဆုံးနေကြောင်း ၂၀၁၀ ခုနှစ်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအား ကိုးကား၍ ဆေးသုတေသနဦးစီးဌာန၏ သုတေသနပညာရှင် ဒေါက်တာမူမူရွှေက ပြောသည်။

"ဆေးရုံရောက်လာရင် ဆေးကုသဖို့မရတော့တဲ့ လူနာက ပိုများနေတယ်။ တကယ်တော့ ဒီရောဂါက ကာကွယ်လို့တောင် ရနေတဲ့ ရောဂါပါ"ဟု ဒေါက်တာမူမူရွှေကပြောသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ သားအိမ်ခေါင်းပုံမှန်စစ်ဆေးခြင်းအစီအစဉ်များဖြင့် ရောဂါဖြစ်ပွားနှုန်းအား လျှော့ချနိုင်ခဲ့သော်လည်းမြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုကဲ့သို့ စစ်ဆေးမှုမရှိသေးသည့်အတွက်သားအိမ်ခေါင်းကင်ဆာသည် အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံး ရောဂါဖြစ်နေဆဲဖြစ်ကြောင်းသိရသည်။

သားအိမ်ခေါင်းစစ်ဆေးမှုပုံမှန်မစစ်ဆေးခြင်း၊ သားအိမ်ခေါင်းတွင်အနာရှိခြင်း၊ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါရှိခြင်း၊ လိင်စတင်ဆက်ဆံသည့် အသက်အရွယ်ငယ်ရွယ်ခြင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ ခင်ပွန်းမှသော်လည်း လိင်ဆက်ဆံဖက်များခြင်း၊ ကိုယ်ဝန်ဆောင်ကြိမ်များခြင်း၊ ဆေးလိပ်စီးကရက်သောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း၊ မိခင်နှင့် ဆွေမျိုးများတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ဖူးခြင်းစသည်တို့က သားအိမ်ခေါင်းကင်ဆာဖြစ်စေရန် အားပေးကြောင်း ဒေါက်တာမူမူရွှေကပြောသည်။

ထိုရောဂါကာကွယ်ရန်အတွက် အိမ်ထောင်ကျပြီး အမျိုးသမီးများသည် သားအိမ်ခေါင်းချွဲစပုံမှန်စစ်ဆေးခြင်းဖြင့်လည်းကောင်း၊ အိမ်ထောင်မကျမီ အပျိုဖော်ဝင်ချိန် အမျိုးသမီးများ အတွက် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

သားအိမ်ခေါင်းကင်ဆာလက္ခဏာများဖြစ်သည့် အနံ့ အသက်ရှိသော အဖြူဆင်းခြင်း၊ လိင်ဆက်ဆံပြီးလျှင် သွေးဆင်းခြင်း၊ သွေးဆုံးပြီးမှ သွေးပြန်ဆင်းခြင်း၊ လိင်ဆက်ဆံရာတွင် နာကျင်ခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်းတို့ဖြစ်ပါက နီးစပ်ရာဆေးရုံဆေးခန်းများတွင် အမြန်ဆုံး ဆေးကုသမှုခံယူသင့်ကြောင်းသိရသည်။

# မိန်းကလေးငယ်များ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပိုလုပ်ရန်လို

**လန်ဒန်၊ ဩဂုတ်-၂၃**
ဗြိတိန်နိုင်ငံရှိ ခုနစ်နှစ်အရွယ် ကလေးငယ်များအနက် ထက်ဝက်ခန့်သည် လေ့ကျင့်ခန်းကောင်းစွာ မလုပ်ကြကြောင်း၊ အထူးသဖြင့် မိန်းကလေးများသည် ယောကျ်ားလေးများထက် လှုပ်ရှားမှုအလွန်နည်းသောကြောင့် လေ့ကျင့်ခန်း ပိုလုပ်ရန်လိုအပ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

UCL ဗြိတိန်သုတေသနပညာရှင်များသည် ကလေး ၆,၅၀၀ ၏ တစ်နေ့တာ ကိုယ်လက်လှုပ်ရှားမှုကို စောင့်ကြည့်စစ်ဆေးရာ ကလေး ၅၁ ရာခိုင်နှုန်းကသာ အကြံပြုထားသည့် ကိုယ်လက်လှုပ်ရှားမှုပမာဏကို ရရှိသည်ဟု သိရသည်။ သုတေသနအပြုခံ ကလေးထက်ဝက်ခန့်မှာ တစ်နေ့တာအတွင်း နာရီပေါင်း ခြောက်နာရီကျော် တက်ကြွလှုပ်ရှားမှုမရှိဘဲ အချိန်ကုန်ဆုံးနေကြောင်းတွေ့ရှိခဲ့ရသည်။

ကလေးငယ်များကြား၌ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ အဆင့်များမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူညီဘဲ ကွဲပြားခြားနားသည်ဟုလည်း သိရသည်။ မိန်းကလေးများနှင့် ယောကျ်ားလေးများကြား၌ ကိုယ်လက်လှုပ်ရှားမှုမှာ အဓိက ခြားနားချက်ဖြစ်နေသောကြောင့် စာသင်ကျောင်းများ၌ မိန်းကလေးများ ပိုမို စိတ်ဝင်စားမည့် ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ လုပ်ငန်းစဉ်များ ရှိသင့်သည်ဟု ပညာရှင်များက အကြံပြုခဲ့သည်။ —Ref: BBC



Regional
7Day News Journal
Vol.12, No.25 • AUGUST 28 , 2013

# နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း အိန္ဒိယ ကြက်သွန်နီဝယ်လိုအား ပြန်လည်မြင့်တက်လာ


**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၂၄**

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်း၊ မန္တလေးနှင့်မကွေးတိုင်းဒေသကြီးများတွင်စိုက်ပျိုးသောကြက်သွန်နီများကို အိန္ဒိယနယ်စပ်ကုန်သွယ်ရေးမှ ပမာဏ အနည်းငယ်သာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ဩဂုတ်လတွင် နယ်စပ်ဈေးကွက်မှ ကြက်သွန်နီဝယ်ယူမှု နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးအနေဖြင့် ပြန်လည်မြင့်တက်လာကြောင်း မုံရွာဒေသခံ ကြက်သွန်နီရောင်းဝယ်သူများက ပြောကြားသည်။

"ပြီးခဲ့တဲ့ နှစ်ပတ်ကျော်ကစပြီး တမူးနယ်စပ်ကရော ရခိုင်ဘက်ကပါ အိန္ဒိယကိုကြက်သွန်နီအများဆုံးတင်ပို့နေတယ်လို့ ပြောလို့ရတယ်။ လွန်ခဲ့တဲ့ ၁၉၉၃ ခုနှစ်ဝန်းကျင်တုန်းက ဒီနှစ်ပို့တဲ့ ကြက်သွန်နီထက် နှစ်ဆနီးပါး တင်ပို့ရောင်းချခဲ့ဖူးတယ်။ ၉၃ နောက်ပိုင်းနှစ်တွေမှာ အိန္ဒိယနယ်စပ်ဈေးကွက်ကို အနည်းအကျဉ်းသာ ရောင်းချနိုင်ခဲ့တယ်။ အိန္ဒိယနိုင်ငံက အရင်နှစ်တွေတုန်းက ကြက်သွန်နီအထွက်ကောင်းလို့ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား စတဲ့နိုင်ငံတွေအထိ တင်ပို့တဲ့နိုင်ငံက ဒီနှစ် မြန်မာကြက်သွန်ကို ဝယ်တယ်ဆိုတော့ သူတို့နိုင်ငံမှာ ကြက်သွန်နီထုတ်လုပ်မှုကုန်သွားတဲ့သဘောရှိတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စားဖိုဆောင်သီးနှံထုတ်လုပ်ရောင်းချသူများအသင်းမှ ကြက်သွန်နီ ကုန်သည်တစ်ဦးက ပြောကြားသည်။

မုံရွာမြို့မှ အိန္ဒိယနယ်စပ်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီကုန်သည်တစ်ဦးကလည်း "ဒီနှစ် အိန္ဒိယမှာ မိုးကောင်းလို့ ကြက်သွန်နီတွေ ပျက်စီးတာရှိတယ်။ ဒီနှစ်ကြက်သွန်နီကို အဝယ်ပြန်လိုက်လာတဲ့အတွက် တောင်သူတွေ လယ်ထဲက ကြက်သွန်တွေ ဈေးကောင်းရသွားတယ်"ဟုဆိုသည်။



*ဂိုထောင်အတွင်းမှ ကြက်သွန်နီများ*

ဓာတ်ပုံ - မျိုးမင်းဦး

မုံရွာမြို့မှ အိန္ဒိယ နပ်စပ်ဈေးကွက်သို့ တမူး-မိုရေး စခန်း၊ ရခိုင်ပြည်နယ် စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ရန်ကုန်မြို့ ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေးတို့မှတစ်ဆင့် ဩဂုတ်လဆန်းက တင်ပို့ရောင်းချခဲ့ကြောင်း မုံရွာမြို့ ဒေသခံကြက်သွန်နီ တင်ပို့ရောင်းချသူများက ပြောသည်။

ဇူလိုင်လကုန်က မုံရွာဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာကျပ်၄၅၀ဝန်းကျင်အရောင်းအဝယ်ဖြစ်ခဲ့ရာမှ အိန္ဒိယမှအဝယ်လိုက်ချိန်တွင် တစ်ပိဿာ ကျပ် ၇၅၀ ဝန်းကျင်အထိအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်ရက်က အရောင်းအဝယ်ပြုလုပ်ခဲ့သောကြက်သွန်နီများကို အိန္ဒိယနယ်စပ်ဈေးကွက်သို့ ဆက်လက်တင်ပို့နေဆဲ ဖြစ်သည်။

အိန္ဒိယနယ်စပ်ဈေးကွက်က ကြက်သွန်နီများ အရွယ်အစားမျိုးစုံတင်ပို့ရောင်းချခြင်းကို လက်ခံခဲ့သည့်နောက် ကုန်သည်အချို့၏ ကုန်ပစ္စည်း မသမာမှုများရှိခဲ့ကြောင်း မြန်မာ- အိန္ဒိယ နယ်စပ်ကုန်သည်များ က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ တစ်ရက်လျှင် ကြက်သွန်နီ ကုန်ကား (၁၀)စီးမှ အစီး(၃၀)ကျော် တင်ပို့ရောင်းချခဲ့ သဖြင့်ဩဂုတ်လအတွင်းကြက်သွန်နီ တန်ချိန်ငါးသိန်းဝန်းကျင်ခန့် တင်ပို့ရောင်းချပြီးဖြစ်ကြောင်း အိန္ဒိယနယ်စပ်ကြက်သွန်နီတင်ပို့သူများ ပြောပြချက်အရ သိရှိရသည်။

ဩဂုတ်လအတွင်း ပြည်ပတင်ပို့ရောင်းချမှု မြင့်တက်နေသော ပြည်တွင်းကြက်သွန်နီဈေးကွက်တွင် ယခုနှစ်အတွင်း စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီပမာဏ၏ သုံးပုံတစ်ပုံခန့်ပြည်တွင်းဈေးကွက်၌ ကျန်ရှိနေသေးကြောင်း မကွေးတိုင်း၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါရင့်ကြက်သွန်နီ ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောသည်။

# ဘင်္ဂလားဒေ့ရှ်မှ ခိုလှုံလာသည့် မိသားစုများအတွက် အာရက္ခဖောင်ဒေးရှင်း ဆန်အိတ် ၃၀၀ ကျော် လှူဒါန်း

**မောင်ကံ**

**မောင်တော၊**

**ဩဂုတ်- ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အကြမ်းဖက်သူများ၏ရန်ကို ကြောက်ရွံ့မှုကြောင့် မောင်တောနယ်စပ်ဒေသသို့ ဝင်ရောက်ခိုလှုံလာသည့် မိသားစုများအတွက် အာရက္ခဖောင်ဒေးရှင်းက ဆန်အိတ် ၃၀၀ ကျော်ကို ဩဂုတ် ၂၂ ရက်က လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ဆန်အိတ်များကို အာရက္ခဖောင်ဒေးရှင်း၏ နာယကဖြစ်သူ ဦးအေးသာအောင်နှင့် အဖွဲ့က လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မိသားစုအများအပြားနေထိုင်ရာ ခရေမြိုင်ကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"အမေရိကန်၊ ကနေဒါစတဲ့ နိုင်ငံတွေမှာရှိတဲ့ ရခိုင်နဲ့တခြားတိုင်းရင်းသားတွေက လှူဒါန်းလိုက်တဲ့ငွေနဲ့ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ခရေမြိုင်မှာရှိတဲ့ မိသားစုဝင်တွေကို ကိုယ်တိုင်သွားရောက်လှူဒါန်းပြီးတော့ ခရီးဝေးတဲ့နေရာတွေမှာရှိတဲ့ မိသားစုဝင်တွေအတွက် ဗဟိုဘုန်းတော်ကြီးကျောင်းဆရာတော်ရဲ့ စီစဉ်မှုနဲ့ လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်" ဟု ဦးအေးသာအောင်က ပြောသည်။

အာရက္ခ ဖောင်ဒေးရှင်းမှာ ရခိုင်ပြည်နယ်အတွင်းရှိ မိဘမဲ့ကလေးငယ်များနှင့် ဆင်းရဲနွမ်းပါးပြီး ပညာမသင်ကြားနိုင်သော ကလေးများ အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# တောင်သူလုပ်ငန်းသုံး သွင်းအားစုများ အရည်အသွေးစစ်ဆေးပြီးမှ ဖြန့်ဖြူးသင့်

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော တောင်သူလုပ်ငန်းများအသုံးပြုသွင်းအားစုများအား သက်ဆိုင်ရာမှ အရည်အသွေးစစ်ဆေးပြီးမှသာ ဖြန့်ဖြူးသင့်ကြောင်း မုံရွာခရိုင်ဒေသခံတောင်သူများပြောကြားသည်။

"တောင်သူလုပ်ငန်းသုံးသွင်းအားစုတွေကို အများစုဝယ်ယူသုံးစွဲနေရတယ်။ သွင်းအားစု ပစ္စည်းတွေဖြစ်တဲ့ မြေဆီတွေ၊ ပိုးသတ်ဆေးတွေက ပြည်ပက တင်သွင်းတာများပြီး ဈေးကြီးပေးဝယ်ရတယ်။ ဒါပေမဲ့ သွင်းအားစုတွေမှာ အာမခံချက်မရှိဘူး။ သွင်းအားစုတွေနဲ့ပတ်သက်ပြီး တောင်သူတွေအနေနဲ့ပြောရေးဆိုခွင့်နည်းတယ်။ စိုက်ပျိုးရေးပစ္စည်းထုတ်လုပ်သူတွေကို သွားပြောရင်လည်း ရာသီနဲ့ကိုင်ပေါက်လိုက်တောင်သူတွေနည်းပညာမတတ်ဘူးဆိုပြီးပြောလိုက်နဲ့စိုက်ပျိုးရေးပျက်စီးတော့ တောင်သူပဲ နစ်နာနေတယ်။ ပြည်ပကသွင်းလာတဲ့ ပိုးသတ်ဆေးဝါးအချို့ထဲက အသုံးပြုဖို့ မသင့်တဲ့ ဆေးတွေကိုလည်း စစ်ဆေးသင့်တယ်"ဟု မုံရွာမြို့နယ်မြေနဲကျေးရွာဒေသခံ ကြက်သွန်နီစိုက်တောင်သူကြီးဦးအောင်ထူးကပြော သည်။

စိုက်ပျိုးရေး လုပ်ငန်းသုံးသွင်းအားစုများနှင့် ပတ်သက်၍ မုံရွာကုန်စည်ဒိုင်အလုပ်အမှုဆောင်တစ်ဦးက "တောင်သူတွေမှာ ရာသီအပြောင်းအလဲကြောင့်ရော၊ မြေဆီလွှာအနေအထားအရရော ပိုးသတ်ဆေးနဲ့ မြေဆီတွေကို အများဆုံးသုံးနေကြရတယ်။ ဩဂုတ် ၂၃ ရက် နေ့လယ်ပိုင်းက ပို့ကုန်မြှင့်တင်ရေးဦးစီးဌာနတာဝန်ရှိသူတွေနဲ့ ဆွေးနွေးတဲ့အခါ ပြည်ပကတင်သွင်းလာတဲ့ မြေဆီ ခုနစ်မျိုးကို ရှောင်တခင် စစ်ဆေးတဲ့အခါသအတ်မှတ်ချက် အရည်အသွေးမပြည့်မီဘူးတဲ့။ အဲဒီအမှတ်တံဆိပ် ခုနစ်မျိုးက ဒီဒေသမှာ သုံးတဲ့မြေဆီအမျိုးအစားမဟုတ်ပေမယ့် ဒီဒေသမှာ သုံးနေတဲ့မြေဆီတွေမှာရော ပိုးသတ်ဆေးတွေမှာပါ အရည်အသွေးပြည့်မီမှုရှိ၊ မရှိစစ်ဆေးသင့်ပါတယ်"ဟု ဆိုသည်။

စစ်ကိုင်းတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးသို့ ဆက်သွယ်မေးမြန်းခဲ့ရာ "စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးတွေမြေဩဇာတွေကို တရားဥပဒေနဲ့အညီ တင်သွင်းလာတဲ့ ပစ္စည်းတွေကိုသာ ရောင်းချခွင့်ပြုထားပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်ဖွင့်တဲ့သူတိုင်းကိုလည်း ပိုးသတ်ဆေးဆိုင်ရာ သင်တန်း တွေတက်ရောက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုပါတယ်။ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေးနဲ့ မြေဩဇာဆိုင်ရာ အသိပညာပေးဟောပြောပွဲတွေ လစဉ်ပြုလုပ်နေပါတယ်"ဟု ပြောကြားသည်။

"မြေဆီတွေကြောင့် သီးနှံအထွက်လျော့နိုင်သလို ပိုးသတ်ဆေးတွေကြောင့် စားသုံးသူတွေထိခိုက်နိုင်တယ်။ တချို့ပိုးသတ်ဆေးတွေက လူနဲ့ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေတဲ့ ပိုးသတ်ဆေးတွေဖြစ်တဲ့အတွက် အန္တရာယ်ရှိတယ်။ တောင်သူအချို့က ဆေးပြင်းပြင်းနဲ့ပိုးသေပြီးရောသုံးကြတယ်။ အဲဒီဆေးတွေက လူတွေကို ထိခိုက်စေတယ်ဆိုတာကို အသိပညာပေးဖို့လိုအပ်တယ်။ စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တွေကို သက်ဆိုင်ရာက မရောင်းချဖို့ စစ်ဆေးအရေးယူသင့်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးသစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးကလည်း ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အမိန့်ကြေညာစာ အမှတ် (၁/၂၀၁၃) အရ ပိုးသတ်ဆေးဥပဒေလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပိုးသတ်ဆေးအမျိုးအစား ၃၉ မျိုးအား လူနှင့်ပတ်ဝန်းကျင်အဆိပ်အတောက်ဖြစ်စေနိုင်မှုမြင့်မားပြီး အန္တရာယ်ကြီးမားသောကြောင့် သုံးစွဲရန်ပိတ်ပင်တားမြစ်ထားသည့် ပိုးသတ်ဆေးများအဖြစ် သတ်မှတ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းသုံးအရောင်းဆိုင်များတွင် သက်ဆိုင်ရာ စိုက်ပျိုးရေး ဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့မှ အသိပေး တားမြစ်ထားကြောင်းသတင်းရရှိပါသည်။ သက်ဆိုင်ရာဌာနများက တားမြစ်ထားသော ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာများအား တောင်သူများသိရှိမှု နည်းပါးပြီး ယခုအခါ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ သာမကဒေသခံတောင်သူများပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။



*လယ်သမားတစ်ဦး စပါးခင်းကို ဓာတ်မြေဩဇာ ပက်ဖျန်းနေစဉ်*

ဓာတ်ပုံ- အေအက်ဖ်ပီ

## သရေခေတ္တရာမြို့ဟောင်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့ရန်စီစဉ်

**ဇော်မင်းထိုက်**

**ပြည်၊ ဩဂုတ်-၂၅**

ပျူလူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တန်ဖိုးထားတတ်စေရန် သရေခေတ္တရာမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး ဟောပြောပွဲတစ်ခုကို ပြည်မြို့ အထက(၁)၊ သီရိရတနာခန်းမ၌ ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့ရာ ပထမအကြိမ်နှင့် နှိုင်းယှဉ်ပါက စိတ်ဝင်စားသူ ပိုများလာကြောင်း သတင်းရရှိသည်။

"အခုဟောပြောပွဲပြီးရင်အဖွဲ့လျှောက်လွှာတွေအပေါ် စီစဉ်ပြီး တစ်ရက်၊ နှစ်ရက်အတွင်း ဖွဲ့သွားမှာပါ" ဟု သရေခေတ္တရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖြစ်မြောက်ရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူးဦးကျော်သူစိုးက ပြောသည်။

ပျူလူမျိုးတို့၏ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဟောပြောပွဲများနှင့် တန်ဖိုးထားတတ်စေရန် အကျိုးပြုလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိမ်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင်များအား လက်ကမ်းကြိုဆိုလျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့် အရွယ်မှစကာ ဝင်ရောက်နိုင်ကြောင်းနှင့် အလွှာပေါင်းစုံမှ ပါဝင်နိုင်ကြောင်း သိရသည်။

"ဒေသခံတွေ ရှိတဲ့နေရာအထိသွားရောက်ဟောပြောနိုင်ဖို့ ကြိုးစားနေကြတယ်။ မှော်ဇာဒေသခံတွေရောပြည်ဒေသခံတွေ စိတ်ဝင်စားမှုရှိလာပြီး အင်နဲ့အားနဲ့ပါဝင်လာစေချင်တယ်"ဟုသရေခေတ္တရာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ပျူလူမျိုးတို့၏ ယဉ်ကျေးမှုတန်ဖိုးဟောပြောပွဲသို့ ရှေးဟောင်းသုတေသနမှ တာဝန်ရှိသူများ တက်ရောက်ဟောပြောခဲ့သည်။ ရပ်မိရပ်ဖများ၊ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်ကော်မတီဝင်များ၊ ကျောင်းသားကျောင်းသူ လူငယ်များ၊ စိတ်ဝင်စားသူ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။ သရေခေတ္တရာမြို့ဟောင်း အဓိကတည်ရှိရာနှင့်ပတ်သက်၍

"သရေခေတ္တရာက ပျူယဉ်ကျေးမှု အထွန်းကားဆုံး ရှေးမြို့ဟောင်းပါ။ ယဉ်ကျေးမှု အထောက်အထားမျိုးစုံ တွေ့ရတဲ့နေရာပါ။ ရှေးဟောင်းပစ္စည်းတွေ့လို့ လာအပ်ရင် လက်ရှိရွှေတန်ဖိုးထက် အနုပညာလက်ရာပေါ်မူတည်ပြီး ၆၀-၇၀ ရာခိုင်နှုန်း အမျိုးမျိုးသတ်မှတ်ပြီး ထပ်ဆောင်းချီးမြှင့်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုတန်ဖိုးကို သိရှိတန်ဖိုးထားတတ်စေဖို့ ဟောပြောပွဲတွေ ထိန်းသိမ်းစောင့်ရှောက်ရေးတွေ လုပ်တယ်။ ဒီလိုနဲ့ တစ်ဆင့်ထက်တစ်ဆင့် သိရှိသူများလာအောင် ကြိုးစားလုပ်ဆောင်နေကြတယ်"ဟု ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုညွှန်ချုပ်ဦးသိန်းလွင်က ပြောသည်။

**Engine Doctor Engineering**

**မော်ဒယ်မြင့်ကားများအတွက်ကွန်ပြူတာထိန်းချုပ်မှုစနစ်သင်တန်း**

အင်ဂျင်နီယာများကိုယ်တိုင်ကြီးကြပ်သင်ကြားသည်၊ သီအိုရီနှင့်လက်တွေ့လေ့ကျင့်မှု ပေါင်းစပ်သင်ကြားသည်၊ ခေတ်မီကွန်ပြူတာစမ်းသပ်ကိရိယာများ အသုံးပြုသင်ကြားသည်၊

**အမှတ်စဉ် (၂၇)(၂၈)(၂၉) ပုံမှန်တန်းခွဲသစ်များကို စက်တင်ဘာ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်**

*Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97*

*No. 102 Ground Floor, 52nd St., Middle Blk, Yangon.*

**ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက် MAI ) ခရီးစဉ် **950 USD + ၅၀၀၀ဝိ/-**

သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် **850 USD + ၅၀၀၀ဝိ/-**

သက်သနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဗဟိုစေတီလမ်း၊ စမ်းချောင်း၊

ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664

ပဋ္ဌိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173

ပုဒ္ဓဝဗ္ဗဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236

မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

# မုံရွာကျောက္ကာလမ်းမကြီးပေါ် မောင်းနှင်သည့် ကုန်တင်ယာဉ်ကြီးများကို အရေးယူ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၂၂**

မုံရွာမြို့ ကျောက္ကာလမ်းမကြီးပေါ်တွင် မောင်းနှင်သော ကုန်တင်ယာဉ်ကြီးများကို ဩဂုတ် ၂၂ ရက်မှစတင်၍ သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

"မုံရွာမြို့တွင်း ကျောက္ကာလမ်းမကြီးပေါ်မှာ ယာဉ်အသွားအလာများတဲ့အတွက် ကုန်တင်ယာဉ်ကြီးတွေ မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်ရှိပါတယ်။ အရင်တုန်းကလည်း ရှောင်တခင်စစ်ဆေးအရေးယူမှုတွေရှိတယ်။ ဩဂုတ် ၂၂ ရက်က သက်ဆိုင်ရာက ဖမ်းဆီးခဲ့တဲ့ ကုန်တင်ယာဉ် ၂၂ စီးကို ဒီနေ့ (ဩဂုတ် ၂၃)မှာ အရေးယူထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အမှတ် ၁၄ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးခင်ဇော်မြင့်က ပြောကြားသည်။



*မုံရွာမြို့ ကျောက္ကာလမ်းမတစ်နေရာ* ဓာတ်ပုံ- အားမာန်

မုံရွာမြို့အတွင်း ကျောက္ကာလမ်းမကြီးပေါ် မောင်းနှင်မှုကြောင့် အရေးယူခံရသော ကုန်တင်ယာဉ်မောင်းတစ်ဦးက "မုံရွာမြို့ရှောင်လမ်းလို့ခေါ်တဲ့ အဝေးပြေးမြို့ပတ်လမ်းကြီးကနေ ကုန်တင်ယာဉ်တွေမောင်းရမယ်ဆိုတဲ့ စည်းကမ်းကိုတော့ ယာဉ်မောင်းတိုင်းက သိပါတယ်။ ခက်တာကကုန်တင်ယာဉ်တွေ မောင်းရမယ့်မြို့ပတ်လမ်းမှာ ခြောက်ဘီးကား ယာဉ်ကိုယ်ထည်နဲ့မလွတ်တဲ့ ချိုင့်ကြီးတွေက လေးခုလောက်ရှိတယ်။ လမ်းကလည်း ပေါက်ပြဲပျက်စီးနေတာများတော့ ဘယ်သူမှမမောင်းချင်ကြဘူး"ဟု ဆိုသည်။

မုံရွာမြို့ရှောင်လမ်းကြီးတွင် ချိုင့်ကြီးများနှင့် မိုးရာသီရွံ့ဗွက်ကြီးများကြောင့် ကုန်တင်ယာဉ်များသည် မုံရွာမြို့တွင်း ကားလမ်းမကြီးများမှ ဖြတ်သန်းမောင်းနှင်သောကြောင့် သက်ဆိုင်ရာက အရေးယူခြင်းဖြစ်သည်။ ကျောက္ကာလမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်လာသော ၁၂ ဘီးယာဉ် ခုနစ်စီး၊ ၁၄ ဘီးယာဉ် တစ်စီး၊ ၂၂ ဘီးယာဉ် တစ်စီး၊ ခြောက်ဘီးယာဉ်ခြောက်စီး၊ ဒိုင်နာယာဉ် တစ်စီး၊ ထော်လာဂျီယာဉ် ခြောက်စီး စုစုပေါင်း ကုန်တင်ယာဉ် ၂၂ စီးကို အရေးယူဆောင်ရွက်ခဲ့သည်။ အဆိုပါမော်တော်ယာဉ်များသည် စက်သုံးဆီသယ်ယာဉ်များနှင့် ကုန်တင်ယာဉ်များဖြစ်ကြောင်း သိရသည်။

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လ ၃၀ စီမံကိန်းရေးဆွဲရေး ညှိနှိုင်းဆွေးနွေး

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၂၀**

မုံရွာမြို့ မြို့တော်ခန်းမအတွင်း ဩဂုတ်လ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လ ၃၀ စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် အဓိကဆွေးနွေးခဲ့သည့် ကဏ္ဍများမှာ လျှပ်စစ်မီးလင်းရေးကဏ္ဍ၊ သောက်သုံး ရေဖူလုံရေးကဏ္ဍ၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးကဏ္ဍ၊ အလုပ်အကိုင် ရရှိရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ စသည့် ကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လ ၃၀ စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့သည်။

AUSTRALIA UNIVERSITY DEGREE ကို ရရှိဖို့ ဒီနေရာက စတင်လိုက်ရအောင်....



**The University of Technology, Sydney (UTS)** သည်
- ဩစတြေးလျအစိုးရမှ သင်ကြားမှုနှင့် သင်ယူမှုများတွင် ထိပ်တန်းတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသည့် တက္ကသိုလ်ဖြစ်ပါသည်။
- QS Stars အဆင့်မြင့် တက္ကသိုလ်သတ်မှတ်ချက်စနစ်အရ ကြယ်ငါးပွင့်အဆင့် ရှိပါသည်။
- Sydney မြို့၏အချက်အချာကျသောမြို့လယ်တွင်တည်ရှိပါသည်။

**UTS တွင်သင်ယူနိုင်မည့် ဘာသာရပ်များ –**
- Engineering
- Design, Architecture and Building
- Information Technology
- Nursing and Health Science
- Business
- Communications
- Science

**UTS:INSEARCH** သည် **UTS** သို့ တိုက်ရိုက်တက်ရောက်ခွင့် မရရှိသေးသောသူများအတွက် ဝင်ခွင့်ပြင်ဆင်ပေးသည့် ကျောင်းတစ်ခုဖြစ်ပါသည်။ **UTS:INSEARCH** ၏ ၈လ (သို့) ၁၂လ **Diploma** သင်တန်းကိုတက်ရုံဖြင့် **UTS** ၏ **Bachelor Degree** ကို ဒုတိယနှစ်မှစတင်တက်ရောက်သင်ကြားရယူနိုင်မှာဖြစ်ပါတယ်။ အသစ်အသစ်သော ဘာသာရပ်များကိုလည်း၊ ကမ္ဘာ့အဆင့်မှီအဆောက်အအုံများတွင် အရည်အချင်းပြည့်ဝသော ဆရာ/ဆရာမများ၏ သင်ကြားမှုနှင့်အတူ လွယ်ကူစွာ လေ့လာဆည်းပူးနိုင်မည် ဖြစ်ပါသည်။

**သင်ဒါတွေကိုရောသိပါသလား?**
- UTS Business School သည် Australia နိုင်ငံတွင် Thomson Reuters Measure of Research ၏လေ့လာချက်အရ No.1 နေရာတွင် ရပ်တည်လျက်ရှိပါသည်။
- UTS Design School ၏အောင်မြင်မှုတွင် Animation on the Academy Award Winning ဆုရ Happy Feet ဇာတ်ကားလည်း အပါ အဝင်ဖြစ်ပါသည်။
- Hollywood Star တစ်ဦးဖြစ်သည့် Hugh Jackman သည်လည်း UTS တွင် Communication ဘာသာရပ်ကိုသင်ယူခဲ့သူတစ်ဦးဖြစ်ပါသည်။

**အသေးစိတ်အချက်အလက်များ သိရှိလိုပါက UTS:INSEARCH ၏တရားဝင်ကိုယ်စားလှယ်ဖြစ်သော AVSS Myanmar သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**No. 127(A), 1st Floor, West Shwe Gon Daing Road, Bahan Township, Yangon, Myanmar.**

**Tel: 09 45000 6944, 09 45000 6955**

**www.insearch.edu.au**

UTS:INSEARCH UNIVERSITY OF TECHNOLOGY SYDNEY

UTSINSEARCHFAN UTS_INSEARCH YouTube UTSINSEARCHCHANNEL

**ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာလမ်း။ တိုက်-၄၉၊ အခန်း(၁၁)တွင် တည်ရှိသော တိုးတက်တိုး ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၂၀၁၃ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် မိမိတစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်း ကြေညာပြီး ဖြစ်ပါသည်။

NAVILUX - 4100
Anti-Fouling
Marine Paint

NEPTUNE PLUS
Anti-Fouling 4000
Marine Paint

**မှတ်ပုံတင်အမှတ်– ( ၄/၆၁၁၇/၂၀၁၃ ) ၊** **မှတ်ပုံတင်အမှတ်– ( ၄/၆၁၁၆/၂၀၁၃ )**

တိုးတက်တိုး ကုမ္ပဏီလီမိတက်သည် အထက်ဖော်ပြပါ အင်္ဂလိပ်စာလုံးကြီးဖြင့် ရေးသားဖော်ပြထားသော NAVILUX-4100/Anti-fouling / Marine Paint ဟူသော အမည်အမှတ်အသားနှင့် တြိဂံချွန်းစက်ဝိုင်း၏ အလယ်တွင် တိုးနယားပုံဖော်ပြထားပြီး ယင်းတံဆိပ်၏ ဘေးဘက်တွင် အပြာရောင်အောက်ခံ၌ NEPTUNE PLUS Anti-fouling / 4000 / Marine Paint ဟူသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများဖြင့် သဘော်သုတ်ဆေး၊ မှုတ်ဆေးအရောင် အမျိုးမျိုး၊ အရည်အသွေး အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ယင်းတို့ကိုထည့်သွင်းထုပ်ပိုးသည့် ဗူးများ၊ ပုလင်းများ၊ တိုင်ကီများ၊ သိုလှောင်ကန်များ၊ ၎င်းတို့၏ အဖုံးများပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးတို့ဖြင့် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ ဖော်ပြပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချ သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မှတ်ပုံတင်သွင်း ကြေညာ ထားသူ တိုးတက်တိုး ကုမ္ပဏီလီမိတက်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ ကုန်အမှတ် တံဆိပ်၏တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ် သုံးစွဲပြီး အဆိုပါကုန်ပစ္စည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖြန့်ဖြူးရောင်းချနေသည်ကို တွေ့မြင်ကြားသိရပါက ယင်းတုပပြုလုပ်သုံးစွဲထားသည့် အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းများကို သိမ်းဆည်းဖျက်သိမ်းနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိမည်သည့် တရားရုံးတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆို တားမြစ်ထုတ်ပြန်ခြင်း၊ လျော်ကြေးငွေ တောင်းခံခြင်း၊ နစ်နာကြေး တောင်းခံခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးသူရိန်ဝင်း (LL.B., D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၃)
အမှတ်-၅၅၊ အခန်း (၅)၊ ဒု-ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

စာမျက်နှာ (၇)မှ

## ကြိမ်ဖူးဟင်းချို

တစ်ရက်. . . ကြိုသက်ချိန်ရောက်တော့ မိန်းကလေးတွေက စီခန်းသို့ပြောင်းသွားပြီး စီခန်းက ယောကျ်ားလေးတွေက ဘီခန်းသို့ ရောက်လာကြသည်။ ကြိုသက်ချိန်ရဲ့ ထုံးစံအတိုင်း စာသင်မည့် ဆရာက ရောက်မလာသေးပေ။ ထိုအချိန်မှာ စီခန်းက စာလာသင်သည့်ကျောင်းသားများထဲမှ ဆရာ၊ ဆရာမ စားပွဲနှင့် နီးသူများက စားပွဲပေါ်ရှိ ပန်းအိုးထဲက နှင်းဆီပန်းလေးများကို လက်ဖြင့်လှမ်းပြီး ပွင့်ဖတ်လေးတွေကို ခြွေကြသည်။ စီခန်းက ယောကျ်ားလေးတွေက ပန်းအိုးထဲက နှင်းဆီပန်းပွင့်ဖတ်လေးတွေကို အဲဒီလို လှမ်းလှမ်းပြီး ခြွေချနေတာကို ကျွန်တော်တို့ ဘီခန်းက မိန်းကလေးတွေက ဘယ်လိုသိသွားမှန်းမသိ မိန်းကလေးနှစ်ယောက်ရောက်လာပြီး ပန်းတွေကို လာယူသွားသည်။ အဲဒီလို ပန်းတွေကိုယူသွားချိန်မှာ ကျောင်းသားတွေကမယူရန် တားရင်းက ဝိုင်းလုကြသည်။ အတန်းကြီးလာမှသာ မိန်းကလေးတွေ၊ ယောကျ်ားလေးတွေက မျက်ထောင့်လေးတွေပေစောင်းပေစောင်းကြည့်ပြီး သူငယ်ချင်းအရမ်းခင်တယ်လို့ ဖြစ်သွားကြပေမယ့် ငါးတန်းခြောက်တန်းအရွယ်မှာတော့ ယောကျ်ားလေးနဲ့ မိန်းကလေးသည် ရန်သူဖြစ်သည်။ အဲဒီတုန်းက ကျွန်တော်တို့ကလည်း ယောကျ်ားလေးပီပီ ဘာလို့ဒီလိုလာယူရမှာလဲဆိုပြီး ကျွန်တော်လည်း ယောကျ်ားလေးတွေဘက်က ဝင်ပြီးပန်းတွေကို ကူလုသည်။

အဲဒီလို လုရင်းက မိန်းကလေးနှစ်ယောက်က ပန်းတွေကို လွှင့်ပစ်ထားခဲ့ပြီး ထွက်သွားသည်။ နောက်တော့ ကောင်မလေးတစ်ယောက်က ကြိုသက်ဆရာကို ငိုပြီးသွားတိုင်သည်။ ကျွန်တော်က သူ့ကျောကုန်းကို လက်သီးနဲ့ထိုးပါတယ်တဲ့။ အဲဒီတော့မှ ကြိုသက်ဆရာက ရောက်လာပြီး ကျွန်တော့်ကို အတန်းရှေ့ထွက်ရပ်ခိုင်းသည်။ အဖြစ်မှန်ကိုလည်း မမေးဘယ်လိုဖြစ်ကြသည်လည်း မစုံစမ်း။ မင်းသူ့ကိုထိုးလားတဲ့ ကျွန်တော့်ကို လာမေးသည်။ ကျွန်တော်မှ မထိုးတာ ကျွန်တော်က မထိုးဘူးဆိုတော့ လက်ထဲက ကြိမ်လုံးကို စားပွဲပေါ်ကိုနှစ်ချက်သုံးချက်လောက် ရိုက်လိုက်သည်။ အဲဒီလို ရိုက်လိုက်တော့ ကျွက်စီကျွက်စီပြောနေတဲ့ စကားတွေတိတ်သွားသည်။ အဲဒီလိုတိတ်သွားတော့မှ အရှေ့ဆုံးမှာ ထိုင်နေတဲ့ ကျောင်းသားကို ကြိမ်လုံးကြီးပြပြီး မေးသည်။ ဒီကောင်မလေးကျောကုန်းကို သူက လက်သီးနဲ့သွားထိုးတယ်ဆို ဟုတ်လားဆိုတော့ အဲဒီကောင်လေးကဟုတ်ပါတယ်ဟု ဖြေသည်။ နောက်တစ်ယောက်ကို ထပ်မေးပြန်သည် နောက်တစ်ယောက်ကလည်း ဟုတ်ပါတယ်လို့ပဲဖြေသည်။ သူတို့ပြောတာ ဟုတ်တယ်တဲ့ မင်းဝန်ခံမှာလား ကြိမ်လုံးကြီးကိုပြပြီး ကျွန်တော့်ကိုမေးသည်။ မင်းဝန်မခံဘူးဆိုရင် ကျောင်းထွက်ရမယ်။ ကျောင်းထွက်ပြီးရင်တော့ ဘူတာရုံမှာ ကူလီသာထမ်းနေပေတော့ဟု ပြောသည်။ မင်းဝန်မခံဘဲ ကျောင်းထွက်မှာလား၊ ဝန်ခံပြီး အရိုက်ခံမှာလားတဲ့။

ကျွန်တော်ကျောင်းထွက်ရမှာတော့ ကြောက်ပါသည်။ ကျွန်တော် ငါးတန်းကျောင်းသားဘဝက တွေးလိုက်မိသည်က ဝန်ခံလိုက်ရင် ရိုက်ခံရမည်၊ ဝန်မခံရင် ကျောင်းထွက်ရမည်။ ကျောင်းတော့မထွက်နိုင်။ အရိုက်ပဲခံတော့မည်ဟု ဆုံးဖြတ်ကာ ကျွန်တော် တကယ်မထိုးခဲ့ပေမယ့်လည်း ထိုးပါသည်ဟုပြောလိုက်တော့သည်။ ဝန်ခံလိုက်ပြီဆိုတော့ စတိတ်စင်ပေါ်တက်ခိုင်းပြီး ပုဆိုးကိုဒူးခေါင်းထိ လှန်ခိုင်းသည်။ ပြီးတော့ လက်ညှိုးလောက်ရှိသော ကြိမ်လုံးဖြင့် ခြေသလုံးကိုငါးချက်လွဲရိုက်သည်။ ဆယ်နှစ်သားအရွယ်မှာ လူကြီးအားဖြင့် လွဲရိုက်ခံရသော ငါးချက်သည် တော်တော်နာသည်။ ကျွန်တော်ငိုချင်သည် ဒါပေမဲ့ မငိုမိအောင် မျက်ရည်ကိုထိန်းထားလိုက်သည်။ စာသင်ခန်းထဲမှာ ဒီတိုင်းကြိတ်ထိုင်နေပြီး အိမ်ပြန်ခဲ့လိုက်သည်။ ရိုက်ရိုက်ခံရချင်းနေ့က ခြေသလုံးမှာ အစင်းစင်းတွေ အပိန့်လိုက် အပိန့်လိုက်ဖြစ်နေပြီး အရေခွံများပွန်းကာ တချို့နေရာမှာ သွေးနည်းနည်းစို့နေသည်။

နောက်နေ့ရောက်တော့ အစင်းတွေ ပျောက်သွားပေမယ့် အညိုအမည်းစွဲပြီး ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူမျိုးမှာ အခုအထိ အရိုးစွဲနေကြတာက အိုးကောင်းတစ်လုံးဖြစ်လာအောင် နာနာရိုက်ရမယ်။ ကျွန်တော့်ငယ်ဘဝကတွေ့ကြုံခဲ့တဲ့ဖြစ်ရပ်ဖြစ်သည်။

ကျောင်းတွေ၊ ကျောင်းတွေမှာ မိဘတွေ၊ မိဘတွေမှာ ကျွန်တော်တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်ထက်ဆိုးအောင်ရိုက်တာတွေ ဘယ်လောက်တောင် ရှိနေမလဲ။ အတိအကျမသိပေမယ့် အရွယ်နှင့်မမျှအောင် ရိုက်ခံနေကြရတာတွေကတော့ သေချာပေါက်ရှိမှာပါ။ ကျွန်တော်တို့ ငယ်ငယ်ကဆိုလျှင် တချို့မိဘများက အရိုက်ကြမ်းသည်ဆိုသော ကျူရှင်များမှာပင် ရွေ့ထားသည်ကို တွေ့ဖူးပါသည်။ ကျွန်တော်တို့လည်း ထိုကျူရှင်တွင်ပင် တက်ရပါသည်။ ဒီနေ့ မီးနင်းတွေအလွတ်ကျက်ခဲ့။ နောက်နေ့ စာမေးလို့ တစ်လုံးမရလျှင် သစ်သားပေတံဖြင့် တစ်ချက်ရိုက်သည်။ တစ်ခါတစ်ရံတွင် ရိုက်ရင်းဖြင့် ထင်းရှူးသစ်သားပေတံကွဲသွားသည်ကိုပင် ကြုံခဲ့ဖူးသည်။ ဒါပေမဲ့ စာညံ့တဲ့ကလေးကတော့ အရိုက်ခံရလွန်းလို့ကျူရှင်ပြေးချင်စိတ်သာ ဖြစ်လာသည်။ စာကတော့ တော်မလာပါ။ ငယ်ရွယ်စဉ်ကာလမှာ အထိုက်အလျောက် ရိုက်သင့်သည်ဆိုတာကို လက်ခံကောင်းလက်ခံလို့ရနိုင်ပေမယ့် အရွယ်နှင့်မမျှအောင် အလွန်အကျွံရိုက်နှက်ခြင်းကတော့ လုံးဝမဖြစ်သင့်ပါ။ အဲဒီလို အရွယ်နဲ့မမျှအောင် ရိုက်လိုက်တော့ရော အဲဒီကလေးက နားလည်သွားလား။ အဲဒီကလေးက တကယ်လိမ္မာသွားလား။ အဲဒီလို စဉ်းစားနေရင်း ကြည်ဖြူသျှင် အမေရိကားမှာ ဆုရသည့် ဝသုန်ရဲ့ကောက်ကြောင်း ၁၅မိနစ်စာ မှတ်တမ်းရုပ်ရှင်ထဲမှာ ပန်းချီဝသုန်ပြောသွားတာ သွားသတိရလိုက်သည်။ ကျွန်တော့်ကလေးတွေကို တစ်ခါမှ မရိုက်ဖူးဘူး မယုံရင်မေးကြည့်ပါလား။ ကျွန်တော်ငယ်ငယ်က အရိုက်ခံရတယ်။ အဲဒီလိုအရိုက်ခံရရင် ကျွန်တော်အရမ်းစိတ်ဆိုးတယ်။ ပြီးတော့ ကလေးဆိုတာ ရိုက်တိုင်းလည်း လိမ္မာတာမှမဟုတ်တာတဲ့။ တစ်ချိန်ကျရင် ကျွန်တော့်မှာရော မိတ်ဆွေတို့မှာပါ ကလေးတွေရှိလာပေလိမ့်မည်။ တချို့ဆိုလျှင် အခုကတည်းက ရှိနှင့်ပြီးသားဖြစ်နေပေလိမ့်မည်။ အဲဒီအချိန်ကျရင် ကလေးတွေကို ကြိမ်ဖူးဟင်းချိုလို့ တင်စားခေါ်တဲ့ ကြိမ်လုံးကြီးနဲ့ ကိုယ်လိုရာပုံကို ရိုက်သွင်းတဲ့ brainwash နည်းလမ်းကို ဆက်လက်သုံးသွားကြဦးမှာလား။


### (၁၂-၈-၂၀၁၃)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)နှင့် (၁၂-၈-၂၀၁၃)နေ့ထုတ် မြန်မာ့အလင်းသတင်းစာလူမှုရေးနှင့် စီးပွားရေးကြော်ငြာ စာမျက်နှာ(ခ)ပါ တက်နေကုမ္ပဏီ နှင့် ဦးဗိုလ်ဆိုင်တို့၏ ကြေညာချက်အား ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်မှ တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရအောက်ဖော်ပြပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

(၁) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၈)ရပ်ကွက်၊(၄)လမ်း(စက်မှုဇုန်)၊ အမှတ်(၆၁)ဟုခေါ်တွင်သော ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ပေါ်မှ တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့်ပတ်သက်ဆက်နွယ်သူ (၁) ဦးဗိုလ်ဆိုင်(၂)ဒေါ်သန်းသန်း အေး(၃)မဗိုလ်ဗိုလ်နုလှိုင်တို့သည် အထက်ဖော်ပြပါ မြေကွက်ကို ပိုင်ရှင်ဖြစ်သူ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် လက်ဝယ်သို့(၃၁-၈-၂၀၁၃)နေ့ နောက်ဆုံးထား၍ မြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပြီး မြေကွက်အား အလွတ်လက်ရောက်ပေးအပ်ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

(၂) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်သည် ဦးချစ်လှိုင်နှင့် ဒေါ်ကျင်နုတို့၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော ကိတ္တိမမွေးစားသား (ဩရသ သားကြီး)ဖြစ်ပါသည်။ မိဘများထံမှတရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးကိုတစ်ဆင့်ခံလွှဲပေးခြင်းသာဖြစ်ပြီး ဦးဗိုလ်ဆိုင်နှင့် ဒေါ်သန်း သန်းအေးတို့ ငွေကြေးများ မဟုတ်ပါ။ မြောက်မြားလှစွာသော ဦးချစ် လှိုင်နှင့် ဒေါ်ကျင်နုတို့၏ ဥစ္စာပစ္စည်း၊ ငွေ ကြေးများကို ဦးဘိုစိန်(ခ) ဦးဗိုလ်စိန်အား ပေးအပ်ရန် ကျန်ရှိနေပါသေးသည်။

(၃) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့ လက်ရှိနေထိုင်လျက်ရှိသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၄)လမ်း၊ စက်မှုဇုန်၊အမှတ်(၆၃)မြေကွက်နှင့် အဆောက်အအုံမှာ ဦးချစ်လှိုင်နှင့်ဒေါ်ကျင်နုတို့၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သား/သမီး၏အမည်ပေါက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်သူ ဦးဘိုစိန်(ခ) ဦးဗိုလ်စိန်တို့မသိဘဲ မဗိုလ်ဗိုလ်နုလှိုင်သည် မြေဂရန်အမည်ပေါက်ပြောင်းလဲသည် ကို ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်မှသိရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဂရန်အမည်ပြောင်းကိစ္စအား တရားဝင်ကန့်ကွက်ထားပါသည်။ ယင်းနေအိမ်နှင့်ပတ်သက်ပြီး ဦးဗိုလ်ဆိုင်သည် မည်သို့မျှပတ်သက်ဆက်နွယ်မှုမရှိဘဲ လက်ရှိနေထိုင်သူ၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် တမင်ကြံရွယ်ကြေညာခြင်းသာဖြစ်ပါသည်။

(၄) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် အမည်ပေါက်(ကားအုံနာစာအုပ်၊ အာမခံစာအုပ်၊ မူရင်းလက်ဝယ်ရှိ)တောင်းအေ့ကားအမှတ် အ/၅၇၂၃ ကို ဦးဗိုလ်ဆိုင်သည် မတရားရယူထားပြီး ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် မသိရှိဘဲ ကားမှတ်ပုံတင်သက်တမ်းတိုးခြင်းကိစ္စကို မည်သို့ဆောင်ရွက်ထားကြောင်း ယနေ့တိုင် မသိရှိရပါ။ ယခု ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် အသုံးပြုစီးနင်းနေသော ၈ည/၉၀၂၅ ကားမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာသော မော်တော်ယာဉ်ဖြစ်ပါသည်။ လက်ရှိ အသုံးပြုသူ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် ကြံရွယ်ချက်ဖြင့် ကြေညာခြင်းဖြစ်ပါသည်။

(၅)သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ မူလကြေညာချက်အတိုင်း (၃၁-၈-၂၀၁၃)နေ့ နောက်ဆုံးထား၍ ၎င်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ပေါ်မှထွက်ခွာဖယ်ရှားပေးပြီး မြေကွက်အား အလွတ်လက်ရောက်ပေးအပ်ပါရန် ထပ်မံ၍ တုံ့ပြန်အသိပေးကြေညာအပ်ပါသည်။

**ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| ဦးထင်ကျော် | ဒေါ်သက်လေးချို |
| B.Sc.,H.G.P.,R.L | LL.B.,D.B.L |
| တရားလွှတ်တော်ရှေ့နေ(၅၃၁၅) | အထက်တန်းရှေ့နေ(၃၁၄၂၄) |

**ရုံး- အမှတ် ၁၃၈(ပ-ထပ်)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇**



## Myanma Apex Bank LTD.
### Vacancy Announcement (Local)

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိသည်။

**AGM/DGM (Data Center)**
- B.C.Tech, M.C.Tech, B.E (IT), M.E (IT) ဘွဲ့ (သို့) IT နှင့် ဆက်စပ်သောဘွဲ့များဖြစ်ရမည်။
- အထက်ပါဘွဲ့များအပြင် CCNA, CCNP, CCIE နှင့် Microsoft Certified Exam များ ဖြေဆိုအောင်မြင်ပြီးသူများကို ဦးစားပေးမည်။
- Information Technology နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
- Networking ကျွမ်းကျင်ပြီး Virtual Private Network (VPN) တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းများကို ကောင်းစွာတတ်ကျွမ်းရမည်။
- Enterprise Server Implementation နှင့် Administration ကို ကျွမ်းကျင်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။

**AGM/DGM**
- B.C.Sc, M.C.Sc ဘွဲ့ (သို့) IT နှင့် ဆက်စပ်သောဘွဲ့များဖြစ်ရမည်။
- အထက်ပါဘွဲ့များအပြင် Microsoft Certified Exam များ ဖြေဆိုအောင်မြင်ပြီးသူများ၊ Oracle Database Administration နှင့် PL/SQL တို့ကို ကျွမ်းကျင်သူများကို ဦးစားပေးမည်။
- Information Technology နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
- စာရင်းအင်းပညာနားလည်းပြီး ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်ရမည်။

**Junior Assistant (IT)**
- B.C.Tech, B.E (IT) (သို့) IT နှင့် ဆက်စပ်သောဘွဲ့များဖြစ်ရမည်။
- IT နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
- PC Hardware Maintenance, Clients and Servers Operating Systems Installation, E-mail Client Programs, MS Office 2003/2007, Local Area Network (LAN) and related tools and techniques များအား အသုံးပြုလုပ်ကိုင်နိုင်သူဖြစ်ရမည်။ IP Star Satellite Installation, Maintenance and Troubleshooting လုပ်ကိုင်နိုင်သူဖြစ်ပါက ဦးစားပေးမည်။

**ယာဉ်မောင်းအဆင့် (၂)**
- ယာဉ်မောင်းကျွမ်းကျင်ရမည်။
- (ဃ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။
- အသက် (၃၀) နှစ်ထက်မငယ်၍ အသက် (၄၀)နှစ်ထက်မကြီးရ။

မှတ်ချက် ။ ။ **အထက်ဖော်ပြပါရာထူးများအတွက် လျှောက်ထားလိုသူများသည် လူအများနှင့်ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိပြီး၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်၍ ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။လျှောက်ထား လိုသူများသည် (၆)လအတွင်းရိုက်ကူးထားသော ဓါတ်ပုံ (၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာများနှင့်တကွ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် ရုံးချုပ်၊ အမှတ် (၂၀၇)၊ သိမ်ဖြူလမ်း (အလယ်)၊ ဗိုလ်တထောင်မြို့နယ်သို့ (၃၀-၉-၂၀၁၃) နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။**

# Education

7 DAY NEWS JOURNAL

Vol.12, No.25 • AUGUST 28 , 2013



ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကျောင်းသူများ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဆရာအတတ်ပညာ သင်တန်းသားများ၏ ခြောက်ဆယ်ရာခိုင်နှုန်းကျော် လုပ်ငန်းခွင်မရောက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၂၃**

ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လေ့ကျင့်သင်ကြားပေးခဲ့သည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ သင်တန်း တက်ရောက်သူများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် လုပ်ငန်းခွင်သို့ဝင်ရောက်ခြင်းမရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွင်း ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လေ့ကျင့်သင်ကြားပေးခဲ့သည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများတွင် သင်တန်းသား သုံးသောင်းလေးထောင်ကျော် တက်ရောက်ခဲ့သော်လည်း တစ်သောင်းတစ်ထောင်ကျော်ကိုသာ လုပ်ငန်းခွင်နေရာချထားပေးနိုင်ခဲ့သည်။ ရာခိုင်နှုန်းအနေဖြင့် သင်တန်းသား ၃၃ ရာခိုင်နှုန်းသာ အခြေခံပညာကျောင်းများတွင် လုပ်ငန်းခွင်ဝင်ခဲ့ပြီး အထူးသဖြင့် မူလတန်းအဆင့်တွင် လုပ်ငန်းခွင်ဝင်သူ သင်တန်းသားနည်းပါးနေကြောင်း သိရသည်။

“သင်တန်းပြီးဆုံးချိန်မှာ လုပ်ငန်းခွင်မဝင်တာက ဆန္ဒမရှိလို့ရယ်။ တာဝန်ချထားပေးတဲ့ နေရာကို မသွားချင်တာရယ်ကြောင့် ဖြစ်ပါတယ်။ သူတို့ဆန္ဒဖြစ်တဲ့အတွက် ဘာမှလုပ်လို့မရပါဘူး။ အဟောသိကံဖြစ်သွားတာပေါ့။ ဆရာလိုတဲ့ကျောင်းတွေက လည်း ဝေးလံတဲ့ဒေသတွေမှာ ရှိနေတာလေ။ မူလတန်းပြတွေဆိုရင်လည်း ကျေးရွာတွေအထိ သွားရတဲ့အတွက် အများစုက မသွားလိုကြဘူး” ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌ အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့် ကျောင်းများတွင် ပညာသင်ယူနေသော ကျောင်းသားဦးရေမှာ ၈၄ သိန်းကျော်နှင့် ဆရာဦးရေမှာ နှစ်သိန်းရှစ်သောင်းကျော်သာ ရှိနေပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဆရာ တပည့်အချိုး နိမ့်ကျနေကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ဝေးလံ၍ သွားလာရခက်ခဲသော ဒေသများတွင် မူလတန်းပြဆရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ယခုပညာသင်နှစ်တွင် ဘွဲ့ရနေ့စား၊ လပေးဆရာများကို စတင်ခန့်အပ်ထားပြီးဖြစ်သည်။

ထို့ပြင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ ဆရာမများ အလုံအလောက်ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ်ပညာဦးစီးဌာနကို သီးခြားဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၃ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲစာတမ်းမှ သိရသည်။

## အဝေးသင်တက္ကသိုလ်ကျောင်းသား ယခင်နှစ်ထက် နှစ်သောင်းကျော်ပိုများ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၂၃**

ယခုပညာသင်နှစ်တွင် အဝေးသင်တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားအရေအတွက်မှာ ယခင်ပညာသင်နှစ်ထက် နှစ်သောင်းကျော် မြင့်တက်သွားကြောင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) မှ သတင်းရရှိသည်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့ကြို (Day) သင်တန်းတက်ရောက်နေသော ကျောင်းသားအရေအတွက်မှာ ပုံမှန်အတိုင်း ရှိနေသော်လည်း အဝေးသင်တက္ကသိုလ်တက်ရောက်သော ဦးရေမှာ နှစ်သောင်းကျော်မြင့်တက်သွားခြင်းဖြစ်သည်။

“မနှစ်က ဖွင့်လမှာ ဘွဲ့ကြိုတက်တဲ့ ကျောင်းသားတစ်သိန်းခုနစ်သောင်းကျော်ရှိတယ်။ ဒီနှစ်ဖွင့်လကလည်း အဲဒီအရေအတွက်ပဲ။ အဝေးသင်ကျောင်းသားက မနှစ်က ဖွင့်လမှာ နှစ်သိန်းကိုးသောင်းကျော်ရှိတာ ဒီနှစ်ဖွင့်လမှာ သုံးသိန်းတစ်သောင်းကျော်ရှိနေတယ်။ အဝေးသင်ကျောင်းသား နှစ်သောင်းကျော် တိုးလာတာပေါ့” ဟု အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သည့် ပညာသင်နှစ်တွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံသော ကျောင်းသားဦးရေ သောင်းဂဏန်းလျှော့ချခဲ့ပြီးနောက် အဝေးသင်တက္ကသိုလ် တက်ရောက်သော ကျောင်းသားဦးရေမြင့်တက်လာခြင်းဖြစ်သည်။

အဝေးသင်တက္ကသိုလ်တက်ရောက်သော ကျောင်းသားများသည် အင်္ဂလိပ်ဘာသာ အခက်အခဲကြောင့် ဝိဇ္ဇာဘာသာရပ်များကို ရွေးချယ်တတ်ကြပြီး မြန်မာစာဘာသာရပ်ကို ကျောင်းသားအများစု ရွေးချယ်နေကြကြောင်း သိရသည်။

ငွေကြေးကုန်ကျသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ပညာသင်ယူနေစဉ် အလုပ်လုပ်ကိုင်နိုင်ခြင်းစသည့် အချက်များအပြင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များက ကျောင်းသားလက်ခံမှု လျှော့ချလိုက်ခြင်းသည် အဝေးသင်တက္ကသိုလ်တတ်ရောက်သော ကျောင်းသားဦးရေကို မြင့်တက်လာစေကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

အဝေးသင်တက္ကသိုလ်များမှ ဘွဲ့ရရှိသော ကျောင်းသားများနှင့် ပတ်သက်၍ ဝေဖန်မှုများရှိနေခြင်းကြောင့် အဝေးသင်ပညာရေး အရည်အသွေးကို မြှင့်တင်သွားရန်နှင့် အွန်လိုင်းအဝေးသင်ပညာရေးစနစ်ကို အကောင်အထည်ဖော်နေကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်မှ တာဝန်ရှိသူက ပြောထားသည်။

၂၀၁၃ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ကြေညာထားသည်။



# နော်ဝေးနိုင်ငံက မဟာဘွဲ့နှင့်ပါရဂူဘွဲ့သင်တန်းအတွက် မြန်မာကျောင်းသား ၆၀ ပညာသင်ဆုပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၂၄**

ထိုင်းနိုင်ငံတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများတက်ရောက်ရန် မြန်မာကျောင်းသား ၆၀ ဦးအား ပညာသင်ဆုထပ်မံပေးသွားမည်ဖြစ်ပြီး အစိုးရဝန်ထမ်းနှင့် ပြင်ပမှ ပုဂ္ဂိုလ်များလျှောက်ထားနိုင်မည်ဖြစ်ကြောင်း နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံရှိ မဟီဒေါတက္ကသိုလ်တွင်မဟာဘွဲ့၂နှစ်သင်တန်းတက်ရောက်ရန် ကျောင်းသား ၃၀ ဦးနှင့် ပါရဂူဘွဲ့ သုံးနှစ်သင်တန်းတက်ရောက်ရန် ကျောင်းသား ၃၀ အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ဆုပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါပညာသင်ဆုအစီအစဉ်အတွက် သဘာဝသိပ္ပံနှင့်ကျန်းမာရေး၊ လူမှုရေးနှင့် လူဦးရေဆိုင်ရာသိပ္ပံ၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာလေ့လာမှုနှင့် သဘာဝပတ်ဝန်းကျင်သိပ္ပံဘာသာရပ်နယ်ပယ်များကို လေ့လာလိုသူများလျှောက်ထားနိုင်မည်ဖြစ်ပြီး ပညာသင်ယူပြီးဆုံးပါက မိမိနိုင်ငံသို့ပြန်၍ အလုပ်အကျွေးပြုရမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်လွှာကို ဩဂုတ်လတွင်စတင်လက်ခံနေပြီး အလျင်အမြန်လျှောက်ထားရန်နှင့် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများဦးစားပေးလျှောက်ထားရန် နော်ဝေးအစိုးရကတိုက်တွန်းထားသည်။

ပညာသင်ဆုအစီအစဉ်နှင့်ပတ်သက်၍ အီးမေးလ်anadi.nit@mahidol.ac.th သို့ဆက်သွယ်၍ အသေးစိတ်အချက် အလက်များကို http://www.grad.mahidol.ac.th တွင် ကြည့်ရှုနိုင်သည်။

နော်ဝေးအစိုးရသည် ၂၀၁၂ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် ကျောင်းသား ၄၀စီဖြင့် မြန်မာကျောင်းသား ၁၂၀အားသုံးနှစ်ဆက်တိုက်ရွေးချယ်၍ ထိုင်းနိုင်ငံရှိ အာရှနည်းပညာအင်စတီကျူ့ဒ်(AIT)တွင်သင်ယူစေသော အစီအစဉ်ကို ဆောင်ရွက်ထားသည်။




ဓာတ်ပုံ-emb-norway.or.th

*ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မြန်မာ-နော်ဝေးနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများကိုတွေ့ရစဉ်*

SCG Sharing the Dream

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) ၏ ရှေ့ဆောင်လုပ်ငန်းစုကြီးတစ်ခုဖြစ်သော SCG သည် ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ရှိ အထက်တန်းကျောင်းသူကျောင်းသား ၂၀၀ တို့အား ပညာသင် ဆုများပေးအပ်ထားပါသည်။



လိုအပ်ချက်များ
• အခြေခံပညာအထက်တန်း အဆင့်နဝမတန်း(Grade 10) (သို့မဟုတ်) ဒသမတန်း (Grade 11) တွင်လက်ရှိ ပညာသင်ကြားနေသူ ဖြစ်ရပါမည်။
• ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်) မွန်ပြည်နယ်တို့တွင် အမြဲတမ်းနေထိုင်သူဖြစ်ရပါမည်။
• ပညာသင်ဆုအား ဝင်ငွေနည်းပါးသော မိသားစုများမှ ကျောင်းသူကျောင်းသားများ မည်သူမဆိုဝင် ရောက်လျှောက်ထားနိုင်ပါသည်။ အရွေးချယ်ခံရသူများအားတစ်ဦးလျှင် ပညာသင်ထောက်ပံ့စရိတ် နှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၂၀၀,၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည့်အပြင် ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့လည်း တက်ရောက်ခွင့် နှင့် ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ အပြီးတွင် ကျင်းပသွားရန်ရှိသည့် လူမှုအကျိုးပြု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိမည်ဖြစ်ပါသည်။

လျှောက်ထားခြင်း
• လျှောက်ထားမည့်ကျောင်းသူကျောင်းသားများအနေဖြင့်အချက်အလက်များဖြည့်သွင်းရန်ပုံစံ အား သက်ဆိုင်ရာ ကျောင်းရုံးခန်းတွင်ထုတ်ယူပြီးပြည့်စုံစွာဖြည့်သွင်း ကြရမည်ဖြစ်ပါသည်။ အချက်အလက် ပုံစံတွင် အိမ်တွင်မိဘများအားမည်သို့မည်ပုံကူညီလုပ်ကိုင်ပေးသည် ဆိုသည့်အချက် များပြည့်စုံစွာ ဖော်ပြရေးသားထားသော စာပိုဒ် တစ်ပိုဒ် ပါဝင်ရမည်ဖြစ်ပါသည်။
• အချက်အလက်ပုံစံအားပြန်လည်ပေးပို့ရာတွင် မိမိ၏ ဓါတ်ပုံတစ်ပုံ၊ အတန်းပိုင်ဆရာ၏ ထောက်ခံချက်၊ မိမိ၏ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန် တယ်လီဖုန်း နံပါတ်များကို ထည့်သွင်း ဖော်ပြပေးရပါမည်။
• အချက်အလက်ပုံစံနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအပြည့်အစုံအား ၂၀၁၃ခုနှစ်၊ စက်တင် ဘာလ ၂ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့ ကာလအတွင်း ပြန်လည်ပေးပို့လျှောက် ထားကြရမည်ဖြစ်ပါသည်။



ပိုမိုသိရှိလိုပါကအောက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။
Myanmar Business Executive (MBE)
ဆက်သွယ်ရမည့် သူ ....................မရွှေစင်နွယ်
ရုံးသုံးတယ်လီဖုန်း........................၀၁ ၅၁၆၆၃၉
ရုံးလိပ်စာ..................အခန်းနံပါတ် ၆၀၄၊ ပန်းခြံ တာဝါ၊ အမှတ် (၈) ဘားကရာလမ်း၊ ဘားကရာလမ်းနှင့် ဓမ္မစေတီ လမ်းထောင့်၊စမ်းချောင်း မြို့နယ်၊ရန်ကုန်။

100 SCG

# လုပ်ငန်းခွင်ပြင်ဆင်မှုသင်တန်း အခမဲ့ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၂၄**

ဘွဲ့ရပြီးစ ကျောင်းသား၊ ကျောင်းသူများအတွက် လုပ်ငန်းခွင်ပြင်ဆင်မှုသင်တန်းအား စမ်းချောင်းမြို့နယ်၊ပန်းခြံတာဝါ(မြေနီကုန်း)ရှိ Strategy First Institute က အခမဲ့သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သင်တန်းကာလမှာ ငါးရက်ဖြစ်ပြီး အချိန်ပြည့်တက်ရောက်ရမည်ဖြစ်ကာ စက်တင်ဘာဒုတိယပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် အခြေခံလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊ အခြေခံဈေးကွက်ရှာဖွေစီမံခန့်ခွဲမှု၊ အခြေခံစာရင်းကိုင်၊ ဝန်ဆောင်မှုစွမ်းရည်၊ လူမှုဆက်ဆံရေး၊ အခြေခံသုတေသနနည်းပညာနှင့် အလုပ်လျှောက်လွှာရေးသားခြင်းနှင့်အင်တာဗျူးစွမ်းရည်များသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်မည့်သူများအား သင်တန်းချိန်အပြည့်တက်ရောက်ရန် အာမခံကြေးကျပ်ငါးသောင်းပေးအပ်ထားရမည်ဖြစ်ပြီး သင်တန်းချိန်ပြီးဆုံးပါက သင်တန်းချိန်မှန်သူများကို ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း အထက်ပါသင်တန်းကျောင်းက ဆိုသည်။

လုပ်ငန်းခွင်ပြင်ဆင်မှုသင်တန်း တက်ရောက်လိုသော ကျောင်းသားများအနေဖြင့် အာမခံငွေပေးအပ်ရန် အခက်အခဲရှိပါက ဆက်သွယ်ညှိနှိုင်းပေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် ဖုန်း ၀၁-၅၃၉၁၃၂ သို့ စုံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် မွေးမြူရေးဗဟုသုတအမှတ် ၂၀ ဖိုး ထည့်မေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၁၀**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပထမနှစ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် ဇီဝဗေဒဘာသာစစ်ဆေးရာ၌ တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအပြင် အမှတ် ၂၀ တန်မွေးမြူရေးဗဟုသုတထည့်သွင်းမေးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကကြေညာထားသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာမေးခွန်းကို ဩဂုတ် ၃၁ ရက်နှင့် ဇီဝဗေဒမေးခွန်းကို စက်တင်ဘာ ၁ ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာကို တက္ကသိုလ်ကျောင်းသားရေးရာဌာနသို့တိုက်ရိုက်ပေးပို့လျှောက်ထားရန် ကြေညာထားသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည် စုစုပေါင်း ကျောင်းသား ၂၅၀ ဦးလက်ခံသွားမည်ဖြစ်ပြီး ၁၀ ရာခိုင်နှုန်းဖြစ်သော ၂၅ ဦးကို တက္ကသိုလ်ဝင် စာမေးပွဲရမှတ် ၃၂၀ မှတ်ကန့်သတ်ချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုနှင့် သွားလာရခက်ခဲစရိတ်ရရှိထားသော ဒေသများမှ ဝင်ခွင့်ပြုရန် သီးခြားစဉ်းစားရွေးချယ်မည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013



# ပြည်တွင်းကုမ္ပဏီများ စင်ကာပူရောက် ကျွမ်းကျင်လုပ်သားများကို အလုပ်ကမ်းလှမ်းမှုများလာ

**အေးမြတ်သူ၊ ဟေမာနှင်း**
**ရန်ကုန်၊**
**ဩဂုတ်-၂၆**




ဓာတ်ပုံ-လင်းလင်း

စင်ကာပူရောက်မြန်မာအလုပ်သမားများအား ပြည်တွင်းကုမ္ပဏီများက ကျွမ်းကျင်ဝန်ထမ်းအဖြစ်ခန့်အပ်၍ အလုပ်ခေါ်ယူမှုများရှိလာကြောင်း CDC ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဒါရိုက်တာဦးလင်းကျော်ထွန်းက ပြောသည်။

ပြည်တွင်းသို့ဝင်ရောက်လာကြသည့် နိုင်ငံခြားကုမ္ပဏီများ အပါအဝင် လက်ရှိပြည်တွင်းကုမ္ပဏီများအနေဖြင့် ၎င်းကုမ္ပဏီများတွင် ကျွမ်းကျင်အဆင့်ရှိဝန်ထမ်း ရရှိရန် အခက်အခဲရှိနေသည်။ အဆိုပါပြည်ပကုမ္ပဏီများအနေဖြင့် ၎င်းတို့လိုအပ်သည့် အရည်အချင်းရှိဝန်ထမ်းများကို ရရှိရန် မြန်မာအလုပ်သမားအများစုရောက်ရှိသည့် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်ပြပွဲများကျင်းပကာ ရွေးချယ်လာလျက်ရှိကြောင်း သတင်းရရှိသည်။

"အခုချိန်မှာ ပြည်ပရောက်နေတဲ့ ကျွမ်းကျင်တဲ့မြန်မာအလုပ်သမားတွေအနေနဲ့ ပြည်တွင်းမှာ အလုပ်ပြန်လာလုပ်ရင်အကောင်းဆုံးအချိန်ပဲ။ အခုပြည်ပကဝင်လာတဲ့ကုမ္ပဏီကြီးတွေရဲ့ လိုအပ်ချက်အရ အတွေ့အကြုံရှိပြီးသား ကျွမ်းကျင်တဲ့သူလိုအပ်လာတော့ ဟိုဘက်မှာ အတွေ့အကြုံရှိတဲ့သူတွေကို သွားရှာရတာပေါ့"ဟု CDC ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဒါရိုက်တာ ဦးလင်းကျော်ထွန်းကပြောသည်။

ပြည်ပတွင် သွားရောက်လုပ်ကိုင်သော မြန်မာအလုပ်သမားများအနက် စင်ကာပူနိုင်ငံတွင် သွားရောက်လုပ်ကိုင်သောမြန်မာလုပ်သားအများစုမှာ နည်းပညာကျွမ်းကျင်သော လုပ်သားများဖြစ်သည့်အတွက် ၎င်းတို့ကို အခြားနိုင်ငံများရှိ လုပ်သားများထက် ပိုလိုချင်ကြောင်းသိရသည်။

ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်အချို့ပူးပေါင်းကာ ပထမအကြိမ်ပြည်ပတွင်အလုပ်အကိုင်ပြပွဲအဖြစ် စင်ကာနိုင်ငံတွင် ယခုလက ကျင်းပခဲ့ပြီးပြပွဲသို့ လာရောက်သူသုံးထောင်ကျော်ရှိခဲ့သည့် အနက် လူနှစ်ထောင်ကျော်အလုပ်လျှောက်ထားခဲ့သည်ဟု သိရသည်။

"နိုင်ငံခြားကုမ္ပဏီတွေ အများကြီးပေါ်လာနေပြီ။ ဒီမှာ နိုင်ငံခြားစံချိန်မီအဆင့်မီ ကျွမ်းကျင်တဲ့သူသိပ်မရှိဘူး။ အဲဒီအခါကျတော့ နိုင်ငံခြားသားတွေကိုခေါ်ပြီး ခန့်ရတာမျိုးတွေရှိတယ်။ တတ်နိုင်ရင်တော့ မြန်မာနိုင်ငံသားကိုပဲ ခန့်ချင်တဲ့အတွက် ပြည်ပရောက် မြန်မာတွေကို အလုပ်ခေါ်ယူတာပါ" ဟု MMRD ကုမ္ပဏီမှ ဆက်ဆံရေးအရာရှိ ဂျက်ဆီကာ မြင့်သင်းက ပြောသည်။

ပြည်ပတွင် အလုပ်အကိုင်ပြပွဲကျင်းပမှုကို စင်ကာပူနိုင်ငံတွင် ဒုတိယအကြိမ်ထပ်မံ ပြသသွားမည်ဖြစ်ပြီး ထိုင်း၊မလေးရှားနိုင်ငံတို့တွင်လည်းပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

---

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**အမြန်အလိုရှိသည်**

၁။ စက်ရုံမန်နေဂျာ ကျား (၁) ဦး
၂။ မော်တာစက်ချုပ်ကျွမ်းကျင် မ (၁၀) ဦး
၃။ ရုံးဝန်ထမ်း ကျား/မ (၃) ဦး
၄။ Supervisor ကျား/မ (၃) ဦး
ဖုန်း- ၀၉ ၄၂၁၁၃၀၁၈၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. B.E (Electrical power) M (2) Posts
2. B.Tech(EP) M (3) Posts
3. Training M (20) Posts
4. ရုံးဝန်ထမ်း F (2) Posts

PH: 01 391756

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Facebook Fashion တွင် တာဝန်ထမ်းဆောင်ရန် မအရောင်းဝန်ထမ်း (၃) ဦး အလိုရှိသည်။
အနော်ရထာလမ်းမပေါ် ၄၇ နှင့် ၄၈ လမ်းကြား၊ စီးတီးမတ်မျက်နှာချင်းဆိုင်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Project Engineer (or) Site Engineer M/F (1) Post
2. Store Manager M/F (1) Post
3. Store စာရင်းကိုင် F (3) Posts
4. Marketing M/F (3) Posts
5. ယာဉ်မောင်း M (2) Posts
6. အထွေထွေဝန်ထမ်း M (5) Posts

ဖုန်း- ၀၁ ၅၅၉၄၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အထည်ရောင်းဝန်ထမ်း မ (၅) ဦး
အမှတ်(၂၁၈)၊ ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံရှေ့၊ မြေနီကုန်း။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1.DTP F (2) Posts
2. Driver M (2) Posts
3. Marketing Staff F (2) Posts
4. Sales Staff F (2) Posts
5. PhotoShop F (1) Posts
6. Auto CAD F (1) Posts

PH: 01 206341

--------------------------------

**အလိုရှိသည်**

ဆံပင်ညှပ်ကျွမ်းကျင် ကျား (၂) ဦး။
ဖုန်း- ၀၉ ၄၉၂၅၀၃၈၉

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Marketing F (4) Posts
2. Accountant F (2) Posts
3. Cashier F (1) Post

PH: 01 8550610

--------------------------------

**အမြန်အလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့် နားလည်သူ မ (၁) ဦးအလိုရှိသည်။
Big 3, Room 4, Myo Pya Eain Yar (North Side) 8Mile, Mayangon.

--------------------------------

**အလိုရှိသည်**

ယာဉ်မောင်း ကျား (၅) ဦးအလိုရှိသည်။
(၉၅/ဗ) လမ်းသစ်လမ်း၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Position for Chef M/F (1) Post
2. Position for Waitress F (1) Post

NO 47, Nyaung Done Street, SanCh-aung Tsp,Yangon.

--------------------------------

**အလိုရှိသည်**

Photoshop ကျွမ်းကျင်သူ (၁) ဦး အမြန်အလိုရှိသည်။ လုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိရမည်။
ဖုန်း- ၀၉ ၅၁၀၃၄၆၅

--------------------------------

**အလိုရှိသည်**

1. Sales Manager M (2) Posts
2. Marketing Manager F (2) Posts
3. Sales Executive M (2) Posts
4. Market Development Executive M/F (2) Posts
5. Site Enginner M (2) Posts
6. Professional Painter M (2) Posts]

ဖုန်း- ၀၁ ၈၅၅၁၃၀၁

--------------------------------

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

Account F (5) Posts
Corner of Bo Myat Tun Road & Maharbandoola Road, Bo Myat Tun Tower, Botahtaung Township.
PH: 01 298184

--------------------------------

**အလိုရှိသည်**

ဖုန်းဆားဗစ် Hardware/Software ကျွမ်းကျင်သူ ကျား/မ တစ်ဦးအလိုရှိသည်။
အမှတ် ၁၀၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်ညဈေးမှတ်တိုင်။
ဖုန်း- ၀၉ ၇၃၀၈၈၇၅၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ဆံပင်ညှပ်ကျွမ်းကျင် ကျား (၂) ဦး
၂။ ဆံပင်ညှပ်ကျွမ်းကျင် မ (၂) ဦး
၃။ Shampoo ကျွမ်းကျင် မ (၃) ဦး
ဖုန်း- ၀၉ ၃၆၁၃၇၇၂၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Marketing မ (၁၅) ဦး
2. Data Collector ကျား (၁၀) ဦး
ခရီးသည်ခရီးသွားလမ်းညွှန်
ဖုန်း- ၀၁၃၈၈၀၉၂

--------------------------------

**စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်**

၁။ စားဖိုမှူး (တရုတ်အစားအစာ) (၁) ဦး
၂။ အကင်ဆရာ (အကင်ကျွမ်းကျင်) (၁) ဦး
စုံစမ်းဆက်သွယ်ရန်-ဖုန်း- ၀၁ ၅၄၁၂၂၅

--------------------------------

**အလိုရှိသည်**

Life & Art ဗီဒီယို၊ ကြော်ငြာ၊ ဗီစီဒီ ရိုက်ကူးရေးအတွက်
1. Marketing Supervisor မ (၂) ဦး
2. Marketing Stuff မ (၂) ဦး
ဖုန်း- ၀၉ ၄၂၁၁၀၉၆၂၂

--------------------------------

**အချိန်ပိုင်းယာဉ်မောင်းအလိုရှိသည်**

၁။ အမျိုးသား (၂၀) ဦး
ROOM No(703) BUILDING (B), EAST POINT CONDO, PAZUNDAUNG T/S, YANGON.
PH: 09 73133094

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် (ကျား/မ) (၂) ဦး
၂။ အရောင်းဝန်ထမ်း (ကျား/မ) (၁၀) ဦး
၃။ Marketing ရုံးထိုင် (ကျား/မ) (၂) ဦး
၄။ ယာဉ်မောင်း (ကျား) (၂) ဦး
ဖုန်း- ၀၁ ၂၃၀၄၃၄၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. A+ Hardware,Network Engineering ကျား/မ (၆) ဦး
2. Mobile Phone Software Technician ကျား/မ (၄) ဦး
ဖုန်း- ၀၁ ၂၅၃၂၉၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ တရားလွှတ်တော်ရှေ့နေ မ (၁) ဦး
၂။ အထက်တန်းရှေ့နေ မ (၁) ဦး
၃။ Marketing+အရောင်းတာဝန်ခံ ကျား/မ (၁၀) ဦး
၄။ အင်္ဂလိပ်ဘာသာပြန် ကျား/မ (၂) ဦး
အမှတ် (၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Human Resources Manager ကျား/မ (၁) ဦး
2. Restaurant Manager ကျား (၁) ဦး
3. Asst: FO Manager ကျား /မ (၁) ဦး
ဖုန်း -၀၁ ၅၀၃၇၃၃

--------------------------------

**အမြန်အလိုရှိသည်**

စက်ချုပ်(ကျွမ်းကျင်) မ (၂) ဦး
နန်းထိပ်တင်ဖက်ရှင်သံလမ်း၊ လှိုင်။
ဖုန်း- ၀၉ ၅၀၀၉၃၃၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ရုံးဝန်ထမ်းအမျိုးသား (၁) ဦး
၂။ သူနာပြုအမျိုးသမီး (၁) ဦး
Room No(703),BUILDING (B),EAST POINT CONDO,PAZNUDAUNG T/S, YANGON, MYANMAR.PH: 09 73133094

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်၊ စက်ဆွဲ ကျွမ်းကျင် မ (၂) ဦး
၂။ ပညာသင်ဝန်ထမ်း မ (၂) ဦး
ဖုန်း- ၀၉ ၅၀၈၁၄၂၈

--------------------------------

**Family Entertainment Group Co., Ltd(5Network)**

HR Executive (M/F-2), Admin Executive (M/F-2), Sales Executive (F-2), Senior Accountant(F-2), Assistant Accountant(F-2), Office Secretary(F-2), Computer Operator (F-3), Storekeeper (M-3), Junior Service Technician (M-3), ယာဉ်မောင်း(M-5). ၁၅. ၉. ၂၀၁၃ ရက်နောက်ဆုံး လျှောက်ထားနိုင်ပါသည်။
No.34/B, New University Avenue St, Yangon.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Executive Chef (1) Post
2. Sous Chef (1) Post

No.123, Alanpya Pagoda Road,Dagon Township. PH: 09-51255819

--------------------------------

**ABG Travel**

1. Sales & Reservation M/F (1) Post
2. Ticketing Operator M/F (1) Post
3. Tour Operator(Inbound) M/F (1) Post
4. Operation Manager M/F (1) Post

enquiry@abgtourism.com

--------------------------------

ဝန်ထမ်းအလိုရှိသည်

၁။ စာရင်းကိုင် ကျား၊ မ (၂) ဦး
၂။ အရောင်းဝန်ထမ်း ကျား၊ မ(၁၀) ဦး
၃။ Marking ရုံးထိုင် ကျား၊ မ(၂) ဦး
၄။ ယာဉ်မောင်း ကျား (၂) ဦး
ဖုန်း-၀၁ ၂၃၀၄၃၄၄

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.25 ▪ AUGUST 28 , 2013

စာရေးဆရာ၊ ကဗျာဆရာ ငြိမ်းချမ်းရေး စာဆိုကြီး ဒဂုန်တာရာ ကွယ်လွန်သွားခဲ့ပါပြီ။ ဆရာကျန်းမာရေးမကောင်းဘဲ ဆေးကုသမှုခံယူနေရကြောင်း ကြားသိထားပါလျက် ဆရာ မရှိတော့ဟု သိလိုက်သည်နှင့် ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းကြေကွဲမိသည်။ အရင်ကတော့ ဆရာ့ကဗျာ၊ ဆရာ့စာတွေကို ဖတ်ပြီး အဝေးကနေ ချစ်ခင်ကြည်ညိုနေခဲ့ရာမှ လွန်ခဲ့သော ဆယ်နှစ်ခန့်ကစပြီး ရှမ်းပြည်ဆောင်းကိုကျော ခိုင်းကာ ရန်ကုန်ဆောင်းကို ခိုဝင်လာနေကျ ဆရာ့ကိုလွတ်လပ်ရေးနေ့တိုင်း စုပေါင်းကန်တော့ကြသောပွဲမှာ ကျွန်တော်နှစ်စဉ်ပါဝင်ဖြစ်ခဲ့ပါသည်။ ဆရာနှင့် ဆရာပါရဂူတို့ကို ကျွန်တော်တို့ စာချစ်၊ကဗျာချစ်တပည့်တွေဝိုင်းကန်တော့ရင်း အတူစားသောက်ကြ၊ဆရာတို့ဩဝါဒကို နာယူမှတ်သားကြဖြင့် လွတ်လပ်ရေးညချမ်းကို ဆရာတို့နှင့် အမြဲဖြတ်သန်းဖြစ်ခဲ့သည်။

လွတ်လပ်ရေးနေ့ကန်တော့ပွဲဖြင့် ဆရာ့ကိုတွေ့ရဆုံရသည်ကိုအားမရကြဘဲဒေါက်တာတင်စံဦး၊ ဆရာထက်မြက်တို့ ဦးဆောင်မှုဖြင့် နှစ်စဉ် ပြည်ထောင်စုနေ့သို့ရောက်တိုင်း သန်လျင်ရှိဦးအောင်ကြင်၏ခြံမှာ ဆရာ့နှင့် နံနက်စာအတူစားကြ၊ ကဗျာအကြောင်း၊ စာအကြောင်းပြောကြ၊ ဆရာ့ဩဝါဒနားထောင်ကြဖြင့် တစ်နေကုန်တတ်ကြစမြဲ ဖြစ်သည်။ ဒီလိုပွဲတွေမှာ ဆရာ့ဩဝါဒ၊ ဆရာ့ဆုံးမစကား၊ ဆရာ့ဆီက တစ်ခုခုစသဖြင့် ဘယ်လိုတောင်းဆို၍ပဲဖြစ်ဖြစ် ဆရာပြောနေကျက "ငြိမ်းချမ်းရေးကိုမွတ်သိပ်သည့်စကား" သာ ဖြစ်သည်။ "ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ၊နိုင်ငံရေးလုပ်တယ်ဆိုတာ ကျွန်တော်ယုံကြည်တာက ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်ဖို့ . . ." စသည်တို့က ဆရာ့ဆီက ကြားရနေကျဖြစ်သည်။ ကြားရနေကျပေမယ့်မရိုးနိုင်၊ဆရာ့ကိုထပ်တောင်းဆိုကြသည်။ တောင်းဆိုပြီး ဆရာပြောသည့်အတိုင်း ငုံ့နားထောင်နေကြတာ မဟုတ်ဘဲ "ရန်သူမရှိ၊ မိတ်ဆွေသာရှိ" ဆိုသည်မှာ အခုလို ကာလကြီးထဲမှာ မဖြစ်နိုင်ကြောင်းဆရာရှေ့မှာ ကလေးဆိုးကြီးတွေလို ငြင်းခုံကြ၊ ဆရာနှင့်



# ရန်သူမရှိ မိတ်ဆွေများသာ ရှိရာမြေ

■ မောင်လွင်မွန်(ကသာ)

သဘောမတူနိုင်ပုံကို အကျိုးသင့်၊ အကြောင်းသင့်ပြောကြနှင့်ရှိခဲ့ကြသည်။ ဆရာက တော့သူ့ကိုငြင်းခုံသူ၊သူနှင့်သဘောထားကွဲလွဲသူတို့၏ စကားကို စိတ်ရှည်လက်ရှည်နားထောင်သည်။ ဒါပေမဲ့သူ့အယူအဆကတော့မပြောင်းလဲ။မည်သူ့ကိုမှလည်း အပြစ်တင်မောင်းမဲခြင်း ၊ စိတ်ဆိုးခြင်း မရှိ။ ဆရာ့မှာက ရန်သူမှ မရှိဆိုတော့ ချစ်လို့လာပြီး ချစ်လို့ပဲ ငြင်းခုံနေသည့် တပည့်သားမြေးတွေကို ဆရာက နားလည်ပေးနိုင်တာ သဘာဝကျသည်ဟု ဆိုရမည်။

တစ်ခါတလေတော့ဆရာ့ကို ချစ်၍ လာကြည်သူတွေထဲမှာပင် ဆရာ့အယူအဆကို လက်မခံလိုဘဲ ဆရာ့ဩဇာကြောင့် ယင်းအယူအဆကြီး ပျံ့နှံ့သွားမည်ကိုပဲ စိုးသည့်အလား ပြင်းပြင်းထန်ထန် ဆန့်ကျင်တင်ပြတာတွေလည်း ရှိတတ်သည်။ ဆရာကတော့ စိတ်ရှည်ရှည်ပဲနားထောင်ပြီး သူ့ရပ်တည်ချက်ကို ခိုင်ခိုင်မာမာ စွဲကိုင်လျက် အေးအေးချမ်းချမ်း တုံ့ပြန်တတ်သည်။ ဆရာက အေးချမ်းပေမယ့် ဘေးက ကျွန်တော်တို့က ရင်ထဲမအေးနိုင်။ သဘောမတူနိုင်တာကို လက်ခံနိုင်ပေမယ့် အခုလိုပြင်းပြင်းထန်ထန် ဆန့်ကျင်ပြောဆိုတာမျိုးက အဂါရဝအသွင်မျိုးဖြစ်သွားမည်ကိုပူပန်နေကြသည်။ သို့သော် ဆရာကတော့ သည်သို့သဘောထားဟန်မတူ။ သဘောကွဲလွဲခွင့်ကို လက်ခံထားပြီး သူ့အယူအဆကိုသာ အခိုင်အမာစွဲကိုင်ပြီး တခြားသူတွေလည်း လက်ခံနားလည်နိုင်အောင် ပြောပြလေ့ရှိသည်။

တကယ်တော့ကျွန်တော်တို့တတွေ နိုင်ငံရေးနယ်ထဲရောက်လာသည်ကိုက ကိုယ်ကျိုးစီးပွားအတွက် အများစုကြီးကို ရန်သူလိုသဘောထားပြီး ကောက်ကျစ်မှု၊ လှည့်ပတ်မှု၊ အနိုင်ကျင့်မှုတွေ ပြုနေသည်ကို မြင်ရတွေ့ရသည်မို့ မခံမရပ်နိုင်ဘဲ ဝင်ရောက်ကာ ကွယ်မိရာက ကိုယ်ပါသူတို့ရန်သူစာရင်းဝင် ဖြစ်သွားခဲ့ကာ အပြန်အလှန်အားဖြင့် ကိုယ်ကလည်း ကိုယ့်အပေါ် ရန်ပြုမည့်သူများအဖြစ် အမြဲမြင်နေခဲ့ပြီး ဒီသံသရာထဲမှာမဆုံးနိုင်အောင်လည်ခဲ့တာဖြစ်သည်။ ဒီတော့ ဆရာပြောသလို ရန်သူမရှိ၊ မိတ်ဆွေသာရှိ ဖြစ်ဖို့ဆိုတာ စိတ်ကူးယဉ်တာလိုလို၊ လက်တွေ့မကျတာလိုလိုခံစားနေကြရတာဖြစ်သည်။

ဒါပေမဲ့တစ်ခုရှိတာက ဆရာလောက် မမြင့်မြတ်နိုင်သော်ငြားလည်း ကျွန်တော်တို့ကို ရန်ငြိုးသိုစရာလည်းမရှိ၊မြင်ဖူးတွေ့ဖူးသည်မဟုတ်သဖြင့် ရန်သူလည်းမဟုတ်ပါဘဲ။ ကျွန်တော်တို့ကို ဖမ်းဆီးခေါ်ဆောင်ပြီး အစာမကျွေး၊ ရေမတိုက်၊ မအိပ်ရအောင် မနားတမ်းလူလဲဖြင့် မေးခွန်းတွေမေးပြီး နှိပ်စက်တတ်သူများကို စိတ်မဆိုးသည့်အပြင် "သနားစရာသတ္တဝါ" တွေလို မြင်ခဲ့မိတာမျိုးတွေရှိဖူးသည်။ ထိုအခါမျိုးတွင် သူတို့ကို ရန်သူဟု မထင်တော့။ ဆန္ဒရှိရှိမရှိရှိ၊ ယုံကြည်ချက်ရှိရှိ၊ မရှိရှိ၊ ခိုင်းသည့်အတိုင်း လုပ်နေရသော စက်ရုပ်လို သတ္တဝါမျိုးအဖြစ် မြင်ရသည်။ ထိုအခါ မိတ်ဆွေမဖြစ်နိုင်သည့်တိုင် စိတ်မဆိုးတော့ဘဲ "ကဲ၊ သူတို့လည်း သူတို့တာဝန်အတိုင်း လုပ်ပါစေ၊ ငါလည်း ငါမှန်သည်ဟု ယုံကြည်သည့်အတိုင်း ဆက်ရပ်တည်ဖို့ပဲရှိသည်" ဟု သဘောထားလိုက်သည်နှင့် သူတို့အပေါ် ပြောဆိုဆက်ဆံသည့်ဟန်ပန်က ပြောင်းလဲသွားတတ်သည်။ ထိုအခါသူတို့လည်း လူသားတွေမို့ အထိုက်အလျောက် ပြောင်းလဲတုံ့ပြန်တာမျိုးတွေ ကြုံရတတ်သည်။ တာဝန်အတိုင်း ဆောင်ရွက်သည် ဆိုသည့်တိုင် ညစ်ပတ်ကောက်ကျစ်သည့် သဘောမျိုးမတွေ့ရတော့ဘဲရှိတတ်သည်။

ထောင်ထဲရောက်သည့်အခါလည်း ထောင်အာဏာပိုင်တို့ကို အာဏာရှင်လက်ပါးစေများဟု သဘောထားပုံနှင့် တာဝန်အရ ကြိုက်ကြိုက် မကြိုက်ကြိုက် လုပ်ရသူများဟု သဘောထားပုံအပေါ် သူတို့တုံ့ပြန်ချက်က ကွာခြားတတ်သည်။ သည့်အတွက် ထောင်အတော်များများမှာ ကျွန်တော်တို့ အကျဉ်းသားအုပ်စုဝင်တို့၏ လိမ္မာပါးနပ်စွာစည်းရုံးဆက်ဆံမှုကြောင့် သူတို့ကိုယ်တိုင်မသိဘဲ ကျွန်တော်တို့တော်လှန်ရေးအတွင်း တစ်ခန်းတစ်ကဏ္ဍက ပတ်သက်မိသော အကျဉ်းဦးစီးဝန်ထမ်းများ၊ အရာရှိများ ရှိခဲ့သည်သာ ဖြစ်သည်။

သို့သော် ကျွန်တော်တို့၏ နိုင်ငံရေးလမ်းကြောင်းပေါ်မှ အကန့်အသတ်များအရနှင့် ကျွန်တော်တို့၏ပင်ကိုသဘာဝအရ 'ရန်သူမရှိ' ဆိုသော အဆင့်ကိုပင် ဖြစ်နိုင်ဖို့ ခဲယဉ်းလှသည်။ ကျွန်တော်တို့ကို ရုပ်မြင်သံကြားပေါ်မှ တစ်ဖက်သတ် မတရားသဖြင့် မျက်နှာအိုးမဲသုတ်မှုများ၊ လှည့်ဖြားဖုံးကွယ်ပြောဆိုမှုများ၊ ကြုံလာရသောအခါကိုယ်တိုင်ကလည်း ထိထိရှရှတိုက်ခိုက် တုံ့ပြန်သော စာမျိုးရေးပြီး တိတ်တဆိတ်ဖြန့်ဝေဖို့ပဲ အာရုံရသည်။ သူတို့ကသတင်းစာမှ ကလောင်ဂှက်အမျိုးမျိုးဖြင့် ကျွန်တော်တို့ကို သိက္ခာချ၊ အပုပ်ချလျှင် ကျွန်တော်တို့ကလည်း စာတိုက်ကိုသုံးပြီး မှောင်ထဲက ခဲပစ်သလို ဆဲစာ၊ အပုပ်စာချ၊ တိုက်ခိုက်ဖြေရှင်းစာတို့ကို နာမည်ဂှက်ဖြင့်ပို့ဖို့ပဲ ကြိုးစားခဲ့သည်။ 'ရန်သူမရှိ'မှ မဖြစ်နိုင်ခဲ့တော့ 'မိတ်ဆွေသာရှိ' ဆိုတာလုံးဝဖြစ်မလာတော့ပေ။

သို့သော် ယခုအခါ နိုင်ငံရေး အခင်းအကျင်း အထိုက်အလျောက် ပြောင်းလာသည်နှင့်အမျှ တရားဝင်တုံ့ပြန်ဖို့ အခွင့်အရေးများ အထိုက်အလျောက်ရလာသည်။ တစ်ဖက်က ကျွန်တော်တို့ကို ဝေဖန်တိုက်ခိုက်သည် (သို့မဟုတ်)ဖုံးကွယ်လှည့်ဖြားသည်ဟု တွေ့ရလျှင် ကျွန်တော်တို့က တရားဝင်မီဒီယာလမ်းကြောင်းမှ ကိုယ်တိုင်တာဝန်ယူပြောဆိုရှင်းပြခွင့်ရလာသည်။

စာမျက်နှာ(၁၉) သို့

ဦးကျော်သီဟ B.A(Korean)MUFL ဦးစီးသော
*Ever Stand*
ကိုရီးယား (EPS-TOPIK)စာမေးပွဲအတွက်
သီးသန့်(၇)ယောက်ဝိုင်းများ
09-43107402, 09 420 132 133
အသက် (၁၈-၃၉)နှစ်ကြား ကျန်းမာသန်စွမ်းသော အမျိုးသားမည်သူမဆို ကိုရီးယားသို့(အစိုးရချိတ်ဆက်)စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်လိုလျှင် (EPS-TOPIK) စာမေးပွဲ အောင်မြင်ထားရပါမည်။
အမှတ်(၁၀၁)၊ 8(C)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်။
မန်နေဂျာ ကျား(၁)ဦး
အသက် (၃၀-၄၀)နှစ်
ရုံးဝန်ထမ်း ကျား(၂)ဦး
Computer Word,Excel ကျွမ်းကျင်စွာသုံးနိုင်ရမည်။
အထွေထွေဝန်ထမ်း ကျား(၁၀)ဦး
အသက်(၂၀-၃၅)နှစ်
အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊တာမွေ၊ရန်ကုန်။
ဖုန်း-09 73027733

ဂျပန်ပညာသင်သွားလိုသူများအတွက်
ကျောင်းအပ်လက်ခံနေပါပြီ
စာသင်ချိန်နာရီ ၂၀၀ (သို့) N5 နှင့်အထက်ရှိရမည်။
N3, N2, N1 အောင်သူများအထူး Discount ရှိသည်။
FUKU Japanese Academy ( Since2007 )
66/68(A)4-D,အင်းစိန်လမ်းမ၊စံရိပ်ငြိမ်၊ကမာရွတ်မြို့နယ်။
Ph: 09-73060391,09-421118058

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# Commodity Watch

စာမျက်နှာ(၁၈)မှ

## ရန်သူမရှိ မိတ်ဆွေများသာ ရှိရာမြေ

မကျေနပ်လျှင် ကိုယ်က အကျိုးသင့် အကြောင်းသင့် ပြန်ရှင်းပြငြင်းခုံခွင့်ရသည်။ သူက မဟုတ်မမှန် လှည့်ဖြားပြောဆိုသည်ဆိုလျှင် ကိုယ်ကဖော်ထုတ်ရှင်းလင်းပစ်နိုင်သည်။ သူက စွတ်ကြီးဖုံးကွယ်လှည့်ဖြားလျှင် ကိုယ်က သရော်တော်တော် ရယ်ပွဲဖွဲ့ရင်း ပညာသားပါပါ ပြောင်းပြန်လှန်ပစ်လို့ရသည်။ ဆဲစရာမလိုသလို မှောင်ထဲက ခဲပစ်စရာလည်း မလိုတော့။ ဒီတော့ ဆရာ့ အယူအဆကို ပိုလက်ခံ သဘောပေါက်စရာဖြစ်လာသည်။

ရန်သူမရှိဆိုတာက ကိုယ့်ဘက်က မရှိတာဖြစ်သည်။ တစ်ဖက်ကတော့ ကိုယ့်ကို ရန်သူလို သဘောထားပြီး မမြင်လို၊ မတွေ့လို၊ မကြားလိုဆိုတာမျိုးပင် ရှိကောင်းရှိလိမ့်မည်။ ကိုယ်ကသူနှင့်ကိုယ့်မှာ ရည်ရွယ်ချက်ကောင်းတူတာရှာပြီး မိတ်ဆွေလိုသဘောထားနိုင်သည်။ သူ့လမ်းကြောင်းသွေဖည်မှုကို သိုင်းဝိုင်းပြီး လမ်းမှန်ပေါ်တင်ပေးခြင်းဖြင့် သူ့သမိုင်းမှာ အမည်းစက်မထင်အောင် ကူညီနိုင်သည်။ သူက ကိုယ်ကျိုးရှာသမားသက်သက် ဖြစ်နေသည့်တိုင် သူ့ကိုလုပ်ချင်ရာ မလုပ်ဖြစ်အောင် ထိန်းကျောင်းပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက်ရော၊ သူ့အနာဂတ်အတွက်ပါကောင်းသွားစေရမည်။ ဒါက ရန်သူလိုသဘောထား၍မဟုတ်။ ရန်သူမဟုတ်သူမို့သာ အဆင်းဘီးမတပ်ပေးခြင်းဖြစ်သည်။ ဒါကို အပြန်အလှန်နားလည်မှုရသွားလျှင် 'ရန်သူမရှိ၊ မိတ်ဆွေသာရှိ' မဖြစ်နိုင်တောင် 'ရန်သူနည်းပါး၊ မိတ်ဆွေပေါများ' ဖြစ်အောင်လောက်တော့ လုပ်နိုင်လိမ့်မည် ထင်ပါသည်။

တကယ်တော့ ဆရာပြောပြောနေသော 'ရန်သူမရှိ၊ မိတ်ဆွေသာရှိ။ မုန်းသူမရှိ၊ ချစ်သူသာရှိ' ဝါဒမှာ သူများလုပ်သမျှ ငုံ့ခံသော အရှုံးခံဝါဒမဟုတ်သလို နောက်တစ်လှမ်း၊ နှစ်လှမ်းဆုတ်ပြီး သူ့အလိုကျ အလိုက်သင့်နေရသော စေ့စပ်ရေးဝါဒမျိုးလည်း မဟုတ်ပေ။ ဆရာက သဘောထားကွဲသူကို ရန်သူဟု သဘောမထားဘဲ ကိုယ့်သဘောထားမှန်အတိုင်း နားလည်လာစေရန် စည်းရုံးဆွဲဆောင်ပြီး မိတ်ဆွေအဖြစ်အတူလက်တွဲလုပ်ကြရန်နှင့် နောက်ဆုံး သဘောထားချင်း ညှိမရသည့်တိုင် မတူတာကို ခွဲလုပ်၊ တူတာကို တွဲလုပ်ဆိုသော မိတ်ဆွေများအဖြစ် လူ့အဖွဲ့အစည်းအတွက် ကောင်းဖို့ဆိုသော ရည်ရွယ်ချက်အတိုင်း ပဋိပက္ခမဲ့ ဆက်ဆံရေး ထူထောင်ရန် ရည်သန်သည်ထင်ပါသည်။

'ရန်သူမရှိ၊ မိတ်ဆွေသာရှိ' ဟူသော ဆရာ့အယူအဆကို ဆရာကိုချစ်လှပါသည်ဆိုသော တပည့်ရင်းများကပင် နားလည်လက်ခံနိုင်ခြင်း မရှိသည်ကို မကြာခဏတွေ့ရပါသည်။ ဘာပဲဖြစ်ဖြစ် ယခုဆရာလည်း မရှိတော့ပြီမို့ ဆရာ့ကိုချစ်သော၊ ဆရာ့ကိုလွမ်းသော ကျွန်တော်တို့အနေဖြင့် ဆရာ့စကားကို နားထောင်ပြီး တစ်ရေးတည်း တစ်မြေတည်း အတူနေသူချင်း၏ နိုင်ငံကို 'မုန်းသူမရှိ၊ ချစ်သူတွေသာရှိသော မြေ' အဖြစ် တတ်အားသရွေ့ ပြောင်းလဲကြရန် အချိန်ရောက်ပြီဟု အဖော်ညှိသော စကားဖြင့် ဆရာ့ကို ဂါရဝပြုလိုက်ပါသည်။ ။

## သာကေတတွင် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်ဂရမ် နှစ်ထောင်ကျော် ဖမ်းမိ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဩဂုတ်-၂၅**

သာကေတမြို့နယ်၌ ဩဂုတ် ၂၅ ရက်နံနက်ပိုင်းက တန်ဖိုး ငွေကျပ်ငါးသိန်းခန့်တန်ဖိုးရှိဆေးခြောက်ဟုယူဆရသည့် အရွက်ခြောက်ဂရမ် နှစ်ထောင်ကျော်သိမ်းဆည်းရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သာကေတရဲစခန်းမှတာဝန်ရှိသူများသည် သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါး သယ်ဆောင်လာသူကိုဝင်းစီးလာသော စက်ဘီးရှေ့ခြင်းအတွင်းမှ ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက်၁,၃၂၈ဂရမ်ကိုသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ၎င်း၏အိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ ဆေးခြောက်ဟုယူဆရသည့်အရွက်ခြောက် ၉၉၆ ဂရမ်ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ဆေးခြောက်ဟုယူဆရသည့်အရွက်ခြောက်သယ်ဆောင်လာသူကို သာကေတမြို့မရဲစခန်းမှ ၁၅/၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 300,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 470,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများ-ဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 5 (16 GB) | 635,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 106,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 102,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဩဂုတ်(၂၄)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 185,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၄)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၅၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၂၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဩဂုတ်(၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(4) | 815 | 930 | 930 | 940 |
| Aug(5) | 815 | 930 | 930 | 940 |
| Aug(6) | 815 | 930 | 930 | 940 |
| Aug(7) | 815 | 930 | 930 | 940 |
| Aug(8) | 815 | 930 | 930 | 940 |
| Aug(9) | 815 | 930 | 930 | 940 |
| Aug(10) | 815 | 930 | 930 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500HDD, 2GB VGA, 14" | 573,000 |
| Intel Core i3 2.5 GHz,4GB DDR3,750GB HDD,2GB VGA, 14" | 710,000 |
| Intel Core i5 2.6 GHz,4GB DDR3, 1TB HDD,2GB VGA,14" | 710,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 856,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2GB DDR3, 500GB HDD,14" | 466,000 |
| Intel Core i3 1.8 GHz, 6GB DDR3, 500GB HDD, HD,15" | 482,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, HD,14" | 710,000 |
| Intel Core i7 2.2 GHz,8GB DDR3, 750 GB HDD,HD, 15.6" | 969,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD,14" | 547,000 |
| Intel Core i5 2.4 GHz, 4GB DDR3,500GB SSD, HD, 15.6" | 559,000 |
| Intel Core i5 2.5GHz,2GB DDR3, 500GD HDD,1GB VGA,14" | 619,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB HDD, 17.3" | 1,131,000 |

7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ဖန်လုံအိမ်ဓာတ်ငွေ့အန္တရာယ်နှင့် အနာဂတ်ကမ္ဘာ

**အောင်စည်ဟိန်း**




၁၉၈၀ မှ ၁၉၉၀ အထိ ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ၅၅ ရာခိုင်နှုန်း၊ ကလိုရိုဖလူရိုကာဗွန် ၂၄ ရာခိုင်နှုန်း၊ မီသိန်း ၁၅ ရာခိုင်နှုန်း၊ နိုက်ထရပ်စ်အောက်ဆိုက် ၆ ရာခိုင်နှုန်း၊ ရေခိုးရေငွေ့နှင့် အခြားဓာတ်ငွေ့များ စုဖွဲ့လာသည့် အတွက် ဖန်လုံအိမ် အာနိသင်များ ဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာကြီးပူနွေးလာခဲ့သည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဒေသအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုများပေါ်ပေါက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများလည်း ကျရောက်လျက်ရှိသည်။

ဤအခြေအနေအရပ်ရပ်ပေါ်မူတည်၍ လာမည့်နှစ်တစ်ရာအတွင်း၊ လူသားအားလုံးရင်ဆိုင်ရမည့် အန္တရာယ်များကိုသက်ဆိုင်ရာပညာရှင်များ စုပေါင်းအဖြေရှာပြုစုထားသော စာတမ်းများက မီးမောင်းထိုးပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ဖန်လုံအိမ်အာနိသင်ကို ဖြစ်ပေါ်စေသော ဓာတ်ငွေ့များ အနက်အဓိကနှင့် အများဆုံးထုတ်လွှတ်လျက်ရှိသည့်ဓာတ်ငွေ့မှာကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်ကြောင်း၊ သစ်ပင်၊ သတ္တဝါ၊ သမုဒ္ဒရာ၊ မီးတောင်နှင့် တောမီးလောင်မှု စသည်တို့မှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်များမှာ သဘာဝအလျောက်ဖြစ်ပေါ်ပြီး အန္တရာယ်ပြုလောက်အောင် ပမာဏမကြီးမားကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူနိုင်သည့်သစ်တောများကို ခုတ်လှဲမှု၊ တောင်ယာမီးရှို့မှု၊ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့စသည့် ရုပ်ကြွင်းလောင်စာသုံးစွဲမှု၊ ဘိလပ်မြေစသည့်စက်ရုံများလည်ပတ်မှုစသည့် လူ့ပယောဂကြောင့် ပေါ်ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်သည်လူသားအားလုံးကိုအန္တရာယ်ပြုနိုင်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် အများဆုံးထုတ်လွှတ်သော နိုင်ငံများမှာ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ပြန်လည်သန့်စင်ရေးလုပ်ငန်းများကိုလည်း ယင်းနိုင်ငံများကသာ လက်တွေ့ကျကျ စွမ်းဆောင်နိုင်ခြေ ရှိကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချရေးတွင် စက်မှုနှင့်နည်းပညာသာလွန်သော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အကူအညီအထောက်အပံ့များ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီများက ဖန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးတွင် ပိုမိုထိရောက်သည့်နည်းလမ်းများ ချမှတ်ကျင့်သုံးသွားရန်လိုကြောင်း သိရသည်။

ဆင်းရဲချမ်းသာ ကွာဟမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးတွင် စွမ်းဆောင်ရည်ခြားနားမှုသာဓကကို တင်ပြပါဦးမည်။ ၁၈၅၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း ၁၅၈ နှစ်အတွင်း တစ်ကမ္ဘာလုံး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်ခဲ့သည့် ပမာဏတွင် အရေးပါသည့်နိုင်ငံအချို့၏ ပါဝင်မှုပျမ်းမျှရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စု ၂၈ ဒသမ ၅၊ တရုတ်နိုင်ငံ ၉ ဒသမ ၃၆၊ ရုရှားဖက်ဒရေးရှင်း ၇ ဒသမ ၉၅၊ ဂျာမနီနိုင်ငံ ၆ ဒသမ ၇၈၊ ယူကေနိုင်ငံ ၅ ဒသမ ၇၇၊ ဂျပန်နိုင်ငံ ၃ ဒသမ ၈၈၊ အိန္ဒိယနိုင်ငံ ၂ ဒသမ ၅၂ နှင့် ကနေဒါနိုင်ငံ ၂ ဒသမ ၁၇ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏတွင် ယင်းနိုင်ငံများ ပါဝင်မှုရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုက ၁၇ ဒသမ ၉၊ တရုတ်နိုင်ငံက ၂၃ ဒသမ ၆၊ ရုရှားဖက်ဒရေးရှင်းက ၅ ဒသမ ၃၊ ဂျာမနီနိုင်ငံက ၂ ဒသမ ၆၊ ယူကေနိုင်ငံက ၁ ဒသမ ၆၊ ဂျပန်နိုင်ငံက ၃ ဒသမ ၈၊ အိန္ဒိယနိုင်ငံက ၅ ဒသမ ၅ နှင့် ကနေဒါနိုင်ငံက ၁ ဒသမ ၈ အသီးသီးဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏမှာ တန်ချိန် ၃၁ ဒသမ ၆၂၉ ဘီလီယံဖြစ်ပါသည်။

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပမာဏခေတ်အလိုက် မြင့်တက်ခဲ့ပုံကိုလည်း ယခုလိုတွေ့နိုင်ပါသည်။ လေထု တစ်ကုဗမီတာအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပမာဏကို ပီပီအမ်ဖြင့် ဖော်ပြပါသည်။

ထုထည်အပုံတစ်သန်းတွင် ပါဝင်သောအပုံပမာဏ (parts per million)ဖြစ်ပါသည်။ စက်မှုတော်လှန်ရေး ကာလမတိုင်မီ ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏသည်ပီပီအမ် ၂၀၀ အောက်တွင်ရှိသည်။ စက်မှုတော်လှန်ရေးအစပိုင်း ၁၇၅၀ ပြည့်နှစ်တွင် ပီပီအမ် ၂၈၀ ခန့်ရှိခဲ့ပြီး ၁၈၅၀ ပြည့်နှစ်တွင် ပီပီအမ် ၂၉၀၊ ၁၉၅၀ ပြည့်နှစ်တွင် ပီပီအမ် ၃၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် ပီပီအမ် ၄၀၀ ကျော်ရှိခဲ့ပါသည်။ ကမ္ဘာ့လူဦးရေတိုးတက်လာမှုနှင့် လူ့ပယောဂကြောင့် ပေါ်ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု တစ်ဟုန်ထိုး မြင့်တက်ခဲ့ခြင်း၏ ရလဒ်များပဲဖြစ်ပါသည်။

ကမ္ဘာ့လေထုပူနွေးမှု၊ ရေထု၊ မြေထုပျက်ယွင်းလာနေမှုများကြောင့် အနာဂတ်ကမ္ဘာအတွက် ဘက်ပေါင်းစုံဆိုးကျိုးများ သက်ရောက်နိုင်မှုနှင့် ယင်းဆိုးကျိုးများ လျှော့ချနိုင်မည့်နည်းလမ်းများကို ဂျနီဗာ အခြေစိုက်အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေးသမာဓိအဖွဲ့(Intergovernmental Panel on Climate Change)က စတုတ္ထအကြိမ်ထုတ်ပြန်လိုက်သော ၂၀၀၇ ခုနှစ် အစီရင်ခံစာတွင် ပြည့်စုံစွာပါရှိပြီးဖြစ်ပါသည်။ ယင်းအဖွဲ့ကို ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၁၉၈၈ ခုနှစ်ကဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်းစုံမှ သုတေသနပညာရှင် ထောင်ပေါင်းများစွာပါဝင်သော ကမ္ဘာ့အကြီးမားဆုံး အလုပ်အဖွဲ့ကြီးဖြစ်ပါသည်။

ယင်းအဖွဲ့၏ စတုတ္ထအစီရင်ခံစာကို အခြေပြု၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် အမျိုးသားအဆင့်ပထဝီဝင်အသင်း (National Geographic Society)က ၂၀၀၇ ခုနှစ်ထုတ် အသင်းပိုင် မဂ္ဂဇင်းတွင် ကမ္ဘာ့မျက်နှာပြင်ပူနွေးမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့၏ ဆိုးကျိုးများကို ဇယားချ၍ ရှင်းလင်းဖော်ပြခဲ့ပါသည်။

ယင်းပထဝီဝင် အသင်း၏ တွက်ချက်မှုအရ ၂၀၀၇ ခုနှစ် ကမ္ဘာ့မျက်နှာပြင်ပျမ်းမျှအပူချိန်မှာ ၁၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိပြီး လတ္တီတွဒ်အမြင့်ပိုင်းဇုန် ၆၆ ဒီဂရီ ၃၃ မိနစ်မှအထက်နှင့် စိုစွတ်သော အပူပိုင်းဒေသများတွင် မိုး/ဆီးနှင်းကျရောက်မှုပိုမိုများပြားလာခြင်း၊ စိုစွတ်သည့်ဧရိယာရောခြောက်သွေ့သည့်ဧရိယာပါမကြာခဏရေလွှမ်းခံရခြင်းနှင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှု ကြုံတွေ့ရခြင်း၊ လတ္တီတွဒ်အလယ်ပိုင်းဇုန် ၂၃ ဒီဂရီ ၂၆ မိနစ်မှ ၆၆ ဒီဂရီ ၃၃ မိနစ်အတွင်းနှင့် မိုးနည်းသော လတ္တီတွဒ်အနိမ့်ပိုင်းဇုန် ၂၃ ဒီဂရီ ၂၆ မိနစ်မှ အီကွေတာအတွင်းတို့တွင် မြစ်များအတွင်းရေအဝင်လျော့နည်းမှု၊ ရေခဲမြစ်၊ ရေခဲတောင်များ အရည်ပျော်မှု၊ အပူလှိုင်းနှင့် လေမုန်တိုင်းများဖြစ်ပွားမှု၊ ရေးကြီးမှု၊ မိုးခေါင်မှု၊ တောမီးလောင်မှု၊ အစာအာဟာရချို့တဲ့မှု၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါကျရောက်သေကျေမှုမြင့်မားလာခြင်း၊ ရေချိုရှားပါးမှု ဒဏ်ခံရခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ကမ်းရိုးတန်းမြေပြိုခြင်း၊ တိရစ္ဆာန်နှင့် သစ်ပင်မျိုးစိတ်အများအပြား လတ္တီတွဒ်အမြင့်ပိုင်းဇုန်နှင့် ကုန်းမြင့်ဒေသများသို့ပြောင်းရွှေ့ကျက်စားခြင်းနှင့် အပူပိုင်းဇုန်အတွင်း သန္တာကျောက်တန်းကြေပြုန်းမှု တိုးပွားလာခြင်း စသည့် ဆိုးကျိုးများရှိနေမည်ဖြစ်ပါသည်။

လက်ရှိကမ္ဘာ့မျက်နှာပြင်အပူချိန် ၁၄ ဒသမ ၅ မှ ၁၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့တိုးလာပါက နောက်ထပ်အကျိုးဆက်နှစ်ခုတိုးလာမည်ဖြစ်ပါသည်။ ယင်းအကျိုးဆက်များမှာ ကောက်ပဲသီးနှံအထွက်နှုန်းသည် လတ္တီတွဒ်အနိမ့်ပိုင်းဇုန်နိုင်ငံများတွင် အကျပိုင်းသို့ဦးတည်ပြီး လတ္တီတွဒ်အလယ်ပိုင်းဇုန်နှင့် အမြင့်ပိုင်းဇုန်နိုင်ငံများတွင် အတက်ပိုင်းသို့ဦးတည်သွားခြင်းပဲဖြစ်ပါသည်။ အကယ်၍ အပူချိန်နှစ်ဒီဂရီတိုးပြီး ၁၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြစ်လာပါက နောက်ထပ်အကျိုးဆက် သုံးခုထပ်မံတိုးလာပါမည်။ ယင်းတို့မှာ သစ်ပင်နှင့် တိရစ္ဆာန်မျိုးစိတ် ၃၀ ရာခိုင်နှုန်းခန့်ထိ ပျက်သုဉ်းနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသရှိလူသန်းပေါင်းများစွာ နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံရခြင်းနှင့် ရေခဲတောင်များ၏ အောက်ခံမြေလွှာများမှ မီသိန်းဓာတ်ငွေ့များ လေထုထဲသို့ ဝင်ရောက်မှု၊ သစ်ပင်ကြီးငယ်များ ပုလောင်ပျက်စီးမှုတို့ကြောင့် ကမ္ဘာ့ဂေဟစနစ်ယိုယွင်းလာခြင်းများပဲဖြစ်ပါသည်။ အကယ်၍ လက်ရှိအပူချိန်ထက် သုံးဒီဂရီတိုးပြီး ၁၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိလာပါက ဆိုးကျိုးသုံးခုထပ်ဆင့်ဖြစ်ပေါ်လာပါမည်။ ယင်းတို့မှာ လူသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများထိခိုက်နိုင်ခြင်း၊ ကမ်းရိုးတန်းစိမ့်မြေ ၃၀ ရာခိုင်နှုန်းနှင့် သန္တာကျောက်တန်းများ ပျက်သုဉ်းခြင်းနှင့် အာရှ-အာဖရိကဒေသ မြေနိမ့်လွင်ပြင်များနှင့် ကျွန်းငယ်များ ကွယ်ပျောက်သွားနိုင်ခြင်း စသည်တို့ဖြစ်ပါသည်။ အကယ်၍ အပူချိန် လေးဒီဂရီတိုးပြီး ၁၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိလာပါက လတ္တီတွဒ်အနိမ့်ပိုင်းဇုန်တွင် ကောက်ပဲသီးနှံအထွက်နှုန်းများ သိသာစွာကျဆင်းခြင်း၊ လတ္တီတွဒ်အလယ်ပိုင်းနှင့် အမြင့်ပိုင်းဇုန်အတွင်းဒေသအချို့သီးနှံထွက်နှုန်းများ သိသာစွာကျဆင်းခြင်းနှင့် သက်ရှိမျိုးစိတ်အားလုံး၏ ၄၀ ရာခိုင်နှုန်းကျော် ပျက်သုဉ်းသွားဖွယ်ရှိခြင်းတို့ ဖြစ်ပေါ်လာပါမည်။ အကယ်၍ လက်ရှိအပူချိန်ထက် ငါးဒီဂရီတိုးပြီး ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိလာပါက ဂေဟစနစ်အားလုံး ပြောင်းလဲမှုနှင့်အတူ လူသားများ အစုလိုက်အပြုံလိုက် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့ကြရမှုများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

အထက်ပါ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး အနာဂတ်ကမ္ဘာအတွက် လေထု၊ ရေထု၊ မြေထုများကို နိုင်ငံတိုင်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့နှိုးဆော်တိုက်တွန်းချက်များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြီးစီးသွားသည့် ကာတာနိုင်ငံ၊ ဒိုဟာမြို့ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကွန်ဖရင့်က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ(၃၂) သို့



ကျပ်၁၅၀၀တန်ဖုန်းကတ်လျှောက်လွှာများ စိစစ်ဆောင်ရွက်နေစဉ်

ဓာတ်ပုံ-ကျော်ဇင်သန်း

## ၁,၅၀၀ တန်ဖုန်းကတ် အိမ်ထောင်စုတစ်ခုလျှင် အလုံးရေအများအပြားရရှိနေမှုကို ကြပ်မတ်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၂၃**

လက်ရှိ၁,၅၀၀ တန်ဖုန်းများရောင်းချမှုတွင် အိမ်ထောင်စုတစ်ခု၌ အလုံးရေတစ်လုံးထက် ပိုမိုရရှိနေမှုများကြောင့် မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက်ဩဂုတ်လတွင် ဖုန်းသုံးစွဲနိုင်သည့် အိမ်ထောင်စုစာရင်းအလိုက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

၁,၅၀၀ တန်ဖုန်းများကို မြို့နယ်နှင့် ရပ်ကွက်များ၌မဲနှိုက် ရွေးချယ်ရာ အိမ်ထောင်စုစာရင်းတစ်ခုတွင်ပင် ဖုန်းရရှိသူအများအပြားရှိနေပြီး မရရှိသေးသည့် အိမ်ထောင်စုများလည်း ရှိနေခြင်းကြောင့် အုပ်ချုပ်ရေးမှူးများအနေဖြင့် ကြပ်မတ်၍ ဆောင်ရွက်ရန်လိုအပ်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အရာရှိတစ်ဦးက ပြောသည်။

"အခုက အချို့အိမ်ထောင်စုတွေဆိုရင် လုံးဝမရသေးတာတွေရှိပြီး တချို့အိမ်ထောင်စုတွေက တစ်လုံးပြီးတစ်လုံး မဲပေါက်နေတာတွေရှိလို့ ဒီလထုတ်ပြန်ချက်ထဲမှာလည်း တမင်ကို အိမ်ထောင်စုတစ်စုကျော်မှာ ဖုန်းတစ်လုံးပဲ ရသေးတယ်လို့ ထည့်ကြေညာထားတာ" ဟု မြန်မာ့ဆက်သွယ်ရေး ကျောင်းအုပ်ကြီး ဦးကျော်စိုးက ပြောသည်။

လက်ရှိတွင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ ဖြန့်ဖြူးရောင်းချပြီး မိုဘိုင်းဖုန်းကတ်ရေ ၅၂ သိန်းတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၈၇ သိန်းကျော်ဖြင့် အချိုးကျတွက်ကြည့်ပါက အိမ်ထောင်စု ၁ ဒသမ ၇ စုတွင် သာ မိုဘိုင်းဖုန်းတစ်လုံရရှိနေ ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ထုတ်ပြန်ထားသည်။

အဆိုပါ၁,၅၀၀တန်ဖုန်းကတ်များကိုပြေီလမှစတင်ရောင်းချပေးခဲ့ပြီး လေးလတိုင်တိုင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တစ်ဆင့် မြို့နယ်ကျေးရွာများရှိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ခွဲတမ်းများကို မဲနှိုက်ရွေးချယ်၍ ရောင်းချပေးခဲ့သည်။

"ရပ်ကွက်ထဲမှာဆို ပေါက်ပြီးသားအိမ်တွေက ထပ်ထပ်ပေါက်နေတာ။ အစ်ကိုတို့ဆို လျှောက်တာ လေးလလုံးပဲ။ တစ်ခါမှကို မပေါက်ဘူး၊ ပေါက်ပြီးသားလူထပ်လျှောက်လို့မရဘူးဆိုပေမယ့် အဲဒီအိမ်ထောင်စုထဲက လူတွေပဲ ထပ်လျှောက်ပေါက်နေတော့ ဘယ်လိုပြောရမလဲကို မသိတော့ဘူး" ဟု သာကေတမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထိုသို့ ခွဲတမ်းများကို သက်ဆိုင်ရာရပ်ကွက်အလိုက် လျှောက်ထားစေရာတွင် အိမ်ထောင်စုတစ်စုမှ အလုံးရေအများအပြား မဲပေါက်နေခြင်းများရှိပြီး အချို့အိမ်ထောင်စုများမှာ လျှောက်ထားမှုများသော်လည်း မရရှိမှုများ ရှိနေခြင်းဖြစ်သည်။

လာရောက်လျှောက်ထားစေရာတွင် အချို့ရပ်ကွက်များ၌ အိမ်ထောင်စုတစ်ခုမှ တစ်ဦးသာလျှင် လျှောက်ထားရမည်ဖြစ်ပြီး ဖုန်းမဲပေါက်ထားသူများရှိပါက ထပ်မံလျှောက်ထားခွင့် မပြုတော့သော်လည်း အချို့ရပ်ကွက်များ၌ အိမ်ထောင်စုတစ်ခုမှ မဲပေါက်ပြီးသူ ရှိပါကလည်း ထိုသူမှလွဲ၍ အခြားသူများအနေဖြင့် လျှောက်ထားနိုင်ကြောင်း စုံစမ်းသိရသည်။

## ဘလော့ဂါအဖွဲ့ ခုနစ်နှစ်မြောက် ဖိုရမ်ကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၂၅**

မြန်မာဘလော့ဂါအဖွဲ့၏ ခုနစ်နှစ်မြောက် Myanmar Blogger Forum ကို ဩဂုတ် ၃၁ ရက်တွင်ကျင်းပမည်ဖြစ်ကာ အဆိုပါပွဲတွင်Cyber Security နှင့် Cyber Law များနှင့်ပတ်သက်၍လည်း ဆွေးနွေးဖလှယ်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

Myanmar Blogger Forum ကို ခုနစ်နှစ်မြောက်အဖြစ် ဩဂုတ် ၃၁ ရက်တွင်ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာ၊ မီဒီယာ၊ ပညာရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ၊ နည်းပညာများအသုံးပြုနိုင်ရေး၊ နက်ဝ့ါခ်ချို့ထွင်၍ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် အခွင့်အလမ်းများရရှိစေရန်သာမက Cyber Security နှင့် Cyber Law များကိုလည်း အဓိကဆွေးနွေး သွားမည်ဖြစ်သည်။

"အခုချိန်မှာ ဘလော့ဂါဆိုတာကို သိပ်ပြီးသီးသန့်မထားချင်တော့ဘူး။ အတိတ်မှာပဲထားခဲ့ချင်ပြီ။ လက်ရှိမှာ အိုင်တီကဏ္ဍထဲကိုပဲ ကျယ်ကျယ်ပြန့်ပြန့်လုပ်ချင်တော့တယ်။ ဒါပေမဲ့ အဲဒီပွဲမှာတော့ တက်ပြီးဆွေးနွေးဖြစ်မှာပါ" ဟု ဘလော့ဂါပညာရှင်တစ်ဦးက ပြောသည်။

အဆိုပါပွဲတွင် Debate အစီအစဉ်လည်းပါဝင်မည်ဖြစ်ပြီး ပွဲတက်ရောက်လိုသူများအနေဖြင့် Online Register ပြုလုပ်ရမည် ဖြစ်သည်။

ပြည်တွင်းရှိဘလော့ဂါများကို နိုင်ငံတော်အကြည်ညိုပျက်စေသည်ဟူ၍ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဖြင့် ထောင်နှစ်ရှည်ချမှတ်ခဲ့ခြင်းများ ယခင်အစိုးရလက်ထက်တွင် ပြုလုပ်ခဲ့သည်။







KING OF THE ROAD

SCANIA

Since 1891

"Secure Your Journey"

"ခရီးစဉ် အန္တရာယ် အကင်းရှင်းဆုံး"



"SCANIA အစစ်အမှန်ဖြင့်ဂုဏ်ယူပါ"

ဆွီဒင်နိုင်ငံ SCANIA ကုမ္ပဏီသည် Truck နှင့် Bus ကားထုတ်လုပ်သည့် မည်သည့်နိုင်ငံ/ကုမ္ပဏီကိုမှ နည်းပညာဖြန့်ဝေခြင်း၊စက်အစိတ်အပိုင်းများအသုံးပြုစေခြင်း လုံးဝမပြုလုပ်ပါကြောင်း အသိပေးအပ်ပါသည်။ (Scania CV AB)



အင်္ဂလန် မှ ထုတ်လုပ်တင်သွင်းသော

Scania မီးစက်များသာရရှိနိုင်ပါသည်။

(250 KVA မှ 600 KVA အထိ)



မြန်မာပြည်ကိုယ်စားလှယ် ■ Octagon International Services Co.,Ltd

SCANIA SALES & SERVICES CENTER

ရန်ကုန် - ဖုန်း ၀၉-၈၆၀ ၉၈၈၈၊ ၀၉-၈၆၂ ၂၆၇၉၊ ၀၉-၈၆၁ ၁၃၈၁၊ Fax : ၀၉-၇၃၀ ၆၅၀ ၂၈။

နေပြည်တော် - ဖုန်း ၀၆၇-၂၆၄၇၁၊ ၂၆၄၇၂၊ ၂၆၄၇၃၊ Fax : ၀၆၇-၂၆၄၇၀။

မန္တလေး - ဖုန်း ၀၂-၆၄၇၀၇၊ ၀၉-၄၃၁၄ ၈၀၁၈။

7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013



# ပဋိပက္ခတွေဖြစ်နေရတဲ့ အကြောင်းရင်းတွေ သန်းနဲ့ချီပြီးရှိပါတယ်။ အဓိကက အကြောက်တရားပါ

**နေလင်းထွန်း**

အမေရိကန်နိုင်ငံ၊ ဗားမောင့်ပြည်နယ်ရှိ နိုင်ငံတကာလေ့ကျင့်ရေး သင်တန်းကျောင်းတွင် ပဋိပက္ခ လေ့လာရေးနှင့် ငြိမ်းချမ်းမှု တည်ဆောက်ရေးဆိုင်ရာ တွဲဖက်ပါမောက္ခနှင့် ဗာဂျီးနီးယားပြည်နယ်ရှိ ဂျော့မေဆန်တက္ကသိုလ်၊ ပဋိပက္ခလေ့လာရေးနှင့် ဖြေရှင်းရေးဌာန၏ သုတေသနအဖွဲ့ဝင်ပါမောက္ခ ဒေါက်တာတတ်စ်ဆုရှိအရိုင်သည် ဩဂုတ်လအစောပိုင်းတွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့သည်။ ပြည်တွင်း ပဋိပက္ခများငြိမ်းချမ်းရေးဆိုင်ရာ လေ့လာအဖြေရှာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ၊ ဟောပြောပွဲများပြုလုပ်ခဲ့သလို အဖွဲ့အစည်း ခေါင်းဆောင်များ၊ ဒေသခံများနှင့် တွေ့ဆုံခဲ့သော ဂျပန်လူမျိုးပါမောက္ခဒေါက်တာတတ်စ်ဆုရှိအရိုင်ကို မြန်မာနိုင်ငံ၏ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး အတွေ့အကြုံများ အကြောင်းမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



*ပါမောက္ခ မစ္စတာတတ်စ်ဆုရှိအရိုင်*

ဓာတ်ပုံ - နေလင်းထွန်း

**■ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံကိုရောက်လာဖြစ်စေတဲ့အကြောင်းကို အရင်ပြောပါဦး မစ္စတာတတ်စ်ဆုရှိ။**

ကျွန်တော်က အမြဲတမ်းလာချင်ခဲ့တာပါ။ ကျွန်တော်အခုပဋိပက္ခဖြစ်ခဲ့တဲ့ဒေသတွေကို ရောက်ဖြစ်တယ်။ အလွန်ဝမ်းနည်းကြေကွဲစရာဇာတ်လမ်းတွေဖြစ်ခဲ့တာပါ။ ပဋိပက္ခ လေ့လာသူပါရဂူတစ်ယောက်အတွက် ဒီလောက်ဘယ်အရာမှ မထိခိုက်၊ မနာကျင်စေပါဘူး။ ဒါတွေကို ကျွန်တော်ကူညီနိုင်မယ်ဆိုတာ သိပါတယ်။ မြန်မာအကြောင်း သတင်းတွေကို ကြည့်မယ်ဆိုရင် ရခိုင်အကြောင်း၊ ကချင်အကြောင်းတွေကိုသိနိုင်ပါတယ်။ အလွန်ရက်စက်တဲ့ အခြေအနေတွေဖြစ်ပါတယ်။ အဲဒါတွေက ကျွန်တော့်ကိုနာကျင်စေပါတယ်။ ကျွန်တော်က အမေရိကန်က ဘွဲ့လွန်ကျောင်းမှာ စာသင်နေတာပါ။ နွေရာသီ ကျောင်းပိတ်ချိန်က ကျွန်တော့်အတွက် အားလပ်ချိန် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကနေ ကျွန်တော်ပိုက်ဆံစုထားတာရှိတယ်။ အဲဒါလေးတွေကိုနှစ်စဉ်ကျွန်တော်လှူဒါန်းပါတယ်။ ဒီနှစ်အတွက်တော့ ဒီကိုရောက်လာတာပေါ့။

**■ မြန်မာနိုင်ငံကိုရောက်မလာခင် ဒီက ပဋိပက္ခ အခြေအနေတွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာသတင်းမီဒီယာတွေကနေ ဘာတွေလေ့လာထားခဲ့ပါလဲ။**

မြန်မာကို အမေရိကကနေကြည့်လိုက်မယ်ဆိုရင် အမြဲတမ်း ရခိုင်နဲ့ကချင်အခြေအနေတွေက လူအားလုံးရဲ့ အာရုံစိုက်မှုရရှိနေပါတယ်။ အဲဒီ သတင်းတွေကပဲ ကမ္ဘာမှာ ပြန့်နေတာပါ။

**■ ဒီကို ရောက်လာတဲ့အချိန်မှာရော ဘယ်လို အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ဘာတွေထပ်လေ့လာသိရှိ ခဲ့ပါလဲ။**

ကျွန်တော်အလုပ်ရုံဆွေးနွေးပွဲမလုပ်ခင် တွေ့ဆုံဆွေးနွေးပွဲ ၁၅ ခုလောက်လုပ်ခဲ့တယ်။ နှစ်ပတ်ခွဲကြာတယ်။ အလွှာစုံက လူတွေနဲ့ပါ။

**■ အစိုးရ အဖွဲ့အစည်းတွေနဲ့ရော တွေ့ခွင့်ရပါသလား။**

အစိုးရအဖွဲ့အစည်းနဲ့တော့ တွေ့ခွင့်မရခဲ့ဘူး။ ဒါပေမဲ့ နိုင်ငံရေးပါတီကလူတွေ၊ ဘာသာပေါင်းစုံက ခေါင်းဆောင် အသီးသီး၊ အရပ်ဘက် အဖွဲ့အစည်းခေါင်းဆောင်တွေ၊ တံငါသည်၊ စီးပွားရေးသမား၊ လယ်သမား၊ ဒုက္ခသည်တွေလို သာမန်ပြည်သူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ပထမပတ်က ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ အင်းလေးကန်တို့ကို သွားရောက်ခဲ့တယ်။ သဘာဝ ပတ်ဝန်းကျင်အခြေအနေတွေကို ကျွန်တော်မြင်တွေ့ခဲ့ရတယ်။ ပြီးတော့ စစ်တွေကို သွားခဲ့တယ်။ ရခိုင်ရဲ့ တစ်စိတ်တစ်ဒေသကို မြင်တွေ့ခဲ့ရတယ်။ ဒုက္ခသည်စခန်းကိုလည်း သွားရောက်ခဲ့တယ်။

**■ အဲဒီ အတွေ့အကြုံတွေကနေ ဘာတွေလေ့လာသိရှိခဲ့ရပါသလဲ။**

တစ်အချက်အနေနဲ့ပြည်သူတွေက ငြိမ်းချမ်းရေးကို တောင့်တနေကြတယ်။ သူတို့က ငြိမ်းချမ်းရေးအသိပညာကို ဆာလောင်နေပါတယ်။ ဒါပေမဲ့ ပညာရေးစနစ်နဲ့ နိုင်ငံရေး နောက်ခံကြောင့် ဒီနိုင်ငံမှာငြိမ်းချမ်းရေးဆိုင်ရာပညာရေးရှိမနေပါဘူး။ အဲဒီရလဒ်တွေအနေနဲ့ ငြိမ်းချမ်းရေးကို အရင်တည်းကတည်ဆောက်နေသူတွေရဲ့ အခက်အခဲကို ကျွန်တော်ရှင်းရှင်းလင်းလင်းနားလည်ပါပြီ။ လူတွေက တစ်နေကုန်အတိတ်ကအကြောင်းအရာတွေကို ဇာတ်ကြောင်းပြန်ဖွဲ့ပြနိုင်ပါတယ်။ ဒါပေမဲ့ အနာဂတ်ကို စိတ်ကူးပုံဖော်မှုမပြုနိုင်ကြပါဘူး။ သူတို့က စိတ်ကူးနဲ့ တောင်အနာဂတ်ကို အပြည့်အဝဖန်တီးမှုမလုပ်နိုင်ကြပါဘူး။ ဒါကြောင့် သူတို့ကို အနာဂတ်အကြောင်းမေးမယ်ဆိုရင် ဖွံ့ဖြိုးတဲ့တိုင်းပြည်၊ ငြိမ်းချမ်းတဲ့တိုင်းပြည်လိုချင်တယ်ဆိုတာမျိုး စိတ်ကူးယဉ်ဆန်ဆန် ပြောတာဖြစ်နေတယ်။ ကမ္ဘာတစ်လွှားက တခြားနိုင်ငံတွေကို သွားကြည့်မယ်ဆိုရင် တိကျသေချာတဲ့ ရည်မှန်းချက်တွေကို ကြားရပါလိမ့်မယ်။

**■ ပြည်သူတွေအနေနဲ့ ဘယ်လိုလိုအပ်ချက်တွေ ရှိနေတယ်လို့ မြင်ပါလဲ။**

ငြိမ်းချမ်းရေးအတွေးအခေါ်က အနာဂတ်ကိုပုံဖော်တာပါ။ အတိတ်က အဖြစ်အပျက်တွေကို လေးစားမယ်။ အခက်အခဲတွေကို နမူနာယူမယ်။ ဒါပေမဲ့ အဲဒါတွေနဲ့ အတိတ်ရဲ့ အကျဉ်းသားတစ်ယောက်လိုပိတ်လှောင်နေတာမျိုးမဖြစ်သင့်ပါဘူး။ သူတို့အတွက် သင်တန်းတွေ ပို့ချပေးတာမျိုးလိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့မြင်တယ်။

**■ ဒီမှာဖြစ်နေတဲ့ ပဋိပက္ခတွေကြီးထွားလာစေတဲ့ အကြောင်းရင်းကို ဘယ်လိုသုံးသပ်ထောက်ပြချင်ပါလဲ။**

အကြောင်းရင်းတွေက သန်းနဲ့ချီပြီး ရှိနေပါတယ်။ အဓိကထောက်ပြချင်တဲ့အချက်ကတော့ အကြောက်တရားဖြစ်ပါတယ်။ အကြောက်တရားအမျိုးမျိုးအတွက် အကြောင်းတရား ရှိနေတာပါ။ အတိတ်က ဖြစ်ရပ်တွေအတွက် တာဝန်ယူရမယ့် အကြောက်တရား၊ အပြောင်းအလဲမှာ ကြုံတွေ့ရမယ့် အခြေအနေသစ်ကို စိုးရွံ့တဲ့ အကြောက်တရား၊ အသိပညာနည်းပါးမှုကြောင့်ဖြစ်တဲ့အကြောက်တရား၊ အကူးအပြောင်းမှာ ဘာတွေဖြစ်လာမလဲပေါ့။

**■ လက်ရှိပဋိပက္ခအခြေအနေအပေါ် ဘယ်လိုဖြေရှင်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်မယ်လို့မြင်ပါသလဲ။**

ရခိုင်မှာ နှစ်ဖက် အဖွဲ့အစည်းတွေနဲ့ ကျွန်တော် တွေ့ခဲ့တယ်။ အကြောက်တရားက နက်နက်ရှိုင်းရှိုင်းဖြစ်နေတယ်။ အခုမြင်တွေ့ရတာက လူ့အဖွဲ့အစည်း နှစ်ခုကြား ပိုင်းခြားထားတာဖြစ်တယ်။ ဖြစ်သင့်တာက တစ်ဖက်နဲ့တစ်ဖက်တစ်နည်းနည်းနဲ့ ကူးလူးဆက် ဆံနေကြတာပါ။ ဒါ့အပြင် ကျွန်တော် ကန့်ကွက်လိုတာက အစ္စရေးနဲ့ပါလက်စတိုင်းက အခြေအနေလို အကန့်အသတ်၊ အတားအဆီးတွေဖြစ်လာမှာပါပဲ။ ကန့်သတ် ပိတ်ပင်မထားသင့်ဘူး။ ပြဿနာတွေ ပိုမို ကြီးထွားမလာအောင် လုံခြုံရေး ထိန်းသိမ်းကြပ်မတ်တာတော့ ဖြစ်သင့်ပါတယ်။ ကျွန်တော့်ရဲ့ နောက်ထပ်အမြင်တစ်ခုက အလွှာအဆင့်အသီးသီးနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့်၊ ကော်မတီ အဆင့်အနေနဲ့ အထက်ကနေ အောက်ခြေအထိ ဆောင်ရွက်မှု ဖြစ်ပါတယ်။

**■ မြန်မာနိုင်ငံရဲ့ နယ်ပယ်စုံက ခေါင်းဆောင် နေရာယူထားသူတွေအတွက် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘယ်လို သတင်းစကားပေးခဲ့လိုပါသလဲ။**

မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ခေါင်းဆောင်မှုအရည်အချင်းပေါ်မူတည်နေပါတယ်။ နယ်ပယ်အသီးသီးက အဆင့်ဆင့်တိုင်းမှာလိုအပ်နေတာ ဖြစ်ပါတယ်။ ထိပ်ပိုင်းတွေ၊ အစိုးရအရာရှိတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့အထူးသဖြင့် ဘာသာရေးဆိုင်ရာခေါင်းဆောင်မှု အရည်အချင်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဘာသာရေးက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေတယ်။ ဗုဒ္ဓဘာသာတင်မဟုတ်ပါဘူး။ တခြားအသိအမှတ်ပြုထားတဲ့ ဘာသာရေးအားလုံးအတွက်ဖြစ်ပါတယ်။ ဘာသာရေးခေါင်းဆောင်တွေအနေနဲ့မလိုလောက်တော့ဘဲ လူ့အဖွဲ့အစည်းအတွက် ပိုမိုကျယ်ပြန့်တဲ့ သမိုင်းအကြောင်းအရာနဲ့ နိုင်ငံရေးအခြေအနေအသိပညာများရှိ ထားဖို့ ကျွန်တော်အခိုင်အမာ အကြံပြုလိုပါတယ်။

**■ အချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။**

JOKE

## ခြေထောက်ကြိုက်လို့

အမျိုးသားတစ်ဦးတစ်နာရီမိုင် ၈၀ နှုန်းကားမောင်းနေစဉ် ခြေထောက် သုံးချောင်းနှင့်ကြက်တစ်ကောင်က ၎င်း၏ကားကိုကျော်၍ ဖြတ်ပြေးသွားသည်ကိုတွေ့လိုက်ရသည်။ နောက်သုံးမိနစ်အကြာ ၎င်းကမိုင် ၁၀၀ နှုန်း မောင်းနေချိန်တွင်လည်း ကြက်ကကျော်တက်သွားပြန်သည်။ ကားကို ရပ်ပြီးကြက်ကို ဖမ်းဖို့ကြိုးစားရာတွင်လည်း ကြက်ကလမ်းဘေးထွက်ပြေးသွားသည်။ အမျိုးသားက အလျှော့မပေးဘဲ ဆက်လိုက်ရာ ကြက်မှာ စိုက်ပျိုးမွေးမြူရေးခြံတစ်ခုထဲ ဝင်ပြီးပျောက်သွားသည်။

ခြံပိုင်ရှင်လယ်သမားနှင့် သွားဆုံမိသော အမျိုးသားက ၎င်း၏အဖြစ်အပျက်ကို ပြောပြပြီး အကျိုးအကြောင်း မေးမြန်းသည်။ ဤတွင် လယ်သမားကြီးက သူရော၊ သူ့မိန်းမနှင့် သူ့သားပါ ကြက်ခြေထောက်အလွန် ကြိုက်၍ ခြေထောက်သုံးချောင်းပါ ကြက်ကို ရွေးမွေးသည်ဟု ဆိုလိုက်သည်။ သို့ဖြင့်အမျိုးသားက "အဲဒီကြက်ခြေထောက်အရသာတော်တော် ကောင်းလား"ဟု မေးရာ လယ်သမားကြီးက "ငါလည်းမသိဘူးလေ။ အဲဒီကောင်တွေကို တစ်ခါမှ ဖမ်းလို့မမိသေးဘူး"ဟုပြန်ပြောပါသည်။

## ကံကောင်းတာပေါ့

အမျိုးသားကြီးနှစ်ဦးသည်တက္ကသိုလ်တက်နေသော ၎င်းတို့သားနှစ်ဦးအကြောင်းပြောနေသည်။ ပထမ အမျိုးသားကြီးက"ကျွန်တော့်သား စာရေးလိုက်ရင်ဗျာ ကျွန်တော့်မှာ အဘိဓာန်ပြေးလှန်ရတော့တာပဲ"ဟု ဟားဗတ်ကျောင်းတက်နေသော သားအကြောင်းပြောသည်။ "ခင်ဗျား ကံကောင်းတာပေါ့ဗျာ။ ကျွန်တော့်မှာ သားဆီကစာလာရင် ဘဏ်ကို တန်းပြေးရတော့တာပဲ"ဟု ဆိုလိုက်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

(ယခင်အပတ်မှ အဆက်)

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ။ ဘယ်စာအုပ်ဘယ်အကိုးအကားမှ ပြီးပြည့်စုံတယ်ရယ်လို့ မရှိနိုင်ဘူး။ ယုတ်စွအဆုံး ပိဋကတ်သုံးပုံ၊ သမ္မာကျမ်းစာနဲ့ကိုရမ်ပါမကျန် အငြင်းပွားစရာရှိကြတာပါပဲ။ အခု ကျွန်တော်မထင်မှတ်ဘဲ ဖူးခက်သမိုင်းကြောင်းကို ရေးထားတဲ့ စာအုပ်တစ်အုပ်ဖတ်မိနေတယ်။ ရေးသူက ကောလင်းမက်ကေတဲ့။ သူက စကော့လူမျိုး၊ သူက တန်ဇန်နီးယားကမ်းခြေမှာ ကြီးပြင်းခဲ့တယ်။ အဲဒီနေရာက ဖူးခက်နဲ့ ဆန့်ကျင်ဘက် အိန္ဒိယသမုဒ္ဒရာဘက်ခြမ်းမှာ ရှိတယ်ဆိုပဲ။ သူ့စာအုပ်နောက်ကျောဖုံး စာရေးသူရဲ့ ကိုယ်ရေးမှတ်တမ်းအကျဉ်းမှာ ရေးထားတာက "On the opposite side of the indian ocean from Phuket"လို့ ဆိုတယ်ဗျ"

"ခင်ဗျားစာအုပ်က ဟိုးရှေးရှေးက စာအုပ်ဟောင်းကြီးများ ဖြစ်နေမလားဗျာ"

"တော်ပါကိုရင်ရယ်။ ၂၀၁၂ ထုတ်အသစ်စက်စက်ခင်ဗျ။ သူက အီဒင်ဘာရာတက္ကသိုလ်ကနေ သမိုင်းဘာသာရပ်အဓိကနဲ့ မဟာဘွဲ့ ရခဲ့တယ်။ နောက်သူက သတင်းသမားအဖြစ် အာရှဘက်ကို ပြောင်းပြီး အခြေချခဲ့တယ်။ သူဟာ ဖူးခက်ကို၁၉၈၅ခုနှစ်မှာပထမဆုံး အကြိမ်မှာ ရောက်ခဲ့တာဆိုပဲ။ ၁၉၉၈ ခုနှစ်မှာတော့ ဖူးခက်ကို ရောက်လာတာ ဒီနေ့အထိ ဆိုပါတော့။ သူ့ဇနီးက ထိုင်းအမျိုးသမီးတဲ့ခင်ဗျာ။ သူ့မှာသမီးနှစ်ယောက်ရှိတယ်"

"ဟုတ်ပါပြီဗျာ။ သူက ဘာတွေများဖူးခက်သမိုင်းကို အထွေအထူးရေးထားသတုံး"

"ကျွန်တော် အခုပြောပြလိုက်ရင် ခင်ဗျားအံ့ဩလွန်းလို့ ထိုင်ရာကနေလဲသေသွားလောက်တယ်။ ဒီစာအုပ်မှာ ဖော်ပြထားတဲ့ ယိုးဒယားနဲ့မြန်မာဖူးခက်မှာ ဆင်နွှဲခဲ့ကြတဲ့ တိုက်ပွဲအကြောင်းဟာ အတော်ကို အံ့ဩစရာကောင်းတယ်။ ပိုပြီး အံ့ဩဖို့ကောင်းတာက အဲဒီတိုက်ပွဲတွေအကြောင်းကို ကိုယ်တိုင်ဝင်ပြီး စစ်တိုက်ခဲ့ဖူးတဲ့ မလေးစစ်သည်ကဗျာဆရာတစ်ယောက်က ရေးခဲ့တာဆိုပဲ။ မလေးဘာသာကနေ အင်္ဂလိပ်ဘာသာကို ပြန်ဆိုခဲ့တာက ဩစတြေးလျပါမောက္ခစီရေးစကင်နာ၊ အဲဒါကို ကိုးကားပြီး အခုဒီစာအုပ်ကိုရေးတဲ့ ကောလင်းရောဘတ်မက်ကေက စကော့လူမျိုး၊ ထိုင်းအမျိုးသမီးနဲ့အိမ်ထောင်ဖက်နေတဲ့သူ။ အကြောင်းအရာက ယိုးဒယား- မြန်မာစစ်သမိုင်း။ ဟော၊ အခုဒီစာအုပ်ကို ရှေးမြန်မာစစ်စစ် ကျွန်တော်က ဖူးခက်မှာလာသောင်တင်ပြီး ဖတ်မိရာကနေ ခင်ဗျားကို ပြန်ပြောနေနိုင်တာကိုက ဆန်းချက်တစ်ခုလို့သာ မှတ်ပေတော့ဗျာ"

"ညွန်းလှချည်းလား။ စကားချီးတွေရပ်ပြီး လိုရင်းကိုသာ ပြောစမ်းပါလေ"

"သိချင်တော့လည်း ခင်ဗျားပဲ။ သို့ပေမဲ့ခင်ဗျားပြောသလောက် လွယ်လွယ်ပြောလို့ပြီးမယ့် ကိစ္စမဟုတ်ပေဘူး။ ဒါနဲ့ ညီလင်းဆက် ဖူးခက်ကို ရောက်နေတယ်ဆို။ သူနဲ့မဆုံဖြစ်တာ သုံးနှစ်ကျော်ကြာခဲ့ပြီ။ ချင်းမိုင်မှာဆုံးခဲ့ဖူးတာ ခင်ဗျားမှတ်မိမယ်ထင်တယ်"

"ဩော်၊ ဟုတ်တယ်ဗျ။ သူ ဖူးခက်ကို ရောက်နေတယ်။ ကျွန်တော့်ဆီကိုမေးလ်ပို့ထားတယ်"ကို သက်ခိုင်၏ လောဆော်မှုကြောင့် ညီလင်းဆက်ကို ကျွန်တော် သတိရသည်။ သူ့ကုမ္ပဏီ၏ စီစဉ်ဖေးမမှုဖြင့် ဖူးခက်ကို ရောက်နေသည်ဟု ဆိုသည်။ ခရီးသွား ကုမ္ပဏီမှ အစီအစဉ်အတိုင်း သွားလာရသော ခရီးစဉ်ဖြစ်၍ သူနှင့်ချိန်းလိုက်လွဲလိုက်ဖြစ်နေသည်က များသည်။ ကိုသက်ခိုင် သတိပေးသဖြင့် ကျွန်တော် သူ့ထံ ဖုန်းဆက်ကြည့်ကာမှ ည ၈ နာရီ နောက်ပိုင်း သူတည်းရာဟိုတယ် ပါရာပါတောင် "Para Patoong"မှာ ရှိနေပြီဆိုသည်။ သို့နှင့် ကိုသက်ခိုင်နှင့် ကျွန်တော် ကားတစ်စီးဖြင့် ပါတောင်ကမ်းခြေဘက်သို့ ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ပါတောင်ကမ်းခြေရောက်ချိန်တွင်ကား ည ၉ နာရီခန့်ရှိပေရော့မည်။

သူပြောသည့် ဟိုတယ်ကို ကျွန်တော်တို့ ချက်ချင်းရှာမတွေ့။ ဖူးခက်မှာဟိုတယ်နှင့်တည်းခိုခန်းတွေ များပြားလွန်းလှသည်ဖြစ်ရာ ဟိုတယ်အမည်ပြောရုံဖြင့် တည်နေရာကို မသိနိုင်ချေ။ ညီလင်းဆက်ကို ဖုန်းပြန်ဆက်သည့်အခါ သူတည်းခိုရာဟိုတယ်မှာနိုဗိုတယ်ဟိုတယ်နှင့်နီးသည်ဆိုသဖြင့် ကလင်ဆွယ်ကျက်ဘက်သို့သွားရာလမ်းဆုံရှိ နိုဗိုတယ်ဟိုတယ်ရှေ့ရောက်အောင်မောင်းကာ သူ့ကိုရှာသည်။ မတွေ့။ သူကမူ နိုဗိုတယ်ရှေ့ကားလမ်းမပေါ်မှာ သူရပ်နေသည်တဲ့။ ကိုသက်ခိုင် စိတ်ရှည်ဟန်မတူ။ ကျွန်တော့်လက်ထဲက ဖုန်းကို အသာဆွဲယူကာ ညီလင်းဆက်နှင့် စကားပြောအပြီး ကျွန်တော့်ဘက်သို့လှည့်ကာ

"ခင်ဗျားဗျာ ဖူးခက်မှာနေတာကြာလှပြီ။ အခု သူပြောနေတဲ့ နိုဗိုတယ်ဆိုတာ အခု ပါတောင်ကမ်းခြေကို လှမ်းမြင်နေရတဲ့ ဟိုတယ်မဟုတ်ဘူးဗျ။ ဂျန်စီလွန်းကုန်တိုက်ကြီးရှိတဲ့ ရတ်ဉီထေ့လမ်းမပေါ်က နိုဗိုတယ်အသစ်ကိုပြောနေတာ"

ချိန်းဆိုရာသို့ ရောက်သည့်အခါ ညီလင်းဆက်ကား ညဝတ်အင်္ကျီဖြင့်ပင် လမ်းမပေါ်မှာစောင့်နေရှာသည်။

စကားပြောဖော်ငတ်နေသော ကိုသက်ခိုင်မှာ ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင်နိုင်သည့် လူငယ်တစ်ဦးနှင့် ဖူးခက်လိုနေရာမျိုးမှာ ဆုံရခြင်းအတွက် အတော်ပင် ဝမ်းမြောက်နေဟန် ရှိသည်။ တိုက်ဆိုင်သည်ဟု ဆိုရပေမည်လော။ ကျွန်တော်တို့ သုံးဦးသား ပုဂံမွေရာဇကကျောက်စာတွင် ပါရှိခဲ့သည့် သလင်းကြေခေါ် မလေးစကားအရ "ဘုကစ်"ဟုခေါ်သော ယခုအခေါ် ဖူးခက်မြို့၏ ရှေးအမည်ဟောင်းကို အမည်တပ်ထားသည့် ဂျန်စီလွန်းကုန်တိုက်ကြီး၏ အလယ်ရောမထီးကြီးတစ်ခု၏ အမိုးအောက်ရှိ တစ်ခုသော ကော်ဖီဘားမှာ စကားလက်ဆုံကျခဲ့ကြသည်။

ညီလင်းဆက်ကား 5 Network အမည်ရှိ ပြည်တွင်းရုပ်သံလိုင်းတစ်ခုတွင် ထုတ်လုပ်ရေးမန်နေဂျာအဖြစ် အလုပ်လုပ်နေသည်ဟု ဆိုသည်။ ကျွန်တော်နှင့် စကားလက်ဆုံကျလေတိုင်း ဦးဆောင်လေ့ရှိသော ကိုသက်ခိုင်သည် ညီလင်းဆက်၏ "ငါးဆားနယ် အမျိုးသမီး တစ်ယောက်" မှတ်တမ်းတင် ဇာတ်လမ်း အပိုင်းတိုလေး အကြောင်းကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစားနားထောင်လျက်ရှိလေသည်။ ထို့နောက် မြန်မာပြည်တွင်း E-Gov စနစ်ပြောင်းလဲရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခုမှာ ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများကို အရယ်အမောများဖြင့်စကားဖောင်ဖွဲ့နေကြရာ ကျွန်တော့်မှာ နားထောင်သူသက်သက်သာတည်း။

ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ရေပန်းများဖြင့် အလှဆင်ထားသော ဧရာမရှေးဟောင်းပုံစံလှေကြီးတစ်စင်းကို မြင်နေရသည်။ "Phuket never sleep" ဆိုရလောက်အောင် ခရီးသွားဧည့်သည်များဖြင့် နေ့ညမဟူ စည်ကားနေတတ်သော ဖူးခက်မြို့၏ အဓိကရကုန်တိုက်ကြီးမှာဖွင့်လှစ်ထားသည့် ဆိုင်အချို့ ပိတ်စပြုနေချေပြီ။ မိုးရာသီမို့ ဖြစ်တန်ရာသည်။ ညီလင်းဆက်၏ တရားရှည်ကြီးအဆုံးတွင် ညီလင်းဆက်အား ကိုသက်ခိုင်မေးလိုက်သော မေးခွန်းမှာ စောစောက ကျွန်တော်တို့ နှစ်ယောက်သား ပြောဖြစ်ခဲ့သည့် စကားလမ်းကြောင်းကို ပြန်ဆက်မိသလိုဖြစ်သွားစေပြန်သည်။

"လင်းဆက်ရေ မင်းအခု ရောက်နေတဲ့ နေရာဟာ တို့ဘိုးဘွားတွေပိုင်ခဲ့တဲ့နေရာဆိုရင်မင်းယုံမလား"ဟုစကားစလိုက်သည်။

"ဖူးခက်ကို ဗမာတွေ ကျူးကျော်တုန်းက ရှုပ်ရှုပ်ချွံချွံ ခုခံခဲ့တဲ့ အနုစာဝါရီ ညီအစ်မနှစ်ယောက် အကြောင်း အစ်ကိုကြီး ပြောချင်တာထင်တယ်"

"အင်း. . . ကိုယ်လည်း အရင်က နားစွန်နားဖျားနဲ့အနုစာဝါရီ ညီအစ်မဇာတ်လမ်းနောက်ခံဖူးခက်သမိုင်းကို သိခဲ့တာမို့ ဗမာဘုရင့်တပ်တွေ ဖူးခက်ကိုရောက်ရုံသာရောက်ခဲ့တာ ဘယ်တုန်းကမှ မသိမ်းနိုင်ခဲ့ဘူး ထင်ခဲ့တာပါပဲ။ အခုမှ ဖူးခက် သမိုင်းစာအုပ်တစ်အုပ်ဖတ်မိပြီး ဂဃနဏသိရတာပါပဲ။ ပြောရရင် နည်းနည်းတော့ ရှည်မယ်ထင်ပါရဲ့။ အဲဒီအနုစာဝါရီညီအစ်မဟာ မွတ်ဆလင်အမျိုးသမီးတွေတဲ့ကွာ"

"ဗျာ"

ညီလင်းဆက်ထံမှ ကျယ်လောင်သောအာမေဍိတ်သံ ထွက်ပေါ်လာသည်။

"မဗျာနဲ့ကိုရင် အဲဒီအမျိုးသမီးနှစ်ယောက်ရဲ့နာမည်က လေဒီချန်း(Lady Chan)လေဒီမုက်(Lady Mook) တဲ့။ အနုစာဝါရီအပိုင်းတွေမှာ တွေ့နေရတဲ့ ရုပ်တုမှာ ဓားကိုင်ထားပေမယ့် ထလန်ခံတပ်ဟောင်းလို ဖူးခက်သားတွေ လက်ခံထားတဲ့ ကွင်းပြင်ကြီးနားက နတ်စင်တစ်ခုမှာတော့ မွတ်ဆလင်အမျိုး သမီးအဝတ်အစားနဲ့ခင်ဗျ။ လေဒီချန်းက အစ်မအကြီးဆုံး။ သူတို့မှာ ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေးသုံးယောက်။ စုစုပေါင်း မွေးချင်းငါးယောက်ရှိသတဲ့။ အဲဒီ ထလန်ရပ်ကွက်အနားမှာ ထိုင်းလူမျိုး ဖူးခက်သား အဘိုးကြီးတစ်ယောက်က ရှေးဟောင်းပစ္စည်းတချို့စုဆောင်းပြီး ကိုယ်ပိုင်ပြတိုက်သေးသေးလေးတစ်ခုလုပ်ထားတဲ့နေရာကိုတောင် သေချာအောင်သွားကြည့်ဖူးသေးတယ်ဗျာ"

"အခုကိုယ်ဖတ်နေတဲ့ကောလင်းရောဘတ်မတ်ကေ(Calin Robert Mackay)ရဲ့ ဖူးခက်နဲ့သူ့ဝန်းကျင်သမိုင်း(A History of Phuket and the Surrounding Region) ဆိုတဲ့စာအုပ်မှာဖော်ပြထားတာက လေဒီချန်းဟာထလန်အုပ်ချုပ်ရေးမှူးမျိုးရိုးဖြစ်တဲ့ ဘန်တကီယန်(Ban Takien)မျိုးရိုး၊ Chom Rang နဲ့ Mah-Sia တို့ကနေ ၁၇၄၀ခုနှစ်မှာသူ့ကိုမွေးတာတဲ့။ သူ့အမေ Mah-Sia ဟာ မုဆိုးမဖြစ်ပြီး၊ မောင်ဖြစ်သူက သူ့ပိုင်ဆိုင်မှုတွေကို မောင်ပိုင်စီးလိုက်တာကြောင့် မလေးရှားပိုင်က ဒက်ကျွန်းကနေ ဖူးခက်ကိုပြောင်းပြီး အခြေချခဲ့တာခင်ဗျ။ Chom Rang နဲ့ Mah-Sia ဟာ ဖူးခက်မှာ သားနှစ်ယောက် သမီးသုံးယောက်ထပ်မံထွန်းကားခဲ့ပြီး အားလုံးမွတ်ဆလင်ဖြစ်ခဲ့ကြသတဲ့"

"ဟာ. . အစ်ကိုကြီးက အချက်အလက်တော်တော်များများကို မှတ်မိနေပါကလား။ ထလန်ခံတပ်ဟောင်းဆိုတာ ကျွန်တော်တို့မြန်မာတွေနဲ့ ထိုင်းတွေ ဖိုက်တင်ပလေးခဲ့တဲ့နေရာ ထင်ပါရဲ့။ တစ်ဖက်ကို အင်အားထောင်ချီတဲ့တပ်တွေပါတဲ့ တိုက်ပွဲကြီးတွေထင်တယ်"

ညီလင်းဆက်ကား ကိုသက်ခိုင်ကို အံ့ဩတကြီးကြည့်ရင်း အနုစာဝါရီ ညီအစ်မထက် စစ်ပွဲအကြောင်းကို ပိုမို စိတ်ဝင်စားဟန်ဖြင့် မေးခွန်းထုတ်လိုက်သည်။

"အမယ်လေး။ ထောင်ချီတဲ့တပ်မဟုတ်ဘူးမောင်၊ သောင်းချီတဲ့တပ်တွေ။ အဲဒီထလန်ခံတပ်ဟောင်းရှိခဲ့တဲ့နေရာကို ကိုယ်ရောက်ဖူးတယ်။



ဖူးခက်ထလန်အရပ်ရှိ ဤနေရာတွင် ထလန်ခံတပ်တည်ရှိခဲ့သည်ဟု ယူဆခဲ့ကြပြီး ဖူးခက်ဌာနေသားတို့က ယခုတိုင် နှစ်စဉ်အောင်နိုင်ခြင်း အထိမ်းအမှတ်ပွဲတော် ကျင်းပလေ့ရှိသည်။ ၁၇၈၅ ခုနှစ် ဆင်ဖြူရှင်လက်ထက်နှင့် ၁၈၀၉ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တို့တွင် ထလန်ခံတပ်၌ တိုက်ပွဲကြီးများပြင်းထန်စွာဆင်နွှဲခဲ့ပြီး မြန်မာတို့ အဆိုပါခံတပ်ကို အကြိမ်ကြိမ်သိမ်းပိုက်နိုင်ခဲ့ဖူးသည်

စာမျက်နှာ (၂၅) သို့

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28

# သတိ ဗိဿနိုးနတ်မင်းကြီး အိပ်နေသည်

မောင်သာချို




(တစ်)

လေယာဉ်ဖြင့်ခရီးသွားတိုင်း လေယာဉ်ပေါ်ကနေ ဖတ်စရာမှတ်စရာတစ်ခုခုရတတ်ပါသည်။ နံနက်စောစောထထပြီးပျံတတ်ကြသည့် လေယာဉ်ပေါ်၌လေယာဉ်မယ်ကလေးများက သတင်းစာပူပူနွေးနွေးကို ဗန်းကလေးများပေါ်တွင်တင်လျက်ခရီးသည်များကိုလိုက်လံပေးဝေတတ်ပါသည်။ အချို့အချို့သောလေယာဉ်တွေများကျတော့ ဂျာနယ်များကိုပင်လျှင် လေယာဉ်ပေါ်၌တင်ပေးထားတတ်ပါသည်။ ကိုယ့်ရှေ့တည့်တည့်ရှိ ထိုင်ခုံနောက်မှီ၏ အိတ်ထဲတွင်ကား မဂ္ဂဇင်းတစ်စောင်တလေ အမြဲတမ်းရှိနေတတ်ပါသည်။ inflight magazine ဆိုတော့ လေယာဉ်ပျံထဲတွင်ဖတ်သည့်မဂ္ဂဇင်းဟုပဲဆိုကြပါစို့။

ကျွန်တော်တို့နိုင်ငံထဲ၌ပြည်တွင်းလေကြောင်း လိုင်းတော်တော်များများရှိရာ သူ့လေကြောင်းလိုင်းနှင့်သူ၊ သူ့မဂ္ဂဇင်းနှင့် သူကြိုးစား၍ ထုတ်ဝေကြသူများ ချည်းပင်ဖြစ်ပါသည်။ မည်သည့် လေယာဉ်ကိုပဲစီးစီး inflight magazine ကိုတော့ တောင်လှန်၊ မြောက်လှန်ဖြင့် ကျွန်တော်ဖတ်လေ့ရှိမြဲဖြစ်ပါသည်။

တစ်နေ့ ပုဂံ-မန္တလေး-ဟဲဟိုး ခရီးစဉ်ဖြင့် လိုက်ပါသွားနေခဲ့စဉ် ထုံးစံအတိုင်း inflight magzinge တစ်အုပ်ကိုဆွဲပြီး ဖတ်ရှုလိုက်ရာ မြန်မာမင်္ဂလာဆောင်များနှင့်ပတ်သက်၍ အချက်အလက်လွဲချော်နေမှုကလေးတစ်ခုတွေ့လိုက်သဖြင့် သည်စာစုကို ရေးမိလိုက်ခြင်းဖြစ်ပါသည်။

မဂ္ဂဇင်းနာမည်ကိုထားလိုက်ပါတော့။ မဂ္ဂဇင်းနာမည်ကိုပြောလျှင် လေကြောင်းလိုင်းကို မှန်းဆနိုင်သောကြောင့်ဖြစ်ပါသည်။ စာရေးသူ၏အမည်ကိုလည်းထားလိုက်ပါလေတော့။ ဆောင်းပါးက ပုဂံဘုရားပွဲများအကြောင်းရေးထားသည့်ဆောင်းပါးဖြစ်ပါသည်။ Pagoda Festivals of Bagan တဲ့။

(နှစ်)

ဆောင်းပါးရှင်က ခရစ်နှစ်သုံးပြက္ခဒိန်အရ ဇူလိုင်မှသည် အောက်တိုဘာအထိ မြန်မာအလိုအရ ဝါတွင်းသုံးလသည် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်ကာလဖြစ်သဖြင့် ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့ ခရီးသွားလာခြင်းကို တားမြစ်ထားကြောင်း၊ မင်္ဂလာပွဲကျင်းပခြင်း၊ ဘုရားပွဲကျင်းပခြင်းတို့ကိုလည်း တားမြစ်ထားကြောင်း ရေးပါသည်။

ထို့နောက် ရဟန်းသံဃာတော်တို့ကို ဝါတွင်းသုံးလခရီးမသွားကြရန် ကန့်သတ်ထားရသည့် ပထမ အကြောင်းကိုရေးပြီးနောက် မင်္ဂလာမဆောင်ကြရသည့် ဒုတိယ အကြောင်းတရားကို ရေးသောအခါ ဤသို့ ရေးပါသည်။

The second is because to celebrate a marrige with song and music would be too distracting during these months when monks are deep in study or sitting for exams.

ဝါတွင်းသုံးလ၌ ရဟန်းသံဃာတော်တို့ ပရိယတ္တိစာပေများကို ကျားကုတ်ကျားခဲလေ့လာဆည်းပူးနေကြရခြင်း၊ စာမေးပွဲဖြေဆိုနေကြရခြင်းများကြောင့် မင်္ဂလာဆောင်အခမ်းအနားကျင်းပရာမှ တေးဂီတသံများကိုကြားနေရသော် စိတ်အာရုံပျံ့လွင့်မည်ကိုစိုးသဖြင့် ဝါတွင်းသုံးလ၌ မင်္ဂလာမဆောင်ရဟု ကန့်သတ်ထားခြင်းဖြစ်ကြောင်း ရေးသားထားသည်ကိုတွေ့နိုင်ပါသည်။

လေယာဉ်ပေါ်ရောက် နိုင်ငံခြားသားတို့ဖတ်ရှုမိသော် အချက်အလက်အမှားကို ရသွားမည်စိုး၍ သည်စာကို ကျွန်တော်ရေးဖြစ်ခြင်းဖြစ်ပါသည်။

(သုံး)

ရဟန်းတို့သည် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစတင်ကာ ဝါကပ်ရပါသည်။ ထို့ကြောင့် ဝါခေါင်လပြည့်၊ တော်သလင်းလပြည့်တို့ကိုကျော်လွန်ပြီးနောက် သီတင်းကျွတ်လပြည့်သို့ရောက်သောအခါ ဝါတွင်းသုံးလပြည့်မြောက်ပါသည်။ ယင်းကို 'ပုရိမဝါ' ဟုခေါ်ပါသည်။ ထိုသုံးလတွင် ရဟန်းတို့ မိမိတို့ ဝါကပ်သည့်ကျောင်းမှ အရပ်တစ်ပါးသို့ ညအိပ်ညဥ့်နေ ခရီးမသွားကြရန် ဝိနည်းတော်က ထိန်းချုပ်ထားပါသည်။

သို့သော် ရဟန်းတစ်ပါးပါးသည် ခရီးလွန်နေသဖြင့် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ဝါမကပ်နိုင်ဘဲ တစ်လနောက်ကျပြီး ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင်မှ ဝါကပ်ခဲ့သော် တန်ဆောင်မုန်းလပြည့်နေ့သို့ရောက်ပါမှ ဝါတွင်းသုံးလပြည့်ပါသည်။ ယင်းကို 'ပစ္ဆိမဝါ'ဟုခေါ်ပါသည်။ အကယ်၍ ဝါထပ်ခဲ့သော် ဒုတိယဝါဆိုလပြည့်ကျော်တစ်ရက်ကျမှ ဝါတွင်းသုံးလစတင်ပါသည်။ ထိုသုံးလ၌ ရဟန်းတို့ခရီးမသွားခြင်းသည် ဝိနည်းနှင့်သက်ဆိုင်ပါသည်။

(လေး)

ထိုဝါတွင်းသုံးလ၌ မင်္ဂလာမဆောင်စကောင်းဟူ၍လည်း လောကီနယ်ပယ်ကယူဆပါသည်။ ယင်းသည် ဟိန္ဒူအယူဝါဒကဆင်းသက်လာသည့် ထုံးတမ်းစဉ်လာဖြစ်ပါသည်။

မဇ္ဈိမဒေသခေါ် အိန္ဒိယ၌ 'ရာဇမတ္တဏ်'ကျမ်းသည် ဟိန္ဒူယဉ်ကျေးမှုနယ်ပယ်တွင်ထင်ရှားပါသည်။

ထိုကျမ်းအလိုအရ ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ဗိဿနိုးနတ်မင်းကြီးစတင်၍ အိပ်သည်ဟုဆိုပါသည်။ ထို့နောက်နှစ်လတိတိကြာညောင်းချိန် တော်သလင်းလဆန်း ၁၂ ရက်နေ့တွင် ဗိဿနိုးနတ်မင်းကြီးအနည်းငယ်လွန့်ကာ လက်ယာနံတောင်းမှ လက်ဝဲနံတောင်းသို့ပြောင်းပြီးအိပ်သည်ဟုဆိုပါသည်။ တစ်ဖန် နှစ်လတိတိဆက်အိပ်ပြီးနောက် တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင်ဗိဿနိုးနတ်မင်းနိုးသည်ဟုဆိုပါသည်။ လေးလတိတိ။ ထို့ကြောင့် ဟိန္ဒူယဉ်ကျေးမှုနယ်ပယ်တွင် ဗိဿနိုးနတ်မင်းအိပ်ပျော်နေသည့်လေးလအတွင်း၌ ထိမ်းမြားလက်ထပ်သမှုမပြုစကောင်းပါကြောင်း 'ရာဇမတ္တဏ်'ကျမ်းကဆိုထားခဲ့ပါသည်။

ယင်းကိုအခြေခံထားကာ ဝါတွင်းသုံးလ၌မင်္ဂလာမဆောင်သင့်ကြောင်း မြန်မာတို့က ဆင့်ပွားယူဆလျက်ကျင့်ဆောင်လာခဲ့ကြပုံရပါသည်။ မင်္ဂလာဆောင်က ဂီတသံများက ရဟန်းတို့ပရိယတ္တိစာပေလေ့လာမှုကို အာရုံပျက်စေသဖြင့် ရှောင်ရှားခဲ့ခြင်းတော့ မဖြစ်တန်ရာပါ။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာက ဘုရားဟောဖြစ်ပါသည်။ မင်္ဂလာဆိုတာဘာလဲကိုသိချင်သူလူသားတို့အား နတ်သားကတစ်ဆင့်ဟောကြားသည့်တရားပဲဖြစ်ပါသည်။ မင်္ဂလာဆယ့်နှစ်ပါးကမူ လောကီမင်္ဂလာဖြစ်ပါသည်။ ထိုလောကီမင်္ဂလာဆယ့် နှစ်ပါးထဲ၌ မင်္ဂလာဆောင်ခြင်းပါဝင်ပါသည်။ အာဝါဟဝိဝါဟမင်္ဂလာတဲ့။

အာဝါဟက သမီးဆောင်ယူခြင်းမင်္ဂလာ။ ယောကျ်ားကလေးအိမ်သို့သမီးကိုပို့ပြီးကျင်းပဆင်နွှဲသည့်မင်္ဂလာ။ ဝိဝါဟက သမီးပေးခြင်းမင်္ဂလာ။ မိန်းကလေးအိမ်၌ ယောကျ်ားကလေးကလာရောက်ပြီး ကျင်းပဆင်နွှဲသည့်မင်္ဂလာ။ ယခုခေတ် ဟိုတယ်များ၌ဆောင်သည့်မင်္ဂလာကိုကား မည်သည့်မင်္ဂလာဟု ခေါ်ဆိုရမည်လည်း ကျွန်တော်မသိ။ ထားပါတော့။

(ငါး)

ပုဂံက ဧည့်လမ်းညွှန်တစ်ယောက်ကို ကမ္ဘာလှည့်ခရီးသည်တစ်ယောက်ကမေးပါသည်။ ဂေါတမမြတ်စွာဘုရားမှာ ဘဝပေါင်းဘယ်နှဘဝရှိသလဲ။ သူက ၅၅၀ (သို့မဟုတ်) ၅၄၇ ဇာတ်ကိုသိထားပုံရပါသည်။ ဧည့်လမ်းညွှန်က မသိ။ ထို့ကြောင့် ဆယ့်လေးငါးဘဝလောက်ရှိမည်ဟုဖြေပစ်ခဲ့ကြောင်း ကျွန်တော့်ကိုပြောပြဖူးပါသည်။

အခု လေယာဉ်ပေါ်မှာ။ inflight magazine။ အင်္ဂလိပ်ဘာသာနဲ့။ ဂီတသံမှာရဟန်းတို့စိတ်မလွင့်ပါးစေရန်ဝါတွင်းသုံးလမင်္ဂလာမဆောင်ကြတာပါတဲ့။

သတိ။ မင်္ဂလာမဆောင်ရ။ ဗိဿနိုး နတ်မင်းကြီးအိပ်နေသည်။ ။

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင်(၂)

ထလန်ခံတပ်ဟာ အလျားအနံမီတာလေးရာရှိတဲ့ လေးထောင့်စပ်စပ် သစ်ခံတပ်လို့ စာအုပ်မှာ ဖော်ပြထားပေမယ့် လက်ရှိအခြေအနေမှာတော့ တောင်တန်းကြီးကို နောက်ခံပြီး ကွင်းပြင်အတိဖြစ်နေတဲ့ နေရာကျယ်ကြီး အဖြစ်ပဲ တွေ့ရပါတော့တယ်။ အဲဒီ ခံတပ်နေရာမှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ရာဝန်းကျင် ဆင်ဖြူရှင်နဲ့ ဘိုးတော်ဘုရား လက်ထက်တွေတုန်းက ယိုးဒယားနဲ့ဗမာတွေ အကြိမ်ကြိမ်စစ်ခင်းခဲ့တယ်ဆိုပါတော့။

ဆင်ဖြူရှင်ဟာ ယိုးဒယားတစ်နိုင်ငံလုံးကို သိမ်းပိုက်ဖို့ စစ်သည်အင်အား တစ်သိန်းလေးသောင်းလေးထောင်ပါတဲ့ ကိုးနဝင်း တပ်ကြီးနဲ့ စစ်ချီခဲ့ဖူးတယ်။ တစ်ခုသော စစ်ကြောင်းဟာ ဖူးခက်ကိုရောက်ခဲ့တယ်။ ဖူးခက်သူရဲကောင်း ညီအစ်မရင်ဆိုင်ခဲ့တဲ့ မြန်မာစစ်သည်တွေဟာ ဆင်ဖြူရှင်တပ်တွေပါပဲ။ ဘိုးတော်ဘုရားဟာကုန်းဘောင်မင်းဆက်တွေထဲမှာ အကျယ်ဝန်းဆုံးသော မြန်မာ့အင်ပါယာကို ထူထောင်နိုင်ခဲ့လို့ ကုန်းဘောင်ပရမေလို့ အညွှန်းခံရသူပေါ့။

တော်တော်များများ ထလန်ခံတပ်ဆိုတာ ရှိမှန်းတောင် သိဟန် မတူကြပါဘူး။ ဖူးခက်ကိုရောက်နေတဲ့ မြန်မာတွေဆို ဝေလာဝေးပေါ့။ ဘိုးတော်ဘုရားလက်ထက် အဲဒီဖူးခက် ထလန်အရပ်မှာ ဆင်နွှဲခဲ့တဲ့စစ်ပွဲကို ဗမာဘုရင့်ဘက်က ဦးဆောင်တိုက်ခိုက်ခဲ့သူက မြန်မာစစ်ဗိုလ်ချုပ်ဟာမင်းကြီးငဦးတဲ့။ သူဟာဖူးခက်တိုက်ပွဲကိုကြီးကြပ်ကွပ်ကဲနေတုန်းမှာ ဖျားနာပြီးကွယ်လွန်ခဲ့တာ”

“မင်းကြီးငဦးတဲ့လား အစ်ကိုကြီးရ။ တစ်မျိုးကြီးဖြစ်နေသလားလို့. . . ။ ။

(ဆက်လက်ဖော်ပြပါမည်)

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျော်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# အိမ်ဦးနတ်ကို မမေ့စေချင်လို့တဲ့

**သင်းရီ**




၁၇-၈-၂၀၁၃ နေ့က Myanmar Peace Center တွင် ကျင်းပခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက အစိုးရအနေဖြင့် အုပ်ချုပ်ရေးယန္တရားကို ပြင်ဆင်နေပြီဖြစ်တဲ့အတွက် စနစ်ဟောင်းမှ အကျင့်ဟောင်းများကို မပြင်သည့် အဖွဲ့အစည်းများကို တိုင်ကြားဖို့ ပြည်သူများကို ဖိတ်ခေါ်သည့်အကြောင်း အွန်လိုင်းသတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသဖြင့် အားတက်မိရ၏။

သို့သော်လည်း တိုင်းပြည်နှင့် အဝန်းရှိအောက်ခြေအဖွဲ့အစည်းဆိုသည့်ဟာတွေထံမှ အသံတွေကတော့ ထူးမခြားနားနှင့် ဒုံရင်းဒုံရင်း၌ပင် ရှိနေသေးကြောင်း နားမစွင့်ဘဲနှင့်ပင် နားမဆံ့အောင် ကြားနေရသည်။ တစ်ရွာတစ်ပုဒ်ဆန်းသည့် တစ်တောတစ်ကြက်ဖ တွန်နေကြသံတွေလားလည်းမသိ။ ခုထိကို အာဏာပါဝါတွေ ပြချင်နေကြတုန်းရှိသည်ထင်၏။

အာဏာဆိုသည်ကလည်း သည်းခြေကြိုက်ဖြစ်သည့်အပြင် စိတ်ထင်တိုင်းကြဲခွင့်ရှိသည့်အာဏာကို နှစ်ပေါင်းများစွာကြာအောင်လွယ်လွယ်ကူကူ အသုံးချခဲ့ဖူးသူအဖို့တော့ လက်နှင့်အာဏာခွာခွာထားဖို့ခက်မည်မှာ သေချာသည်။ သည်အကြောင်း စဉ်းစားမိတော့ လွတ်လပ်ရေးခေတ်ဦးက နိုင်ငံရေးပါတီလက်ကိုင်တုတ်တွေဖြစ်ခဲ့ဖူးသည့် ပျူစောထီးတပ်ဗိုလ်တွေအကြောင်း အတွေးရောက်မိသည်။ သည်တပ်က စည်းနှင့်ကမ်းနှင့် စနစ်တကျဖွဲ့စည်းထားသည့် တပ်မဟုတ်တော့ မည်းမည်းမြင်ရာပြည်သူတွေအပေါ် လက်နက်အားကိုးနှင့် အနိုင်ကျင့်၊ ဓားပြတိုက် လူသတ်လုပ်သဖြင့် လက်နက်သိမ်းပြီး တပ်ကိုပါဖျက်သိမ်းပစ်ခဲ့ရလေသည်။ သည်တော့ ခြောက်လုံးပြူးတကားကားဖြင့် တစ်လျှောက်လုံးနေလာခဲ့သည့် ပျူစောထီးတပ်မှ ဗိုလ်ကြီး၊ ဗိုလ်ငယ်တွေ လက်နက်မရှိဘဲ မနေတတ်ကြတော့လို့ အခွံဖြစ်သွားသည့် သူတို့ခါးပေါ်မှ ခြောက်လုံးပြူးအိတ်တွေထဲ ပြောင်းဖူးစဉ်းရိုးတွေထည့်ပေးထားရသတဲ့။ အဲ့သည့်အခါကျမှ နေသာထိုင်သာရှိသွားကြသတဲ့။

အခုလည်း သည်လိုပဲထင်ပ။ အာဏာပါဝါဆိုတာ မပြဘဲနေမိလျှင် မိုးကြိုးပစ်တတ်လေသလားမသိ။ တစ်နည်းမဟုတ် တစ်နည်းနှင့်တော့ ပြနေကြသည်ထင်၏။ တကယ်တော့ လက်တွေ့ကိုင်တွယ်အသုံးချလို့ရသည့်အာဏာကိုထားဦး အာဏာဆိုသည့်စကားလုံး၏အနက်ဂယက်ကပင် စွဲလမ်းယစ်မူးစေတတ်သလားထင်သည်။

တလောတလော အချို့ရပ်ကွက်တွေထဲမှာ မတော်တဆကြားရသည့်အသံလေးတစ်ခုကို ဖောက်သည်ချချင်သည်။

အခြားမဟုတ်။ ဆိုက်ကားပေါ်တင်ပြီး ရပ်ကွက်ထဲလှည့်လာသည့်အသံချဲ့စက်အော်လံကြီးနှင့် တရားပွဲဖိတ်သည့်အသံဖြစ်သည်။ တရားပွဲဖိတ်သည့်ကိစ္စပေမို့ ဓမ္မာရုံမှ နိဗ္ဗာန်ဆော်စစ်ကဖိတ်သည်ဆိုလျှင် ကျက်ထားမှတ်ထားသည့် စာသံပေသံဘုန်းကြီးကျောင်းသံနှင့်ပေမို့ ထွေထွေထူးထူးပြဿနာမရှိလှပေသည့် ရပ်ကွက်ထဲမှ ရွာဆော်လုပ်နေကျ တစ်ယောက်ယောက်ကိုလက်သင့်ရာစားတော်ခေါ်လိုက်မိပြီဆိုလျှင်တော့ ကြားရသူတွေအဖို့ နားထဲကို နကျယ်ကောင်ဝင်ပြီး အသိုက်ဆောက်သလို ခံစားရတော့၏။

သိကြသည့်အတိုင်းပင် ရပ်ကွက်ထဲမှာ သည်နှယ်မိုက်ခွက်ကိုင်ပြီး ဆော်ဆော်သြသြလုပ်ရသူတွေအများစုဆိုသည်က ဓမ္မာရုံမှ နိဗ္ဗာန်ဆော်မဟုတ်လျှင် နဝတ၊ နအဖတို့ လက်ထက်တော်များအဆက်ဆက်ကတည်းက မဝတ၊ ရဝတရုံးများတွင် လက်တိုလက်တောင်းခိုင်းထားသော မိုက်ကိုင်လိုင်စင်ရလာခဲ့ကြသူတွေ ဖြစ်နေတတ်သည်။ အဲ့သည်လိုလိုင်စင်ရသူမျိုးတွေ တရားပွဲဖိတ်ကြပြီဆိုလျှင်တော့ အာဏာသံလေးက မပျောက်ချင်သေးသမို့အော်ပုံလေးကလည်း ယဉ်သကို ဆိုသလိုဖြစ်တော့၏။ နားဆင်ကြည့်ပါ။

“ရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူများခင်ဗျား၊ ဒီကနေ့ည ၇ နာရီတိတိတွင် ရပ်ကွက်သံဃဒါန ဆွမ်းလောင်းဓမ္မာရုံတွင် ဆရာတော်ဘဒ္ဒန္တပညာသာမိက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောဖော်ညွှန်ပြဆိုဆုံးမမည်ဖြစ်သည့်အတွက် ယနေ့ည၇နာရီတိတိအချိန်ထက်နောက်မကျစေဘဲ ရပ်ကွက်ဓမ္မာရုံသို့ မပျက်မကွက်လာရောက်နာယူကြပါရန် အသိပေးကြေညာအပ်ပါသည်. . ”တဲ့. . . ။

သည်အသံက နားထဲဓားထမ်းဝင်လာလိုက်သလိုဆိုတော့ ဟဲ့ ဘယ့်နှယ့်ဟာကြီးတုံး ဖြစ်ရသည်။ ၇ နာရီတိတိအချိန်ထက်နောက်မကျစေဘဲ မပျက်မကွက်လာရောက်နာယူပါရန် အသိပေးကြေညာအပ်ပါသည်တဲ့။ အသံကလည်းပင်ကိုဗီဇအတိုင်းမာချဉ်ချဉ်ဆိုတော့ အကယ်၍များ တရားနာမလာရောက်ခဲ့လျှင်ပင် အရေးယူတော့မည့်ပုံ။

သည်တော့အာဏာကိုလက်ထဲကိုင်ပြီး နေရာတကာတွင်ကျယ်လာခဲ့သူမြို့နယ်၊ တိုင်း၊ အထက်ဗဟိုဘာညာတွေမပြောနှင့် ရဝတရုံးမှ လက်တိုလက်တောင်း မိုက်ခွက်ကိုင် အောက်ခြေလူတန်းစားကပင် အာဏာသံ ဖားတစ်ပိုင်းငါးတစ်ပိုင်းဖြစ်ချင်တုန်းရှိသေးသည်ဆိုသည်က ကြားရုံနှင့်သိဆိုသလိုဖြစ်ရ၏။

သည်ရက်ထဲ သတင်းတစ်ပုဒ်ကြားရပြန်သည်။ ရှစ်လေးလုံးငွေရတုပွဲလုပ်မည့်သတင်းစာရှင်းလင်းပွဲသို့တက်ရောက်နားထောင်မိသည့် ကျောင်းဆရာမလေးတစ်ဦးကို ပညာရေးဌာနက အလုပ်ကနေရပ်စဲပြီး ပင်စင်ပေးပစ်လိုက်သည်တဲ့။ ထိုသို့ပင်စင်ပေးခံရသည့်အကြောင်း သတင်းသမားတွေကို အဲ့သည့်ဆရာမလေးက ပြောပြမိသဖြင့် သတင်းတွေထဲပါလာသည့်အခါ ထိုသို့ သတင်းစာတွေထဲပါအောင် လုပ်ရကောင်းလားဆိုသည့်ပြစ်မှုထပ်တိုးလျက်ပေးထားသည့် ပင်စင်ကိုပါ ထပ်ဖြုတ်ပစ်ပြန်သတဲ့။ ဆိုသည့်အခါ အာဏာရှင်ခေတ်ကြီးက ကုန်မကုန်နိုင်သေးပါလားဟုစိုးရိမ်စိတ်ဝင်သည်။

တကယ်တော့သမိုင်းထဲတွင် ဖျောက်ပစ်ဖျက်ပစ်၍မရနိုင်သည့် ရှစ်လေးလုံးပြည်သူ့အရေးတော်ပုံကို သမိုင်းတင်သည့် ငွေရတုအထိမ်းအမှတ်ပွဲသည် တရားဝင်ကျင်းပသည့် ပြည်သူ့ပွဲဖြစ်၏။ ထို့ကြောင့်ပင် ထိုပွဲသို့ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းတို့ကိုယ်တိုင်တက်ရောက်ကာ “သမိုင်းကိုဖျောက်လို့မရဘူး။ အဲဒီသမိုင်းက အားနည်းချက်တွေကိုဖော်ထုတ်ပြီး အားသာချက်တွေဖြစ်အောင်လုပ်ဖို့က လက်ရှိလူသားတွေရဲ့တာဝန်ဖြစ်တယ်”ဟုပင် တရားဝင်ပြောသွားခဲ့သေးသည်။

စာမျက်နှာ(၃၂)သို့

Business
7Day News Journal
Vol.12, No.25 • AUGUST 28 , 2013

# မြန်မာဓာတ်ငွေ့များ တရုတ်နိုင်ငံသို့ အသက်သာဆုံးဈေးဖြင့် ရောင်းချနေ



*ဓာတ်ငွေ့စီမံကိန်းတစ်ခု ဆောင်ရွက်နေစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ထားထားမြင့်**

**ဩဂုတ်-၂၅**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကမ်းလွန်သဘာဝဓာတ်ငွေ့ လုပ်ကွက် A-1 နှင့် A-3 မှ သဘာဝဓာတ်ငွေ့များကို မြန်မာက တရုတ်နိုင်ငံသို့ ကမ္ဘာ့ဈေးကွက်တွင် အနိမ့်ဆုံးဈေးနှုန်းဖြင့် ရောင်းချနေသည်ဟု The Financial Express စီးပွားရေးစာစောင်က ပြောကြားသည်။

မြန်မာအစိုးရသည် ထိုလုပ်ကွက်နှစ်ခုမှ ဓာတ်ငွေ့ယူနစ်တစ်ယူနစ်(mmBTU)လျှင်အမေရိကန်ကိုးဒေါ်လာနှင့် တရုတ်နိုင်ငံသို့ ရောင်းချလျက်ရှိသည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် တာမစ်နစ္စတန်နိုင်ငံတို့မှ ဝယ်ယူလျှင် အဆိုပါဓာတ်ငွေ့ယူနစ်တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာဆယ်ဒေါ်လာနီးပါးပေးပြီး ဝယ်ယူလေ့ရှိသည်။ အခြားနိုင်ငံများမှ သဘာဝဓာတ်ငွေ့ ဝယ်ယူသောပေါက်ဈေးမှာ ဓာတ်ငွေ့ယူနစ်တစ်ယူနစ်(mmBTU)လျှင်အမေရိကန်ဒေါ်လာ ၁၃ ဒေါ်လာမှ ၁၆ ဒေါ်လာအထိ ရှိသည်ဟု အဆိုပါစီးပွားရေးစာစောင်က ရေးသားထားသည်။

ထိုကဲ့သို့ မြန်မာက တရုတ်သို့ ဈေးအနိမ့်ဆုံးဖြင့် သဘာဝဓာတ်ငွေ့ရောင်းနေသည့်အတွက် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကမ်းလွန်သဘာဝဓာတ်ငွေ့ လုပ်ကွက် A-1 နှင့် A-3 မြန်မာစွမ်းအင်လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်နေသော အိန္ဒိယစွမ်းအင်ကုမ္ပဏီများဖြစ်သည့်ONGCVidesh(OVL)နှင့် GAILတို့ကပါဈေးကွက်တွင် အဆိုပါ ဈေးနှုန်းဖြင့် တရုတ်သို့ရောင်းချပေးနေရသည်။

အိန္ဒိယကုမ္ပဏီများက ဖက်စပ်တူးဖော်ရရှိထားသော သဘာဝဓာတ်ငွေ့ကို အိန္ဒိယသို့ ပြန်လည်တင်ပို့လိုသော်လည်း အကျိုးတူပူးပေါင်းနေသော မြန်မာစွမ်းအင်လုပ်ငန်းက အနိမ့်ဆုံးဈေးဖြင့် တရုတ်သို့ရောင်းချရန် သဘောတူညီထား၍ ယခုကဲ့သို့ ရောင်းချရခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံက ပြည်တွင်းသုံးရန်အတွက် ကာတာနှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံတကာပေါက်ဈေး ဓာတ်ငွေ့တစ်ယူနစ်(mmBTU)လျှင်၁၂ဒေါ်လာမှ ၁၃ ဒေါ်လာအထိ ဈေးကြီးပေးဝယ်နေရသဖြင့် အိန္ဒိယက မြန်မာနှင့်တရုတ်ကို မကျေမနပ်ဖြစ်နေကြောင်း The Financial Express စီးပွားရေးစာစောင်က သုံးသပ်တင်ပြသည်။


တောင်ပေါ်သား

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

တောင်ကြီး–ရန်ကုန်–မန္တလေး–နေပြည်တော်–ဘားအံ–ကော့ကရိတ်–မြဝတီ

တောင်ပေါ်သားယာဉ်လိုင်းမှ

တောင်ကြီး ⟷ ရန်ကုန်
ညနေ(၆)နာရီ

ရန်ကုန်–နေပြည်တော်–ရမည်းသင်း
နံနက်(၈)နာရီ
နေ့လည်(၁)နာရီ
ညနေ(၄)နာရီ
ည(၈:၃၀)နာရီ

ရမည်းသင်း–နေပြည်တော်–ရန်ကုန်
နံနက်(၁၁:၃၀)နာရီ
နေ့လည် (၁၂) နာရီ
ည(၉:၃၀)နာရီ
ည(၁၀:၃၀)နာရီ

ရန်ကုန် မှ မန္တလေး
ည(၅:၃၀)နာရီ

မန္တလေး မှ ရန်ကုန်
ည(၉)နာရီ

ရန်ကုန်မှ ဘားအံ ၊ ကော့ကရိတ် ၊ မြဝတီ
ည(၇)နာရီ

ကော့ကရိတ် မှ ရန်ကုန်
ညနေ(၅)နာရီ

တောင်ကြီး ⟷ မန္တလေး
ည(၇)နာရီ

တောင်ကြီး ⟷ နေပြည်တော်
ည(၇)နာရီ

နေပြည်တော် မှ မန္တလေး
ည(၅:၃၀)နာရီ

မန္တလေး မှ နေပြည်တော်
ညနေ(၄)နာရီ

အထက်ပါ ခရီးစဉ်တွေကို အထက်ပါယာဉ်ထွက်ချိန်အတိုင်း ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

တောင်ပေါ်သားယာဉ်လိုင်းမိသားစု

အထူးကျေးဇူးတင်ရှိပါသည်။


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၈ | ၉၇၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၃ | ၇၆၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၈၉ | ၁၃၀၇ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၂ | ၃၀. ၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၄ | ၁၅၈ | ကျပ် |

၂၀၁၃ ဩဂုတ် ၂၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၇၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၆၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၃. ၁၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၉၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၃. ၄၈ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၀ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၈၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၀၁၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၁၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၀၇၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၇၉၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၀၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၉၆. ၆၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၉၅ |
| ငွေ | အောင်စ | ၂၃. ၇၆ |
| ကြေးနီ | ပေါင် | ၃. ၃၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဩဂုတ် ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




# လုပ်ငန်းသုံးကုန်ကြမ်းနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းအသွင်းများ၍ ပို့ကုန်ထက် သွင်းကုန်ကန်ဒေါ်လာသန်းရှစ်ရာကျော်ပို

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ်-၂၄**

၂၀၁၃-၁၄ဘဏ္ဍာနှစ်လေးလတာကာလ ကုန်သွယ်မှုပမာဏတွင် သွင်းကုန်တန်ဖိုးမှာ ပို့ကုန်ထက် အမေရိကန်ဒေါ်လာ သန်းရှစ်ရာကျော်ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

"မနှစ်က ပို့ကုန်က ပိုများပေမယ့် ဒီနှစ်တော့ လုပ်ငန်းသုံးကုန်ကြမ်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းသွင်းနေတော့ သွင်းကုန်ကပါများတယ်"ဟု စီးပွားကူးသန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

ယခုဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ ဩဂုတ် ၂ ရက်ထိ ကုန်သွယ်မှုပမာဏမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၂,၉၂၄ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၃,၇၆၀ သန်းရှိသည်။ ယခင်နှစ် လေးလတာကာလ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၃,၈၀၀ သန်းနှင့် သွင်းကုန်မှာကန်ဒေါ်လာ ၂,၈၇၀ သန်းသာရှိခဲ့သည်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံ၏ ပို့ကုန်များတွင် တွင်းထွက်သယံဇာတများသာ အများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့မှာ လေးလအတွင်း ကန်ဒေါ်လာသန်း ၁,၀၀၀ နှင့် သတ္တုတွင်းထွက်ပစ္စည်းများမှာ ကန်ဒေါ်လာသန်း ၂၅၀ တင်ပို့ထားသည်။ လယ်ယာထွက်ကုန်များမှာ လက်ရှိအချိန်ထိ လေးလအတွင်း သန်း ၈၀၀ သာ တင်ပို့နိုင်သေးသည်။

သွင်းကုန်များမှာ လုပ်ငန်းသုံး ကုန်ကြမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများက ကန်ဒေါ်လာသန်း ၇၀၀ ကျော်ထိရှိသည်။ ယခုနှစ် သွင်းကုန်တန်ဖိုးတိုးတက်ရခြင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုကြောင့်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍမှ သွင်းကုန်များမှာ ယခုလအတွင်း အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ထိရှိလာသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)




## ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်တူးဖော်နေသော ကုမ္ပဏီများ EIA နှင့် SIA အစီရင်ခံစာတင်သွင်းရ

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၂၆**

ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်လုပ်ကိုင်နေသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA နှင့် SIA) နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများ လုပ်ဆောင်ရန် စွမ်းအင်ဝန်ကြီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

ဝန်ကြီးဌာနက လက်ရှိတူးဖော်ရေးလုပ်ကိုင်နေသော ကုမ္ပဏီများသည် EIA ၊ SIA နှင့် EMP (Environmental Management Plan) မဖြစ်မနေ လုပ်ဆောင်ရန် ကုမ္ပဏီတစ်ခုချင်းစီ ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း၊ ယခုလအတွင်း ထုတ်ပြန်ထားသောကြောင့် မကြာမီအစီရင်ခံစာများကို ဝန်ကြီးဌာနသို့ တင်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလလယ်လောက်က ကုမ္ပဏီတွေကို ပြောထားပါတယ်။ EIA နဲ့ SIA မလုပ်ဘဲ တူးဖော်ခွင့်ရရှိထားတဲ့ ကုမ္ပဏီတွေ အကုန်လုပ်ရမယ်" ဟု အဆိုပါ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဝန်ကြီးဌာနက နောက်ထပ်တူးဖော်လုပ်ကိုင်မည့် ကုမ္ပဏီများကို EIA ၊ SIA လုပ်ဆောင်ချက်များပါသည့် အစီရင်ခံစာများကို တင်ပြရန် စည်းကမ်းချက်အသစ် ထပ်တိုးထားသည့်အပြင် လုပ်ကိုင်နေသည့်ကုမ္ပဏီများကိုလည်း ယခုလ တတိယပတ်မှစတင်၍ အကြောင်းကြားထားခြင်းဖြစ်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော် လုပ်ကိုင်နေကြသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို EIA ၊ SIA EMP များ မဖြစ်မနေ လုပ်ဆောင်ရန် စာချုပ်ပါ စည်းကမ်းချက်များတွင် ထည့်သွင်းထားသော်လည်း စီးပွားရေးလုပ်ငန်းရှင်များ တာဝန်ယူရမည့် လူမှုရေးတာဝန် (CSR) နှင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှု ရှိစေရန် (EITI) အချက်တို့ကို တောင်းဆိုချက်ဖြင့်သာ တောင်းဆိုထားကြောင်း အဆိုပါတာဝန်ရှိသူတစ်ဦးက ထပ်မံပြောသည်။

မြန်မာနိုင်ငံရှိ ကမ်းလွန်နှင့် ကုန်းတွင်းလုပ်ကွက်များတွင် လက်ရှိလုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်း ၃၈ ခုရှိသည်။

ယခုနှစ်အတွင်း ကမ်းလွန်လုပ်ကွက်များ တူးဖော်လုပ်ကိုင်ရာတွင် ပဏာမအရည်အချင်းစစ်အောင်ထားသည့် ကုမ္ပဏီပေါင်း ၅၉ ခု ရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013




# မဲခေါင်မြစ်နှင့် လူသန်း ၆၀ အရေး

**ကြည်နေဝင်းမင်း**

ကမ္ဘာပေါ်တွင် ၁၂စင်းမြောက်အရှည်လျားဆုံးဖြစ်သော ခမ်းနားလှသည့် မဲခေါင်မြစ်မှာ မိသားစုပေါင်းများစွာ၊ ဆွေစဉ်မျိုးဆက်ပေါင်းများစွာ၏ စားဝတ်နေရေးကို ပြေလည်စေခဲ့သည်။ သို့သော် ယခုအခါမဲခေါင်မြစ်ငါးဖမ်းသမားများမှာ ၎င်းတို့ပိုက်ကွန်တွင် ငါးမထိမငြိသည်ကို မကြာခဏ ကြုံတွေ့လာကြရပြီး မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်ဆည်ကြီးများက ၎င်းတို့၏ စားဝတ်နေရေးလုပ်ငန်းများကို ဖျက်ဆီးပစ်မည်ကို စိုးရိမ်နေကြသည်။

ပတ်ချိုင်ဝမ်တစ်ယောက် ထိုင်းနိုင်ငံမြောက်ပိုင်း မဲခေါင်မြစ်ပေါ်တွင် ငါးဖမ်းနေသည်မှာ နှစ်ပေါင်းသုံးဆယ်ရှိပါပြီ။ သို့သော်ငါးအမိများသောရက်များ တဖြည်းဖြည်းရှားပါးလာသည်။ “တချို့ရက်တွေ ငါးမိတယ်။ တချို့ရက်တွေမှာ တစ်ကောင်မှမရဘူး”ဟု အသက်(၆၇)နှစ်အရွယ် ငါးဖမ်းသမားကြီးက ညည်းတွားပါသည်။ မစ္စတာပတ်ချိုင်မှာ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ပြည်နယ် ဝမ်ကိန်းဒေသနေ နှစ်ဒါဇင်ခန့်ရှိသော ငါးဖမ်းသမားများထဲမှ တစ်ဦးဖြစ်သည်။

ယင်းရပ်ကွက်မှလူအများအပြားအတွက်မူ မြစ်အထက်ပိုင်းတရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း ဆည်များတည်ဆောက်ထားခြင်းက နူးညံ့သိမ်မွေ့သော သဘာဝဖြစ်စဉ်ကို ပျက်ယွင်းသွားကာ ငါးမမိခြင်း အကြောင်းတရားပင်ဖြစ်သည်။

“ထုံးစံအတိုင်းဆိုရင် ရေပြင်က ရာသီအလိုက် အတက်အကျရှိတယ်။ ဒါပေမဲ့ အခုဆိုရင် ဆည်တွေ ပိတ်ထားသလား၊ ဖွင့်ထားသလားဆိုတဲ့အပေါ် မူတည်ပြီးတော့ ရေနည်းသွားလိုက် စီးဆင်းလိုက်ဖြစ်နေတယ်။ ဒါကြောင့် မြစ်ထဲမှာ ငါးနည်းသွားတယ်”ဟု ငါးဖမ်းသမား ဒီချာချိုင်ဝမ်(၄၈)နှစ်က ပြောပါသည်။

ယနေ့ဆိုလျှင် မဲခေါင်မြစ်အောက်ပိုင်း လာအိုနိုင်ငံတွင် ခြိမ်းခြောက်မှုအသစ်တစ်ရပ် ရှိနေပြန်ပါပြီ။

ဇာယာဘူရီရေအားလျှပ်စစ်စီမံကိန်းမှာ မဲခေါင်မြစ်အောက်ပိုင်းတွင် တည်ဆောက်ရန် လျာထားသော ဆည်များထဲမှ တစ်ခုဖြစ်ပြီး ယင်းအတွက် မြစ်ပေါ်တွင် တစ်နည်းမဟုတ်တစ်နည်း မှီခိုနေသည်ဟု ခန့်မှန်းထားသော လူပေါင်း သန်း ၆၀ ခန့်၏ အနာဂတ်အပေါ် စိုးရိမ်မှုများ မြင့်တက်လာသည်။ မိုင်ပေါင် ၃,၀၀၀ ရှည်လျားပြီး အရှေ့တောင်အာရှ၏ အရှည်ဆုံးမြစ်သည် မျိုးသုဉ်းပျောက်ကွယ်မှုနှင့် ရင်ဆိုင်နေရသော မဲခေါင်ငါးခူကြီးများ အပါအဝင် ရေချိုငါးမျိုးစိတ် ရာပေါင်းများစွာ ကျက်စားရာဒေသဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေ (WWF)အဖွဲ့က ဆိုသည်။

မဲခေါင် အောက်ပိုင်းတွင် ဆည်အဖျားပိုင်း တည်ဆောက်ခြင်းမှာ အရေးပါသော အစာအဟာရများကို တားဆီးထားခြင်း၊ ရေညှိများ များပြားလာခြင်း ဖြစ်ပေါ်လာနိုင်သလို မဲခေါင်ငါးခူကြီးအပါအဝင် ရွှေ့ပြောင်းနေထိုင်သော ငါးမျိုးပေါင်းများစွာကို မြစ်အထက်ပိုင်း သားပေါက်ရာနေရာများသို့ ကူးခတ်ဆန်တက်ခြင်းကို တားဆီးထားလိမ့်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များက ပြောကြားသည်။

“ဇာယာဘူရီဆည်ကြီး ခံနေမယ်ဆိုရင် ငါးတွေဥမချနိုင်ဘဲ ငါးအရေအတွက်နဲ့ ပေါက်ဖွားမှုတွေ လျော့ကျသွားပါလိမ့်မယ်။ သေချာပေါက် ကြီးမားတဲ့ရိုက်ခတ်မှု ဖြစ်ပါလိမ့်မယ်”ဟု ချင်းရိုင်ခရိုင် သဘာဝအရင်းအမြစ်နှင့်ယဉ်ကျေးမှု ထိန်းသိမ်းရေးကွန်ရက်မှ ဥက္ကဋ္ဌ နီဝတ်ရိုင်ကောက ဆိုပါသည်။

မဲခေါင်မြစ် ကော်မရှင် (MRC)၏ အဆိုအရ ငါးမျိုးစိတ်ပေါင်း ၂၀၀ ခန့်မှ အများအပြားမှာ မျိုးပွားရန် မြစ်အထက်ပိုင်းသို့ ဆန်တက်ပြီး ယင်းမှာ ကမ္ဘာပေါ်တွင် အရေးအကြီးဆုံး ငါးများရွှေ့ပြောင်းမှုဖြစ်သည်။

ထိုင်းကုမ္ပဏီအုပ်စု CH Karchang ဦးဆောင်တည်ဆောက်သော ဇာယာဘူရီရေအားလျှပ်စစ်စီမံကိန်းမှာ မဲခေါင်နိုင်ငံလေးနိုင်ငံကို သဘောထားကွဲပြားစေခဲ့သည်။ ယင်းလေးနိုင်ငံတွင် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းတို့ပါဝင်ပြီး မဲခေါင်မြစ်ကော်မရှင်ကိုလည်း ၎င်းတို့ကပင် ဖွဲ့စည်းခဲ့သည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံး ကွန်မြူနစ်လာအိုနိုင်ငံက ကုန်ကျစရိတ် ကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိနိုင်ပြီး လျှပ်စစ်ဓာတ်အား ၁,၂၈၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ဇာယာဘူရီဆည်မှာ မိမိတို့နိုင်ငံကို အရှေ့တောင်အာရှ၏ ဘက်ထရီဖြစ်လာစေလိမ့်မည်ဟု ယုံကြည်သည်။ ထိုင်းနိုင်ငံက ယင်းစီမံကိန်းမှ လျှပ်စစ်ဓာတ်အား အများစုကို ဝယ်ယူရန် သဘောတူထားသည်။ သို့သော် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့က ဆည်ကြောင့် ငါးများရွှေ့ပြောင်းနေထိုင်မှုနှင့် နုန်းမြေအနည်အနှစ်စီးဆင်းမှုကို ထိခိုက်ပြီး ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများ အထိနာမည်ကို စိုးရိမ်နေသည်။

ယင်းသို့ ပူပန်မှုများ ရှိနေသော်ငြားလည်း ဆည်၏အဓိကအစိတ်အပိုင်း ဆောက်လုပ်မှုကို နိုဝင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြီးဆုံးမည်ဟု လာအိုနိုင်ငံက ဟောကိန်းထုတ်နေသည်။

“ငါတို့ဟာမဲခေါင်မြစ်ရဲ့သားသမီးတွေပါ။ ငါတို့ဟာမဲခေါင်ပေါ်မှာမွေး၊ မဲခေါင်ပေါ်မှာ ကြီးပြင်းခဲ့ကြတယ်။ ဒီမြစ်ကြီးက ငါတို့ကို ထောက်ပံ့ခဲ့ပြီး ကြည့်ရှုစောင့်ရှောက်ခဲ့တယ်။ ဒီလိုနဲ့ တစ်နေ့မှာ ဆည်တွေပေါ်လာတယ်”ဟု နီဝတ်ရိုင်ကောက ပြောကြားပြီးပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နားမထောင်ဘဲ ဆက်လုပ်ရန် ဆုံးဖြတ်ချက်မှာ မဲခေါင်မြစ်ကို အာဏာသိမ်းခြင်းဟု ၎င်းကဆိုပါသည်။

နီဝတ်ရိုင်ကောတို့၏ အဖွဲ့အစည်းက စီမံကိန်းကို တားဆီးရေး ကြိုးပမ်းမှုအဖြစ် နိုင်ငံပိုင်ထိုင်းလျှပ်စစ်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (EGAT)နှင့် ထိုင်းအစိုးရကို တရားစွဲဆိုထားပါသည်။ EGAT ကသော်လည်းကောင်း၊ ဆည်ကိုဆောက်လုပ်နေသော CH Karchang ကုမ္ပဏီကသော်လည်းကောင်း မှတ်ချက်ပေးရန် တောင်းဆိုမှုကို မတုံ့ပြန်ခဲ့ကြပါ။

ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် လာအိုနိုင်ငံက ဆည်ဒီဇိုင်းကို ပြုပြင်ထားကြောင်း မဲခေါင်မြစ်ကော်မရှင်အတွင်းဝန်ရုံး အကြီးအကဲ ဟန်းစ်ဂတ်မန်းကဆိုပါသည်။ ပြောင်းလဲမှုများတွင် ဆည်ကိုဖြတ်၍ နုန်းမြေအနည်အနှစ်များကို ရေဖြင့်မျှောချရေးနှင့် ငါးများရွှေ့ပြောင်းသွားလာနိုင်ရန် လမ်းကြောင်းများ ပါရှိသည်ဟု ၎င်းက ဆက်ပြောပါသည်။

“နုန်းမြေအနည်အနှစ်တွေကို ရေနဲ့မျှောချတာဟာ စိတ်ကူးထားတဲ့အတိုင်း အလုပ်ဖြစ်မလားဆိုတာကတော့ မေးခွန်းထုတ်စရာဖြစ်နေပါသေးတယ်။ အကြောင်းကတော့ ဒါမျိုးဘယ်တုန်းကမှ မစမ်းသပ်ဖူးဘူး။ နောက်ပြီး ဒီလောက်ထုထည်ကြီးမားတဲ့ တည်ဆောက်မှုမှာ ငါးလမ်းကြောင်းတွေ အလုပ်ဖြစ်ပါ့မလားဆိုတာလည်း စိုးရိမ်မှုတွေရှိနေတယ်”ဟု မစ္စတာဟန်းစ်ဂတ်မန်းက ထပ်လောင်းပြောကြားပါသည်။

ထိုင်းရွာသားများသည် မဲခေါင်ကိုယ်စား တိုက်ပွဲဝင်နေသလို ၎င်းတို့လောက် လွတ်လပ်စွာပြောဆိုပိုင်ခွင့်မရှိသော လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြည်သူများအတွက်လည်း တိုက်ပွဲဝင်နေကြောင်း ‘နိုင်ငံတကာမြစ်များ’ လှုံ့ဆော်ရေးအုပ်စုတွင် ပါဝင်သော ပီယာပေါင်ဒီတက်စ်က ဆိုပါသည်။

“မဲခေါင်မြစ်နဲ့ ဆက်စပ်နေတဲ့ ပွဲတော်တွေ၊ အစဉ်အလာတွေ အများကြီးရှိပါတယ်”ဟု မစ္စစ်ပီယာပေါင်ကပြောပြီး မဲခေါင်ကိုစောင့်ရှောက်သော ဒဏ္ဍာရီလာနဂါးပွဲတော်မှာ ယင်းတို့ထဲမှ တစ်ခုဖြစ်သည်။ “ဒါပေမဲ့ ဆည်တွေကသာ မြစ်ကို ပိတ်ဆို့တားဆီးထားတယ်ဆိုရင် နဂါးကြီး မြစ်အထက်ပိုင်းမသွားနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ”ဟု ၎င်းကဆိုသည်။

ထို့အတူပင် ကြီးမားသော မဲခေါင်ငါးခူကြီးများလည်း မြစ်အထက်ပိုင်း သွားနိုင်မည်မဟုတ်ပေ။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေချိုငါးကြီးမျိုးတစ်မျိုးဖြစ်သော မဲခေါင်ငါးခူများမှာ အလျား ၁၀ ပေနှင့် အလေးချိန် ၃၀၀ ကီလိုဂရမ် (ပေါင် ၆၆၀)အထိ ကြီးမားသော ငါးကြီးများဖြစ်သည်။

အလွန်အကျွံ ငါးဖမ်းမှုကြောင့် ခြိမ်းခြောက်ခံနေရပြီဖြစ်သော ယင်းငါးကြီးများမှာ အကောင်ရေ ၂၀၀ ခန့်သာ ကျန်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ဆည်များတည်ဆောက်လိုက်ပါက ယင်းအထင်ကရ သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်သွားမည်ကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန်အဖွဲ့ (WWF) က စိုးရိမ်နေသည်။


ယင်းငါးကြီးမျိုး ငါးဖမ်းသမား ပတ်ချိုင်ဝမ်၏ ပိုက်ကွန်တွင် ပါမလာသည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပြီဖြစ်သည်။


“အရင်တုန်းက အဲဒီငါးတွေ အများကြီးမိတယ်။ အခုလုံးဝမမိတော့ဘူး” ဟု ၎င်းကဆိုရင်း “အဲဒီကောင်တွေ ဘယ်ရောက်သွားလဲ ငါမသိတော့ဘူး” ဟု ပြောလိုက်ပါသည်။

*—Ref: Mekong Fishermen fear for their future*

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

## 7DAY BOOK REVIEW




# ရွှေဥဒေါင်းဝတ္ထုတိုပေါင်းချုပ်(ပ+ဒု)

မြန်မာနိုင်ငံတွင် မည်သည့်အခါက ဝတ္ထုတို စတင်ပေါ်ပေါက်ခဲ့သည်ကို အတိအကျပြောရန်ခဲယဉ်းပါလိမ့်မည်။ အချို့ပညာရှင်များက အစောဆုံး မြန်မာဝတ္ထုမှာ ပုဂံခေတ် မြစေတီကျောက်စာဟု ထောက်ပြကြသည်။ မြစေတီကျောက်စာတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ရည်ရွယ်ချက်ပါရှိသောကြောင့်ဟုဆိုသည်။ ၁၉၂၀ ပြည့်နှစ်ကာလများတွင်မူ မြန်မာကာလပေါ် ဝတ္ထုဟုအမည်တွင်မည့်ဝတ္ထုအမျိုးအစားများပေါ်ပေါက်လာသည်။ ထိုဝတ္ထုများသည် ကိုလိုနီခေတ်ဦးကာလ မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကိုထင်ဟပ်သောဝတ္ထုများဖြစ်သည်။

၁၉၃၀ ပြည့်နှစ်များတွင် မြန်မာ့ဝတ္ထုတို အခြေခိုင်လာခဲ့ပြီး အရည်အတွက်မှအရည်အချင်းသို့ ပြောင်းလဲလာကာ ဝတ္ထုတို၏ သဘောသဘာဝများကို ကျွမ်းကျင်ပိုင်နိုင်သော စာရေးဆရာများ ပေါ်ထွက်လာခဲ့သည်။ နိုင်ငံအသီးသီးမှ ဝတ္ထုတိုအတတ်ပညာများကိုလည်း ရယူလာကြသည်။ ထိုခေတ်က မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ်နိုးကြားချိန်ဖြစ်၍ အမျိုးသားရေးစိတ်ဓာတ် ဖော်ကျူးသော ဝတ္ထုတိုများရေးသားခဲ့ကြသည်။ ထိုသို့ရေးသားခဲ့ရာ၌ ပီမိုးနင်း၊ ရွှေဥဒေါင်းနှင့် မဟာဆွေတို့မှာ ထင်ရှားသည်။

ဆရာကြီးရွှေဥဒေါင်းသည် ဝတ္ထုတိုများရေးရာတွင် မျိုးချစ်စိတ်အရင်းခံဖြင့် မြန်မာလူမျိုးတို့၏ လူရည်လူသွေးမည့်ပုံကို အသားပေးရေးလေ့ရှိသည်။ ယခုအခါ ဆရာကြီးရွှေဥဒေါင်းရေးသားခဲ့သော ဝတ္ထုတိုများကိုစုစည်း၍ စိတ်ကူးချိုချိုစာပေကရွှေဥဒေါင်းဝတ္ထုတို ပေါင်းချုပ်ပထမအုပ်နှင့် ဒုတိယအုပ်ကိုထုတ်ဝေလိုက်ပါသည်။ ထိုဝတ္ထုတိုပေါင်းချုပ်နှစ်အုပ်တွင် ဝတ္ထုတိုစုစုပေါင်း ၁၉၂ ပုဒ်ပါဝင်ပြီး ဂျမဒါကိုကိုကြီးဝတ္ထုများ၊ ဇော်ဟိတ်ဝတ္ထုများ၊ ဘဝကြမ္မာဆန်းကြယ်ရာဝတ္ထုတိုများ၊ လူရပ်ဌာနေထူးအံ့ထွေဝတ္ထုတိုများ၊ မေတ္တာသောကဗျာပါဒဝတ္ထုတိုများ၊ လှည့်စားဖန်ဖန်လောကဓံ ဝတ္ထုတိုများ၊ စဉ်းစားဆင်ခြင်ဉာဏ်မြော်မြင်ဝတ္ထုတိုများ၊ နယ်စုံကွန့်မြူး ဆန်းထွေထူးဝတ္ထုတိုများနှင့် စုံထောက်မဟုတ်သောအခြားဝတ္ထုများပါဝင်ပြီး ဆရာကြီးရွှေဥဒေါင်း၏စာပေများကို တခုတ်တရရှာဖွေစုဆောင်းဖတ်ရှုသူများ အကြိုက်တွေ့စေမည့် စာအုပ်ဖြစ်သည်။ စိတ်ကူးချိုချိုစာပေက တစ်အုပ်လျှင်တန်ဖိုး ၆၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ်ပေးခြင်း

သေဒဏ်ပေးရလောက်သည့် ပြစ်မှုများကို သေဒဏ်ချမှတ်စီရင်ရာတွင် နိုင်ငံအများအပြား၌ နည်းအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်ကို တွေ့နိုင်သည်။ အများကြားဖူးနေကျဖြစ်ပြီး ရုပ်ရှင်နှင့် စာပေများတွင် ယနေ့ခေတ် မြင်တွေ့ဖူးကြသည့် သေဒဏ်ပေးနည်းတစ်မျိုးမှာ လျှပ်စစ်ကုလားထိုင်တွင် သေဒဏ်အကျဉ်းသားကို ထိုင်စေကာ လျှပ်စစ်ဓာတ်လွှတ်၍ သေဒဏ်ပေးခြင်းဖြစ်သည်။ ကမ္ဘာတွင် အမေရိကန်နိုင်ငံက ထိုနည်းကို စတင်တီထွင်ကျင့်သုံးခဲ့သည်။ လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ်ပေးခြင်းမှာ ဒဏ်ပေးမည့်သူကို ကုလားထိုင်တွင် ထိုင်ခိုင်းထားပြီး လျှပ်စီးကြောင်းကို ခန္ဓာကိုယ်ထဲသို့လွှတ်ကာ စီရင်ခြင်းဖြစ်သည်။ လျှပ်စီးကြောင်းလွှတ်ရာတွင် ပထမစီးကြောင်းမှာ ဦးနှောက်အလုပ်မလုပ်အောင်၊ ဦးနှောက်သေဆုံးသွားအောင် လွှတ်လိုက်ခြင်းဖြစ်ပြီး ဒုတိယစီးကြောင်းတွင် ဓာတ်လိုက်ခံရမှုကြောင့် ကိုယ်တွင်းမှ နှလုံးအပါအဝင် အရေးကြီးသည့် အင်္ဂါအစိတ်အပိုင်းများပါ အလုပ်မလုပ်ဘဲ ရပ်တန့်သွားကာ အပြီးတိုင်သေဆုံးသွားစေခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ပထမဆုံးသော လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ်စီရင်မှုကို ၁၈၉၀ ဩဂုတ် ၆ ရက်က နယူးယောက်မြို့ရှိ အော့ဘန်းအကျဉ်းထောင်တွင် ဝီလီယမ်ကမ်မလာဟု အမည်ရသည့် အကျဉ်းသားအား စီရင်ရာ၌ စတင်အသုံးပြုခဲ့သည်။

—*Ref: Wiki*

## တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လူယုံဒုက္ခပေးမည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ စိတ်အနှောင့်အယှက်များဆက်တိုက်ပေါ်မည်။ ငွေရေးကြေးရေးကိစ္စအပေးအယူသတိရှိပါ။ အမှားအယွင်းရှိတတ်သည်။ တစ်ပါးသူကိစ္စများကြားဝင်၍ အာမခံခြင်းမပြုရ။ ပြဿနာဖြစ်တတ်သည်။ ရန်၊ အခက်အခဲနှင့် ယှဉ်ပြီးလုပ်ရတတ်သည်။ မိဘအကြီးအကဲကျန်းမာရေးဂရုစိုက်ရမည်။ စိတ်အနှောင့်အယှက်များမည်။ ငွေကုန်ကျမှုများမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အလုံးစုံအောင်မြင်ခြင်းနှင့် အလိုပြည့်စုံခြင်းများရှိမည်။ အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များအောင်မြင်မည်။ ဝေးကွာသူများနှင့် ပြန်လည်ချိတ်ဆက်မိမည်။ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရန် အခွင့်ကောင်းမည်။ မိသားစုအတွက် ရည်စူးဆောင်ရွက်သော လုပ်ငန်းများအောင်မြင်မည်။ အရပ်ဝေးသို့ သွားရောက်ခြင်းများကြုံမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

တစ်ပါးသူနှင့် မတူသော ရှုထောင့်မှလုပ်ကိုင်ခြင်းဖြင့် အောင်မြင်တိုးတက်မှုရမည်။ စိတ်ကူးကောင်းများ ပေါ်ထွက်နေမည်။ မိသားစုတွင် အိမ်ပြင်အိမ်ဆောက်ခြင်းများဆောင်ရွက်အဆင်ပြေမည်။ နေရာထိုင်ခင်းကိစ္စများကိုအခိုင်အမာဆောင်ရွက်၍ တိုးတက်မှုများရရှိမည်။ သူတစ်ပါးအပေါ် အားကိုးမှီခိုခြင်းထက် အရာရာကိုယ်ပိုင်မှုနှင့် လုပ်ပါ။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလုပ်အကြံအစည်၊ ရည်ရွယ်ချက်အောင်မြင်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့် တိုးတက်ခြင်းများ၊ အလိုပြည့်စုံ ခြင်းများကြုံမည်။ ငွေရေးကြေးရေးကိစ္စအလုပ်အကြံအစည်ကိစ္စများကို အခိုင်အမာလုပ်ကိုင်၍ တိုးတက်အောင်မြင်မည်။ ရန်အတိုက်အခံများကို ကျော်လွှား၍ အောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ မူလစိတ်ကူးသည်က တစ်မျိုးလက်တွေ့တစ်မျိုးဖြစ်လင့်ကစား အခက်အခဲအလုံးစုံကိုကျော်လွှားနိုင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်အနှောင့်အယှက်များမည်။ အတိုက်အခံများမည်။ ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ငွေကုန်ကြေးကျမှုများမည်။ အခက်အခဲများကြုံတွေ့မည်။ အညံ့ကြုံတတ်သည်။ လူယုံဒုက္ခပေးတတ်သည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ရမည်။ အလုပ်အကြံအစည်ကိစ္စများတွင် အလွဲလွဲအချော်ချော်ဖြစ်မည်။ ငွေကြေးအပေးအယူသတိရှိရမည်။ မေတ္တာရေးလမ်းကြောင်းတွင် အနှောင့်အယှက်များမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အခက်အခဲများကျော်လွှားနိုင်မည်။ ငွေကြေးကိစ္စဖြေရှင်းနိုင်မည်။ မိသားစုလုပ်ငန်းအကြံအစည်များ အောင်မြင်မည်။ ရန်အတိုက်အခံများကို ကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ တစ်ပါးသူကြောင့်ဖြစ်ပေါ်သော ပြဿနာများဖြေရှင်းနိုင်မည်။ ပြည်တွင်းပြည်ပခရီးများဆောင်ရွက်အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အခက်အခဲများအားလုံးကို ကျော်လွှားပြီး တိုးတက်မှုများရမည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ဆောင်ရွက်သောကိစ္စများမှ ထင်ရှားသော တိုးတက်မှုများရမည်။ အလုပ်စီးပွားနှင့် ဘဝအခြေအနေမြင့်မားတိုးတက်သောအနေအထားသို့ရောက်ရှိမည်။ လုပ်ငန်းခွင်မှသူများရာထူးတိုးခြင်း၊ နေရာကောင်းသို့ရောက်ခြင်း၊ အကြီးအကဲများ၏ နေရာပေးမှုအနီးကပ်ထားမှုကြုံမည်။ စိတ်ချမ်းမြေ့စရာများကြုံမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ကာလအတန်ကြာရပ်တန့်ထားသော အလုပ်ကိစ္စကိုပြန်လည်စတင်နိုင်ခြင်းများ ကြုံမည်။ မိသားစု လုပ် ငန်း၊ စီးပွားများတိုးတက်မည်။ အပြိုင်အဆိုင်အခက်အခဲများကို ကျော်လွှားနိုင်မည်။ လူလွတ်များအဖို့ အလွန်စန်းပွင့်မည်။ ကောင်းသောမေတ္တာရေးကံပေါ်မည်။ စိတ်ချမ်းမြေ့ရမည်။ အိမ်ထောင်ပြုခြင်း၊ မင်္ဂလာကိစ္စစီစဉ်ခြင်းများကြုံတွေ့ပေမည်။ အတတ်ပညာကို အခြေတည်၍ အောင်မြင်မှုရမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ခရီးနှင့်ပတ်သက်သော ကံကောင်းမည်။ အရပ်ဝေးနှင့် ဆက်ဆံပြီး တိုးတက်မှုများရရှိပေမည်။ အပြိုင်အဆိုင် များအားလုံးကိုကျော်ဖြတ်၍ တိုးတက်မှုများဖြစ်ထွန်းမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ဆိုင်းငံ့ထားသော လုပ်ငန်းများပြန်လည်အရှိန်မြင့်တင်လုပ်ကိုင်ရသော အနေအထားရှိမည်။ ရပ်တန့်ထားသော လုပ်ငန်းများပြန်လည်စတင်လုပ်ကိုင်ရမည်။ ပိတ်နေသော လမ်းကြောင်းများပြန်ပွင့်မည်။ ပျိုရွယ်သူများအလွန်စန်းပွင့်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကြန့်ကြာနှောင့်နှေးသော ကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ လက်လွှန်ထားသည်များ ပြန်လည်ရရှိမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် အလုံးစုံအဆင်ပြေအောင်ဆောင်ရွက်အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အပြောင်းအလဲနှင့် ဆက်တိုက်ဖြစ်ပေါ်မည်။ ယှဉ်ပြိုင်သူအားလုံးအပေါ် အနိုင်ယူနိုင်မည်။ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


အကုန်အကျများမည်။ အပျက်အစီးများအခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီးဆောင်ရွက်သောကိစ္စများမှထူးခြားသော အဆင်ပြေမှုများရရှိမည်။ ကိုယ်တိုင်ကျန်းမာရေးနှင့် အကြီးအကဲကျန်းမာရေးဂရုစိုက်ရမည်။ လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုအပြီးသတ်ရမည်။ မည်သည့်ကိစ္စကိုမဆို တစ်ကြိမ်မကလုပ်ပြီးမှ အဆင်ပြေမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အခက်အခဲများကို ကျော်လွှားနိုင်မည်။ ရန်အလုံးစုံကျော်လွှား၍ တိုးတက်မှုရရှိမည်။ မြင့်မားအောင်မြင်မှုများရရှိမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီးအဆင့်မြင့်သောအောင်မြင်မှုများရရှိမည်။ အတတ်ပညာအတွက်အဓိကဆောင်ရွက်သူများအဖို့ ထူးခြားသော တတ်လမ်းရမည်။ အလိုပြည့်မည်။ အတိုက်အခံအခက်အခဲများကျော်လွှားပြီးအောင်မြင်မှုများ ဖန်တီးနိုင်မည်။ တစ်ဦးထက်ပိုသော မေတ္တာရေးကိစ္စကြုံမည်။

# 7DAY PUZZLE

ပဟေဋ္ဌိ အမှတ်စဉ်(၂၄၈)



## အလျားလိုက်

၁။ အဆက်အသွယ်မပြတ်သော်လည်း ပျော်ရွှင်မှုမရှိသူများ
၃။ ဆရာမင်းလူနှင့် ညီအစ်ကိုတော်သူတစ်ဦး
၇။ လူအများကို ရုပ်ဆိုးစေသောပုံ
၈။ အဝေးပြေးလမ်းများပေါ်တွေ့ရသော အရာများ
၁၀။ အမေရိကန်နိုင်ငံသမိုင်းလှုပအောင် ထုဆစ်ခဲ့သူတစ်ဦး
၁၁။ မြန်မာနိုင်ငံတွင် ထုတ်လုပ်ခွင့်ရသည့် ကားအမှတ်တံဆိပ်

## ဒေါင်လိုက်

၂။ Puzzle ကံထူးသူရမည့်အရာ
၄။ ချင်းပြည်နယ်တွင် သတ္တုထွက်၊ မထွက် မစမ်းသပ်ရသေးသော မြို့နယ်
၅။ မြန်မာတွင် တစ်နှစ်လူပေါင်း ၂၅၀၀ သေဆုံးစေသော အခြင်းအရာ
၆။ မန္တလေးတွင် ဖွင့်လှစ်သော သင်တန်း တစ်ခု၏ လှုပ်ရှားမှု
၈။ မြန်မာအလုပ်သမားများ ပြန်သွားမည့်နိုင်ငံ
၉။ ဒေသခံများ စောင့်ရှောက်ရမည့်အရာများ


**Smart Dictionary ကံထူးသူ**

၁။ ခွန်ရိုထွန်း၊ ၁၂/ဒဂမ(နိုင်)၀၀၆၅၇၆
၄၄၅၊ ခွာညိုလမ်း၊ ၄၅ ရပ်ကွက်၊ မ/ဒဂုံ။

**ကျန်အဖြေမှန်သူများ**

၂။ ဦးဝင်းရွှေ၊ PGU - 073399
၃။ မဌေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၄။ Dr. တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈
၅။ မသန္တာအောင်၊ ၉/လဝန(နိုင်)၁၆၄၀၇၇
၆။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀

**ပဟေဋ္ဌိ အမှတ်စဉ်(၂၄၇)အဖြေမှန်**




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ..........................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃၀-၈-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုကျူးသူ

**ပဟေဋ္ဌိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဋ္ဌိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဋ္ဌိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**ဆရာ Jhonny**
ဆယ်တန်းကျောင်းသားများနှင့် International School ကလေးများအတွက် English နှင့် အခြားဘာသာများကို အိမ်တိုင်ရာရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၂၀၁၈၅၈၂၃

**Guide**
၈၊ ၉၊ ၁၀ တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide လုပ်ပေးသည်။ ဂုဏ်ထူး၊ အာမခံ၊ မေးခွန်း ဟောင်းလေ့ကျင့်ပေးသည်။
ဖုန်း- ၀၉ ၄၂၀၀၇၃၄၈၈

**Ever Stand**
ကိုရီးယား (EPS-TOPIK)စာမေးပွဲ အတွက် သီးသန့် ခုနစ်ယောက်ဝိုင်းများ။
ဖုန်း- ၀၉ ၄၃၁၀၇၄၀၂

**သင်ကြားပေးသည်**
Int'l School (Primary & Secondary Levels)(All Subjects)(AEIS,PSLE, IELTS,TOEFL,SAT)
Teacher Bryan M.E
PH: 09 420070692

**Study Guide**
၁၀ တန်းဘာသာစုံ ဂိုက်လိုပါက ဆက်သွယ်နိုင်ပါသည်။ (ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာမြို့နယ်များ)
တစ်ဘာသာ- ၁၂၀,၀၀၀ ကျပ်။
ဖုန်း- ၀၉၂၅၆၀၁၆၆၅၉

**OIEC (LMD)**
Sec 2,3&4/grade 8,9&10 ကျောင်းသားများ OIEC တစ်ခုတည်းတွင် IGCSE ကို 1yr တက်ပြီး ဘာသာစုံ ဂုဏ်ထူးနှင့် ထူးချွန်စွာ နှစ်ချင်းပေါက်ခဲ့ပါသည်။
ဖုန်း- ၀၉ ၇၃ ၂၅၅ ၂၈၁

**Teaching and Guide**
သူငယ်တန်းမှ ၈ တန်းထိဘာသာစုံ၊ ၉၊ ၁၀တန်း Myan, Eng, Bio သင်ကြားပေးသည်။ Guide လုပ်သည်။
ဖုန်း- ၀၉ ၄၂၀၇၉၃၃၂

**Pre Kg Kg**
International School မှ ကျောင်းသားနှင့် Grade I မှ V ကျောင်းသားများလက်ရေးလက်သားကောင်းမွန်ရန်နှင့် ဘာသာစုံအခြေခံကောင်းများ ရရှိစေရန် အိမ်အရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၃၁၀၄၅၆၉

**ငှားမည်**
25 Ton Crane အသစ် လချုပ်/နှစ်ချုပ် ငှားရမ်းနိုင်သည်။
ဖုန်း- ၀၉ ၅၁၄၃၃၂၂

**ဝယ်လိုသည်**
ရန်ကုန်မြို့တွင်းနှင့် မရမ်းကုန်း၊ ရန်ကင်း၊ လှိုင်၊ ဗဟန်းမြို့နယ်များ၊ ပေ 7000 sqft မှ 10000 sqft ရှိရမည်။ အထပ်မြင့် ပေ ၃၇၀(သို့)အထပ် ၂၀ ကျော်ဆောက်လုပ်နိုင်သော နေရာဖြစ်ရမည်။
unionasia01@gmail.com

**ရောင်းမည်**
အချိုရည် ပုလင်း(သို့) ယမကာပုလင်းများထဲသို့ ဆိုဒါရည်ရိုက်ထည့်ပေးခြင်း၊ ပုလင်းဖုံးပိတ်ပေးနိုင်ခြင်း ရိုက်စက်များ ရောင်းရန်ရှိပါသည်။
ဖုန်း- ၀၉ ၄၂၀၁၂၄၈၁၁

**ဝယ်လိုသည်**
နိုင်ငံတကာ အဆင့်မီ အဆောက်အအုံ Condominium သီးသန့်နှင့် Service Apartment ဆောက်လုပ်ရန် နေရာကောင်း မြေ (၂) နေရာဝယ်လိုသည်။
unionasia01@gmail.comက

**ရောင်းမည်**
100% beatsbydre studio headphone ရောင်းရန်ရှိသည်။ အသစ်နီးပါးကောင်းမွန်သည် အနာအဆာမရှိပါ။
ရောင်းဈေး- ၂၃၀,၀၀၀ ကျပ်
ဖုန်း- ၀၉ ၅၁၇၉၄၂၆

**ရောင်းရန်ရှိသည်**
Dell,Acer,ASUS Lenovo,Laptop Core i3,i5,i7 များရောင်းရန်ရှိသည်။
ဖုန်း-၀၉ ၄၅၀၀၃၉၈၄၄

**ဝယ်လိုသည်**
ဒဂုံမြောက်ပိုင်းမြို့နယ်မှ သိန်း ၁၀၀ ဝန်းကျင်မြေကွက်ဝယ်လိုပါသဖြင့် မြေပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
ဖုန်း- ၀၉ ၄၄၄၀၁၃၄၂၈

**ငှားမည်**
ပြည်လမ်း၊ ၈ မိုင် (MTP ကွန်ဒို) 1750sqft, 2MBR,1BR ပြင်ပြီး။ ငှား-15L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
ဗဟန်း၊ သံလွင်လမ်း ပေ (၈၄×၁၄၀) 2BN, ဂရန်၊ ရောင်းဈေး- 25000L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
ဗဟန်း၊ ဗိုလ်ချိုအိမ်ရာ ပေ(၆၀×၆၅) 2RC,3MBR,1BR ဂရန်။
ရောင်းဈေး-1000L ဖုန်း- ၀၉ ၇၃၁၄၇၇၉

**ငှားမည်**
ဗဟန်း၊ အင်းယားမြိုင်လမ်းမ ပေ(၁၀၀×၁၀၀) 2RC+2RC
ငှား-9000$ ၊ ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ငှားမည်**
ဗဟန်းရွှေတောင်ကုန်းရိပ်သာ ပေ (၉၀×၁၀၀)၊ 2RC,2MBR,4BR ပရိဘောဂရုံ၊ အဆင့်မြင့်ပြင်ပြီး။
ငှား-55L ၊ ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ငှားမည်**
စမ်းချောင်း၊ မြေနီကုန်း၊ ပြည်လမ်းမ ပေ (၈၀×၁၁၅)၊ မြေသီးသန့်။
ငှား-110L ၊ ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
ရန်ကင်း၊ သုခဝတီ ပေ(၈၆×၁၃၆)၊ ဘိုးဘွားပိုင်မြေ။ ရောင်းဈေး-1sqft-4L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
ဗဟန်း၊ သံလွင်လမ်း ပေ (၈၅×၁၅၀)၊ 1RC, ဂရန်။ ရောင်းဈေး-28000L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
မရမ်းကုန်း၊ ကမ္ဘာအေးဗီလာ ပေ(၃၀×၂၀)ဂရန်အမည်ပေါက်။
ရောင်းဈေး-28000L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
မ/ဒဂုံ၊ တပင်ရွှေထီးလမ်းမ၊ အမှတ်(၅) ဈေးအနီး၊ ပေ (၄၀×၆၀)၊ 2RC,
ရောင်းဈေး-1500L,
ဖုန်း- ၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**
၉ မိုင်၊ ပြည်လမ်းအနီး၊ ဝိဇ္ဇာလမ်း (11000sqft,3B,ဂရန်) ရောင်းဈေး-7000L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**
ဗဟန်း၊ အင်းယားမြိုင်လမ်းမ ပေ (၇၀×၁၀၀)၊ ဘိုးဘွားပိုင်
ရောင်းဈေး-1sqft-3.2L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**အကျိုးတူလုပ်ငန်း**
"မြန်မာ့မြေ"အိမ်ခြံမြေလုပ်ငန်းစုသို့ အကျိုးတူ ကွန်ဒို/တိုက်ခန်း/အိမ်ရာများ ဆောက်လုပ်ချင်သော မြေရှင်များ စုံစမ်းဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၇၃၁၄၇၇၉၃

**ရောင်းမည်**
မရမ်းကုန်း ပါရမီရိပ်သာ ပေ(၁၀၀×၁၃၅) 2RC,ဂရန်။ ရောင်းဈေး-13000L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**အိမ်ရောင်းမည်**
သုဓမ္မာလမ်းမကြီးပေါ်၊ မ/ဥက္ကလာပ၊ နှစ်၆၀ ဂရန်၊ ရေမီးစုံ၊ 2 BN၊ (မရမ်းကုန်းမြို့နယ်အနီး) ဆိုင်ဖွင့်ရန်အလွန်ကောင်း။
ဖုန်း- ၀၉ ၇၃၀၇၄၁၂၃

**ဇော်ရဲနိုင်ဘုရားဖူးပို့ဆောင်ရေး**
အဘအောင်မင်းခေါင်ထွက်ပွဲ (သီးသန့်) ၃ ရက်/အဘပွဲ+ပုဂံ ၄ ရက်/အဘပွဲ+တောင်ကြီး+လှိုင်ကော် ၆ ရက်၊ ၂၀. ၉. ၂၀၁၃ ထွက်+ ကြိုတင်လက်မှတ်ရောင်းချပေးနေပါပြီ။ ဖုန်း- ၀၉ ၇၃၀၅၆၆၈၂

**Life & Art**
ဗီဒီယို၊ ဗီစီဒီထုတ်လုပ်ရေး မျက်နှာသစ် သရုပ်ဆောင်နှင့် မော်ဒယ်လ်များအလိုရှိသည်။ ဖုန်း- ၀၉ ၄၂၁၁၀၉၆၂၂

**အနုပညာသင်တန်း**
Super Magnetic အနုပညာသင်တန်းကျောင်းမှ လူငယ်များအတွက် Model, Dancer, Vocal, Presenter သင်တန်းလေးမျိုးပေါင်းကို ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးနေပါပြီ။
ဖုန်း- ၀၉ ၂၂၂၈၃၈၀

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**
လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။
အမှတ်-၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

**ဝန်ဆောင်မှု**
Dynasty Computer Training
Basic Course, I-Office Adv Course, DTP Course, Graphic Design Course, Excel Special Course
PH: 09 421109778

**ရွှေအိမ်စံ(အိတ်ဆိုင်)**
နိုင်ငံခြားသေတ္တာ/တွန်းလှည်း၊ ကျောပိုးအိတ်၊ ခရီးဆောင်အိတ်၊ ဘေးလွယ်အိတ်၊ ရုံးသုံးဖိုင်အိတ်၊ ကျားလက်ကိုင်အိတ်၊ အမျိုးမျိုးအရောင်းဆိုင်။
ဖုန်း-၀၉ ၅၀၉၆၂၀၇

**ဒေါ်အေးအေးသွဲ့ B.Sc(Physics)**
အင်္ဂလိပ်နှင့် ရူပဗေဒဘာသာရပ်ကို Teaching/Guide လိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။(ပြည်မြို့တွင်း လက်ခံသင်ကြားပေးသည်)
ဖုန်း- ၀၉ ၃၁၅၉၃၅၂၂

**တရုတ်စာ Mandarin သင်သည်**
Chinese Language ထိုင်ဝမ်ပြန်ဘွဲ့ရဆရာမလင်းကိုယ်တိုင် Home available ဝန်ဆောင်မှုပေးပါသည်။
ဖုန်း- ၀၉ ၇၃၀၄၉၅၄၃

7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

စာမျက်နှာ (၂၆)မှ

## အိမ်ဦးနတ်ကို မမေ့စေချင်လို့တဲ့

သို့ပါလျက် လက်ရှိပြည်သူတစ်ယောက်ဖြစ်သည့်အဲ့သည်ဆရာမလေးက ဝန်ကြီးဦးအောင်မင်းကိုယ်တိုင်တက်ရောက်ခဲ့သည့်ရှစ်လေးလုံးငွေရတုအထိမ်းအမှတ်ပွဲနှင့်နှီးနွှယ်သည့် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်နားထောင်မိသည့် ၎င်းတွင် အပြစ်ရှိပါလားဟု ပြန်လည်ထုချေတင်ပြပိုင်ခွင့်မရှိခဲ့။ ထုချေတင်ပြခွင့်မရရှိလိုက်ဘဲ အပြစ်ဒဏ်အပေးခံရသည်ဆိုသည့်အခါ မဖြစ်မနေအပြစ်ဟုသတ်မှတ်လိုသဖြင့် နင်မဟုတ်လျှင် နင့်အဖေသာဖြစ်ရမည်ဟု သိုးငယ်အားကိုက်စားလေ၏ဆိုသည့် ဝံပုလွေပုံပြင်လိုမျိုးဖြစ်လေပေါ့ဟုထင်မိသည်။ ပေးခဲ့သော force to retire ဆိုသည့်အပြစ်ဒဏ်ကလည်း ပြင်းထန်လွန်းလှသည်။ တစ်ခါထပ်၍ နင်လားငါလားစိတ်ဖြင့် ပေးပြီးပင်စင်ကိုပါ ထပ်ဖြုတ်ပစ်ပြန်သေးဆိုသည့်အခါ နာယကဂုဏ်နှင့်ကင်းလွတ်စွာတမင်အပြိုးနှင့်ပေးသော မတရားအပြစ်ဒဏ်ဟုသာ သတ်မှတ်ရတော့မည်ထင်၏။

သည်သတင်းကြောင့်စိတ်မချမ်းမသာဖြစ်မိသည်နှင့် တစ်ဆက်တည်းလည်း န၀တလက်ထက်က ဝန်ထမ်းတွေကို ၃၃ ချက်မေးခွန်းတွေမေးပြီး စိတ်ဓာတ်ရေးရာအရ ချိုးနှိမ်ကာ အလုပ်ထုတ်ပစ်ခဲ့တာတွေ ပင်စင်ပေးပစ်ခဲ့တာတွေကို သတိရသည်။ နိုင်ငံရေးနှင့်ပတ်သက်ရကောင်းလားဟု ရမယ်ရှာအပြစ်ကြီးလုပ်လျက် သားစဉ်မြေးဆက် လူတောတိုးမရအောင်၊ နိုင်ငံရေးကိုလှည့်မကြည့်ဝံ့လောက်အောင် ရက်ရက်စက်စက် ချိုးနှိမ်ပစ်ခဲ့တာတွေ၊ မျက်လုံးထဲသဲနှင့်ပက်ခဲ့တာတွေ၊နိုင်ငံရေးမျက်ကန်းတွေဖြစ်ကုန်အောင်လုပ်ခဲ့တာတွေကို သတိရသည်။

စင်စစ်တွင် ပြည်သူတွေ နိုင်ငံရေးကိုစိတ်မဝင်စားရဲစိတ်မဝင်စားဝံ့အောင် စိတ်ဓာတ်ရေးရာအရချိုးနှိမ်လုပ်ဆောင်ပစ်ခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို အသူတရာနက်သော အမှောင်ချောက်ကမ်းပါးကြီးအတွင်းသို့ မိုက်မဲစွာတွန်းချပစ်ခြင်းသာဖြစ်၏ဟု တိတိကျကျပင် ဆိုချင်သည်။ နိုင်ငံရေးအသိ မထွန်းကားဘဲနှင့် နိုင်ငံချစ်စိတ်ကို မမွေးမြူနိုင်။ နိုင်ငံချစ်စိတ်မရှိဘဲလည်း နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းကို ရွက်ဆောင်နိုင်လိမ့်မည်မဟုတ်ဆိုသည်မှာ ငြင်းဖွယ်မရှိပါ။ တစ်ခါတစ်ရံ၌ အကြောင်းတစ်ခုခုက စေ့ဆော်ရိုက်သွင်းသဖြင့် မတော်တဆရလာသော မျက်ကန်းအာဂန္တုမျိုးချစ်စိတ်လိုက သန်းကကြောင်ယောင်ခြောက်ဆယ်စိတ်ဓာတ်လိုမျိုးကိုမူ အမှတ်မထင်ကောက်ရသလို ရကောင်းရနိုင်သော်လည်း ကြောင်းကျိုးခိုင်လုံစွာတွေးခေါ် တတ်သည့် ခိုင်မြဲတည်တံ့သော၊ နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ်အနစ်နာခံရဲသော နိုင်ငံချစ်စိတ်မျိုးကိုမူ မရနိုင်ပါ။

ကိုယ့်အရေးကိုယ့်ကိစ္စသက်သက်ကိုသာ သိတတ်လျက် နိုင်ငံကို မချစ်တတ်သည့် ပြည်သူများ (သို့မဟုတ်)နိုင်ငံရေးဆိုသည်နှင့် ကင်းကင်းကွာကွာနေလိုသော ပြည်သူများ မှီခိုနေထိုင်သည့်တိုင်းပြည်သည်လည်း မတိုးတက်နိုင်ပါ။

လွန်လေပြီးခဲ့သည့် န၀တခေတ်ဆိုသည်ကတော့ နိုင်ငံရေးဆိုသည့် ဝေါဟာရနှင့် နိုင်ငံရေးသမားကို သေနတ်ပြောင်းဝနှင့်တေ့ကာ မစင်တွင်းထဲ တွန်းချနှစ်မြှုပ်လျက် စစ်တပ်ကိုသာ ရွှေပိန်းချစိန်စီအမွှမ်းတင်ခဲ့သည့်ခေတ်ဖြစ်ခဲ့သည်။ ယခုတော့ သူတို့တွေကိုယ်တိုင် နိုင်ငံရေးသမားတွေဖြစ်လာခဲ့ကြပြီကိုမူ ထားတော့။ ဟိုအခါတုန်းကဖြင့် နိုင်ငံရေးသမားတွေကို ရာဇဝတ်မှုကျူးလွန်သူတွေအဖြစ်သာ သတ်မှတ်ရှုမြင်စေခဲ့သည်။

ယခုကားစစ်တပ်ကအုပ်ချုပ်သော စစ်အစိုးရခေတ်မဟုတ်တော့။ ၂၀၁၀ တွင် ကျင်းပခဲ့သည့် ပြည်သူက ရွေးချယ်တင်မြှောက်သောရွေးကောက်ပွဲကိုကျော်ဖြတ်ခဲ့ပြီ။ ထို့ကြောင့် ပုံစံအားဖြင့်ကို ပြည်သူ့ကိုယ်စားလှယ်များက တာဝန်ယူရသော ပြည်သူ့အစိုးရဖြစ်လာခဲ့ပြီ။ ထို့ကြောင့် အစိုးရသည်လည်း ပြည်သူထဲမှ ပြည်သူသာလျှင်ဖြစ်ခဲ့ပြီ။ ပြည်သူနှင့်တစ်သားတည်းမို့ အာဏာကိုပိုင်စိုးသော အာဏာရှင်မဟုတ်တော့။

မနေ့တစ်နေ့ကမှပင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အစိုးရအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများသည် အာဏာပိုင်များမဟုတ်ကြ။ ပြည်သူ့အခွန်ဘဏ္ဍာငွေကိုစားသည့် ပြည်သူ့တာဝန်ကို ထမ်းဆောင်ရသောပြည်သူ့ဝန်ထမ်းတွေသာဖြစ်သည်ဟု မီဒီယာများနှင့် တွေ့ဆုံပွဲတစ်ခုတွင် ပြောသွားခဲ့သေးတာမှတ်သားထားမိသည်။ နားဝင်ချိုလိုက်တာဟုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ပြည်သူသာအမိ၊ ပြည်သူသာအဖခေတ်စစ်စစ်သို့ အမြန်ဆုံးပြန်လည်ရောက်ရှိပေတော့အံ့ဟုလည်း မျှော်မိရသည်။

သို့ပါလျက် ကြားရသည့်သတင်းတွေက မမွှေး။ တိုးတိုးပြီး ပွင့်ရမည့်အစား ပြန်ပြန်ပြီးပိတ်သွားသလားဟုပင် ခံစားလာရသည်။ သည်လိုပုံနှင့် မိုးကြီးချုပ်လျှင် စဉ်းစားမိတော့ ရှေ့ရေးကရင်လေးစရာအတော်ကောင်းနေပြန်၏။

နောက်ထပ်ကြားရပြန်သေးသည့်သတင်းက အဘယ်သို့သော အကြောင်းကြောင့်ဘယ်ဥပဒေအရဘာကိုစိုးရိမ်၍ ဘယ်ကစတင်ချမှတ်လိုက်ပြန်သည့် အမိန့်မှန်းတော့မသိ။ ခန်းမတွေဟိုတယ်တွေမှာ အခမ်းအနားတွေလုပ်လိုလျှင် သာမန်စာအုပ်မိတ်ဆက်ပွဲလို ပွဲလေးမှစ၍ မည်သို့သော အခမ်းအနားမျိုးကိုမဆို ရက် ၂၀ ကြိုတင်ပြီး သက်ဆိုင်ရာကို ခွင့်တောင်းရမည်တဲ့။ ခွင့်ပြုမိန့်ကျမှ ကျင်းပရမည်တဲ့။

အမှန်တော့ သည်အခမ်းအနားတွေဆိုသည်က နိုင်ငံတော်ကိုပုန်ကန်ခြားနားမည့် အခမ်းအနားတွေလည်းမဟုတ်။ နိုင်ငံ၏ သည်အချိန်နှင့် သည်အခြေအနေက ဒီမိုကရေစီရေးအတွက် လေတိုးမခံနိုင်သေးသည့် အခြေအနေမျိုး၌သာရှိနေသေးကြောင်း လူတိုင်းသိဖြစ်ပေရာ နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်သည့်သူမှန်လျှင် လေတိုးမည်စိုး၍ အသက်ကိုပင် ပြင်းပြင်းမရှူကြ။ ဒီမိုကရေစီပျိုးပင်ပေါက်ကလေးရှင်ပါစေ သန်ပါစေဟု ရေကြည်လောင်း ပေါင်းသင်မြေတောင်မြှောက်လိုကြသူတွေသာရှိသည်။

သို့သော် သင်ခန်းစာယူစရာသမိုင်းကိုတော့ ပြောကြလေမည်ပေါ့။ အမှားကိုမြင်တော့လည်း ပြင်စေလိုကြောင်း စေတနာရင်းစွဲဖြင့် ထောက်ပြဝေဖန်သမှုတော့ ပြုကောင်းပြုကြပေမပေါ့။ ဒါကို စိုးရိမ်စရာအခြေအနေတစ်ရပ်ဟု မမြင်စေချင်။ ဝဲပေါက်နေသူ ပင်လယ်ရေကြောက်သလိုမျိုးမဖြစ်စေချင်။ ပွင့်လင်းမြင်သာသော အလင်းရောင်သည်သာ အရာရာ သံသယမှ ကင်းဝေးစေနိုင်၏ဟု ယုံကြည်သင့်သည်။ ပွင့်လင်းမြင်သာမှု တံခါးပေါက်မှန်သမျှကို ပိတ်ဆို့ထားခဲ့သော လွန်ခဲ့သည့်ခေတ်ထဲမှ လောင်ပုပ်တက်နေသည့် မှားယွင်းမှု အိုင်းအနာဆွေးတွေက အနာဖေးပင်မတက်တတ်သေးပါ။ သင်ခန်းစာယူစရာ ပူပူနွေးနွေးကြီးတွေပင် ရှိနေပါသေးသည်။

ထို့ကြောင့် မည်သည့်နေရာ၌မဆို စည်းကမ်းဆိုသည်က ရှိကောင်းသည်မှန်သော်လည်း လွတ်လပ်မှုကိုချုပ်ကိုင်ဖို့၊ ပွင့်လင်းမှုတံခါးတွေကို ပိတ်ဆို့ပစ်ဖို့ ရည်ရွယ်လျက်ဖြင့်တော့ စည်းကမ်းမဟုတ်သည့် ချုပ်ချယ်ခြင်းတွေကို မချမှတ်သင့်၊ မဆောင်ရွက်သင့်ဟု မြင်မိရသည်။

တွေးမိရင်းမှပင် ငယ်စဉ်က ကြုံခဲ့ရဖူးသော လင်မယားနှစ်ယောက်ထံ စိတ်ကရောက်မိ၏။ ထိုလင်မယားတွင် လင်က မယားကိုနေ့ရှိသရွေ့ဆိုသလိုအကြောင်းမရှိအကြောင်းရှာလျက် ရိုက်ပုတ်နှိပ်စက်တတ်လေသည်။ သည်အခြေအနေကို အမြင်မတော်သူတွေက ဘာ့ကြောင့်များ ဇနီးသည်ကိုအကြောင်းမဲ့ နှိပ်စက်နေရတာလဲ မေးသည့်အခါ ယောကျ်ားလုပ်သူဖြေပုံက မှတ်သားလောက်သည်။

“ကျုပ်ဆိုတဲ့ အိမ်ဦးနတ်ရှိနေတဲ့အကြောင်း မမေ့အောင်လို့ ရိုက်ရိုက်ပေးနေရတာ. . ”တဲ့။

ဩော်. . ဒီလိုပေကိုးဟု ထိုယောကျ်ားကို ထိုစဉ်က တအံ့တဩဖြစ်ခဲ့ရဖူးသည်။

ယခုတွေ့ကြုံကြားသိနေရသည့်အထွေထွေအကြောင်းကြောင်းကိစ္စများတွင်တော့ ထိုသို့ မအံ့ဩပါရစေနှင့်တော့ဟုသာ တောင်းတောင်းပန်ပန်ပြောချင်နေမိရသည်။

ထို့အတူလည်း ခြောက်လုံးပြူးအိတ်ထဲ ပြောင်းဖူးစဉ်းရိုးထည့်ပေးထားမှ နေသာထိုင်သာရှိသွားကြသည့် ပျူစောထီးဗိုလ်တွေလိုလည်း ရုပ်ပျက်ဆင်းပျက်မဖြစ်ကြစေချင်ပါ. . ဟု။ ။

စာမျက်နှာ(၂၀)မှ

## ဖန်လုံအိမ်ဓာတ်ငွေ့ အန္တရာယ်နှင့် အနာဂတ်ကမ္ဘာ

ယင်းကွန်ဖရင့်ကဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ၏ ဦးဆောင်မှုဖြင့် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချဖို့၊ နေရောင် ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ရေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ အဏုမြူစွမ်းအင်များ အစားထိုးသုံးစွဲဖို့ ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ဥရောပတိုက်၌ ကျောက်မီးသွေး စွမ်းအင်သုံးစက်ရုံသစ်များ ရပ်ဆိုင်းသည့်နည်းတူ အခြားဒေသများကလည်း အတုယူရပ်ဆိုင်းကြဖို့၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီများကလည်း ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချနိုင်ရေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊စက်မှုနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ပေးဖို့၊ ကမ္ဘာ့ရာသီဥတုပြန်လည်ထိန်းသိမ်းရေးရန်ပုံငွေ (green climate fund)အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ဝိုင်းဝန်းထူထောင်ဖို့ ကုလသမဂ္ဂဦးဆောင်မှုဖြင့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ သဘောတူစာချုပ်(global climate treaty)တစ်ခုကို ၂၀၁၅ ခုနှစ်တွင်ပြုလုပ်ဖို့စီမံဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ပညာရှင်များ အဆိုအရ လက်ရှိအတိုင်း ကာဗွန်ဒိုင်အောက် ဆိုက်လျှော့ချရေးကို ဝိုင်းဝန်းလုပ်ဆောင်ပါက နှစ်တစ်ရာအတွင်း ကမ္ဘာ့မျက်နှာပြင် အပူချိန် နှစ်ဒီဂရီစင်တီဂရိတ်လောက်သာ တိုးလာနိုင်ပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုမှာလည်း ပီပီအမ် ၅၂၅ ဝန်းကျင်သာရှိနိုင်ကြောင်း၊ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် စောင့်ထိန်းမှုအားနည်းပါက ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပီပီအမ် ၈၀၀ ဝန်းကျင်ရှိလာပြီး လက်ရှိထက် ငါးဒီဂရီစင်တီဂရိတ်ခန့်ထိ တိုးမြင့်လာနိုင်ကြောင်း၊ နှစ်တစ်ရာဆိုသော်လည်း ၂၀၂၀၊ ၂၀၄၀၊ ၂၀၅၀ ပြည့်နှစ်များသည် သိသာသောဆိုးကျိုးများပေါ်ထွက်လာနိုင်သည့်သမိုင်းမှတ်တိုင်များ ဖြစ်ဖွယ်ရှိကြောင်း သတိပေးထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အကြမ်းဖျင်းအားဖြင့် လားရှိုးနယ်မြေမှ မြောက်ဘက်ပိုင်းမှာ လတ္တီတွဒ်အလယ်ပိုင်းဇုန်တွင် ကျရောက်ပြီး တောင်ပိုင်းတစ်ခုလုံးသည် လတ္တီတွဒ်အနိမ့်ပိုင်းဇုန်တွင် ကျရောက်လျက်ရှိပါသည်။ လက်ရှိကမ္ဘာ့မျက်နှာပြင်အပူချိန် ၁၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှာ တစ်ကမ္ဘာလုံးပျမ်းမျှတွက်ချက်မှုသာ ဖြစ်ပါသည်။ မြန်မာ့စီးပွားရေး အချက်အချာဒေသများမှာ အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိသည်ကတစ်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု မြင့်မားသည့် နိုင်ငံများအကြား ကျရောက်လျက်ရှိသည်ကတစ်ကြောင်း၊ ဆင်းရဲမှုကို အကြောင်းခံ၍ သဘာဝပတ်ဝန်းကျင် အတော်အတန်ပျက်စီးခဲ့ရသည်ကတစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာရှင်များ မွေးမြူထုတ်လုပ်ရန် ပျက်ကွက်ခဲ့သည်ကတစ်ကြောင်း၊ နိုင်ငံပိုင်ပြည်တွင်းပြည်ပ အရန်ငွေကြေးတောင့်တင်းမှုအားနည်းခဲ့သည်ကတစ်ကြောင်းစသည်တို့ကြောင့် မြန်မာ့လက်ရှိလူငယ်မျိုးဆက်နှင့် အနာဂတ်မျိုးဆက်သစ် တိုင်းရင်းသားအပေါင်း၏ ဘဝလုံခြုံစိတ်ချရမှုတည်ဆောက်ရာတွင် အခက်အခဲများစွာရှိနိုင်ပါသည်။ အသိပညာပေးမှုပိုင်းတွင်လည်း ရေချိုဖြုန်းတီးမှု၊ ရေချိုသိုလှောင်မှု၊ မြူနီစပယ်အညစ်အကြေးစွန့်ပစ်မှု၊စက်ရုံစွန့်ပစ်အညစ်အကြေးကြပ်မတ်မှု၊ ယာဉ်သုံးစွဲမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လိုက်လျောညီထွေဖြစ်မည့်မြို့ပြတည်ဆောက်မှု၊ မြစ်ကြောင်းထိန်းသိမ်းမှု၊ ဆိပ်ကမ်းများခေတ်မီသန့်ရှင်းမှု၊ စာသင်ကျောင်းများ စိမ်းလန်းစိုပြည်သန့်ရှင်းမှုစသည့် သင်ခန်းစာများကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာသင့်ပြီဖြစ်ပါသည်။ သစ်တောတစ်ဧကသည် နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက် ၅ ဒသမ ၂၂ တန်ကို စုပ်ယူနိုင်ကြောင်း၊ ကျောက်မီးသွေးတစ်တန် လောင်ကျွမ်းလျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၂ ဒသမ ၅ တန် ထွက်ရှိကြောင်း၊ ဓာတ်ဆီဂါလန်တစ်ရာလောင်ကျွမ်းလျှင်၊ ကာဗွန်ဒိုင်အောက်ဆိုက်တစ်တန်ထွက်ရှိကြောင်း၊ ဒီဇယ်ဆီ ၈၈ ဂါလန်လောင်ကျွမ်းလျှင် ကာဗွန်ဒိုင်အောက်ဆိုက်တစ်တန် ထွက်ရှိကြောင်း၊ ရေချိုထုကို ထိခိုက်စေမည့် သစ်ပင်မျိုးစိတ်နှင့် စက်မှုလုပ်ငန်းကို ထိန်းချုပ်သင့်ကြောင်း စသည့် စဉ်းစားတွေးခေါ်မှုများလည်း ရင့်ကျက်သင့်ပြီ ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း ရှေ့တန်းသို့ရောက်ရှိသင့်ပြီဖြစ်ပါသည်။

အချုပ်အားဖြင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေသည့် ဖန်လုံအိမ်အာနိသင်လျှော့ချရေးနှင့် အနာဂတ်မြေကမ္ဘာစိမ်းလန်းစိုပြည်ရေးတာဝန်သည် နိုင်ငံတိုင်း၏ တာဝန်ဖြစ်နေပါပြီ။

ထိုတာဝန်ကို ကျေပွန်ဖို့ဆိုလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပုဂ္ဂလိက အသင်းအဖွဲ့အားလုံး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပီပြင်ရေး၊ ယင်းအသင်းအဖွဲ့များ လုပ်ငန်းဆောင်ရွက်မှုချောမွေ့အောင် အစိုးရပိုင်းက ကူညီအားပေးရေး၊ နိုင်ငံတော်အဆင့်ပညာရှင်အဖွဲ့နှင့် နိုင်ငံပိုင်ဓနအင်အားတောင့်တင်းရေးတို့သည် ပဓာနကျလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

# Environment

7 DAY NEWS JOURNAL

Vol.12, No.25 • AUGUST 28 , 2013




နိုင်ငံခြားသို့ သစ်များတင်ပို့ရန် သင်္ဘောပေါ်တင်နေစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကချင်ပြည်နယ်တွင် သစ်ခိုးထုတ်မှု တွေ့ရှိပါက သတင်းပေးရန် ဒေသခံများအား ဖိတ်ခေါ်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၂၃**

ကချင်ပြည်နယ်ရှိ တရားမဝင် သစ်ခိုးထုတ်မှုများကို လုံခြုံရေးအခြေအနေနှင့် ခိုင်မာသည့်သတင်းအချက်အလက်များ ရယူကာ ဖမ်းဆီးနေသောကြောင့် တရားမဝင် သစ်ကားများ သယ်ပို့နေသည်ကို တွေ့ရှိပါကသတင်းပေးရန်ဒေသခံပြည်သူများအား ဖိတ်ခေါ်ကြောင်း သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ပြောသည်။

"ကချင်ပြည်နယ်က လုံခြုံရေးအကန့်အသတ်ရှိတော့ ရမ်းလုပ်လို့မရဘူး။ ခိုင်မာတဲ့ သတင်းအချက်အလက်ရှိရင် အဆင်ပြေတယ်။ အဲဒါကြောင့် ဒေသခံတွေလည်း ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဩဂုတ်လဆန်းပိုင်းက ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်တွင် နယ်စပ်ဖြတ်ကျော် တင်ပို့မည့် တရားမဝင်သစ်ကားများ ရက်ဆက်ဖမ်းဆီးမှုနှင့်ပတ်သက်ပြီး မေးမြန်းရာ လမ်းကြောင်းဖြင့် ဖမ်းဆီးခြင်းမဟုတ်ဘဲ သတင်းရရှိမှုကြောင့် ဖမ်းဆီးခြင်းဖြစ်သည်ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ကချင်ပြည်နယ်တွင်ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း တရားမဝင် သစ်ခိုးထုတ်မှုများ များပြားကြောင်း သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြလာပြီးနောက် လူမှုကွန်ရက်စာမျက်နှာများတွင် ဝန်ကြီးဌာနအား ဝေဖန်မှုများ ထွက်ပေါ်လာကာ တရားမဝင် သစ်ခိုးထုတ်သူများကို ဝန်ကြီးဌာနက မကြာခဏ ဖမ်းဆီးလာသည်။

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်တွင် တစ်ရက်အတွင်း ကျွန်းနှင့် တမလန်းခွဲသားများ သယ်ဆောင်လာသည့်တရားမဝင်သစ်ကား အစီး ၃၀ ဖမ်းဆီးရမိပြီး သုံးရက်ဆက်တိုက် ဖမ်းဆီးရာတွင် စုစုပေါင်း ၅၅ စီး ဖမ်းဆီးရရှိခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ နယ်စပ်မှ တရားမဝင်သစ်များ အဓိကဝယ်သည့် ဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကချင်ပြည်နယ်တွင် ယခု ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်ခိုးထုတ်မှု ၂၇၇၇ တန် ဖမ်းဆီးရမိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆၉၃၈ တန် ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတကာအဖွဲ့ EIA ၏ ထုတ်ပြန်ချက်တွင် ကချင်ပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တရားမဝင် သစ်တင်ပို့မှုသည် တန်တစ်သိန်းကျော် ရှိသည်ဟု ဖော်ပြထားသည်။ နိုင်ငံတကာအဖွဲ့ EIA ထုတ်ပြန်ချက်သည် ဝန်ကြီးဌာနထုတ်ပြန်ထားသည့် တရားမဝင် သစ်ခိုးခုတ်မှုနှင့် နှိုင်းယှဉ်ပါက တန်ကိုးသောင်းကျော် ကွာဟနေသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်(၂၀၁၂-၂၀၁၃) တွင် တစ်နိုင်ငံလုံးရှိ တရားမဝင် သစ်ခိုးခုတ်မှုများကို ဖမ်းဆီးရာ တန်သုံးသောင်းကျော် ဖမ်းဆီးရမိပြီး ယခင်နှစ်ထက်တန်တစ်ထောင်ကျော် ပိုမို ဖမ်းဆီးနိုင်ခဲ့သည်။

## ကမ္ဘာမြေချစ်သူဆု ပုဂ္ဂိုလ်ရှစ်ဦးအား ရွေးချယ်ပေးအပ်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဩဂုတ်-၂၄**

ဒုတိယအကြိမ်မြောက် ကမ္ဘာမြေချစ်သူဆုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အကျိုးပြုသည့် ပုဂ္ဂိုလ်ရှစ်ဦးအား ပေးအပ်မည်ဟု သတင်းရရှိသည်။

ကမ္ဘာမြေချစ်သူဆုကို ၂၀၁၂ ဩဂုတ် ၇ ရက်က ပထမဆုံး အကြိမ်ပေးအပ်ခဲ့ပြီး သစ်ပင်၁,၀၀၀ ရှင်သန်အောင် စိုက်ပျိုးနိုင်သည့် ပုဂ္ဂိုလ် ၁၆ ဦးအား ကမ္ဘာမြေချစ်သူဆုပေးအပ်ခဲ့သည်။

ယခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်များ စိုက်ပျိုးနိုင်သူရှစ်ဦးအား ရွေးချယ်၍ ကမ္ဘာမြေချစ်သူဆုနှင့် အထူးဆုအဖြစ် ပေးအပ်မည်ဟု FREDA (သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်း)မှ ဦးအုန်းကပြောသည်။

"သစ်ပင်အနည်းဆုံး၁,၀၀၀ စိုက်ပျိုးပြီး ထိန်းသိမ်းတဲ့သူကို ရွေးချယ်တာ၊ တချို့ဆိုရင် သစ်ပင်တစ်ထောင်တောင်မကဘူးစိုက်ထားတာ။ အဲဒါအပြင် သမင်တွေ၊ ချေတွေပါ ထိန်းသိမ်းထားသေးတယ်"ဟု ဦးအုန်းကပြောသည်။

ကမ္ဘာမြေချစ်သူဆုပေးပွဲကို ဩဂုတ် ၃၁ ရက် နေ့လယ် ၂ နာရီတွင် Orchid Hotel ၌ ပြုလုပ်မည်ဟု သတင်းရရှိသည်။

ကမ္ဘာမြေချစ်သူဆုကို သစ်တောပညာရှင်ဦးအုန်းက ၎င်း၏ကိုယ်ပိုင် ငွေကြေးဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ကာ ဂုဏ်ပြုဆုချီးမြှင့်ခြင်းဖြစ်ပြီး ဦးအုန်းအပါအဝင် ဘုတ်အဖွဲ့ဝင် ငါးဦးတို့က ရွေးချယ်ခြင်းဖြစ်သည်။

ဦးအုန်းသည်၁၉၉၇မှ ၂၀၀၇ ခုနှစ်အတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ (ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း) တွင် ဒီရေတောများကို ဧက ၂၅၀၀ ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများကို မူလအတိုင်း ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သည်။ ယင်းလုပ်ဆောင်ချက်များကြောင့် ၂၀၀၅ ခုနှစ်က ဂျပန်နိုင်ငံတွင်ပြုလုပ်သည့် World Eposition ပွဲ၌ ဂျပန်နိုင်ငံ Citizen Forum ပညာရှင်များ အသင်းက ကမ္ဘာမြေအချစ်ဆုံးလူပုဂ္ဂိုလ် ၁၀၀ စာရင်းတွင်ဦးအုန်းအားရွေးချယ်ဂုဏ်ပြုခဲ့ပြီး ၂၀၀၇ တွင် ဂျပန်နိုင်ငံက ချီးမြှင့်သော Minamata Environmental Award ဆု ထပ်မံရရှိခဲ့သည်။




# Tourism

7Day News Journal

Vol.12, No.25 • AUGUST 28 , 2013




နေပြည်တော်ရှိ ဟိုတယ်တစ်လုံး

ဓာတ်ပုံ - ဇေ့မောင်မောင်(အမရပူရ)

## ဆီးဂိမ်းအမီ ဟိုတယ် ၁၃ လုံး ထပ်မံဖွင့်လှစ်နိုင်ရန် တွန်းအားပေး

**ခန့်ထက်**

**ရန်ကုန်၊ ဩဂုတ်-၂၄**

နေပြည်တော်ဟိုတယ်ဇုန်၌လက်ရှိတွင် ဟိုတယ်အလုံး ၄၀ လိုင်စင်ချထားပြီးဖြစ်ရာ ဟိုတယ် ၁၃ လုံး ဆီးဂိမ်းအမီ ဖွင့်လှစ်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

နေပြည်တော် ဟိုတယ်ဇုန်မှ ဟိုတယ် ၅၃ လုံး အခန်းပေါင်း ၄၂၀၀ ကျော်ကို ၂၀၁၃ ဆီးဂိမ်း အမီဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်ခရီးဝန်ကြီးဌာနမှသတင်းထုတ်ပြန်ထားသည်။

နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် တိုးတက်ခဲ့ပြီး ဟိုတယ်အခန်း မလုံလောက်မှု၊ အခန်းခဈေးနှုန်း မြင့်တက်မှုများနှင့်ရင်ဆိုင်ခဲ့ပြီး ဆီးဂိမ်းတွင်ယင်းအချက်သည်အရေးကြီးကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ဆီးဂိမ်းတွင် လာရောက်တည်းခိုမည့် နိုင်ငံခြားသား ဧည့်သည်များမှာ အားကစားဝန်ကြီးဌာနသို့ အောက်တိုဘာ ၃၀ ရက်မတိုင်မီ စာရင်းပေးပို့ရမည်ဖြစ်ပြီး ယင်းတို့အတွက် အခန်းလုံလောက်မှု ရှိစေရန်အတွက် ဦးစားပေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူးက ပြောသည်။

ပြည်တွင်းမှ အားကစားပွဲသို့ လာရောက်ကြမည့် ဧည့်သည်များကို ကြိုတင်ခန့်မှန်း၍ မရနိုင်ကြောင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးခင်အောင်ထွန်းက ပြောသည်။

"ဆီးဂိမ်းကာလမှာ အခန်းကျပ်နိုင်တာက ဘောလုံးပွဲကောင်းတဲ့ အချိန်မျိုးတွေမှာ ဒီမှာရှိနေတဲ့ဧည့်သည်တွေလာပြီး ကြည့်တဲ့နေ့မျိုးတွေဆိုရင် ဖြစ်နိုင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

လက်ရှိတွင် နေပြည်တော်၌ အခန်းပေါင်း ၂,၅၃၇ ခန်းအရေအတွက်ရှိသော ဟိုတယ်အလုံးရေ ၄၀ အား လုပ်ငန်းလိုင်စင်ချထားပေးပြီးဖြစ်ရာ ထပ်မံ၍ ဟိုတယ်အလုံးရေ ၁၃ လုံးပြီးစီးပါက အခန်းအရေအတွက် ၄,၂၈၆ ခန်းရှိလာမည်ဖြစ်သည်။

ပြည်တွင်း၌ လိုင်စင်ချထားပြီး ဟိုတယ်နှင့် တည်းခိုရိပ်သာ အရေအတွက် ၈၃၄ လုံး၊ အခန်းပေါင်း ၃၀,၄၀၂ ခန်းရှိနေပြီဖြစ်သည်။

ရန်ကုန်မြို့တွင် အများဆုံးဖြစ်ပြီး ဟိုတယ်အလုံးပေါင်း ၂၀၀ ကျော်နှင့် အခန်းပေါင်း ၉,၀၀၀ ကျော်ရှိနေကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံသို့ နိုင်ငံခြား ဧည့်သည်ဝင်ရောက်မှုမြင့်တက်ခဲ့ပြီး ခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁ ဒသမ ၈ သန်း ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။

## ရွှေတိဂုံစေတီသို့ လာရောက်သည့် နိုင်ငံခြားသား ဧည့်သည်များတွင် ကိုရီးယား နိုင်ငံသားများ အများဆုံးပါဝင်

**အိမွန်ကျော်**

**ရန်ကုန်၊ ဩဂုတ်-၂၃**

ရွှေတိဂုံစေတီတော်သို့ ဩဂုတ်လအတွင်း လာရောက်လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များအနက် ကိုရီးယားလူမျိုး အများဆုံးဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကရုံးမှ သတင်းရရှိသည်။

ရွှေတိဂုံ စေတီတော်သို့ ဩဂုတ်လတွင် ကိုရီးယားလူမျိုး ရှစ်ထောင်ကျော် လာရောက်ခဲ့ကြသည်။ ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပြီး လူဦးရေ၃,၇၀၀ ကျော်နှင့် တတိယအများဆုံး နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်၍ လူဦးရေ၁,၅၀၀ ကျော် လာရောက်လေ့လာခဲ့ကြသည်ဟု သတင်းရရှိသည်။

ဩဂုတ်လတွင် စုစုပေါင်း လာရောက်ခဲ့သော လူဦးရေမှာ ၁၈,၀၀၀ ကျော်ဖြစ်၍ ဧည့်ဝင်ကြေး အမေရိကန်ဒေါ်လာ ကိုးသောင်းကျော်ရရှိခဲ့သည်။

ဇူလိုင်လက ထိုင်းလူမျိုးအများဆုံးလာရောက်ခဲ့ပြီး ကိုရီးယားလူမျိုးမှာ ဒုတိယ၊ တရုတ်လူမျိုးမှာ တတိယနေရာတွင် ရှိခဲ့သည်။ ဇွန်လ စာရင်းဇယားများအရလည်း ယင်းပုံစံအတိုင်းပင် ဖြစ်သည်။

ယခင်လများက ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ နိုင်ငံခြားသားအများဆုံး လာရောက်ခဲ့ကြသည်ဟု သိရသည်။ "ထိုင်းက အိမ်နီးချင်းလည်းဖြစ်တယ်။ ဗုဒ္ဓဘာသာလည်းဖြစ်တော့ ပိုများလေ့ရှိတယ်" ဟု ဇူလိုင်လအတွင်းကပြုလုပ်ခဲ့သော မီဒီယာအစည်းအဝေးတွင် ရွှေတိဂုံစေတီတော် ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ပြောကြားခဲ့သည်။

ဘုရားဖူးရာသီမဟုတ်သော ယင်းလများတွင် နိုင်ငံခြားသား ဦးရေ သိသိသာသာ ကျဆင်းခဲ့ပြီး ဧပြီလမှစတင်၍ လာရောက်လေ့လာသော နိုင်ငံခြားသား ဦးရေနည်းပါးခဲ့သည်ဟု သိရသည်။ ဘုရားဖူး ရာသီများတွင် ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသား ငါးသောင်းကျော်လာရောက်လေ့ရှိသော်လည်း ဧပြီလမှ စတင်၍ ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသား နှစ်သောင်းကျော်သာ လာရောက်ခဲ့သည်။




7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013




# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# “ရောဂါလက္ခဏာတွေကို လိမ်လို့မရပါဘူး”

## ဆီးရီးယားနိုင်ငံတွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရမှု ဓာတုဗေဒပညာရှင် စတီဖန်မိုဂဲလ်နှင့် တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး


REUTERS

ပြီးခဲ့သည့် ဩဂုတ် ၂၁ ရက် ဗုဒ္ဓဟူးနေ့ညသန်းခေါင်က ဆီးရီးယားမြို့တော်ဒမတ်စကတ်စ်မှာအဆိပ်ဓာတ်ငွေ့နဲ့တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ ကလေးငယ် အမြောက်အမြားကို တွေ့ရှိခဲ့ရပြီး ဓာတ်ပုံတွေနဲ့သတင်းတွေပါ ပျံ့နှံ့ခဲ့တာမို့ ကမ္ဘာ့မီဒီယာတွေကြားမှာ ရေပန်းစားတဲ့သတင်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ဆီးရီးယားအတိုက်အခံဘက်က တင်ပြတဲ့ဓာတ်ပုံတွေနဲ့ ဗီဒီယိုတွေမှာတော့ အာရုံကြောထိခိုက်မေ့မြောစေတဲ့ အဆိပ်ဓာတ်ငွေ့တွေနဲ့တိုက်ခိုက်မှုကြောင့် အော်ဟစ်ညည်းတွားနေရတဲ့ ကလေးတွေ၊ သေဆုံးနေရတဲ့ကလေးတွေရဲ့ ရုပ်အလောင်းတွေကို မြင်ရတာဟာ အထူးစိတ်ထိခိုက်စရာကောင်းခဲ့ပါတယ်။ ဒါ့ကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာက ဓာတုလက်နက်စစ်ဆေးရေးမှူးနှင့် ကျွမ်းကျင်ပညာရှင် ဆွစ်ဇာလန်နိုင်ငံသားမစ္စတာစတီဖန်မိုဂဲလ်ကိုတွေ့ဆုံမေးမြန်းခဲ့ရာမှာ ကမ္ဘာ့မီဒီယာတွေမှာပါလာတဲ့ ဒမတ်စကတ်စ်က အဆိပ်ဓာတ်ငွေ့တိုက်ခိုက်မှုအကြောင်း ဗီဒီယိုတွေ၊ ဓာတ်ပုံတွေကို သုံးသပ်ဆန်းစစ်ပြတာ၊ ဓာတုအဆိပ်လက်နက်တွေအကြောင်း ရှင်းပြထားတာကိုပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**မစ္စတာမိုဂဲလ်ခင်ဗျာ ဗုဒ္ဓဟူးနေ့မနက်ကတည်းက ဆီးရီးယားမှာ ဓာတုလက်နက်သုံးပြီး တိုက်ခိုက်တယ်လို့ စွပ်စွဲထားတဲ့ ဗီဒီယိုတွေကို စစ်ဆေးကြည့်ရှုပြီးပြီပေါ့နော်။**

ဟုတ်ကဲ့။ ကျွန်တော် ဆီးရီးယားမှာ ဒီလိုမျိုးဖြစ်တာကို တစ်ခါမှ မမြင်ဖူးတာပါ။ ဒီဓာတ်ပုံ၊ ဗီဒီယိုတွေက ပြီးခဲ့တဲ့ မတ်၊ ဧပြီ၊ ဇူလိုင်လတွေက ဗီဒီယိုတွေနဲ့ လုံးဝကွာခြားနေတယ်။ သေဆုံးဝေဒနာခံစားနေရသူတွေရဲ့ အရေအတွက်များတာလည်း ရှင်းရှင်းမြင်နိုင်ပြီး ရောဂါလက္ခဏာပြပုံတွေကလည်း သိပ်ပြီး စိုးရိမ်စရာကောင်းပါတယ်။

**အဲဒီရောဂါလက္ခဏာတွေက ဘာတွေလို့ ဆရာသတ်မှတ်ခွဲခြားလို့ရပါသလဲ။**

အဲဒီလက္ခဏာတွေက စတာကတော့ မိုင်အိုးစစ် miosis ဖြစ်တာ၊ မျက်စိသူငယ်အိမ်ကျဉ်းသွားတာကနေစတာပဲ။ ဓာတ်ငွေ့ဒဏ်ခံစားရတဲ့သူတွေ တော်တော်များများမှာ မြင်နိုင်တယ်။ မိုင်အိုးစစ်ဖြစ်တာဟာ အာရုံကြောအဆိပ်ဓာတ်ငွေ့နဲ့ အတိုက်ခံရတာရဲ့ ပထမဦးဆုံးလက္ခဏာလို့ မှတ်ယူကြတယ်။ ဒါပေမဲ့ လူတွေဟာ သူတို့ကိုယ်ခန္ဓာမှာ ကြွက်သားတွေ ဘယ်လိုကျုံ့သွားသလဲဆိုတာကို အဲဒီမှာ ကျွန်တော်တို့ မြင်နိုင်တာပဲ။ တချို့လူတွေကျတော့လည်း သူတို့ ခန္ဓာကိုယ်တစ်ခုလုံးဟာ တုန်ယင်နေတယ်။ လှုပ်နေတုန်နေတာမျိုးပေါ့။

**ဓာတ်ငွေ့ဒဏ်ခံရတဲ့သူတွေရဲ့ ပါးစပ်တွေမှာ အမြှုပ်တွေရှိနေတာကရော ဘာသဘောလဲ။**

ဒါတွေက အဆိပ်ဓာတ်ငွေ့ရဲ့ နောက်ဆက်တွဲတွေပေါ့။ မျက်ရည်နဲ့ တံတွေးတွေစင်တာ၊ နှာရည်ယိုတာတွေကရော အလွန်ဆိုးရွားတဲ့ပုံတွေပဲပေါ့။ အဲဒါတွေအားလုံးအတူတူဖြစ်လာတတ်တယ်။ ပြီးတော့ ပါးစပ်မှာ အမြှုပ်တွေလိုဖြစ်တတ်တယ်လေ။

**အဆိပ်ငွေ့နဲ့ ထိတွေ့မိလိုက်ရတဲ့အခါ ခန္ဓာကိုယ်ထဲမှာရော ဘာတွေဖြစ်သွားလဲ။**


AFP

အာရုံကြော အဆိပ်ဓာတ်ငွေ့က Acetylcholinesterase လို့ခေါ်တဲ့ အင်ဇိုင်းတစ်ခုပါတယ်။ ဆိုလိုတာက အာရုံကြောလှုံ့ဆော်တဲ့ ဓာတ်ပစ္စည်းတွေ neurotransmitter တွေဟာ နှေးနှေးလေးမဖြစ်တော့ဘဲ ကြွက်သားတွေအားလုံးနဲ့ ကိုယ်တွင်းအင်္ဂါတွေအားလုံးဟာကိုယ်တွင်းအင်္ဂါအဆောက်အအုံတစ်ခုလုံးမပြိုလဲမချင်း လှုံ့ဆော်မှုတွေ လွန်ကဲနေတော့တယ်။ ဒါမျိုးကို ခင်ဗျားတို့ထွက်ပေါ်လာတဲ့ ဗီဒီယိုဖိုင်တွေထဲမှာလည်း တိတိကျကျမြင်နိုင်ပါတယ်။

**ဆရာ ဒါကို ဘယ်လိုသေချာပြောနိုင်တာပါလဲ။**

မိုင်အိုးစစ်ဖြစ်တာကို မျက်ရည်တွေကျတာနဲ့တွေ့နိုင်တယ်။ ဒါပေမဲ့ အဲဒါက ခန္ဓာကိုယ်တစ်ခုလုံးကို တုန်ယင်နေအောင်တော့ လုပ်ဖို့မလွယ်ဘူး။ ပြီးတော့ ခံစားခဲ့ရသူ တော်တော်များများမှာ ကလေးတွေ။ ဒီကလေးတွေနဲ့တော့ ရောဂါလက္ခဏာတွေဖြစ်တာကို အားလုံးလိမ်လို့မရနိုင်ပါဘူး။

**ဒါတွေက ဗုဒ္ဓဟူးနေ့မနက်က အင်တာနက်မှာ လွှင့်တင်တာတွေ့ခဲ့ရတဲ့ ဗီဒီယိုဖိုင်တွေအားလုံးမှာ သက်သေပြပြီးသားပါပဲ။ ဒါပေမဲ့ ဒါတွေအားလုံးကို ဗုဒ္ဓဟူးနေ့တစ်မနက်တည်းမှာပဲ လုပ်ခဲ့တာဆိုတဲ့ သံသယမရှိဘဲ သက်သေမပြနိုင်ပါဘူး။ ကွဲပြားခြားနားတဲ့ လူတော်တော်များများမှာ ဒီလိုရောဂါလက္ခဏာမျိုးတွေ ခံစားနေရတာကို တခြားတစ်ယောက်ယောက်က ဘယ်လိုရှင်းပြပေးနိုင်မလဲ။**

ဒါကတော့ တော်တော်ကြီး ခက်လိမ့်မယ်။ ကျွန်တော့်အတွက်တော့ ရောဂါလက္ခဏာတွေက ပေါင်းစပ်ပြသထားတာ အာရုံကြောအဆိပ်ငွေ့ကြောင့်ပဲ။ ဒီလိုလက္ခဏာမျိုးတွေ ကျွန်တော် (သို့မဟုတ်)ကျွန်တော့်အဖွဲ့မှာဖြစ်နေပြီဆိုရင် အဲဒီနေရာတွေကို သွားမိခဲ့ရင် ကိုယ့်ကိုယ်ကိုယ် သေချာကာကွယ်နိုင်အောင် လုပ်ထားရမှာပါ။


**ဟုတ်ကဲ့။ ဗီဒီယိုဖိုင်တစ်ခုမှာတော့ ဆေးရုံဝန်ထမ်းတွေဟာ လုံးဝအကာအကွယ်မရှိသလောက်နီးနီးနဲ့ သွားလာလုပ်ဆောင်နေတာတွေကို မြင်ရပါတယ်။**

ဓာတ်ငွေ့မိထားတဲ့ ဝေဒနာခံစားနေရတဲ့သူတွေကို ရေတွေအဆက်မပြတ်လောင်းပေးတာကောင်းပါတယ်။ ဒါပေမဲ့ အဲဒါက သိပ်ပြီး ထိရောက်မှုတော့မရှိလှဘူး။ ဆေးရုံဝန်ထမ်းတွေမှာ အဆိပ်ဓာတ်ငွေ့သင့် ရောဂါလက္ခဏာတွေ ခံစားနိုင်ရခြေလည်း များပါတယ်။

ကျေးဇူးတင်ပါတယ်။

(မစ္စတာ စတီဖန်မိုဂဲလ်သည် ၁၉၉၇ ခုနှစ်တွင် နိုင်ငံတကာရာဇဝတ်ခုံရုံး၌ ဓာတုလက်နက်စစ်ဆေးရေးမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင် အဖွဲ့၏ ဓာတ်ခွဲခန်းတာဝန်ခံအကြီးအကဲဖြစ်လာသည်။ ၂၀၀၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသို့ပြန်ရောက်လာပြီးနောက် အစိုးရ၏ ဖက်ဒရယ်ကာကွယ်ရေးဌာနတွင် ဓာတုလက်နက်ကျွမ်းကျင်သူအဖြစ် အမှုထမ်းသည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှစ၍ Spiez Laboratory ဓာတ်ခွဲခန်းအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်သည်။)

*—Ref: Nerve Gas Expert on Syrian Attack 'You Can't Fake These Sym-ptoms' . Spiegel: 22nd August.*



## Leader's Profile

# ကာယဗလချန်ပီယံ၊ ရုပ်ရှင်မင်းသားနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုး ဆွာဇီနက်ဂါ

ရဲမင်း

အာနိုးအလွိုက်ဇ်ဆွာဇီနက်ဂါသည် ဩစတြီးယားဖွား အမေရိကန်နိုင်ငံသား၊ ဆုကြေးစားကာယဗလသမား၊ ရုပ်ရှင်မင်းသား၊ စီးပွားရေးသမား၊ ရင်းနှီးမြှုပ်နှံသူ နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ ၂၀၀၃ မှ ၂၀၁၁ ခုနှစ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သည်။

အာနိုးကို ဩစတြီးယားနိုင်ငံ ဂရပ်ဇ်မြို့ ရွာလေးတစ်ရွာတွင် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၃၀ ရက်က မွေးဖွားခဲ့သည်။ ရဲတပ်ဖွဲ့အကြီးအကဲ၊ အမှုးသမား တစ်ချိန်က နာဇီပါတီဝင်ဖြစ်သူ ဖခင်နှင့် အစ်ကိုတစ်ဦးတို့နှင့်အတူ ကြီးပြင်းခဲ့သည်။ အစ်ကိုဖြစ်သူကို ပို၍ အရေးပေးသော ဖခင်နှင့်နေခဲ့ရသော အာနိုးသည် အသက် ၁၅ နှစ်အရွယ်တွင် စတင်၍ ကာယဗလလိုက်စားခဲ့ပြီး သမိုင်းတွင် အကောင်းဆုံး ကာယဗလသမားတစ်ဦးဖြစ်ရန် ရည်မှန်းခဲ့သည်။

အာနိုးသည် အသက် ၂၀ အရွယ်တွင် Mr.Universe ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ချန်ပီယံဖြစ်လာသည်။ ငါးကြိမ်တိုင်တိုင် Mr. Universe ဖြစ်ခဲ့သော အာနိုးသည် မြူးနစ်တက္ကသိုလ်တွင် အရောင်းမြှင့်တင်ခြင်း ဘာသာရပ်ကို လေ့လာခဲ့ပြီးနောက် ၂နှစ်အကြာတွင် အမေရိကန်သို့ ပြောင်းရွှေ့ခဲ့သည်။ အာနိုးသည် Mr.Olympia ဆုကိုလည်း ခုနစ်ကြိမ်တိုင်တိုင် ရရှိခဲ့သည်။ ကာယဗလလေ့ကျင့်ရေးနှင့်ပတ်သက်၍ စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သည်။

အာနိုး၏ ပထမဆုံး ရုပ်ရှင်မှာ ၁၉၆၉ ခုနှစ်က ရိုက်ကူးသော ' Hercules in New York' ဇာတ်ကားဖြစ်သည်။ သို့သော် ၁၉၇၆ ခုနှစ်တွင် 'Stay Hungry' ဟာသဇာတ်ကားဖြင့် အသိအမှတ်ပြုမှုရရှိခဲ့ပြီးနောက်ပိုင်းတွင် 'Conan' နှင့် ' Terminator' အစရှိသော အောင်မြင်သည့်ရုပ်ရှင်ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ရိုက်ကူး သော Terminator ဇာတ်ကားမှာ တစ်ကမ္ဘာလုံးတွင် အောင်မြင်ခဲ့ပြီး အာနိုး၏ အာလေးလျှာလေးနှင့် ပြောခဲ့သော 'I'll be back' ဟူသော စကားမှာလည်း လူအများကြား ရေပန်းစားခဲ့သည်။ နောက်ပိုင်း ဆက်ရိုက်သော Comman-do (၁၉၈၅)၊ Raw Deal (၁၉၈၆)၊ Predator (၁၉၈၇) တို့မှာလည်း ဆက်တိုက် အောင်မြင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် 'Total Recall' နှင့် 'Kindergarden Cop' ဇာတ်ကားများမှာလည်း အာနိုးကို ရုပ်ရှင်ပရိသတ်တို့ အသည်းစွဲ ဖြစ်စေခဲ့သည်။

၁၉၈၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သော အာနိုးသည် နောက်ပိုင်းတွင်လည်း ရုပ်ရှင်ကားများဆက်တိုက်ရိုက်ကူးခဲ့ပြီး ၁၉၉၀ တွင် အမေရိကန်ကိုယ်ကာယကြံ့ခိုင်ရေးနှင့် အားကစားသမ္မတကောင်စီ၏ ဥက္ကဋ္ဌနှင့် အိုလံပစ်အထူးအလေးမ လေ့ကျင့်ရေးမှူးအဖြစ်ပါဝင်လုပ်ကိုင်ခဲ့သည်။

အာနိုးသည် ၂၀၀၃ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိကာ ကယ်လီဖိုးနီးယားပြည်နယ်၏ ၃၈ ဦးမြောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လာသည်။ ပြည်နယ်၏ ဘဏ္ဍာရေးအခြေအနေ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သော အာနိုးသည် ၂၀၀၆ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၁ ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး သက်တမ်းကုန်ဆုံးပြီးနောက်ပိုင်း ရုပ်ရှင်ကားများ ပြန်လည်ရိုက်ကူးနေသော အာနိုးသည် အမေရိကန် သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ၏ တူမဖြစ်သူ မာရီယာနှင့် လက်ထပ်ခဲ့ပြီး သားသမီးလေးဦးထွန်းကားခဲ့သည်။

—*Ref: Wikipedia*

# သပိတ်မှောက် ဆရာ၊ ဆရာမများ မက္ကဆီကိုမြို့တော် လေဆိပ် အဝင်အထွက်လမ်းကို ပိတ်ဆို့



TOMAS BRAVO/REUTERS

*မက္ကဆီကိုစီးတီး ဘင်နစ်ကိုဟွာရက်ဇ်နိုင်ငံတကာလေဆိပ်သို့သွားရာအဓိကလမ်းမကြီးကို သပိတ်မှောက် ဆရာ၊ ဆရာမ ရာပေါင်းများစွာက ပိတ်ဆို့ထားသည်ကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်*

**မက္ကဆီကိုစီးတီး၊ဩဂုတ်-၂၄**

ယခုသီတင်းပတ်အတွင်း နိုင်ငံတစ်ဝန်းမှ မြို့တော်မက္ကဆီကိုစီးတီးသို့ ရောက်ရှိလာကြသည့် ထောင်ပေါင်းများစွာသော ကျောင်းဆရာ၊ ဆရာမများက ပညာရေးပြုပြင်ပြောင်းလဲမှုကို ကန့်ကွက်ရင်း မက္ကဆီကိုစီးတီးမြို့ နိုင်ငံတကာလေဆိပ်သို့ ဝင်ထွက်ရာလမ်းကို ပိတ်ဆို့ထားသောကြောင့် များစွာသော ခရီးသည်များသည် ကားများကို ထားခဲ့ရကာ ခရီးဆောင်အိတ်များကိုဆွဲ၍ ခြေလျင်လျှောက်လာခဲ့ကြရသည်။

ဆန္ဒပြသူ ဆရာ၊ ဆရာမများက အဝင်လမ်းကို ပိတ်ဆို့ထားလိုက်ပြီးနောက် လေဆိပ်ဝင်ပေါက်နှစ်ခုသို့ရောက်ရန် ခရီးသည်များသည် အမြန်ရထားစီး၍ လာရောက်ခဲ့ကြရသောကြောင့် ခရီးသည်များစွာမှာ ဩဂုတ် ၂၃ ရက်က လေယာဉ်နောက်ကျခဲ့ရကြောင်း လေဆိပ်ညွှန်ကြားရေးမှူး အယ်လ်ဖွန်ဆို ဆာရာဘီယာက ပြောသည်။ သို့သော် ဆန္ဒပြမှုများရှိသော်လည်း ယင်းလေဆိပ်တွင် ခရီးစဉ်နှောင့်နှေးခြင်းမရှိဘဲ ပုံမှန်ပြေးဆွဲခဲ့ကြောင်း အမျိုးသားလုံခြုံရေးကောင်စီကပြောသည်။ ဆန္ဒပြပွဲကြောင့် နောက်ကျမှရောက်လာသည့်ခရီးသည်အချို့ကို လက်မှတ်အခမဲ့လဲလှယ်ပေးခဲ့ကြောင်း လေကြောင်းလိုင်းအချို့ကပြောသည်။

ဩဂုတ် ၂၃ ရက် ညနေထိ လေဆိပ်အဝင် အဓိကလမ်းမကို ဆန္ဒပြသူများက ပိတ်ထားဆဲဖြစ်၍ ရဲတပ်ဖွဲ့ဝင်များက အခြားလမ်းများကို ထိန်းချုပ်ကာ စစ်ဆေးရေးဂိတ်များထားရှိပြီး ဘတ်စ်ကားများနှင့် တက္ကစီဖြင့် ရောက်လာသည်။ လေယာဉ်လက်မှတ်ပါသူများကို ဖြတ်သန်းခွင့်ပေးခဲ့ကြောင်း လေဆိပ်အာဏာပိုင်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

ယင်းဆန္ဒပြမှုများကို မက္ကဆီကိုစီးတီးမြို့တော်ဝန် မီရူးလ်အိန်ဂျယ်မန်ကာရာက ကိုင်တွယ်ပုံကို အတိုက်အခံလွှတ်တော်အမတ်များက ဝေဖန်ထားသည်။

ပညာရေးစစ်ဆေးမှုများသည် ဆရာ၊ ဆရာမများအတွက် တိုးတက်စေရန်သာ အသုံးပြုသင့်ကြောင်း၊ အလုပ်ဖြုတ်ရန်အတွက် (သို့မဟုတ်) ရာထူးတိုးဆုံးဖြတ်ပေးရန်အတွက်မဟုတ်ကြောင်း ဆန္ဒပြသူများက ပြောသည်။ မက္ကဆီကိုနိုင်ငံတောင်ပိုင်းတွင် ဆရာ၊ ဆရာမ ၇၀,၀၀၀ ကျော် ဆန္ဒပြနေသောကြောင့် ကျောင်းသားတစ်သန်းကျော်သည် ယခုစာသင်နှစ်အစတွင်စာမသင်ကြားရသေးပေ။

—*Ref:AFP*

7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ပင်လယ်ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်များ အမွန်ရှည်ရန် အမေရိကန်နှင့် ဖိလစ်ပိုင်သဘောတူ

**မနီလာ၊ဩဂုတ်-၂၄**
အရှေ့တောင်အာရှဒေသအတွင်း တရုတ်နှင့် အခြားနိုင်ငံများကြား ပင်လယ်ရေပြင်ပိုင်နက်ဆိုင်ရာအငြင်းပွားမှု ဖြစ်ပွားနေသည့် အတောအတွင်း အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပင်လယ်ရေကြောင်းသွားလာမှုလွတ်လပ်ခွင့်များ အမွန်ရှည်စေရန် သဘောတူလိုက်သည်။

ဖိလစ်ပိုင်နှင့်အမေရိကန်စစ်ဦးစီးချုပ်များသည်မကြာမီကတွေ့ဆုံဆွေးနွေးပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်စစ်ရေးအင်အား တိုးချဲ့ချထားရေးကို သဘောတူခဲ့ပြီး ယင်းသို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်စစ်တပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး အီမန်နျူရယ်ဘော်တစ်စတာနှင့် ကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင် ဒမ့်ပ်ဆေးတို့ ပူးတွဲထုတ်ပြန်ခဲ့သော ကြေညာချက်ထဲတွင် "မိမိတို့ဟာပင်လယ်ရေကြောင်း လွတ်လပ်စွာသွားလာခွင့်ကို ဘုံအကျိုးစီးပွားအဖြစ်သဘောထားပါတယ်။ ဥပဒေအရ ကူးသန်းရောင်းဝယ်ခွင့်၊ ပင်လယ်ရေပိုင်နက်တွေတစ်လျှောက် လူတွေနဲ့ ကုန်စည်တွေ ဖြတ်သန်းသွားလာခွင့်ကိုသဘောတူလက်ခံပါတယ်"ဟု ဖော်ပြထားသည်။

ဗိုလ်ချုပ်ကြီးနှစ်ဦးစလုံးက ကြေညာချက်ထဲတွင်ပင်လယ်ရေပြင်ပိုင်နက် အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေဘောင်ထဲမှ ငြိမ်းချမ်းစွာဖြေရှင်းသွားရန် တိုက်တွန်းထားသည်။

အမေရိကန် နိုင်ငံသည် တောင်တရုတ်ပင်လယ်ပိုင်နက် အငြင်းပွားမှုများတွင် မည်သည့်ဘက်ကမှ ဝင်ပါမည်မဟုတ်ကြောင်း ပြောထားပြီး ၁၉၅၁ မှစ၍ စစ်ရေးမဟာမိတ်ဖြစ်ခဲ့သော ဖိလစ်ပိုင်နိုင်ငံတွင် စစ်ရေးအရ တည်ရှိရန် နည်းလမ်းရှာကြံသွားမည်ဟု ဆိုထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခင်က အမေရိကန် စစ်စခန်းနှစ်ခုကို မနီလာမြို့အနီးတွင် အငှားချထားခဲ့သော်လည်း ၁၉၉၂ တွင် သက်တမ်းကုန်ပြီးနောက် ဖိလစ်ပိုင်လွှတ်တော်ကလည်း ထပ်မံငှားရန် ပယ်ချခဲ့၍ ထွက်ခွာခဲ့ရသည်။

သို့သော် အမေရိကန်နိုင်ငံသည်၁၉၉၉တွင်တစ်နှစ်လျှင်တစ်ကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်ရေးသဘောတူစာချုပ်သစ်ကို ဖိလစ်ပိုင်နှင့်ချုပ်ဆိုခဲ့ပြီး ၂၀၀၂ မှစ၍ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အစ္စလာမ်မစ် စစ်သွေးကြွများကို တိုက်ခိုက်ရန် ပါဝင်လှုပ်ရှားနေသည်။

—Ref: AFP


GREG BAKER/AP

# အစိုးရအရာရှိများ ကြွယ်ဝမှုကို ထုတ်ဖော်ရန် တောင်းဆိုသူ အဖမ်းခံရ

**ဘေဂျင်း၊ဩဂုတ်-၂၄**
တရုတ်ရဲတပ်ဖွဲ့သည် နိုင်ငံ၏အကျော်ကြားဆုံး တက်ကြွလှုပ်ရှားသူများထဲမှ တစ်ဦးဖြစ်သော ရှုကျီးယောင်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ မစ္စတာရှုသည် အစိုးရအရာရှိများအား ၎င်းတို့ပိုင်ဆိုင်သည့် ကြွယ်ဝမှုများကို ထုတ်ဖော်ရန် တောင်းဆိုနေသည့် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည်။ ၎င်းကို ယခုကဲ့သို့ ထိန်းသိမ်းလိုက်ခြင်းသည် အစိုးရ၏ခြစားမှုဆန့်ကျင်ရေးဆောင်ရွက်မှုများကို ထိုးနှက်ချက်လည်း ဖြစ်လာနိုင်သည်။ အနောက်နိုင်ငံများသည်ဘေဂျင်းအား လူ့အခွင့်အရေးလှုပ်ရှားသူများကို ဖိနှိပ်ခြင်းအတွက် ထပ်ခါတလဲလဲ ကန့်ကွက်ထားပြီး ယခုလအတွင်း တရုတ်နှင့် အမေရိကန် နှစ်စဉ်လူ့အခွင့်အရေးဆွေးနွေးပွဲတွင်လည်း မစ္စတာရှု၏ကိစ္စကို အမေရိကန်ဘက်ကစိုးရိမ်ကြောင်း ပြောခဲ့သည်။

မစ္စတာရှုသည် နိုင်ငံသားများ၏လှုပ်ရှားမှုသစ် အမည်ရအဖွဲ့ကို တည်ထောင်ကာ အစိုးရအတွင်း အပြောင်းအလဲများဖြစ်ပေါ်အောင် တွန်းအားပေးဆောင်ရွက်နေသူဖြစ်သည်။ ဘေဂျင်းရဲတပ်ဖွဲ့က ၎င်းကို ဩဂုတ် ၂၂ ရက်က အများပြည်သူဆိုင်ရာနေရာကို အနှောင့်အယှက်ဖြစ်စေမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်လကလည်း ထိုအမှုမျိုးဖြင့်ပင် ထိန်းသိမ်းခံခဲ့ရသလို ထိုအရင်ကလည်း အကြောင်းပြချက်မရှိဘဲ နေအိမ်အကျယ်ချုပ်သုံးလ ကျခံခဲ့ရဖူးသည်ဟု သိရသည်။

—Ref: Reuters/Asiaone



# ဆန်းသစ်သည့်ဖန်တီးမှုများကြောင့် အွန်လိုင်းတွင်ပရိသတ်သတိထားမိနေသည့် လူငယ်ဒါရိုက်တာ အာကာနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

အမ်တီဗီများရိုက်ကူးရာတွင် အခြားသူများနှင့်ကွဲပြားသည့်တင်ပြပုံများ၊ ကင်မရာရိုက်ချက်များကြောင့် လူငယ်ပရိသတ်များ၏ အားပေးမှုရရှိနေသူမှာ လူငယ်ဒါရိုက်တာ အာကာဖြစ်သည်။ ဆီးဂိမ်းသီချင်း"မကြောက်နဲ့ကျုံး"ကို လူငယ်ဆန်ဆန်စိတ်ကူးများဖြင့် ရိုက်ကူးထားသော အမ်တီဗီမှာ YouTube တွင်ပရိသတ်များ အားပေးမှုရခဲ့သည်။ ၎င်း၏ အနုပညာဖန်တီးမှုများကို YouTube တွင် သာမြင်တွေ့ရသောကြောင့်မကြာမီတွင် ယင်းအမ်တီဗီသီချင်းများကို ပရိသတ်ထံပို့ရန်အတွက် ၎င်းကစီစဉ်နေသည်။ လတ်တလောအနုပညာရှင်များ၏ အမ်တီဗီများ၊ ကြော်ငြာများကို ရိုက်ကူးလျက်ရှိသောလူငယ် ဒါရိုက်တာအာကာနှင့်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



ဓာတ်ပုံ-နစ်မင်

**အာကာထုတ်လုပ်ရေးကို ဘယ်အချိန်မှာစတင်ခဲ့တာလဲ။**

ကျွန်တော်ပြည်ပမှာအလုပ်လုပ်နေတဲ့ ၂၀၁၀ လောက်ကတည်းကစခဲ့တာ။ အဲဒီအချိန်တုန်းကတော့တစ်ယောက်တည်း Offi-cially လည်းမဟုတ်ဘူး။ ပြည်ပမှာဆိုတော့ ဘယ်သူ့ကိုမှလည်းခေါ်လို့မရဘူး။ အခု ကျွန်တော်ဒီကိုပြန်လာပြီးမှ ၂၀၁၂ နိုဝင်ဘာမှာစလုပ်ခဲ့တာပါ။

**မီဒီယာလုပ်ငန်းတွေကို စပြီးလုပ်ဖြစ်တာက အရင်ကတည်းကဝါသနာပါခဲ့လို့လား။**

မီဒီယာလုပ်ငန်းကိုလုပ်မယ်လို့အရင်ကတော့အိုင်ဒီယာမရှိပါဘူး။ အရင်တုန်းကအိုင်တီသမားတစ်ယောက်အဖြစ် ကွန်ပျူတာသီးသန့်ပဲလုပ်ဖြစ်တာ။ ၂၀၀၈ စင်ကာပူကိုထွက်သွားပြီးခါမှ အတူတူနေတဲ့အခန်းဖော်က ဓာတ်ပုံဝါသနာပါလို့ သူနဲ့အတူတူဓာတ်ပုံတွေလိုက်ရိုက်ရင်းနဲ့ ဝါသနာပါသွားတာ။ အဲဒီကနေမှ Video Function ပါတဲ့ကင်မရာတွေသုံးရင်းနဲ့ Video ပါစမ်းရိုက်ရင်းလုပ်ဖြစ်သွားတာ။

**ငယ်ငယ်တုန်းကရော အားကျခဲ့တဲ့ ဒါရိုက်တာတွေရှိခဲ့လား။**

ငယ်ငယ်တုန်းကတော့ မီဒီယာလုပ်ဖို့စိတ်ကူးလည်းမရှိဘူး။ အကြိုက်ဆုံးဒါရိုက်တာဆိုပြီးကြည့်တာလည်းမရှိပါဘူး။ အဲဒီတုန်းက ဒါရိုက်တာကိုကြည့်ရကောင်းမှန်းလည်းမသိဘူး။ မင်းသား၊မင်းသမီးကိုကြိုက်ပြီးကြည့်ဖြစ်တာများတယ်။ ဆာတိုရီကရိုက်တဲ့ကားတွေကိုတော့ကြိုက်တယ်။

**ဒါရိုက်တာလုပ်ငန်းကိုရော ဘယ်အချိန်မှာစလုပ်ဖြစ်တာလဲ။ ဘယ်တွေမှာ လေ့လာဖြစ်လဲ။**

နိုင်ငံခြားမှာနေတုန်းကတော့ သူငယ်ချင်းတွေနဲ့ အပျော်တမ်း ဗီဒီယိုတွေရိုက်တယ်။ အမ်တီဗီတွေရိုက်တယ်။ နိုင်ငံခြားမှာနေတုန်းကအလုပ်ကလည်း အိုင်တီနဲ့ဆိုင်တာပဲလုပ်ဖြစ်တော့ အားတဲ့အချိန်မှပဲ အမ်တီဗီရိုက်ဖြစ်တာ။ ဒါရိုက်တာပညာကိုသင်တန်းအနေနဲ့လည်း မတက်ဖူးဘူး။ အိုင်တီသမားတစ်ယောက်လည်းဖြစ်တော့ YouTube ကနေ လေ့လာဖြစ်တယ်။ လိုချင်တာသိချင်တာရှိရင်လည်းgoogleကနေရှာတယ်။ အဲဒီလိုပဲ Self-Study တွေလုပ်ပြီး လေ့လာခဲ့တယ်။

**Online မှာတင်တဲ့ ကျိုက်ထီးရိုးနဲ့ရွှေတိဂုံရဲ့ ခရီးသွားမှတ်တမ်းပုံစံဗီဒီယိုဖိုင်လေးတွေကိုလည်း ပရိသတ်တွေကြိုက်ကြတယ်ဆိုတော့ အဲဒီတုန်းကရောဘယ်လိုခံစားချက်နဲ့ ရိုက်ဖြစ်တာလဲ။**

ကျွန်တော်နိုင်ငံခြားမှာနေတဲ့အချိန်တုန်းက 'မြန်မာ'လို့ပြောရင်မသိကြဘူး။ မြန်မာဆိုတာ ထိုင်းရဲ့ဘေးနားက အိန္ဒိယဘေးက အဲဒီလိုမျိုး လိုက်ရှင်းပြနေရတယ်။

စာ(၄၁)သို့



## Glee Season 5 မှာ သရုပ်ဆောင်မယ့် ဒမ်မီလိုဗက်တို


**နယူးယောက်၊ ဩဂုတ်-၂၄**

ဟောလိဝုဒ်နာမည်ကျော်သရုပ်ဆောင်အဆိုတော်ဒမ်မီလိုဗက်တိုသည် အမေရိကန် "Glee"ရုပ်သံဇာတ်လမ်းတွဲသစ်၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒမ်မီလိုဗက်တို၏ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

"Glee"ဇာတ်လမ်းတွဲ၏ ပင် တိုင်သရုပ်ဆောင်လီယာမစ်ချယ်ကလည်း ၎င်း၏တွစ်တာစာမျက်နှာ၌ "Glee ဇာတ်လမ်းတွဲသစ်မှာ ပါဝင်မယ်တဲ့။ ဒီလိုရွေးချယ်ပေးတဲ့ ဇာတ်လမ်းတွဲဒါရိုက်တာကိုလည်း ကျေးဇူးအများကြီးတင်ပါ တယ်"ဟု ရေးသားထားသည်။

အသက်(၂၁)နှစ်သာရှိသေးသော ဒမ်မီသည် အမေရိကန်နာမည်ကျော်သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်သော "The X Factor"ပြိုင်ပွဲ အကဲဖြတ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်နေသည်မှာ ၂နှစ်ရှိပြီဖြစ်သည်။ "Glee Season 5"ဇာတ်လမ်းတွဲသစ်ကို စက်တင်ဘာ ၂၆ရက် ည ၉ နာရီတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

—Ref: AP



# ကတိအတိုင်း ဆုငွေတွေလှူဒါန်းတဲ့ ရိုင်ကင်

**ဆိုလ်း၊ ဩဂုတ်-၂၅**

တောင်ကိုရီးယားတက်သစ်စလူငယ် အဆိုတော်ရိုင်ကင်သည် တောင်ကိုရီးယား M.net ရုပ်သံလိုင်း၏ Superstar K4 သီချင်းဆိုပြိုင်ပွဲမှရရှိသော ဆုငွေများကို လှူဒါန်းမည်ဟူ၍ ယခင်ကပေးခဲ့သည့် ကတိအတိုင်း ဆုငွေများကို လှူဒါန်းခဲ့ကြောင်း ၎င်း၏ အေဂျင်စီက ဩဂုတ် ၂၄ရက်တွင်ပြောကြားသည်။

အသက် (၂၀) သာရှိသေးသော အဆိုတော်ရိုင်ကင်သည် Superstar K4သီချင်းဆိုပြိုင်ပွဲမှ တောင်ကိုရီးယားငွေ ဝမ်သန်းငါးရာဆုရရှိခဲ့ရာ ဝမ်သန်း နှစ်ရာကို ၎င်း၏ အယ်လ်ဘမ်ထုတ်လုပ်ရေးတွင် အသုံးပြုခဲ့ပြီး ဝမ်သန်းသုံးရာကို ပရဟိတအဖွဲ့အစည်း ၂၀ အား လှူဒါန်းခဲ့သည်။

"ပြီးခဲ့တဲ့ မေလကတည်းက အဆိုတော်ရိုင်ကင်က ပရဟိတအဖွဲ့အစည်းအတော်များများကို သူရထားတဲ့ဆုငွေတွေ လှူဒါန်းနေခဲ့တာပါ။ ဩဂုတ် ၂၃ ရက် ပရိသတ်တွေ့ဆုံပွဲကနေရတဲ့ ဝမ်သန်း ၂၀ ကိုလည်း လှူဒါန်းလိုက်ပါပြီ။ ရိုင်ကင်မှာ နောက်ထပ် ကုသိုလ်ကောင်းမှုတွေထပ်လုပ်ဖို့ အစီအစဉ်လည်းရှိပါသေးတယ်" ဟု ရိုင်ကင်၏ CJE & M အေဂျင်စီက ဩဂုတ် ၂၄ ရက်တွင်ပြောကြားသည်။ အဆိုတော်ရိုင်ကင်သည် စက်တင်ဘာလတွင် အမေရိကန်ကျော့တောင်းတက္ကသိုလ်၌ကျောင်းတက်ရမည်ဖြစ်သောကြောင့် ဩဂုတ် ၂၅ရက်၌ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီသို့ထွက်ခွာမည်ဖြစ်သည်။


—Ref: AllKpop









7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

စာ(၄၁)မှ

# လူငယ်ဒါရိုက်တာ အာကာနှင့်တွေ့ဆုံခြင်း

အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံက အထင်ကရဖြစ်တဲ့နေရာတွေကို ကမ္ဘာကသိအောင် ပြချင်တယ်။ မြန်မာနိုင်ငံမှာ ဒီလိုအရာတွေ ရှိတယ်။ ဒီနိုင်ငံက အရမ်းလှတဲ့နိုင်ငံဆိုတာကို သိစေချင်တယ်။ ကမ္ဘာပေါ်က နေရာတိုင်းမှာတော့ ထူးခြားတဲ့နေရာဆိုတာ ရှိကြတာပဲလေ။ မီဒီယာ ကောင်းတဲ့ နိုင်ငံတွေကျတော့ အဲဒီနိုင်ငံတွေက အရမ်းလှသလိုဖြစ်နေတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းရှိတယ်ပေါ့။ ပြောရရင်တော့ အမျိုးသားရေးစိတ်ဓာတ် ထက်သန်သွားတယ်လို့ ပြောရမလားမသိဘူး။

**Documentary ရိုက်ပြီး ပြိုင်ပွဲတွေ မှာဝင်ပြိုင်ဖြစ်လား။**

မှတ်မှတ်ရရ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်လုပ်နေတဲ့ လွတ်လပ်ခြင်းအနုပညာပွဲတော်မှာတော့ တစ်ခါဝင်ပြိုင်ဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဒီကိုတောင်ပြန်မရောက်သေးဘူး။ စင်ကာပူမှာ သူငယ်ချင်းသုံးယောက်ပေါင်းပြီး ရိုက်၊ Edit လုပ်ပြီး ဒီကိုပို့လိုက်တာ။ short flim ပုံစံပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်းဝင်ပြီးသရုပ်ဆောင်ဖြစ်တယ်။ အကောင်းဆုံးခုနစ်ကားထဲမှာတော့ပါခဲ့တယ်။ နောက်ပိုင်းတော့ မပြိုင်ဖြစ်တော့ဘူး။

**'အကြောင်းပြချက်မမေးနဲ့' 'မကြောက်နဲ့ကျုံး'အမ်တီဗီတွေ ဆိုရင် Online မှာလည်း ပရိသတ်တွေကြိုက်တော့ ဘယ်လိုစိတ်ကူးနဲ့ရိုက်ခဲ့တာလဲ။**

'အကြောင်းပြချက်မပေးနဲ့' က ကိုအားတီတော်လို့ပါ။ သူ့စိတ်ထဲမှာ ဒီလိုလုပ်ရင် ထူးခြားမယ်ဆိုတာသိတယ်။ ကျွန်တော့်ကို ပြောတဲ့အချိန်မှာတောင် ဆင်ဆာလွတ်ပါ့မလား၊ မြန်မာပရိသတ်ကြိုက်ပါ့မလား။ ဒါပေမဲ့ သူက အရမ်းယုံကြည်မှုရှိတယ်။ ဒီလိုလုပ်ပြမှရမှာ၊ ဒီလိုလုပ်ပြမှ တခြားအမ်တီဗီတွေကနေ ခွဲထွက်မယ်ပေါ့။ 'မကြောက်နဲ့ကျုံး'ကျတော့လည်း ဆီးဂိမ်းအတွက်ပေါ့။ နောက်ပြီး ဒီသီချင်းက တခြားသီချင်းတွေလိုလည်းမဟုတ်ဘူး။ အရင်တုန်းက ကိုဂျေမီစင်ပေါ်တက်ခါစအချိန်တုန်းက ပုံစံမျိုးလို ဒီသီချင်းထဲမှာလိုချင်တယ်။ ကိုဂျေမီရဲ့ အရင်တုန်းကကာရိုက်တာကို အားကစားသမားတွေရဲ့ လှုပ်ရှားမှုတွေနဲ့တွဲပြီး ရိုက်တာ။ ကွဲတော့ကွဲထွက်သွားတယ်။ ဆီးဂိမ်းသီချင်းဆိုတာတွေက အေးအေးလေးသွားကြတာများတာ။ ဒီသီချင်းကကြမ်းပြီးတော့ fighter အရမ်းဆန်တယ်။

**Underground တွေရဲ့ အမ်တီဗီတွေ ရိုက်ဖြစ်တာကရော ဘာကြောင့်ရိုက်ဖြစ်တာလဲ။**

အဓိကကတော့ ကျွန်တော့်ညီ ရဲနောင်က သူတို့အဖွဲ့နဲ့ underground သီချင်းတွေဆိုတာများတယ်။ ကျွန်တော်ကလည်း ဒီအလုပ်လုပ်တဲ့အချိန်မှာ မင်းဆိုချင်တဲ့သီချင်းကိုဆို၊ ငါအမ်တီဗီရိုက်ပေးမယ်။ သူလုပ်တာအကုန် Support ပေးတယ်။ သူနဲ့ သူ့သူငယ်ချင်းတွေ သီချင်းတွေကို ရိုက်ဖြစ်တယ်။ ပရိသတ်တွေ ကျွန်တော့်ကို စသိတာကလည်း ပုံရိပ်ဆိုတဲ့သီချင်းနဲ့ပဲ စသိခဲ့တာ။

**Online မှာတင်ထားတဲ့အမ်တီဗီတွေတော်တော်များနေပြီဆိုတော့ အခွေထုတ်ဖို့ရော အစီအစဉ်ရှိလား။**

အာကာထုတ်လုပ်ရေးကနေ ရဲနောင်အတွက် အခွေတစ်ခွေထုတ်ဖို့ရှိပါတယ်။ အောက်တိုဘာလထဲမှာထုတ်မယ်။ ခွေထုတ်တယ်ဆိုပေမယ့် အသစ်တွေတော့ မဟုတ်ဘူး။ Online မှာတင်ထားပြီးသား ဗီဒီယိုအကုန်လုံးကို HD Version ပြန်ပြောင်းပြီး အဟောင်းတွေချည်းပဲတစ်ခွေပြန်လုပ်မှာ။ Online မှာတင်ရင် ဗီဒီယိုတွေက အရည်အသွေးကျပြီး ကြည့်ရင်း ဝါးတားတားတွေဖြစ်နေတာဆိုတော့ တကယ့် HD, blue-ray version နဲ့ရိုက်ထားတာတွေကို frame ပြန်စီစဉ်ထုတ်ဖြစ်မှာပေါ့။ ဆင်ဆာတင်တာလည်း ခွင့်ပြုချက်ရပြီးပါပြီ။

**အမ်တီဗီတွေရိုက်ရင် တစ်ပုဒ်နဲ့တစ်ပုဒ်မတူအောင်ဘယ်လိုစဉ်းစားပြီး ရိုက်ဖြစ်လဲ။**

မတူအောင် များသောအားဖြင့် အနုပညာရှင်က သီချင်းရေးထားတဲ့ အိုင်ဒီယာကိုပြောတယ်။ ရိုက်ချင်တဲ့ပုံစံကိုပြောတယ်။ တစ်ချို့ကျတော့လည်း ဒါရိုက်တာကို အပြီးအပ်တယ်။ ဒါရိုက်တာအနေနဲ့ ရိုက်ဖို့စဉ်စားရတာကျတော့ ရုပ်ရှင်များများကြည့်ဖြစ်တယ်။ တခြားအမ်တီဗီတွေအများကြီးကြည့်ရတယ်။ အိုင်ဒီယာတွေအားလုံးကို ခေါင်းထဲမှာ Reference အနေနဲ့ရှိနေရင် ဒီသီချင်းကိုဒီလိုတီးလုံးလာရင်ဒါလေးကောင်းတယ်၊ အနေးပြရမလား။ အမြန်ပြရမလား၊ အလင်းအမှောင်ကို ဘယ်လိုယူရမလဲ၊ အဲဒီမှာ ကွဲပြားတာတွေရှိတာပေါ့။

**အမ်တီဗီတွေကို ပရိသတ်ကြိုက်ကြတော့ ဒါရိုက်တာတစ်ယောက်အဖြစ် ဇာတ်ကားတွေရိုက်ဖို့ရှိလား။ အဲဒီအခါမှာ ဘယ်လိုအခက်အခဲတွေရှိနိုင်လဲ။**

ရိုက်ချင်ပါတယ်။ ရိုက်ဖို့လည်းအစီအစဉ်ရှိပါတယ်။ လက်ရှိအချိန်မှာတော့ ရိုက်ဖို့အဆင်မပြေသေးဘူး။ လူတွေလည်းစုရဦးမယ်။ ပစ္စည်းတွေလည်းစုရဦးမယ်။ အားလုံးအဆင်သင့်ဖြစ်ရင်တော့ ရိုက်ချင်တယ်။ အခက်အခဲကတော့ ကြုံမှာပါ။ လူငယ်ဒါရိုက်တာတစ်ယောက်ဖြစ်တဲ့အတွက် သရုပ်ဆောင်ကြီးတွေနဲ့ ကြုံတဲ့အခါမှာ ကျွန်တော့်ကိုဘယ်သူမှန်းမသိသေးတဲ့အတွက်လေးစားမှုပေးတာတွေ ရှိချင်မှရှိမယ်။ ရှိလိမ့်မယ်။ ကျွန်တော်ပြောဖို့ကျတော့ ခက်မယ်။ သူတို့ကလည်း နာခံချင်မှ နာခံလိမ့်မယ်။

**အာကာရိုက်တဲ့ အမ်တီဗီတွေက လူငယ်ဆန်ဆန် ရိုက်တာဆိုတော့ မြန်မာပရိသတ်အတွက်အဆင်ပြေမယ့် ပုံစံမျိုးပဲ ရိုက်မှာလား။**

မြန်မာပရိသတ်ဆိုပေမယ့် မြန်မာနိုင်ငံကတင် မဟုတ်ဘဲ နိုင်ငံတကာက မြန်မာပရိသတ်တွေအတွက် ရိုက်မှာပါ။ အဓိက ကျွန်တော့ပရိသတ်တွေကလည်း အွန်လိုင်းမှာပဲ ပိုများတယ်ဆိုတော့ ဒီနိုင်ငံမှာ ဒီလူတွေပဲကြိုက်ရမယ်လို့တော့ ရည်ရွယ်ထားပြီးမရိုက်ဘူး။ အနုပညာကိုကျွန်တော် အကန့်အသတ်နဲ့တော့ သတ်မှတ်မထားပါဘူး။ ကျွန်တော်ရိုက်ချင်တာကို ရိုက်လိုက်တယ်။ အဲဒါကို ကြိုက်တဲ့လူရှိမယ်။ မကြိုက်တဲ့လူ ရှိမယ်။ အဲဒီလိုတော့ ကွဲသွားမှာပေါ့။

**အာကာထုတ်လုပ်ရေးအနေနဲ့ရော လက်ရှိမှာဘာတွေလုပ်ဖြစ်နေလဲ။**

ကျွန်တော်တို့ထုတ်လုပ်ရေးကနေ ကြော်ငြာတွေလည်းရိုက်တယ်။ Documentery တွေလည်းရိုက်တယ်။ Profile တွေလည်းရိုက်ပေးဖြစ်တယ်။ ခုလောလောဆယ်မှာ Doru ကြော်ငြာရိုက်ထားတယ်။ ရန်ကုန် airport အတွက် profile ရိုက်ဖို့ရှိတယ်။ air myanmar profile ရိုက်ဖို့ရှိတယ်။ ရန်ရန်ချမ်း၊ နီနီခင်ဇော်နဲ့ ရဲနောင်ပေါင်းထားတဲ့ ကြော်ငြာတစ်ခု ရိုက်ဖို့ရှိတယ်။ Documentary အနေနဲ့လည်း သီတင်းကျွတ်အတွက် ရိုက်ဖို့ပြင်ဆင်နေတယ်။ နောက်တစ်နိုင်ငံလုံးပတ်ပြီး Landscape တွေပဲ သီးသန့်ရိုက်ပြီးတော့ အဲဒီနေရာတွေနားကလူတွေကို သူတို့ရဲ့ယဉ်ကျေးမှုကိုအင်တာဗျူးတဲ့ပုံစံနဲ့ Documentary တစ်ခုစီစဉ် ထားတယ်။

**Profile အနေနဲ့ကျတော့ ဘယ်လိုမျိုးပုံစံရိုက်ကူးဖြစ်လဲ။**

အခုရိုက်ထားတာဆိုရင် Naing Group နဲ့ Asia Wing Profile တွေရှိတယ်။ Asia Wing ဆိုရင် ၆ မိနစ်ကြာတယ်။ ကုမ္ပဏီ Profile ဖြစ်တဲ့အတွက် သူတို့ကုမ္ပဏီကလုပ်တယ်ဆိုတာကိုဒီအချိန်အတွင်းမှာ ပြနိုင်ရမယ်။ ကြည့်တဲ့လူကလည်းစိတ်ဝင်တစားကြည့်မှ တန်မယ်။ သူတို့က air line ဖြစ်တဲ့အတွက် အရင်ဆုံး office ဖိုင်တွေပြတယ်။ နောက်ပိုင်း Distination တွေကိုပြပြီးကြည့်တဲ့လူတွေက ငါတို့နိုင်ငံအရမ်းလှတယ်ဆိုတာကို ခံစားရအောင်ရိုက်ဖြစ်တယ်။ Naing Group ကျတော့ ၃ မိနစ်ပဲ၊ နည်းနည်းတိုတယ်။ နောက်ပြီး သူတို့က green concert သွားမယ်ဆိုတော့ အဲဒါကိုပြချင်တယ်။ ရှေ့ပိုင်းမှာ သူတို့ကလုပ်တယ်ဆိုတာပြချင်တော့ Technology ပိုင်းကို Iron main ပုံစံတွေဘာတွေပါထည့်ရိုက်တာကြည့်ရတဲ့သူတွေအတွက် ဆွဲဆောင်မှုလည်းဖြစ်သွားတယ်။

**ကြော်ငြာအနေနဲ့ဆိုရင်ရော၊ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာရဲ့ကွာဟချက်တွေရှိတာ ဘာကြောင့်လို့ထင်လဲ။**

နိုင်ငံတကာနဲ့ တစ်ခုကွဲနေတာက သူတို့ဆီက Channel တွေက HD ရတယ်။ ဒီမှာက HD မရသေးဘူး။ အဲဒီတော့ ကျွန်တော်တို့ ဘယ်လောက်ကောင်းကောင်း ရိုက်ရိုက် ရုပ်ထွက်မကောင်းဘူး။ ဟိုကလူတွေရိုက်တာက အရမ်းသပ်သပ်ရပ်ရပ်လည်းရိုက်တယ်။ တစ်ခုချင်းအသေးစိတ်ရိုက်ကြတယ်။ ဒီမှာက များသောအားဖြင့် ကျွန်တော် ရိုက်ပြီဆိုရင်လည်း အဆင်ပြေသလိုရိုက်လိုက်ရတာလည်းရှိတယ်။ မသပ်မရပ်ဖြစ်သွားတာတွေရှိတယ်။ ဈေးကလည်း ကျွန်တော်တို့နဲ့ အဆတစ်ရာလောက်ကွာတယ်လေ။

**ဆန်းသစ်မှုပုံစံတွေနဲ့ရိုက်နိုင်ခဲ့တာက IT ပညာရဲ့အထောက်အပံ့ကြောင့်လို့ပြောနိုင်လား။**

ဟုတ်ပါတယ်။ ကျွန်တော်လိုချင်တာ၊ ရှာချင်တာတွေအကုန်လုံးက အွန်လိုင်းမှာရှိတယ်။ ကျွန်တော်အားလုံးမသိဘူး။ သိချင်တာရှိရင် အွန်လိုင်းမှာတက်ရှာတယ်။ အချိန်ပေးပြီးကြည့်ရင် အဲဒီတစ်ခုကလည်း သိသွားတယ်။ အဲဒီလိုနဲ့ပဲ ရိုက်ဖြစ်တာလည်းများတယ်။ အရင်ကလည်း အမ်တီဗီတွေကြိုက်တာဆိုတော့ Youtube မှာတင်သမျှကို ဒေါင်းလုတ်ဆွဲတယ်။ အဲဒီတည်းက မကောင်းတဲ့ဟာကိုဖြတ်ထုတ်ပြီး ကောင်းတာကိုစုထားတယ်။ အဲဒါတွေ ဖြန့်ကြည့်ပြီး အိုင်ဒီယာတွေလည်း ရပါတယ်။

**အိုင်တီသမားတစ်ယောက်အနေနဲ့ရော ရပ်တည်ဖို့ရှိသေးလား။ ရှေ့ဆက်ပြီးဘာတွေ ဆက်လုပ်ဖို့ရည်မှန်းထားလဲ။**

အိုင်တီပိုင်းကို မြန်မာနိုင်ငံပြန်ရောက်ကတည်းကရပ်လိုက်ပြီ။ ကျွန်တော်တတ်ထားတဲ့အရာတွေက ကျွန်တော့်ခေါင်းထဲမှာပဲရှိတော့မယ်။ အဲဒီအလုပ်နဲ့ပတ်သက်ပြီး ဆက်လုပ်ဖို့တော့မရှိတော့ဘူး။ လက်ရှိမှာတော့ မီဒီယာသမားအနေနဲ့ပဲ ရာနှုန်းပြည့်လုပ်ဖြစ်မယ်။ အခုလက်ရှိမှာလုပ်နေတာဆိုရင်လည်း သုံးပိုင်းလောက်ရှိတယ်။ ဒါရိုက်တာအနေနဲ့ ကိုယ်တိုင်ရိုက်တာရှိမယ်။ ဒါရိုက်တာရိုက်မယ့်လူရှိရင် ဓာတ်ပုံပိုင်းအတွက်လည်း ဝင်လုပ်ပေးဖြစ်တယ်။ နောက် ထုတ်လုပ်ရေးပိုင်းမှာလည်း music album တွေအတွက်တော့ လုပ်ပေးနိုင်တယ်။ ရုပ်ရှင်ထုတ်လုပ်သူအနေနဲ့တော့ မရပ်နိုင်သေးဘူး။

**ပရိသတ်တွေကလည်း အာကာကို အွန်လိုင်းမှာပဲ အားပေးကြတာဆိုတော့ ကြည့်ချင်တဲ့ပရိသတ်တွေအတွက် ဘယ်မှာကြည့်လို့ရမယ်ဆိုတာကိုပြောပြပေးပါဦး။**

ကျွန်တော်က အခုလောလောဆယ် အွန်လိုင်းမှာပဲရှိတာများတော့ အွန်လိုင်းမှာတော့ ကျွန်တော့်ကိုသိတဲ့လူပိုများတယ်။ အပြင်လောကမှာတော့သိပ်မသိကြဘူး။ အခု ကျွန်တော့်ကိုအားပေးနေတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ တကယ်လို့ ကျွန်တော့်ဗီဒီယိုတွေမကြည့်ရသေးတဲ့လူတွေကိုလည်း YouTube မှာ Arkar Production လို့ရိုက်ပြီး ရှာလို့ရပါတယ်။

**ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။**


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Monsters University | Walt Disney Pictures | ၈၂,၄၂၉,၅၀၀ | ၁ |
| ၂။ | World War Z | Paramount Pictures | ၆၆,၄၁၁,၈၀၀ | ၁ |
| ၃။ | Man of Steel | Warner Bros.Pictures | ၂၁၀,၀၇၈,၀၀၀ | ၂ |
| ၄။ | This Is The End | Sony Pictures Releasing | ၅၈,၀၈၂,၂၀၀ | ၂ |
| ၅။ | Now You See Me | Summit Entertainment, LLC | ၉၄,၄၅၇,၀၀၀ | ၄ |
| ၆။ | Fast & Furious 6 | Universal Pictures | ၂၂၈,၆၁၈,၀၀၀ | ၅ |
| ၇။ | The Purge | Universal Pictures | ၅၉,၆၀၄,၁၀၀ | ၃ |
| ၈။ | The Internship | 20th Century Fox | ၃၈,၃၃၉,၉၀၀ | ၃ |
| ၉။ | Star Trek Into Darkness | Paramount Pictures | ၂၁၆,၇၇၈,၀၀၀ | ၅ |
| ၁၀။ | Iron Man 3 | Walt Disney Pictures | ၄၀၃,၁၅၈,၀၀၀ | ၅ |

## Movie Review

### Insidious: Chapter 2




ဖခင်ဖြစ်သူ ဂျို့ရှ်သည် ပရလောကသို့ ကိုယ်တိုင်သွားရောက်ပြီး သားဖြစ်သူဒယ်လ်တန်၏ ဝိညာဉ်ကို ပရလောကမှပြန်လည်ခေါ်ထုတ်လာနိုင်သောကြောင့် ၎င်းတို့မိသားစုလေးပျော်ပျော်ရွှင်ရွှင် နေထိုင်သွားရတော့မည်ဟု ယူဆထားကြသော်လည်း ဂျို့ရှ်၏အမူအရာများမှာ ယခင်လိုမဟုတ်ဘဲ ထူးခြားနေကြောင်း မိသားစုဝင်များသတိထားမိလာသည်။

ထို့အပြင်၎င်းတို့နေအိမ်၌လည်း သဘာဝလွန်ဖြစ်ရပ်များ ပိုမိုဖြစ်ပွားလာပြီး ချောက်ချားမှုများပိုမိုများပြားလာရာ ပရလောကမှ ပြန်ရောက်လာသူမှာ ဂျို့ရှ်မှဟုတ်ပါလေစဟုစတင်တွေးတောလာကြသည်။ နောက်ဆုံးသိလိုက်ရသည်မှာ သားဖြစ်သူ၏ ဝိညာဉ်ကို သွားကယ်သော ဖခင်ဂျို့ရှ်၏ ဝိညာဉ်မှာ ပရလောက၌ပင် ကျန်ရစ်ပြီး ၎င်းခန္ဓာကိုယ်ထဲသို့ ပရလောကသားတစ်ဦးဝင်ရောက်နေသည်ဟူ၍ဖြစ် သည်။ "Insidious: Chapter 2"သည်းထိတ်ရင်ဖိုသဘာဝလွန်ဇာတ်ကား ကို ဒါရိုက်တာ James Wan ရိုက်ကူးထားပြီး စက်တင်ဘာလ ၁၃ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကား၌ Patrick Wilson,Rose Byrne, Lin Shaye နှင့် Ty Simpkins တို့ပါဝင်သရုပ်ဆောင်ထားသည်။

Sports
7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

| ၂၀၁၃ မာဒေးကားဖလားပြိုင်ပွဲ | |
| --- | --- |
| မြန်မာအသင်းပွဲစဉ်များ | |
| ၇-၉-၁၃ | မြန်မာ-ထိုင်း |
| ၉-၉-၁၃ | မြန်မာ-မလေးရှား |
| ၁၁-၉-၁၃ | မြန်မာ-စင်ကာပူ |





# ဆီးဂိမ်းအကြို စမ်းသပ်မှု

ဗိုလ်ဗိုလ်ဝင်း

ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကျင်းပရန် အချိန်နှစ်လကျော်အလိုတွင် မြန်မာယူ-၂၃ ဘောလုံးအသင်း၏ ခြေစွမ်းနှင့် နည်းစနစ်ဗျူဟာပိုင်း လေ့လာခွင့်ရရှိနိုင်သည့် ပြိုင်ပွဲတစ်ရပ်ကို ပရိသတ်များ ကြည့်ရှုခွင့်ရရှိတော့မည်ဖြစ်သည်။

မလေးရှားဘောလုံးအဖွဲ့ချုပ် (FAM) က စီစဉ်ကျင်းပသည့် မာဒေးကားဖလားဖိတ်ခေါ်ပြိုင်ပွဲတွင် မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ မြန်မာအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လာမည့် စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လေးသင်းသည် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လာမည့် ဆီးဂိမ်းအကြို အားစမ်းမည့်ပြိုင်ပွဲတစ်ရပ်အဖြစ် ကျင်းပမည့် ယခုနှစ် မာဒေးကားဖလားပြိုင်ပွဲတွင် ယူ-၂၃ အသင်းများသာပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မလေးရှားနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ၁၉၅၇ ခုနှစ်မှစတင်ကျင်းပခဲ့သည့် မာဒေးကားဖလားပြိုင်ပွဲသည် ၁၉၉၈ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သော်လည်း နောက်ပိုင်းနှစ်များ၌ ပုံမှန်ကျင်းပနိုင်ခြင်းမရှိတော့ပေ။ နောက်ဆုံးကျင်းပခဲ့သည်မှာ ၂၀၀၈ ခုနှစ်တွင်ဖြစ်ပြီး ငါးနှစ်အကြာ ၂၀၁၃ ခုနှစ်တွင် ပြန်လည်ကျင်းပခြင်း ဖြစ်ပါသည်။ ပြိုင်ပွဲအရေအတွက်အရဆိုပါက ယခုနှစ် မာဒေးကားဖလားပြိုင်ပွဲသည် (၄၁)ကြိမ်မြောက် ရှိလာပြီဖြစ်သည်။

၎င်းပြိုင်ပွဲတွင် အသင်းလေးသင်းသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ဆီးဂိမ်းလက်ရှိချန်ပီယံ မလေးရှားအသင်း၊ နာမည်ကြီး ထိုင်းအသင်း၊ ဒေသတွင်း အင်အားကြီး စင်ကာပူအသင်းများ ပါဝင်သည့်အတွက် ၂၀၁၃ ဆီးဂိမ်း အိမ်ရှင်ဖြစ်သည့် မြန်မာအသင်းအတွက် အလွန်အကျိုးရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

ဒေသတွင်း သက်တမ်းရှည် ပြိုင်ပွဲတစ်ခုဖြစ်သည့် မာဒေးကားဖလားပြိုင်ပွဲသည် မြန်မာအသင်းအတွက် အစဉ်အလာကောင်းများ ပိုင်ဆိုင်ထားသည့် ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်သည်။ မြန်မာအသင်းသည် မာဒေးကား ပြိုင်ပွဲသက်တမ်းတွင် ပူးတွဲ ချန်ပီယံ တစ်ကြိမ်အပါအဝင် ချန်ပီယံလေးကြိမ်နှင့် ဒုတိယလေးကြိမ် ရရှိထားသည့် အသင်းလည်းဖြစ်သည်။

ထို့ပြင် မြန်မာအသင်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် တတိယအအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်နေသည်။ ၎င်းပြိုင်ပွဲတွင် မြန်မာအသင်း နောက်ဆုံး ချန်ပီယံဖြစ်ခဲ့သည်မှာ ၂၀၀၆ မာဒေးကားပြိုင်ပွဲဖြစ်သည်။

မြန်မာဘောလုံးအသင်းအနေဖြင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ ထပ်မံတက်ရောက်နိုင်ခဲ့သော်လည်း အိမ်ရှင်မလေးရှား ယူ-၂၃ အသင်းကို ရှုံးနိမ့်ကာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၀၈ မာဒေးကားချန်ပီယံအသင်းမှာ ဗီယက်နမ်ယူ-၂၃ အသင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင်မူ ပါဝင်လာခြင်းမရှိပေ။

ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ မြန်မာယူ-၂၃ အသင်းအား ပဏာမလက်ရွေးစင် ၃၀ ဦးဖြင့် ပြီးခဲ့သည့် ဩဂုတ်လ ၁၂ ရက်တွင် စတင်စခန်းသွင်း လေ့ကျင့်ခဲ့ပြီး မာဒေးကားဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စုစည်းလေ့ကျင့်ချိန် နှစ်ပတ်အတွင်း နည်းပြချုပ် ပတ်ဆောင်ဟွာအနေဖြင့် မြန်မာဘောလုံးသမားများ၏ ကြံ့ခိုင်မှုအခြေအနေကို အဓိကထားမြှင့်တင်နေရသည်ဟု ဆိုထားသည်။ မာဒေးကားဖလားပြိုင်ပွဲသည် လာမည့် ဆီးဂိမ်းအတွက် အဓိကပြင်ဆင်ရမည့် ပြိုင်ပွဲဟု မြန်မာအသင်းနည်းပြချုပ်က ပြောကြားထားသည့်အတွက် ပတ်ဆောင်ဟွာ၏ နည်းဗျူဟာပိုင်းနှင့် ပြိုင်ပွဲဝင်မည့် အနေအထားသည်လည်း စိတ်ဝင်စားစရာကောင်းနေသည်။

မြန်မာယူ-၂၃ အသင်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သည့်တိုင် သင်ခန်းစာ၊ အတွေ့အကြုံများ မရှုံးခဲ့မှသာ အဓိက ရည်မှန်းချက်ဖြစ်သည့် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် အကောင်းဆုံးပြန်လည် ပြင်ဆင်နိုင်မည်ဖြစ်သည်။

ထို့ပြင် အခြားဒေသတွင်း ပြိုင်ပွဲဝင်အသင်းများအနေဖြင့်လည်း မာဒေးကားဖလားပြိုင်ပွဲသည် ချန်ပီယံဆု ဆွတ်ခူးရေးထက် ပြိုင်ဘက်အသင်းများနှင့် မိမိအသင်း၏ ကစားသမားခြေစွမ်း၊ နည်းစနစ်၊ နည်းဗျူဟာပိုင်းကိုလေ့လာအကဲဖြတ်ကြမည့်ပြိုင်ပွဲတစ်ခုအဖြစ် ယှဉ်ပြိုင်လာရန် မျှော်လင့်ရသည်။

ထို့ကြောင့်မြန်မာယူ-၂၃ အသင်းနည်းပြအဖွဲ့ဝင် တာဝန်ရှိသူများသာမက ကစားသမားများအနေဖြင့် မာဒေးကားပြိုင်ပွဲတွင် ရင်ဆိုင်ရမည့် အတွေ့အကြုံအားလုံး အချည်းနှီးမဖြစ်ရန် အလွန်အရေးကြီးမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းအနေဖြင့်ပြီးခဲ့သည့်မေလအတွင်းက ပြင်ဆင်မှုအနည်းငယ်ပြုလုပ်ထားနိုင်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် ညွန့်ပေါင်းအသင်း၊ စင်ကာပူလက်ရွေးစင်အသင်း၊ ဗီယက်နမ်ကလပ်ဒေါင်နန်းအသင်း၊ ဗီယက်နမ်ယူ-၂၃ အသင်းများနှင့် ခြေစမ်းပွဲလေးပွဲ ကစားထားခဲ့သည်။

ပတ်ဆောင်ဟွာ၏ မြန်မာယူ-၂၃ အသင်းအနေဖြင့် အဆိုပါ ခြေစမ်းပွဲလေးပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းနည်းပြချုပ်အနေဖြင့် ခြေစမ်းပွဲများတွင် ရလဒ်များကို အဓိကမထားကြောင်း ဆိုခဲ့သော်လည်း ယခုယှဉ်ပြိုင်မည့် မာဒေးကားပြိုင်ပွဲသည် အစဉ်အလာရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး နိုင်ငံအသင်းကိုယ်စားပြု ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် အသေးစားစမ်းသပ်မှုပြုလုပ်ရန် သင့်လျော်မည်မဟုတ်ပေ။

မြန်မာယူ-၂၃ အသင်းအနေဖြင့် မာဒေးကားဖလားပြိုင်ပွဲအပြီးတွင် နိုင်ငံတကာအသင်းများနှင့် ခြေစမ်းပွဲများအပြင် တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများတွင်လည်း လေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။ ထို့ကြောင့် မာဒေးကားဖလားပြိုင်ပွဲတွင် လက်ရှိကစားသမားများထဲမှ အကောင်းဆုံးပွဲထွက်လူစာရင်းဖြင့်သာ စမ်းသပ်ယှဉ်ပြိုင်သင့်သည်။ သို့မှသာ အသင်း၏ အခြေအနေကို အရှိအတိုင်း ခန့်မှန်းနိုင်မည်ဖြစ်ကာ ဆီးဂိမ်းမတိုင်မီ ကြားကာလတွင် အကောင်းဆုံးပြင်ဆင်နိုင်မည်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

နည်းပြပတ်ဆောင်ဟွာက ကစားကွက်အနေအထားနှင့်ပတ်သက်၍ အထောင်တိုက်စစ်မှူး တစ်ဦးသာ တင်ကစားပြီး တောင်ပံနှစ်ဖက်က ပံ့ပိုးပေးသည့် ၄-၅-၁ ကစားကွက်ကိုသာ အခြေခံသွားမည်ဖြစ်ပြီး ပြိုင်ဘက်အသင်းအနေအထားပေါ် မူတည်၍ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဆိုထားသည်။ သို့သော် ကြံ့ခိုင်မှုအခြေအနေကျဆင်းနေသည်ဟု နည်းပြချုပ်ကိုယ်တိုင် ဝန်ခံထားသည့် မြန်မာအသင်းအနေဖြင့် မြန်ဆန်သည့် ဒေသတွင်းပြိုင်ဘက်များကို မည်သို့ရင်ဆိုင်မည်လဲ ဆိုသည့် နည်းဗျူဟာပိုင်းကလည်း စိတ်ဝင်စားစရာကောင်းနေသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးပြီးနောက် မြန်မာဘောလုံးအသင်းများကို ဆက်တိုက်ကိုင်တွယ်လာသည့် နည်းပြချုပ် ပတ်ဆောင်ဟွာအတွက် အရေးအကြီးဆုံးအချိန်ကာလများ က စိန်ခေါ်မှုများဖြင့် စောင့်ကြိုနေပြီဖြစ်သည်။

ကိုရီးယားနည်းပြဆရာ လက်ထက်တွင် မြန်မာအသင်းအနေဖြင့် အာရှယူ-၂၂ နှင့် AFC Challenge Cup ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ဆူဇူကီးဖလားပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည်။ ၎င်းအတွက် မြန်မာနည်းပြသက်တမ်းအတွင်း လေးကြိမ်မြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် မာဒေးကားဖလားပြိုင်ပွဲတွင် မည်သို့မှတ်တမ်းမျိုးရရှိမည်လဲဆိုသည်ကိုမူ စောင့်ကြည့်ရမည် ဖြစ်သည်။

မြန်မာ့ဘောလုံးလောကအား ဆုကြေးစားစနစ်သို့ မပြောင်းလဲမီ ၂၀၀၆ မာဒေးကားဖလားပြိုင်ပွဲတွင် နည်းပြချုပ် ဦးဆန်းဝင်း ကိုင်တွယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဗိုလ်စွဲထားခဲ့ပြီး ယခုနှစ်ပြိုင်ပွဲသည် မြန်မာနေရှင်နယ်လိဂ်ပေါ် ပေါက်လာပြီးနောက် ပထမဆုံးအကြိမ် ဝင်ပြိုင်ခွင့် ရရှိခြင်းလည်းဖြစ်သည်။

၂၀၀၆ ပြိုင်ပွဲတွင် မြန်မာအသင်းဗိုလ်စွဲခဲ့ခြင်းမှာ အဆိုပါအချိန်က စိုးမြတ်မင်းတို့ အုပ်စု၏ အကောင်းဆုံး အချိန်နှင့် ပြိုင်ပွဲဝင်တစ်သင်းလုံး၏ စည်းလုံးမှုအကောင်းဆုံးကြောင့်ဟု ဦးဆန်းဝင်းကဆိုထားသည်။ လက်ရှိမြန်မာနေရှင်နယ်လိဂ်အကောင်းဆုံး ဘောလုံးသမားများဖြင့်ဖွဲ့စည်းထားသည့် မြန်မာယူ-၂၃ အသင်း၏ စည်းလုံးမှုနှင့် စွမ်းဆောင်မှုများကိုမူ ၂၀၁၃ မာဒေးကားဖလားပြိုင်ပွဲက ဆီးဂိမ်းမတိုင်မီ စမ်းသပ်တော့မည် ဖြစ်သည်။

ENHANCING YOUR BUSINESS OPPORTUNITIES AT MATRADE

SHOWCASE MALAYSIA 2013

Tatmadaw Hall, Yangon, Myanmar
5 - 8 Sept, 2013 10 am - 5 pm

မလေးရှား အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာပြပွဲ

OPPORTUNITIES FOR SECURING AGENCIES, COLLABORATIONS & JOINT VENTURES FROM MALAYSIA

- မြန်မာလုပ်ငန်းရှင်များအတွက် မလေးရှားသို့ လေယာဉ်လက်မှတ်အခမဲ့သွားရောက်နိုင်မည့်အခွင့်အရေး
- အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခမဲ့ အကြံပေးဝန်ဆောင်မှု
- တစ်ဦးချင်းစီတွေ့ဆုံဆွေးနွေးနိုင်ရန်အခွင့်အလမ်း

၅-၆၊ စက်တင်ဘာ၊ ၂၀၁၃-လုပ်ငန်းရှင်များ
၇-၈၊ စက်တင်ဘာ၊ ၂၀၁၃-လုပ်ငန်းရှင်များနှင့်အများပြည်သူ

CONTACT : MATRADE Yangon / Embassy of Malaysia
Email : malaysiashow2013@gmail.com, matradeyangon@gmail.com, ellymatrade131@gmail.com
Tel: 09-425284792 / 09-420119733 / 09-421157048 / 09-5106201, Tel: 01220239, 220248, 220249
Fax: +951 221840


Tranquility
collection
Alexandre Christie
steel
The beautiful jewels of wisdom...
AC 8336
AC 8333
CHERRY OO
Ph: 01-373997,01-381751,02-72992


NESCAFÉ
75 years
TOYOTA Vitz
Hotline 09 732 32462
NESCAFÉ Myanmar
Nestlé
Good Food, Good Life
NYHE
KLW
TU (MDY)
GTU
S.S.S

7DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013

# ဟောင်ကောင်ခရစ်ကတ်ကလပ်အသင်း ရန်ကုန်တွင် လက်ရည်စမ်းပွဲ ယှဉ်ပြိုင်ကစားရန် ကမ်းလှမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၂၅**

ဟောင်ကောင်နိုင်ငံမှ အပျော်တမ်းခရစ်ကတ်အသင်းတစ်သင်းသည် မြန်မာနိုင်ငံတွင်လက်ရည်စမ်းပွဲများယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်သို့ ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သတင်းရရှိသည်။

ဟောင်ကောင်နိုင်ငံမှ Craig-engwer ခရစ်ကတ်ကလပ်အသင်းသည် လာမည့်အောက်တိုဘာလအတွင်း ရန်ကုန်မြို့တွင် လက်ရည်စမ်းပွဲများလာရောက်ယှဉ်ပြိုင်ကစားရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။ ဟောင်ကောင်ကလပ်အသင်းနှင့် မြန်မာ့လက်ရွေးစင်ခရစ်ကတ်အသင်းများလက်ရည်စမ်းပွဲများယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။



*မြန်မာယူ-၁၉ လက်ရွေးစင်ခရစ်ကတ်ကစားသမားများ လေ့ကျင့်နေစဉ်* ဓာတ်ပုံ - ကျော်ဇင်သန်း

"ဟောင်ကောင်လက်ရွေးစင် ခရစ်ကတ်အသင်းအနေနဲ့တော့ အာရှမှာအဆင့်မြင့်တဲ့ အသင်းလို့ပြောလို့ရပါတယ်။ရန်ကုန်ကိုလာမယ့်အသင်းကတော့ အပျော်တမ်းကလပ်အသင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦး ကျော်မင်းကပြောသည်။

ဟောင်ကောင်ကလပ်နှင့် မြန်မာခရစ်ကတ်အသင်းတို့၏ လက်ရည်စမ်းပွဲကို ရွှေပင်လုံအပြည်ပြည်ဆိုင်ရာခရစ်ကတ်အားကစားကွင်း(မြောက်ဒဂုံ)တွင် ကျင်းပရန်စီစဉ်ထားကြောင်း သိရှိရသည်။ မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်အနေဖြင့်လာမည့်ဒီဇင်ဘာလအတွင်း အာရှခရစ်ကတ်ကောင်စီမှ စီစဉ်ကျင်းပမည့် ယူ-၁၉ ခရစ်ကတ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်နှစ်ဆယ်ဦးကို ဘင်္ဂလားဒေ့ရှ်နည်းပြဆရာဖြင့် လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

အဖွဲ့ချုပ်သည် လာမည့် ၂၀၁၄ ခုနှစ်အတွင်း အာရှအဆင့်သက်တမ်းအလိုက်နှင့်လက်ရွေးစင်ခရစ်ကတ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာခရစ်ကတ် လက်ရွေးစင်အသင်းများအား စက်တင်ဘာလအတွင်းဖွဲ့စည်းလေ့ကျင့်သွားရန် စီစဉ်ထားကြောင်းသတင်းရရှိသည်။

# နေပြည်တော်ဘောလုံးအသင်း စပိန်သို့ အလည်အပတ်ခရီးသွားမည်

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ ဩဂုတ်-၂၅

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အဆင့် ၂ ရရှိခဲ့ပြီး လာမည့် AFC Cup ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် နေပြည်တော်အသင်းမှ ကစားသမားများအား စပိန်နိုင်ငံသို့ အလည်အပတ်ခရီးပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နေပြည်တော်အသင်းဥက္ကဋ္ဌက ၂၀၁၃ မြန်မာလိဂ်ပြိုင်ပွဲမှာ အသင်းအနေနဲ့ အဆင့်(၁)ကနေ (၃)အတွင်း ရပ်တည်နိုင်မယ်ဆိုရင် ဥရောပခရီးစဉ်ပို့ပေးမယ်လို့ကတိပေးထားတာရှိပါတယ်။ ဒါကြောင့် စပိန်နိုင်ငံကိုအလည်အပတ်ပို့ပေးဖို့ စီစဉ်ခြင်းဖြစ်ပါတယ်"ဟု နေပြည်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးသီဟက ပြောသည်။

၁၀ ရက်ကြာမြင့်မည့် အဆိုပါစပိန်ခရီးစဉ်ကို လာမည့်စက်တင်ဘာလ ဒုတိယပတ်အတွင်း သွားရောက်ရန် စီစဉ်ထားပြီး အသင်းဥက္ကဋ္ဌအပါအဝင် အုပ်ချုပ်နည်းပြကစားသမားစုစုပေါင်း ၃၀ ဝန်းကျင်ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နေပြည်တော်အသင်းရဲ့ စပိန်ခရီးစဉ်မှာ ရီးရဲမက်ဒရစ်ဘောလုံးအသင်းရဲ့ ဘာနေဗျူးကွင်းနဲ့ ဘာစီလိုနာအသင်းရဲ့ နူးကမ့်ဘောလုံးတွေကိုလည်း သွားရောက်လေ့လာမှာပါ"ဟု ဦးစိုးသီဟကပြောသည်။

အဆိုပါ ခရီးစဉ်အတွက် ကစားသမားများ ရွေးချယ်ရာတွင် ပြီးခဲ့သည့်ပြိုင်ပွဲတွင် အဓိကပွဲထွက်ခွင့်ရရှိသည့် ကစားသမားများကိုဦးစားပေးထားကြောင်းနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ပြစ်ဒဏ်များချမှတ်ခံထားရသည့် ကစားသမားများအနေဖြင့် စပိန်ခရီးစဉ်အတွင်း လိုက်ပါခွင့်ရရှိရန် သေချာမှုမရှိသေးကြောင်း နေပြည်တော်အသင်းတာဝန်ရှိသူကဆိုသည်။

"ရီးရဲလ်၊ ဘာစီလိုနာတို့ကွင်းတွေကို သွားရောက်လေ့လာရတဲ့ ရည်ရွယ်ချက်က အသင်းသားတွေအနေနဲ့ စိတ်ဓာတ်ပိုင်းမြင့်တက်လာဖို့အတွက်ပါ"ဟု ဦးစိုးသီဟကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.25 • AUGUST 28 , 2013





YURI KOCHETKOV/EPA

# ကိုလံဘီယာအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ဆိုင်းငံ့မည်ဟု သူပုန်တပ်ဖွဲ့ပြောကြား

**ရီယိုဒီဂျနေးယိုး၊ ဩဂုတ်-၂၄**

ကိုလံဘီယာအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို နောက်ဆုတ်မည်ဟု ကိုလံဘီယာနိုင်ငံ၏ အင်အားအကြီးဆုံး သူပုန်အဖွဲ့ဖြစ်သော ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ် (FARC)က ဩဂုတ် ၂၃ ရက်တွင် ပြောကြားလိုက်သောကြောင့်လက်တင်အမေရိက၏ အရှည်ကြာဆုံးပြောက်ကျားစစ်ကို အဆုံးသတ်စေရန် ရှုပ်ထွေးသွားစေခဲ့သည်။

ကိုလံဘီယာသမ္မတ ဟွမ်မန်နူရယ်ဆန်းတို့စ်က စေ့စပ်ညှိနှိုင်းမှုများမှ ထွက်ပေါ်လာမည့် သဘောတူညီမှုများအပေါ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အဆိုပြုခဲ့ပြီး နောက်တစ်ရက်အကြာတွင် သူပုန်တပ်ဖွဲ့က ယင်းကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆန်းတို့စ်၏ အဆိုပြုချက်ကို သီးခြားဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း သူပုန်အုပ်စုက ပြောကြားပြီး လယ်သမားများ၊ ကုန်ကားမောင်းသူများ၊ ကော်ဖီစိုက်ပျိုးသူများ နိုင်ငံအနှံ့ ဆန္ဒပြနေစဉ် အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးမူဝါဒများကို ဝေဖန်လိုက်သည်။

သူပုန်များ၏လုပ်ရပ်ကြောင့် ဆယ်စုနှစ်ငါးခုကြာ စစ်ပွဲကို အဆုံးသတ်စေရန် စိန်ခေါ်မှုအများအပြားရှိလာသည်။ သို့သော် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွင်း ယင်းကဲ့သို့ ရှုပ်ထွေးမှုရှိလာမည်ကို မျှော်လင့်ထားရမည်ဟု ကိုလံဘီယာနိုင်ငံရှိနိုင်ငံရေးလေ့လာသူများက သတိပေးပြောကြားသည်။

သူပုန်အဖွဲ့၏လုပ်ရပ်ကို တုံ့ပြန်ရာတွင် သမ္မတဆန်းတို့စ်က (FARC)အဖွဲ့က လေ့လာမည်ဆိုခြင်းမှာ ဥပဒေအရ အကျုံးဝင်ကြောင်း၊ သို့သော် အချိန်မှာ ရွေ့လျားနေပြီး ကိုလံဘီယာလူထုတွင် သည်းခံနိုင်မှုအတိုင်းအတာတစ်ခုထိသာရှိကြောင်း ၎င်းကပြောကြားသည်။

ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့များသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကစ၍ ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် တွေ့ဆုံဆွေးနွေးနေကြသည်။

—*Ref: NY Times*

# စီးပွားရေးနှိုးဆွမှုအစီအစဉ်များ ရုပ်သိမ်းခြင်း အိုင်အမ်အက်ဖ်အကြီးအကဲ သတိပေး

**ဝါရှင်တန်၊ဩဂုတ်-၂၄**

စီးပွားရေးနှိုးဆွမှု အစီအစဉ်များကို လျင်မြန်စွာရုပ်သိမ်းခြင်း မပြုကြရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အကြီးအကဲ မစ္စစ်ခရစ်စတင်းလားဂတ်က ဗဟိုဘဏ်များအား သတိပေးပြောကြားလိုက်သည်။

အချို့ဒေသများတွင် စီးပွားရေးနှိုးဆွမှုမူဝါဒများ လိုအပ်နေဆဲဖြစ်ကြောင်း မစ္စစ်ခရစ်စတင်းလားဂတ်က ပြောကြားပြီး အထူးသဖြင့် ဥရောပနှင့် ဂျပန်နိုင်ငံတွင် လိုအပ်နေသေးသည်ဟု ဆိုသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေ တိုးတက်လာသော လက္ခဏာများပြသလာချိန်တွင် အထောက်အပံ့ပေးသည့်မူဝါဒများကိုအဆုံးသတ်ရေး အချေအတင်ပြောဆို ဆွေးနွေးမှုများရှိလာပြီဖြစ်သည်။

သို့သော် အမေရိကန်နိုင်ငံ၌ ပြောကြားသော မိန့်ခွန်းတစ်ရပ်တွင် မစ္စစ်လားဂတ်က အချို့နိုင်ငံများ၏ စီးပွားရေးမှာ ထိလွယ်ရှလွယ်အနေအထားတွင် ရှိနေဆဲဖြစ်၍ ထွက်ပေါက်တွင် စုပြုံတိုးရန် အကြံမပြုလိုဟု ပြောကြားသည်။

အမေရိကန်ဗဟိုဘဏ်က အစိုးရငွေတိုက်စာချုပ်ဘွန်းများကို လစဉ်ဝယ်ယူနေခြင်းအစီအစဉ် လျှော့ချမည်ဟု အချက်ပြခဲ့ရာ ကမ္ဘာတစ်ဝန်း စတော့ရှယ်ယာဈေးကွက်များနှင့် ငွေကြေးဈေးကွက်များ ထိခိုက်ခဲ့ရသည်။

အိုင်အမ်အက်ဖ်အကြီးအကဲ မစ္စစ်လားဂတ်က စီးပွားရေး နှိုးဆွမှုအစီအစဉ်များမှာ အောင်မြင်မှုရရှိနေကြောင်းနှင့် နိုင်ငံကြီးများတွင် ယင်းအစီအစဉ် လိုအပ်နေသေးကြောင်း ပြောကြားသည်။

—*Ref: BBC*

# မူးယစ်ဘုရင် လွှတ်ပေးရေးဆုံးဖြတ်ချက် ပြန်လည်သုံးသပ်ရန် မက္ကဆီကို အစိုးရရှေ့နေများ လျှောက်ထား

**မက္ကဆီကိုစီးတီး၊ဩဂုတ်-၂၄**

မူးယစ်ရာဇာတစ်ဦး လွှတ်ပေးရေး တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကိုပြန်လည်ကြည့်ရှုရန် မက္ကဆီကိုဖက်ဒရယ်ရှေ့နေများက မက္ကဆီကိုတရားရုံးချုပ်သို့ လျှောက်ထားလိုက်သည်။

မူးယစ်ဘုရင်ရာဖေးကာရိကွင်တယ်ရိုကို လွှတ်ပေးရန် ဖက်ဒရယ်တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြန်လည်သုံးသပ်ရန် တရားရုံးချုပ်ကို တောင်းဆိုထားကြောင်း ရှေ့နေချုပ်ရုံးကပြောကြားသည်။ တရားရုံး၌ငြင်းခုံဆွေးနွေးမှုများမှာ ကျိုးကြောင်းမညီညွတ်ဟု ရှေ့နေချုပ်ရုံးကပြောသည်။ ကာရိကွင်တယ်ရိုသည် ၁၉၈၅ ခုနှစ်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအရာရှိ အင်းနရစ်ကာမာရယ်နာကိုသတ်ဖြတ်မှုတွင် ကြိုးကိုင်စီစဉ်ခဲ့ခြင်းအတွက် အနှစ် ၄၀ ထောင်ဒဏ်မှ ၂၈ နှစ်ကျခံခဲ့ရသည်။

သို့သော် တရားသူကြီးသုံးဦးပါဝင်သော ဖက်ဒရယ်အစိုးရ အယူခံတရားရုံးက ကာမာရယ်နာအား သတ်ဖြတ်ခဲ့ခြင်းအမှုကို ဖက်ဒရယ်တရားရုံး၌ စစ်ဆေးခဲ့ခြင်းအစား ပြည်နယ်တရားရုံးတွင် စစ်ဆေးခဲ့သင့်သည်ဟုဆိုကာ ကွင်တယ်ရိုကို ပြီးခဲ့သည့် သီတင်းနှစ်ပတ်က လွှတ်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ၎င်းမှာလူထုမြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

တရားသူကြီးသုံးဦးအဖွဲ့ခုံရုံး၏ ငြင်းခုံဆွေးနွေးမှုများမှာ ယုတ္တိဗေဒမကျဟု ဖက်ဒရယ်အစိုးရရှေ့နေများရုံးက ဩဂုတ် ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

—*Ref: AP*




## ထောက်လှမ်းရေးအရှုပ်တော်ပုံကြောင့် ဥရောပ – အမေရိကန် ကုန်သွယ်ရေးဆွေးနွေးမှုများ ဆိုင်းငံ့ထားရန် ဂျာမနီအတိုက်အခံခေါင်းဆောင် တောင်းဆို

**ဘာလင်၊ဩဂုတ်–၂၆**

အမေရိကန်နိုင်ငံက ၎င်း၏အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) ၏ စောင့်ကြည့်မှုအစီအစဉ်များကို ရှင်းလင်းပြောကြားနိုင်သည့် အချိန်အထိ ဥရောပနှင့် အမေရိကန် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၎င်းအနေဖြင့် ဆိုင်းငံ့ထားမည်ဟု ဂျာမနီအဓိပတိမစ္စစ်အန်ဂျလာမာကယ်ကိုစိန်ခေါ်မည့်သူက ပြောလိုက်သည်။


FABIAN BIMMER/REUTERS

လာမည့်စက်တင်ဘာ ၂၂ ရက် ရွေးကောက်ပွဲတွင် ဝင်ပြိုင်မည့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ပီယာစတိန်းဘရွတ်က အစိုးရရုပ်သံ ARD သို့ စကားပြောကြားရာတွင် “ဂျာမနီအစိုးရရုံးတွေနဲ့ ဥရောပအဖွဲ့ရုံးတွေကို ကြားဖြတ်နားထောင်နေလား၊ မဟုတ်တာလုပ်ထားသလားဆိုတာကို အမေရိကန်တွေက ပြောတဲ့အချိန်အထိ ကျွန်တော်ဆိုရင် ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုတွေ ရပ်ဆိုင်းထားပါမယ်”ဟုပြောကြားသည်။

ထို့အပြင်အမေရိကန်များက ဆွေးနွေးပွဲစားပွဲအောက်ခြေ၌ နည်းပညာပစ္စည်းများထားရှိသည်လားဆိုသည်ကို မသိရှိရဘဲ အမေရိကန်နှင့် အီးယူကြား ကုန်သွယ်ရေး အတားအဆီးများ ဖယ်ရှားရေး ဆွေးနွေးနေခြင်းအတွက် ဂျာမနီအတိုက်အခံခေါင်းဆောင်က မစ္စစ်မာကယ်အစိုးရကို ဝေဖန်ပြောကြားသည်။

ဂျာမနီကိုယ်ပိုင်လွတ်လပ်မှုစောင့်ကြည့်ရေး အဖွဲ့များကလည်း အမေရိကန်နိုင်ငံ၏ စောင့်ကြည့်ရေးအစီအစဉ်များမှာ နိုင်ငံဖြတ်ကျော် အချက်အလက်များထိန်းသိမ်းစောင့်ရှောက်ရေး နှစ်ဖက်သဘောတူညီချက်ကို ချိုးဖောက်ရာရောက်သည်ဟု ပြောကြားကြသည်။ *—Ref: Fox News*




နောက်ကျောဖုံး မှ

## အသစ်ထွက်မည့် iPhone 5S သည် iPhone 5 ထက် ၃၁ ရာခိုင်နှုန်းပိုမြန်မည်ဟုဆို



အသစ်ထွက်ရှိမည့် iPhone 5S တွင်ပါရှိသည့် A7 မိုက်ခရိုချိပ်စ်များက လက်ရှိရောင်းချနေသည့် iPhone 5 ထက် အသုံးပြုမှု ၃၁ ရာခိုင်နှုန်းပိုမိုမြန်ဆန်စေမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောသည်ဟု Fox News သတင်းဌာနမှ ကလေတွန်မောရစ်က ပြောသည်။

“အဲဒါအရမ်းမြန်တယ်လို့ ကျွန်တော်ကြားထားတယ်”ဟု မစ္စတာမောရစ်က ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်စာမျက်တွင် ရေးသားထားသည်။

iPhone 5S တွင်လက်ဗွေရာ တိုက်ဆိုင်စစ်ဆေးစနစ်၊ 13MP အရည်အသွေးရှိကင်မရာနှင့် Dual-LED ဖလက်ရှ်နှင့်ကြိုးမဲ့အားသွင်းစနစ်ပါရှိမည်ဆိုသောကြောင့် လက်ရှိiPhone 5 ထက်ပိုမိုအဆင့်မြှင့်တင်ထားပုံပေါ်ကြောင်း သိရသည်။

သို့သော်လည်းကောလဟလသတင်းများမည်မျှအမှန်တကယ်ဖြစ်လာမည်ကိုမူ ယင်းပစ္စည်းကိုရိယာ အမှန်တွေ့မြင်ရချိန်မှသာ အတည်ပြုနိုင်မည်ဖြစ်သည်။ iPhone 5S ထွက်ရှိမည့်ရက်မှာ သီတင်း နှစ်ပတ်ကျော်သာလိုတော့သောကြောင့်ကောလာဟလသတင်းများ မှန်ကန်မှုရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

*—Ref: Fox News*







နောက်ကျောဖုံး မှ

## ဂျပန်နိုင်ငံခြားရေးဝန်ကြီး ချာနိုဘိုင်းနျူစက်ရုံ သို့ သွားရောက်လေ့လာ

ဂျပန်နှင့် ယူကရိန်းနိုင်ငံတို့သည် နျူကလီယား ဘေးဒုက္ခများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် ဧပြီလက သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ချာနိုဘိုင်းစက်ရုံသို့ ရောက်ရှိစဉ်တွင် မစ္စတာကီရှီဒါသည် စက်ရုံ၏ ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံခဲ့ပြီး အခြားအသေးစိတ်အချက်အလက်များကိုမူ မသိရှိရသေးပေ။

ယူကရိန်းတာဝန်ရှိသူများသည် ဟီရိုရှီးမားမြို့သားကီရှီဒါက ဓာတ်ရောင်ခြည်ပူ ချေဖျက်ခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြောင်းရွှေ့ရသူများကိုလျော်ကြေးပေးခြင်းကိစ္စများတွင် သင်ကြားပြသပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျပန်တိုင်းမ်သတင်းစာက ရေးသားသည်။ ကီရှီဒါသည် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး လီယိုနစ်နှင့်လည်း အစည်းအဝေးများပြုလုပ်မည်ဖြစ်သည်။

*—Ref: AFP/Japan Times*

# အမျိုးသမီးများအတွက် အရေးကြီးသောအာဟာရများ

အမျိုးသမီးများ၏ အသက်အရွယ်ပေါ်မူတည်ပြီး အာဟာရလိုအပ်ချက်ပြောင်းလဲနိုင်ပါသည်။ အမျိုးသမီးများသည်အမျိုးဖော်ဝင်ချိန်၊ ကိုယ်ဝန်ဆောင်ချိန်၊ သွေးမဆုံးမီအချိန်နှင့် သွေးဆုံးပြီးအချိန်များပေါ်မူတည်ပြီး ဟိုမုန်းနှင့် ခန္ဓာကိုယ်ပြောင်းလဲမှုများစွာဖြစ်စေနိုင်ပါသည်။

အသက်အရွယ်ကွာခြားချက်ပေါ်မူတည်ပြီးအသက်ရှည်ကျန်းမာရန်နှင့်အာဟာရမျှတစေရန်မတူညီသော အာဟာရများလိုအပ်မှုသည် အရေးပါသော အထူးကဏ္ဍအနေဖြင့်ရှိနေပါသည်။

အမျိုးသမီးများအတွက် အဓိကကျသော အာဟာရများကိုဖော်ပြပေးလိုက်ပါတယ်။



ကယ်လ်စီယမ်

ကယ်လ်စီယမ်ဘာကြောင့် ခန္ဓာကိုယ်ကလိုအပ်ပါသလဲ။

ကယ်လ်စီယမ်သည် အမျိုးသမီးများအရိုးသန်မာရေးကို ကာကွယ်မှုတ်တိုင်းအတွက်အဓိကအာဟာရဖြစ်ပါသည်။ (အရိုးပွရောဂါဖြစ်ပွားမှုကိုလျှော့ချပေးနိုင်ပြီး နောက်ဆက်တွဲ အရိုးကျိုးခြင်း၊ အရိုးများအားနည်းခြင်း၊ အရိုးကျိုးမှုဖြစ်နိုင်ခြင်း၊ အရိုးပွရောဂါဖြစ်ပွားမှုကိုလျှော့ချပေးနိုင်ပါသည်။

ဘယ်လောက်လိုအပ်ပါသလဲ

သွေးမဆုံးမီ အချိန်အမျိုးသမီးများသည်တနေ့တာအတွက် ကယ်လ်စီယမ်ပမာဏ (၁၀၀၀) မီလီဂရမ်လိုအပ်ပါသည်။ အနောက်နိုင်ငံများတွင် သွေးဆုံးပြီး အမျိုးသမီးများအနေဖြင့် ကယ်လ်စီယမ်ပမာဏ (၁၂၀၀) မီလီဂရမ်တိုး၍ လိုအပ်လာပါသည်။ သို့သော်လည်း အိန္ဒိယဆေးသုတေသနအဖွဲ့မှ သွေးဆုံးပြီး အမျိုးသမီးများသည် ကယ်လ်စီယမ်ပမာဏ (၈၀၀)မီလီဂရမ် လိုအပ်

၅၂ ကျန်းမာပြီး အရွယ်ရောက်နေသော အမျိုးသမီးများအတွက် ကယ်လ်စီယမ် (၆၀၀)မီလီဂရမ်လိုအပ်ကြောင်း ပြောပါသည်။ လူ့ခန္ဓာကိုယ်မှကယ်လ်စီယမ်ကို တစ်ကြိမ်ချေဖျက်နိုင်မှုမှာ ယင်းပမာဏဖြစ်၍ကယ်လ်စီယမ် (၅၀၀) မီလီဂရမ် ပိုမိုစားသုံးခြင်းမပြုရန်လိုပါသည်။

သံဓာတ်

သံဓာတ်သည် လူတစ်ဦးချင်းစီ၏ကျန်းမာရေးအတွက် ယေဘုယျသွေးအားကျန်းမာရေးကောင်းရန် လိုအပ်ပါသည်။



အမျိုးသမီး

အမျိုးသမီးများသည် သံဓာတ်ကို အမျိုးသားများထက် ပိုမို လိုအပ်ပါသည်။ သံဓာတ် လုံလောက်မှုတမှုမရှိခြင်းသည် သွေးအားနည်းရောဂါကို ဖြစ်စေပါသည်။ ရာသီပန်းပွင့်ချိန်ကာလ မျိုးတွင် အမျိုးသမီးများသည် သံဓာတ်ဆုံးရှုံးသွားသည့်အတွက် လိုအပ်သော သံဓာတ်ကိုပြန်လည် ဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။ အထူးသဖြင့်အမျိုးဖော်ဝင်စကာလ တစ်ရှိန်ထိုးကြီးထွားလာချိန်တွင် အမျိုးသမီးငယ်များသည်သံဓာတ် များများပို၍ လိုအပ်ပါသည်။ သို့မှသာရာသီပန်းပွင့်ချိန်တွင် ဆုံးရှုံးသွားသောသွေးအားကိုဖြည့်တင်းပေးရာရောက်ပြီး ခန္ဓာကိုယ်တည်ဆောက်မှုအတွက် လိုအပ်သောသွေးပမာဏကို ရရှိမည်ဖြစ်ပါသည်။ သွေးဆုံးပြီးချိန်နောက်ပိုင်းမှသာဤကွာဟချက်သည် ပျောက်သွားမည်ဖြစ်ပါသည်။

## အမျိုးသားနှင့် အမျိုးသမီးတို့၏ ... ဟာရလိုအပ်ချ...

လူတိုင်းသည် အမျိုးသားနှင့် အမျိုးသမီးကြားကွဲပြားခြားနားမှုများကို ကောင်းစွာသတိပြုမိမည်ဖြစ်ပါသည်။

ထို့အတူအာဟာရလိုအပ်ချက်များ မှာလည်းငင်းတို့နှစ်ဦးကြားတွင်ကွာခြားမှုရှိနေပါသည်။ သင့်တင့်မျှတသောအစာ အာဟာ ရနှင့်လုံလောက်ပြည့်စုံသော ကိုယ်လက်လှုပ်ရှားမှုတို့သည်ကျန်းမာသန်စွမ်းသောကိုယ်ခန္ဓာတည်ဆောက်မှု အတွက် အခြေခံဖြစ်သော်လည်း အရွယ်ရောက်ပြီးသော အမျိုးသား၊ အမျိုးသမီးကြား အာဟာရလိုအပ်ချက်များမှာ ကွဲပြားနိုင်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့မှာ ရုပ်ပိုင်းဆိုင်ရာအရ မတူညီသော ကိုယ်ခန္ဓာတည်ဆောက်ပုံများရှိကြသည်။






7 DAY NEWS JOURNAL

# International

Vol.12, No.25 • AUGUST 28 , 2013



MAX WHITTAKER/REUTERS

*ကယ်လီဖိုးနီးယားပြည်နယ်၊ အမျိုးသားဥယျာဉ်အတွင်းထိ လောင်ကျွမ်းနေသော Rim Fire တောမီးများ Buck Meadows ဒေသ အမှတ် ၁၂၀ အဝေးပြေးလမ်းမကြီးတစ်ဖက်သို့ ကူးစက်သွားမည်ကို ကာကွယ်နေသော မီးသတ်သမားများကို တွေ့ရစဉ်*

## ကုလ ဆက်သွယ်ရေး လျှို့ဝှက်ကုတ်များ အမေရိကန် ဖောက်ထွင်းခဲ့ဟုဆို

**ဘာလင်၊ဩဂုတ်-၂၆**

ကုလသမဂ္ဂ၏ နယူးယောက်ရုံးချုပ်တွင်ပြုလုပ်သောအဖွဲ့အစည်းတွင်း ဗီဒီယိုကွန်ဖရင့်လုပ်ခြင်းကို လုံခြုံမှုရှိရန် လုပ်ထားသော လျှို့ဝှက်နံပါတ်များကို အမေရိကန်အမျိုးသားအေဂျင်စီ (NSA)က ဖောက်ထွင်းခဲ့ကြောင်း လျှို့ဝှက် NSA စာရွက်စာတမ်းများကို ကိုးကား၍ ဂျာမနီဒါစပီးဂဲလ်အပတ်စဉ်ထုတ်မဂ္ဂဇင်းက ရေးသားသည်။

ယင်းသို့ လုပ်ဆောင်ခဲ့၍ NSA အနေဖြင့် ကုလဗီဒီယိုကွန်ဖရင့်များမှ အချက်အလက် ပိုမိုရရှိလာပြီး အခြားအချက်အလက် စီးဆင်းမှု လျှို့ဝှက်နံပါတ်များကိုလည်း ဖော်ထုတ်လာနိုင်ကြောင်း ထောက်လှမ်းရေးသတင်းများ ပေါက်ကြားသူ အက်ဒဝပ်စနိုးဒန်၏ ဖော်ထုတ်မှုများကြောင့် အငြင်းပွားမှုရင်ဆိုင်နေရသော NSA စာရွက်စာတမ်းများကို ကိုးကား၍ ဂျာမနီမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

NSA သည် ၂၀၁၂ ခုနှစ် နွေရာသီကစ၍ ကုတ်နံပါတ်များဖော်နိုင်ခဲ့ပြီး သီတင်းသုံးပတ်အတွင်း ဆက်သွယ်မှုပေါင်း ၁၂ ခုမှ ၄၅၈ ခုအထိ ကုတ်နံပါတ်များ ဖောက်ထွင်းနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၁ ခုနှစ်က ကုလသမဂ္ဂတွင် တရုတ်ထောက်လှမ်းရေးအဖွဲ့က ကြားဖြတ်နားထောင်နေခြင်းကို ဖမ်းမိခဲ့သည်ဟု ဆိုသည်။

ထို့အပြင် အီးယူက နယူးယောက်မြို့ရုံးသို့ ၂၀၁၂ ခုနှစ်စက်တင်ဘာလက ပြောင်းလာပြီးနောက်တွင်လည်း ယင်းရုံးကို အမေရိကန် ထောက်လှမ်းရေးအေဂျင်စီက စောင့်ကြည့်နေခဲ့ကြောင်း Der Spiegel တွင် ရေးသားဖော်ပြသည်။ —*Ref: AFP*

## အသစ်ထွက်မည့် iPhone 5S သည် iPhone 5 ထက် ၃၁ ရာခိုင်နှုန်း ပိုမြန်မည်ဟုဆို

**နယူးဂျာစီ-** Apple ကုမ္ပဏီ ထုတ် iPhone 5S ကို စက်တင်ဘာ ၁၀ ရက်တွင် စတင်ရောင်းချမည်ဟုဆိုပြီး ယင်းဖုန်းတွင် A7 မိုက်ကရိုချိပ်စ်များ ထည့်သွင်းထားသောကြောင့် ဈေးကွက်အတွင်း လက်ရှိရောင်းချနေသည့် iPhone 5 ထက် ၃၁ ရာခိုင်နှုန်းအသုံးပြုရ ပိုမိုမြန်ဆန်မည်ဟုကောလာဟလသတင်းများ ထွက်ပေါ်နေသည်။

**စာမျက်နှာ ၄၆ ››**

## ဂျပန်နိုင်ငံခြားရေးဝန်ကြီး ချာနိဘိုင်းနျူစက်ရုံသို့ သွားရောက်လေ့လာ

**ချာနိဘိုင်း-** ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် ယူကရိန်းနိုင်ငံတွင် ကမ္ဘာ့အဆိုးရွားဆုံး နျူကလီးယားဘေးဒုက္ခဖြစ်ပွားခဲ့ရာနေရာသို့ သွားရောက်ခဲ့ပြီး ဂျပန်နိုင်ငံဖူကူရှီးမားဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ သုံးရက်တာခရီးစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါသည် ချာနိဘိုင်းနျူစက်ရုံသို့ သွားခြင်းမှာ အချက်အလက်စုဆောင်းခြင်းနှင့် နျူကလီးယားဘေးဒုက္ခအကျိုးဆက်အတွေ့အကြုံများ မျှဝေနိုင်ရန်ဖြစ်သည်ဟု ယူကရိန်းနိုင်ငံ ဂျပန်သံရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**စာမျက်နှာ ၄၆ ››**



ENYA SAVILOV/AFP

*ချာနိဘိုင်းနျူကလီးယားဓာတ်အားပေးစက်ရုံဟောင်း အမှတ် ၄ အနီး ကာရံထားသော အကာအရံအနီးမှ အလုပ်သမားများ ဖြတ်လျှောက်သွားနေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်*



ဂျာနယ် မျက်နှာဖုံး မှ

# ကိုယ်စားလှယ်အဖြစ်မှရုပ်သိမ်းခွင့် လွှတ်တော်တွင်းအင်အားစုအချို့စိုးရိမ်

"လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းရန် စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားများအတွက်လွှတ်တော်သက်တမ်းကာလ တစ်ဝက်ကျော်ရောက်ရှိလာပြီဖြစ်သည့်အတွက် ဆက်လက်ပြီး ဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါတယ်"ဟု ဗိုလ်မှူးကြီးညဏ်နိုင်က ရဲရဲဝံ့ဝံ့ထပြောလိုက်သည်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပနေစဉ် ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ထိုဆွေးနွေးမှုအပေါ် ပြည်ခိုင်ဖြိုးပါတီမင်းလှမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမောင်တိုးက"တစ်ရာခိုင်နှုန်းသောလူထုတွေကသာဒီလိုမျိုးစာတွေတင်ပြီးတော့ဒီပြည်သူအများစုထောက်ခံတဲ့ ကိုယ်စားလှယ်တွေကို ဒုက္ခပေးလို့ရမယ်ဆိုရင် အဲဒီဟာတွေကို ရှင်းနေတာနဲ့တင်ပဲ ကျွန်တော်တို့ရွေးကောက်ပွဲ ကော်မရှင်ရော၊ လွှတ်တော်တွေရော အင်မတန်ရှုပ်သွားမှာဖြစ်ပါတယ်"ဟု ပြန်လည်ချေပဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေကြမ်းကို ရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၇ ရက်၌ပေးပို့ခဲ့ပြီး တစ်နှစ်နီးပါးအကြာတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာဖတ်ကြားသည့်အခါ ထိုသို့ငြင်းခုံပြောဆိုကြခြင်းဖြစ်သည်။

အစီရင်ခံစာအရ အဆိုပါဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီအစီရင်ခံစာ ထွက်ရှိလာသည်အထိ ဆိုင်းငံ့ထားသင့်ကြောင်း တင်သွင်းခဲ့ရာပြည်သူကရွေးချယ်ခြင်းမဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတိုက်ရိုက်တင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ပြီး ဥပဒေကိုအမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးခဲ့သည်။

သို့သော်ရွေးကောက်ခံအမတ်များက ထိုဥပဒေကြမ်းကိုဆိုင်းငံ့ထားရန် ထောက်ခံဆွေးနွေးခဲ့သည်။

"ဘုရားကိုတောင် မကြိုက်တဲ့လူရှိတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို တစ်ရာခိုင်နှုန်းနဲ့ပြန်ခေါ်ဖို့အတွက် ကိုလုပ်မယ်ဆိုရင်တော့ အဲဒီဟာတွေနဲ့ပဲ အလုပ်တွေရှုပ်နေမှာပါ။ တစ်ရာခိုင်နှုန်းကို အလွယ်တကူဆန့်ကျင်ဘက် အဖွဲ့အစည်းတွေကရနိုင်တယ်ဆိုတာကိုရွေးကောက်ခံဖူးတဲ့ပုဂ္ဂိုလ်တွေအားလုံးသိပါတယ်" ဟု ပြည်ခိုင်ဖြိုးအမတ်ဦးမောင်တိုးက ဆက်လက်ဆွေးနွေးခဲ့သည်။

"တကယ်ပြည်သူလူထုရဲ့ထောက်ခံမှုကိုရထားပြီးသားဆိုရင် တစ်ရာခိုင်နှုန်းကိုကြောက်စရာမလိုပါဘူး။ ပြည်သူလူထုနဲ့ထိတွေ့ဆက်ဆံမှုရှိတယ်ဆိုရင် တစ်ရာခိုင်နှုန်းကိုကြောက်စရာမလိုပါဘူး"ဟုနိုင်ငံရေးလေ့လာသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်စွာမြင့်ကပြောသည်။

၂၀၁၀ ရွေးကောက်ပွဲဖြင့် တက်လာသောလွှတ်တော် အမတ်အများစုသည်သက်ဆိုင်ရာမဲဆန္ဒနယ်များမှပြည်သူများကထောက်ခံခဲ့သူများမဟုတ်ခဲ့သည့်အတွက် တစ်ရာခိုင်နှုန်းသောမဲဆန္ဒရှင်များကလက်မှတ်ထိုးပြီး ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းမည့် ကိစ္စကို အန္တရာယ်ရှိသည်ဟု သဘောပေါက်သဖြင့်ယခုကဲ့သို့ကန့်ကွက်ခြင်းဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူဦးကျော်လင်းဦးက မှတ်ချက်ပြုသည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၉ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း ပုဒ်မ ၃၉၆ (ခ)တွင်သက်ဆိုင်ရာမဲဆန္ဒနယ်မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ တင်ပြရမည်ဟု ဖော်ပြထားသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည်မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းထားသည်။

"တစ်ရာခိုင်နှုန်းကတင်ပြရမည်ဆိုပေမယ့်လည်း တစ်ရာခိုင်နှုန်းတင်ပြတိုင်းမဟုတ်ပါဘူး။ ကျွန်တော်တို့လေ့လာစုံစမ်းစစ်ဆေးပြီး ပြန်ပြီးတော့ဆန္ဒခံယူပြီး ၅၀ ရာခိုင်နှုန်းကျော်မှသူ့ကို အရွေးယူသင့်၊မယူသင့် ဆိုတာကိုဆုံး ဖြတ်မှာဖြစ်ဖြစ်ပါတယ်"ဟု တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီးမင်းကိုကိုကဆွေးနွေးခဲ့သည်။

"ဥပဒေပြုနေကြတဲ့ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ စည်းမျဉ်းစည်းကမ်းတွေကရောဘယ်လိုရှိရမယ်၊ဘယ်လိုလိုက်နာရမယ်၊ဘယ်လိုလုပ်ကြရမယ်ဆိုတာတွေလည်း လိုအပ်မယ်ထင်ပါတယ်"ဟု တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ဗိုလ်မှူးကြီးမင်းကိုကိုက ပါဝင်ဆွေးနွေးခဲ့သည်။

"အခုဆိုရင် လွှတ်တော်သက်တမ်းကလည်း သုံးနှစ်ပြည့်တော့မယ်။ ပြည်သူ့ဘက်ကကြည့်ရင် သူတို့ပြန်ခေါ်ချင်တဲ့ကိုယ်စားလှယ်ကိုဥပဒေမရှိတဲ့အတွက်ပြန်မခေါ်နိုင်တာ ဒါကပြည်သူ့ဘက်ကနစ်နာတယ်"ဟု ရွှေနေဦးကိုနီကပြောသည်။

၂၀၀၈ ခုနှစ် ရွေးကောက်ပွဲပြီးနောက် ပြည်ခိုင်ဖြိုးပါတီတောင်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်အမတ်များကိုသက်ဆိုင်ရာမဲဆန္ဒနယ်မှ တစ်ရာခိုင်နှုန်းကျော်သောပြည်သူများကလွှတ်တော်အမတ်အဖြစ်မှ ရုပ်သိမ်းပေးရန် ရွေးကောက်ပွဲကော်မရှင်သို့တင်ပြခဲ့သော်လည်းဥပဒေမရှိသဖြင့်ယခုချိန်ထိမည်သည့်အဖြေမှ မထွက်ခဲ့ပေ။

"ဖွဲ့စည်းပုံအခြေခံဥပဒေကိုငြင်းစရာမရှိပါဘူး။ ဒါပေမဲ့လည်းပုဒ်မ ၃၉၇ မှာပြဋ္ဌာန်းဥပဒေလိုပါတယ်။ ဒီတစ်ရာခိုင်နှုန်းဆို Initiate လုပ်လို့ရပြီ။ ရတဲ့ဟာကို တရားမျှတဖို့၊ မှန်ကန်ဖို့အတွက် ဥပဒေပြဋ္ဌာန်းဖို့လိုပါတယ်။ ဥပဒေပြဋ္ဌာန်းတဲ့အခါ တရားမျှတဖို့လိုပါတယ်။ မှန်ကန်ဖို့လိုတယ်။ ဒီစွပ်စွဲခံရတဲ့ကိုယ်စားလှယ်တွေအတွက် ကာကွယ်တာ၊ ပြည်သူတွေအတွက် ကာကွယ်တာ ပြည်သူ့ကိုယ်စားလှယ်ပဲ"ဟု ကျောက်ဖြူမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားဦးဘရှိန်က ဆွေးနွေးခဲ့သည်။

ထို့ကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာဆန်းစစ်ရေးကော်မတီက သုံးသပ်ချက်များထွက်ပေးလာပြီးနောက်ပိုင်း ဆောင်ရွက်ပါက နိုင်ငံတော်နှင့် ပြည်သူ့အတွက် တန်ဖိုးရှိပါလိမ့်မည်ဟု ဦးဘရှိန်ကဆွေးနွေးခဲ့သည်။

"Right Of Recall ဆိုတာအခြေခံဥပဒေနဲ့မဆိုင်ပါဘူး။ အခြေခံဥပဒေဆိုတာကတော့ တစ်အုပ်လုံးကို ပြင်သင့်တာပဲ။ အားလုံးသိနေတဲ့ကိစ္စ။ ဒါပေမဲ့ Right Of Recall ကတော့ပြဋ္ဌာန်းသင့်တာကြာပြီ"ဟု ရှေ့နေဦးကိုနီကဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သည့် ဥပဒေသည် ရှိရန်လိုအပ်သော်လည်း ဖွဲ့စည်းပုံတွင်ပါရှိသည့် တစ်ရာခိုင်နှုန်းစနစ်သည် အခြားတိုင်းပြည်များတွင်လည်း မရှိသည့်အတွက် ပြင်ဆင်ရန်လိုအပ်ခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ကပြောသည်။

ဘယ်လောက်ရာခိုင်နှုန်းပဲဖြစ်ဖြစ် ဥပဒေကရေးမယ်ဆိုပေမယ့် အခုချိန်မှာ အခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီဆိုတာရှိနေပြီဆိုတော့ ဒီကော်မတီက ဒါကိုပြင်ဖို့အတွက်ပြောမှာပဲ။ ဒါကြောင့် ကော်မတီကတင်မယ့်ပြင်ဆင်ရေးမှာ ဒီအချက်ကပါသွားမှာပဲဟု အဆိုပါကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် ဦးဝင်းမြင့်ကပြောသည်။

အိန္ဒိယနှင့်ဗြိတိန်ကဲ့သို့ ဒီမိုကရေစီနိုင်ငံကြီးများတွင်ပင် အဆိုပါ ၁ ရာခိုင်နှုန်းစနစ်မရှိသည့်အတွက် ပြန်လည်သုံးသပ်ရန်လိုသည်ဟုပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်ပြထားသည်။

သို့သော် ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီအစီရင်ခံစာထွက်ရှိလာသည်အထိဆိုင်းငံ့ထားသင့်ကြောင်းတင်သွင်းခဲ့သည့်အဆိုကိုရွေးကောက်ခံမဟုတ်သည့်တပ်မတော်သားကိုယ်စားလှယ်များက ကန့်ကွက်သည့်အဆို နောက်ကွယ်တွင်အခြားသော နိုင်ငံရေးအရ ဆက်စပ်မှုများ ရှိလာနိုင်ကြောင်းလည်းနိုင်ငံရေးလေ့လာသုံးသပ်သူအချို့ကဆိုသည်။

တပ်မတော်တပ်ရင်းများရှိသော မြို့နယ်များတွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းမှာ တပ်မတော်သားကိုယ်စားလှယ်များနှင့်ပင်ပြည့်နိုင်ကြောင်း ထောက်ပြပြောဆိုမှုများရှိသည်။

"တပ်မတော်သားကိုယ်စားလှယ်က အပြန်အလှန် Check and Balance ဖြစ်တယ်ဆိုတာကိုဘာကိုဆိုလိုတာလဲလို့ကျွန်တော်အတိအကျမပြောနိုင်ပေမယ့် လွှတ်တော်ကိုယ်စားလှယ်ကိုတာဝန်မှပြန်လည်ရုပ်သိမ်းဖို့ တာဝန်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုအပ်နှင်းတဲ့အချက်က သတိပြုဖို့ကောင်းတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကပြောသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ငါးဦးကို နိုင်ငံတော်သမ္မတကပြည်ထောင်စုဝန်ကြီးများ ခန့်အပ်သည့်လုပ်ထုံးလုပ်နည်းအတိုင်း မိမိကြိုက်နှစ်သက်သူအား ခန့်အပ်နိုင်သည်။

သမ္မတ၊ ဒုသမ္မတနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလွှတ်တော်မှစွပ်စွဲပြစ်တင်ဖြုတ်ချနိုင်သကဲ့သို့လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များကိုမဲဆန္ဒရှင်တစ်ရာခိုင်နှုန်းက တိုင်တန်းစစ်ဆေးတွေ့ရှိပါက သမ္မတခန့်အပ်ထားသောရွေးကောက်ပွဲကော်မရှင်က ဖြုတ်ချနိုင်သည်။ အပြန်အလှန်ထိန်းကျောင်း ပြုလုပ်ထားသည်။

"တပ်မတော်သားကိုယ်စားလှယ်တွေက လက်ရှိအစိုးရနဲ့ နီးစပ်တဲ့သဘောရှိတယ်။ တပ်မတော်သားကိုယ်စားလှယ်တွေရဲ့ အဆိုပြုချက်က အစိုးရဘက်ကို ကာကွယ်တဲ့သဘောမျိုးတွေ့ရတယ်"ဟု နိုင်ငံရေးလေ့လာသူဦးကျော်လင်းဦးက သုံးသပ်သည်။

သို့သော် တပ်မတော်သားများ ထောက်ခံဆွေးနွေးခြင်းနှင့်ပတ်သက်၍ ဦးကျော်စွာမြင့်က"၂၀၁၀ ရွေးကောက်ပွဲတုန်းက ပြည်သူထုရဲ့ထောက်ခံမှုကို ရခဲ့သလားဆိုတာကို တပ်မတော်အနေနဲ့ အခုအချိန်မှာ စိန်ခေါ်လိုက်တဲ့သဘောပဲ။ အနှစ်သာရဖြင့်ပြောရရင်"ဟု မှတ်ချက်ပြုပြောကြားသည်။

ထိုကဲ့သို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် အခန့်အပ်ခံတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကြား အငြင်းပွားခဲ့သောအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကအသံစနစ်ဖြင့်'ကန့်ကွက်သူရှိပါသလား' သုံးကြိမ်မေးမြန်းသောအခါ ကန့်ကွက်သူမရှိသဖြင့် အဆိုပါဥပဒေကြမ်းကို ဆိုင်းငံ့ထားရန် အတည်ပြုလိုက်သည်။ ။

ဂျာနယ်မျက်နှာဖုံးမှ

## ဝယ်သူသာလျှင် အမြဲမှားသည့် ဟန်းဆက်ဆိုင်တို့ ပေါ်လစီ



ဆိုင်မှဝယ်ပြီးပြီးချင်း တစ်ပတ်အတွင်း တစ်စုံတစ်ခုဖြစ်လျှင်ပင် အာမခံကတ်များက အသုံးမဝင်ပေ

အစိုးရက ဖုန်းဆင်းမ်ကတ်တစ်ခုကို ကျပ် ၁,၅၀၀ ဖြင့်ရောင်းချခဲ့ပြီး ဝယ်လိုအားများလာသော ဖုန်းအခွံ(Handset) ဈေးကွက်ကြောင့် ရန်ကုန်အပါအဝင်နိုင်ငံအနှံ့တွင်ဖုန်းဟန်းဆက်အရောင်းဆိုင်များမှိုလိုပေါက်လာခဲ့သည်။ သို့သော်လည်း အဆိုပါဆိုင်များအနက်အချို့ကသာ သူတို့ရောင်းချသည့် ပစ္စည်းများတစ်စုံတစ်ရာပြဿနာပေါ်ပါကဖြေရှင်းပေးရန် တာဝန်ယူကြသည်။

နိုင်ငံတကာတွင်ကျော်ကြားသည့် Apple ၏ အိုင်ဖုန်းကအစ Samsung ၏နောက်ဆုံးပေါ်ဖုန်းများအလယ် HTC,Huawei အဆုံးနာမည်ကျော်တံဆိပ်များကိုသူ့ထက်ငါဦးအောင် ရောင်းချနေသော်လည်း ရောင်းပြီးနောက်ဝန်ဆောင်မှုပေးသည့်အပိုင်းတွင်မူ ကြော်ငြာထားသလို ဝန်ဆောင်မှုပေးဖို့ စိတ်အားထက်သန်ခြင်းမရှိကြ။

"အာမခံတစ်နှစ်ပေးထားတယ်ဆိုပြီး သွားပြင်တော့ တစ်လနှစ်လကြာမှ ရမယ် ဆိုပြီးချိန်းတယ်"ဟု အင်းစိန်မြို့နယ်တွင်နေထိုင်သည့်အသက် ၂၁နှစ်အရွယ်ကိုဖြိုးကလွန်ခဲ့သည့်နှစ်လခန့်ကသူ၏ Samsung S3 ဖုန်းပျက်စဉ်ကအတွေ့အကြုံကိုပြောပြသည်။

Samsung၏မြန်မာနိုင်ငံအတွက်တရားဝင်ဖွင့်လှစ်ထားသည့် ပြုပြင်ရေးဌာနသို့သွားရောက်အကြောင်းကြားသော်လည်း ၎င်းတို့ထံမှ ဝယ်ယူခြင်းမဟုတ်သောကြောင့် ပြင်ဆင်ပေးရန်ငြင်းဆန်ခဲ့ကြောင်း ကိုဖြိုးကပြောသည်။

ကိုဖြိုးကဲ့သို့ပင် အရောင်းဆိုင်များမှရောင်းပြီး ပစ္စည်းကို တာဝန်မယူမှုများကြုံတွေ့ရသူအများအပြားရှိခဲ့သည်။

"ဖုန်းဝယ်တာ Samsung Glaxy Ace ကိုရီးယားဖြစ်ဆိုပြီးပြောရောင်းတယ်။ ဖုန်းကိုကြည့်တော့ ဗီယက်နမ်ဖြစ်နေတယ်။ ဆိုင်ကိုဖုန်းဆက်ပြောတော့ ဆိုက်ရောက်တဲ့နေရာချင်းပဲကွာတာ။ ဖုန်းအသားမှာ တံဆိပ်ရိုက်ထားတာပဲလို့ ပြောတယ်"ဟု တာမွေမြို့နယ် ဗိုလ်ချုပ်ရေအိုးစင်လမ်းအနီးဟန်းဆက်အရောင်းဆိုင်နှင့် ဖြစ်ပွားခဲ့သည့်ပြဿနာကို ကာယကံရှင်က 7Day Dailyသို့ပြောသည်။

ဈေးကွက်ထဲတွင်ရောင်းချနေသည့် Samsung အမှတ်တံဆိပ်ပါပစ္စည်းတိုင်းကိုအာမ မခံနိုင်ကြောင်း Samsung ၏ မြန်မာပြည်ရုံးခွဲမှအထွေထွေမန်နေဂျာကပြောသည်။ ဈေးကွက်အတွင်း Samsung ဟု ရောင်းချနေသော ဟန်းဆက်များထဲတွင် Samsung မှ တရားဝင်တင်သွင်းထားခြင်းမဟုတ်ဘဲရောင်းချနေသည့် ဟန်းဆက် အများအပြားရှိနေခြင်းကြောင့် ထိုပစ္စည်းများအတွက် အာမခံချက် မပေးနိုင်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

Samsung အမှတ်တံဆိပ်ဖြင့် တရားဝင် ရောင်းချပေးနေသည့်ဟန်းဆက်အရောင်းဆိုင်မှာ တစ်နိုင်ငံလုံးတွင် ဆိုင်နှစ်ဆယ်ခန့်ရှိပြီး ထိုဆိုင်များမှရောင်းချပေးနေသည့် ပစ္စည်းများနှင့် Samsung ၏ ပစ္စည်းအစစ်အမှန်များကိုသာတရားဝင်အာမခံပေးကြောင်းအဆိုပါအထွေထွေမန်နေဂျာကပြောသည်။

" Samsung Service ဆိုင်တွေမှာလာပြင်တဲ့ ပစ္စည်းဆိုရင်ကြည့်လိုက်တာနဲ့ သိသာတယ်။ တရားဝင်သွင်းတဲ့ပစ္စည်း ဟုတ်လားမဟုတ်လားဆိုတာ။ အခုနောက်ပိုင်းဖုန်းတွေဆိုရင် တရားဝင်သွင်းထားတဲ့ဖုန်းတွေမှာ ကုတ်နံပါတ်တို့၊ မြန်မာဖောင့်တို့ပါတယ်။ ဒါပေမဲ့ တရားဝင်မဟုတ်တဲ့ ဖုန်းတွေမှာကျတော့ အဲဒါတွေမပါတော့ဘူး။ အဲဒီဖုန်းတွေဆိုရင် ဆိုင်ကတာဝန်မယူပေးဘူး"ဟု Samsung ၏ မြန်မာ ပြည်ရုံးခွဲမှ အထွေထွေမန်နေဂျာ ဦးဇာနည်ဝင်းထက်က ပြောသည်။

တရားဝင် ဖွင့်လှစ်ခြင်းမဟုတ်ဘဲ Samsung အမည်တပ်ကာ ဖွင့်လှစ်ထားသည့် အခြားဟန်းဆက် ဆိုင်များကိုလည်း Samsung အမှတ်တံဆိပ်သုံးစွဲမှုနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေကြောင်း ၎င်းကပြောသည်။

"ရေရှည်မှာတရားစွဲဆိုတာတွေဖြစ်လာနိုင်တယ်"ဟု ဦးဇာနည်ဝင်းထက်ကပြောသည်။

မြန်မာနိုင်ငံတွင်လက်ကိုင်ဖုန်းကို လူလတ်တန်းစားများလက်လှမ်းမီ သုံးစွဲလာနိုင်သည်မှာ သုံးနှစ်ဝန်းကျင်သာရှိဦးမည်။ ထို့ကြောင့် ဖုန်းဟန်းဆက်ကဲ့သို့သော ပစ္စည်းများမှာလူအများနှင့် နီးစပ်မှုမရှိပါ။

ထိုကဲ့သို့သုံးစွဲသူများ၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ ပုံစံတူတံဆိပ်အတုများ၊ အရည်အသွေးညံ့ ပစ္စည်းများရောင်းချခြင်း၊ ဖုန်းအတွင်းသို့ ဆော့ဖ်ဝဲ Applicationများ ထည့်သွင်း၍ငွေကြေးမတန်မရာတောင်းခံခြင်းများ၊ ဝန်ဆောင်မှုကို ပြရောင်းကာ ရောင်းပြီးပစ္စည်းများအတွက် တာဝန်ယူဖြေရှင်းမှုမရှိခြင်းတို့က ဟန်းဆက်ဝယ်သူများ နေ့စဉ်ကြုံတွေ့နေရသည်။

မြန်မာနိုင်ငံ၏ ဖုန်းသုံးစွဲသူအများစုလက်ခံအားပေးနေသည့် Huawei အမှတ်တံဆိပ်ပါ ဟန်းဆက်များသည်လည်းအထက်ပါကဲ့သို့အခက်အခဲများကြုံတွေ့နေရကြောင်း သုံးစွဲသူများကပြောသည်။

"Huawei တံဆိပ်ပစ္စည်းတွေအဓိကရောင်းတဲ့ဆိုင်ကိုသွားဝယ်တယ်။ အာမခံပေးထားပေမယ့်သွားပြင်တော့ အဆင်မပြေဘူး။ ဈေးတွေလျှော့ပြီးရောင်းတယ်။ ပစ္စည်းကျ အမှန်အကန်မရောင်းဘူး။ ရောင်းပြီးဝန်ဆောင်မှုကတော့ဘာမှမရှိဘူး။ Huawei ကို ဆက်သွယ်ပြီး မေးမြန်းကြည့်တော့ အဲဒီဆိုင်က Huawei ရဲ့ တရားဝင်ရောင်းချခွင့်ပေးထားတဲ့ဆိုင်မဟုတ်ဘူးလို့အကြောင်းပြန်တယ်"ဟု လှည်းတန်းစံရိပ်ငြိမ် ၆ လမ်းထိပ် ဟန်းဆက်ဆိုင်တွင် ဝယ်ယူခဲ့သူတစ်ဦးက ပြောသည်။

အဆိုပါပြဿနာများကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည်ကို Huawei ၏ မြန်မာနိုင်ငံဆိုင်ရာရုံးများသို့ဆက်သွယ်မေးမြန်းရာတွင် စာနယ်ဇင်းများထံဖြေကြားလေ့ရှိသည့် Huawei မှတာဝန်ရှိသူများက ဖြေကြားရန်ငြင်းဆိုခဲ့သည်။

အခြားနာမည်ကျော်အမှတ်တံဆိပ်များဖြစ်သော iphone, HTC,Sony, LG မှစပြီးတံဆိပ်မျိုးစုံဝယ်ယူသုံးစွဲနေရသည့်ပြည်တွင်းမှသုံးစွဲသူများလည်း အလားတူပြဿနာများကြုံတွေ့ရသူများစွာရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ လူသိများသည့် လျှပ်စစ်ပစ္စည်း၊ ဖုန်းဟန်းဆက်ပစ္စည်းများရောင်းချသည့်ဆိုင်ကြီးများအပါအဝင် အရောင်းဆိုင်များသည်ဝယ်ယူသုံးစွဲသူများအပေါ် ရောင်းချပြီးနောက်ပိုင်းကတိပြုထားသည့်ဝန်ဆောင်မှုကိုပေးရန်ပျက်ကွက်မှုအမြောက်အများရှိကြောင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်သူများ အသင်းသို့တိုင်ကြားလာမှုများကို အခြေခံပြီး ယင်းအသင်း၏ ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်ကပြောသည်။

ရောင်းချသည့် ဆိုင်များသည် အလွန်အကျွံကြော်ငြာမှုများပြုလုပ်နေပြီး သုံးစွဲသူဘက်မှ ၎င်းတို့ဝန်ဆောင်မှုအပေါ် စောဒကတက်လာပါက ဖြေရှင်းပေးရန်ငြင်းဆန်နေသည့်နာမည်ကျော်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များပင်ရှိကြောင်း၎င်းက ပြောသည်။

"များသောအားဖြင့် ဖြေရှင်းမပေးနိုင်ဘူး။ သူတို့ထိခိုက်တဲ့ကိစ္စပေါ်လာမှ လိုက်လျောတာများတယ်။ ဥပမာဆိုင်နာမည်ကို မီဒီယာတွေကတစ်ဆင့် ပြောတာတွေကျမှဖြေရှင်းပေးတယ်"ဟု ဦးဗအုပ်ခိုင်ကပြောသည်။

ဟန်းဆက်အရောင်းဆိုင်အချို့က ကျင့်ဝတ်မလိုက်နာဘဲ အလွန်အကျွံအာမခံကာရောင်းချခြင်းကြောင့် ပြဿနာဖြစ်ပွားမှုများရှိသကဲ့သို့ သုံးစွဲသူများဘက်က အာမခံကိုနားလည်မှုလွဲမှားသောကြောင့်ဖြစ်ပွားသည့်ပြဿနာများလည်းရှိကြောင်း အင်းစိန်မြို့နယ်အတွင်းမှ ဟန်းဆက်အရောင်းဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

"သုံးစွဲသူဘက်က အမှားကြောင့်ဖြစ်တဲ့ပြဿနာတွေကိုကျရင်တော့ အာမခံပေးလို့မရဘူး။ တချို့ကအာမခံထဲက စာကိုသေချာမဖတ်တာလည်းရှိတယ်"ဟု ၎င်း ကပြောသည်။

ပြည်တွင်းတွင်ဟန်းဆက်တင်သွင်းသူအများစုသည်တရားဝင်တင်သွင်းခြင်းမဟုတ်ဘဲ မှောင်ခိုလမ်းကြောင်းမှ တင်သွင်းကြခြင်းဖြစ်ပြီး အဆိုပါကုန်ပစ္စည်းများသည်အရည်အသွေးပိုင်းဆိုင်ရာအာမခံချက်မရှိသည့် ပစ္စည်းများဖြစ်ကြောင်း ဖုန်းအရောင်းဆိုင်များက ပြောသည်။သို့သော်လည်း ယင်းဟန်းဆက်များကိုပြည်တွင်းဆိုင်များက အာမခံပေးမည်ဟု လိမ်လည်ရောင်းချမှုများရှိကြောင်း ၎င်းတို့ကပြောသည်။

"ကျွန်တော်တို့ဒိုင်တွေဆီကဝယ်တာတောင် ၁၀ လုံးလောက်ဝယ်မှ ကတ်ဖတ်၊ မဖတ် စစ်ခွင့်ရတယ်။ သုံးရက်အတွင်း ပြန်မလဲလို့ ကိုယ့်လက်ထဲပျက်ရင် အဆုံးပဲ။ ဒိုင်ကတောင် သုံးရက်ပဲ အာမခံပေးတယ်။ ဆိုင်တွေက တစ်နှစ်လောက် အာမခံပေးတယ်ဆိုတာ စဉ်းစားစရာရှိတယ်"ဟု အင်းစိန်မြို့နယ်အတွင်းမှ ဟန်းဆက်အရောင်းဆိုင်တစ်ခုမှ ပိုင်ရှင်က ပြောသည်။

နိုင်ငံတကာတွင်တော့ စားသုံးသူများ၊ ပစ္စည်းသုံးစွဲသူများကို ရောင်းချသူများဘက်မှ ကတိကဝတ်ဖောက်ဖျက်ပါက ကူညီအရေးယူဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများရှိသည်။ မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးသည့်ဥပဒေများမရှိခြင်းကြောင့် ယခုကဲ့သို့ နစ်နာမှုများဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ပညာရှင်များကပြောသည်။

အာဆီယံနိုင်ငံများတွင် စားသုံးသူအရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီကို ဖွဲ့စည်းထားသည်။ ထိုအဖွဲ့၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ဌာနများ (သို့မဟုတ်) အဖွဲ့အစည်းများ စာရင်းတွင်မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဖော်ပြထားသည်။

စားသုံးသူများ၊ သုံးစွဲသူများကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးမည့်အစီအစဉ်ကို အဆိုပါဝန်ကြီးဌာနသို့ 7Day Daily က အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းသော်လည်း တာဝန်ယူဖြေကြားမည့်အရာရှိ လွှတ်တော်သို့ သွားရောက်နေကြောင်းသာ ပြန်လည်ဖြေကြားခဲ့သည်။ အခြားအဆင့်ဝန်ထမ်းများ ကလည်း မေးမြန်းသည့်မေးခွန်းများကို ဖြေကြားရန် ငြင်းဆန်ခဲ့ကြသည်။

သို့သော် စီးပွားရေးနှင့် ကူး

ဂျာနယ်မျက်နှာဖုံးမှ

## ရန်ကုန်မြို့တွင်း မြေများအခန်းကျဉ်းလေးများနှင့် ကုန်ဆုံးနေ

ဆောက်လုပ်ရေးကန်ထရိုက်တာများက ရန်ကုန်မြို့တွင်းပိုင်း၌ တစ်နှစ်ထက်တစ်နှစ် လူနေတိုက်ခန်းများ ရောင်းချနိုင်ရေးတစ်ခုတည်းကိုသာ အဓိကဦးစားပေး တည်ဆောက်နေမှုများကြောင့် မြို့တော်၏ တန်ဖိုးမြင့်မြေကွက်အများစု ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း မြို့ပြစီမံကိန်းမှ ကျွမ်းကျင်ပညာရှင်များက ထောက်ပြပြောဆိုလိုက်သည်။

ယင်းကဲ့သို့ မြေနေရာရှားပါးလာမှုများနှင့် အလျင်စလို တည်ဆောက်မှုများက ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံအများစုမှာ မြေနေရာခပ်ကျဉ်းကျဉ်းတွင် လူသားမဆန်သည့် အခန်းငယ်များအဖြစ် ထွက်ပေါ်လာခဲ့ရသည်ဟု မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ယခင်အစိုးရ၏ စီမံခန့်ခွဲမှုအလွဲများအပေါ် ဝေဖန်ပြောဆိုသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စတင်ပြီး မြို့တွင်းပိုင်း မြို့နယ်များရှိ မြေကွက်နှင့် အိမ်ရာဟောင်းများတွင် အထပ်မြင့်လူနေတိုက်တာများ တည်ဆောက်မှုနှုန်းမြင့်မားလာခဲ့ရသည်။ ယင်းအကျိုးဆက်က ရန်ကုန်မြို့တွင် မြေနေရာရှားပါးမှုပြဿနာနှင့် အကြီးအကျယ် ကြုံတွေ့နေရပြီဟု မြို့ပြကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်သော စာရင်းဇယားများအရ အထပ်မြင့်အဆောက်အအုံတည်ဆောက်မှုမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းကျော်အထိ အမြင့်မားဆုံးစံချိန်တင်ခဲ့သည်။ ထို့ကြောင့် ဆောက်လုပ်မှုအများစုမှာ မြေနေရာတော်တော်များများ ကုန်သလောက်နီးပါးပင် ဖြစ်နေပြီဟု ဆိုသည်။

"အခုချိန်မှ အချက်အချာကျတဲ့ မြို့နယ်တွေရဲ့ အိမ်အိုအိမ်ဟောင်းမြေကွက်တွေက ရွှေတွင်းကို နေ့တိုင်းခေါင်းအုံးအိပ်နေရတဲ့အတိုင်းပဲ" ဟုမြင့်မိုရ်ဆောက်လုပ်ရေးကုမ္ပဏီမှ အရောင်းမန်နေဂျာတစ်ဦးက ရန်ကုန်မြို့တွင်းပိုင်း၌ မြေရှားပါးလာမှုအခြေအနေကို ပြောပြသည်။

မြို့တွင်းပိုင်း၌ လူအများစု စိတ်ဝင်စားပြီး ဈေးအမြင့်ဆုံးဖြစ်နေသည့် ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ ကျောက်မြောင်း၊ လှိုင် အစရှိသော မြို့နယ်များ၏ မြေဈေးနှုန်းမှာ ရန်ကုန်မြို့၌ အကောင်းဆုံးအနေအထားတွင် ရောက်ရှိနေပြီး အထပ်မြင့်ကန်ထရိုက် လူနေတိုက်ခန်းများ ထပ်မံဆောက်လုပ်ရန် မြေပိုမြေလျှံ မရှိသလောက် နည်းပါးနေပြီလည်း ဖြစ်သည်။

ယင်းမြို့နယ်များတွင် ၂၅ ပေ× ပေ ၅၀ မြေကွက်များတွင် ပေါက်ဈေး ကျပ်သိန်း ၃,၀၀၀ မှ ကျပ်သိန်း ၅,၀၀၀ အထိ မြို့နယ်အပေါ် မူတည်ပြီး ကန်ထရိုက်တိုက်များ ဆောက်လုပ်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များကဝယ်ယူနေကြသည်ဟု သီရိစံအိမ်ခြံမြေအကျိုး ဆောင်လုပ်ငန်းရှင်ဦးလှစောက ပြောသည်။

မြို့တွင်းပိုင်းမြေယာရှားပါးမှုပြဿနာကြီးမြင့်လာခြင်းက စီးပွားရေးမြို့တော် ရန်ကုန်၏ မြေဈေးထိုးတက်ရန် အခြေအနေကောင်းတစ်ခုကိုထပ်မံဖန်တီးနေခြင်း လည်းဖြစ်သည်။ ယခင်က မြို့တွင်းပိုင်းရပ်ကွက်များတွင် ဆောက်လုပ်နေသည့်ဆောက်လုပ်ရေး လုပ်ငန်းရှင်ငယ်လေးများအနေဖြင့်မူ တန်ဖိုးကြီးမြေကွက်များကို ဈေးကောင်းပေးမဝယ်ယူနိုင်သဖြင့် မြေရှင်နှင့်ညှိနှိုင်းကာ အခန်းပေးအခန်းယူစနစ်ဖြင့်တည်ဆောက်နေခဲ့သည်မှာ ဆယ်စုနှစ်နီးပါးကြာမြင့်နေပြီဖြစ်သည်။

သို့သော် မြို့တွင်းပိုင်း မြို့နယ်များတွင် မြေရှားပါးလာမှုများက လုပ်ငန်းရှင်များအပေါ် သိသိသာသာ သက်ရောက်လာပြီလည်း ဖြစ်သည်။ "မြို့နယ်ကောင်းတယ်ဆိုရင် ခုအချိန်မှာ လမ်းမကြီး ဖြစ်ဖြစ်၊ လမ်းသွယ်ထဲပဲဖြစ်ဖြစ် ဦးရာလူစနစ်နဲ့ အပြိုင်လုဆောက်နေရတယ်။ မြေက အရင်ကထက်စာရင် အရမ်းရှားလာပြီ" ဟု စမ်းချောင်းမြို့နယ်မှ လိုင်စင်ရ ကန်ထရိုက်တာတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ မြန်ဆန်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းသို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသာမက အခြားသော စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာခြင်းကလည်း မြို့ပြ၏ မြေယာရှားပါးမှုကို များစွာ သက်ရောက်ခဲ့ရသည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်ချက်တွင် မြေနေရာခွဲခြမ်းစိတ်ဖြာခြင်းအပေါ် သတ်မှတ်ထားသည့် ပုံစံမှာ မှားယွင်းနေသောကြောင့် ယခင်က ဆောက်လုပ်ခဲ့သည့် ကန်ထရိုက်တိုက်များ၌ အခန်းကျဉ်းကျဉ်းများ ပေါ်ထွက်ခဲ့ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် မြေနေရာကိုမကြည့်ဘဲ အခန်းအရေအတွက်များများထွက်ရေးကိုသာ ဦးစားပေးဆောက်လုပ်ခဲ့မှုများကြောင့် အရည်အသွေးနိမ့် တိုက်ခန်းကျဉ်းများသာ ထွက်ပေါ်လာခဲ့ရသည်ဟု အထပ်မြင့်စီမံကိန်းများ အရည်အသွေးကြီးကြပ်မှု ပညာရှင်အဖွဲ့ ဦးသန်းမြင့်က ပြောသည်။

"အဓိကလမ်းမကြီးတွေမှာ ရှေ့ကို ၁၀ ပေကနေ ပေ ၂၀ ချန်ရပေမယ့် ရပ်ကွက်ထဲက လမ်းသွယ်လေးတွေမှာက တိတိကျကျ သတ်မှတ်ထားတဲ့ စနစ်မရှိဘူး" ဟု ၎င်းက ပြောသည်။

အစိုးရက ၁၉၉၅ ခုနှစ်နောက်ပိုင်းမှစတင်ပြီး မြို့တွင်းပိုင်း၌ ကွန်ဒိုအိမ်ရာစီမံကိန်းများ၊ အဆင့်မြင့် အိမ်ရာစီမံကိန်းများကို စတင်ခွင့်ပြုပေးခဲ့သည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အကောင်းဆုံးခေတ်အချိန်တွင် ပြည်ပတွင်သွားရောက်လုပ်ကိုင်သူအချို့က ပါလာသည့် ငွေကြေးအရင်းအနှီးများ မြှုပ်နှံလာခြင်းတို့ကြောင့် တည်ဆောက်မှုအရှိန်မြင့်တက်လာခဲ့ရကြောင်း International Business Time သတင်းစာက ရေးသားထားသည်။

ပြင်ပမှ လုပ်ငန်းရှင်များ ဆောက်လုပ်ရေးလုပ်ငန်းအပေါ် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးပွားလာခြင်းကြောင့် နေ့ချင်းညချင်း ရန်ကုန်မြို့တွင်းပိုင်း၏ မြို့နယ်အချို့ရှိ အိမ်ကြီးအိမ်ကောင်း မြေနေရာကောင်းတို့တွင် ကန်ထရိုက်တိုက်အသစ်များ တစ်လုံးပြီးတစ်လုံး အစီအရီပေါ်ပေါက်လာခဲ့သည်။

ယခင်အစိုးရလက်ထက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းကို ပြီးစလွယ်ခွင့်ပြုပေးခဲ့ပြီး အစိုးရဌာနတွင်းရှိ ဝန်ထမ်းနှင့် ကန်ထရိုက်တို့မှ မသမာမှုများ ပြုလုပ်ကာ ဆောက်လုပ်ခွင့်အမြန်ဆုံးကျစေရန် ဆောင်ရွက်မှုများလည်း ရှိခဲ့သည်ဟု ဆောက်လုပ်ရေးကုမ္ပဏီများတွင် လုပ်သက်ရင့် လုပ်ကိုင်ဖူးသူ မန်နေဂျာတစ်ဦးက ဆိုသည်။

၂၅ ပေ × ပေ ၅၀ အခန်းအများစုမှာ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေ၊ ပုဇွန်တောင်မြို့နယ်တို့၏ ရပ်ကွက်အတွင်းပိုင်း၌ တည်ဆောက်မှုများရှိနေပြီး ၁၅ ပေ × ၃၅ ပေ အခန်းများမှာ မြေကွက်တစ်ကွက်တည်းတွင် ကန်ထရိုက်တိုက်နှစ်လုံး ခွဲဆောက်သည့် ဖြစ်စဉ်မျိုးလည်းရှိကြောင်း ယင်းမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောပြသည်။

လမ်းမကြီးတန်းများ၌နောက်ပိုင်း ဆောက်လုပ်မှုများတွင်မူ ပေ ၄၀ × ပေ ၆၀ ကို အများဆုံးတည်ဆောက်ကြပြီး ယခင်အိမ်ရာ အဟောင်းအချို့တွင်သာ ၂၅ ပေ × ပေ ၅၀ အခန်းငယ်အချို့ ကျန်ရှိနေသေးကြောင်း သိရသည်။

ယခုနောက်ပိုင်း ခွင့်ပြုချက်မရှိဘဲ ပေခပ်ကျဉ်းကျဉ်းလေးများဖြင့် ပြီးစလွယ်တည်ဆောက်ထားသည့် တိုက်ခန်းအများစုမှာ သဃ်န်းကျွန်းမြို့နယ်များတွင် တည်ဆောက်မှုလွန်စွာ များပြားနေပြီဖြစ်ကြောင်းအထက်ပါ အကျိုးဆောင်က ပြောသည်။

ထို့အပြင် ကန်ထရိုက်တိုက်များအား ကြိုပွဲ့ဝင့်ဝယ်ယူသည့်စနစ်ကလည်း စီးပွားရေးမြို့တော်၏ မြေယာရှားပါးလာမှုကို အဓိကတွန်းအားတစ်ခုလည်း ဖြစ်သည်။

"ကန်ထရိုက်တွေကလည်း မြေမှာဖောင်ဒေးရှင်းပြလိုက်တာနဲ့ ဈေးကထပ်တင်ကြတယ်။ အဲဒီမှာကြိုပွဲ့ဝင့်ကစားသူတွေ တစ်ယောက်ပြီး တစ်ယောက်ပြောင်းကုန်တယ်။ အဲဒီတော့ကန်ထရိုက်တွေက မြေလွတ်မှန်သမျှကို ရအောင်လိုက်စုကြတယ်။ အမြန်ဆောက်ဖို့ အရင်းအနှီးက ငွေမလည်သေးတော့ ဖောင်ဒေးရှင်းပဲ ပြထားတယ်။ အဲဒီမှာ မြေတွေက အချိန်တိုတိုနဲ့ ကုန်သွားတာပဲ" ဟု အိမ်ခြံမြေအကျိုးဆောင် ဦးမင်းမင်းမြတ်က သုံးသပ်သည်။

ထို့ကြောင့် မြို့တော်ရန်ကုန်၏ မြေနေရာဈေးနှုန်းကြီးမြင့်လာမှုနှင့် မြေရှားပါးလာမှုတို့ကို ဖြေရှင်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များက မူလမြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့၏ မြေယာရှားပါးလာမှုကို ဖြေရှင်းနေကြပြီဖြစ်သည်။

အချက်အချာကျသည့် မြေနေရာအကျယ်ကြီးများတွင် ပြည်ပလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလိုသောကြောင့် မြေရှင်နှင့် တိုက်ရိုက်ချိတ်ဆက်ပြီး အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် စီစဉ်နေပြီဖြစ်ကြောင်း နိုင်ငံခြားကုမ္ပဏီများအတွက် အကျိုးဆောင်လုပ်ကိုင်ပေးနေသူများက ပြောသည်။

အစိုးရဘက်ကလည်းမြို့တွင်းပိုင်း၌ မြေနေရာရှားပါးလာမှုတို့ကြောင့် ဖြေလျော့သည့်အနေဖြင့် မြေနေရာကျယ်များရှိသေးသည့် ယခင်အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန် ခွင့်ပြုမှုနည်းပါးခဲ့သော မရမ်းကုန်းမြို့နယ်၊ သဃ်န်းကျွန်း၊ လှိုင်၊ မြောက်ဥက္ကလာပနှင့် အင်းစိန်မြို့နယ်တို့တွင် အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်မှုနှုန်းကို ပိုမိုတိုးမြှင့်ခွင့်ပြုခဲ့ကြောင်း မြို့တော်စည်ပင်၏ တရားဝင်စာရင်းများအရ သိရသည်။

ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းအရ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းကို မြို့နယ်အလိုက်ဇုန်များသတ်မှတ်ပြီး ခွဲခြားတည်ဆောက်ရတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ကြောင့် အစိုးရ၏ မြို့တွင်းပိုင်းဆောက်လုပ်ရေး လုပ်ငန်းများအပေါ် ပြန်လည်စိစစ်ကြပ်မတ်နေခြင်းက အချိန်မမီနိုင်တော့ဘဲ အစိုးရ၏ စီမံခန့်ခွဲမှု အလွဲများက မြို့တွင်း၌ စီးပွားရေးလုပ်ငန်းရှင်များ၏ အမြတ်ထုတ်မှုများအကြား မြို့ပြ၏ နေရာများ ဆုံးရှုံးနစ်နာခဲ့ရပြီးဖြစ်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဌာနခွဲမှ စားသုံးသူများ၏ တိုင်တန်းချက်များကို မကြာမီ လက်ခံဖြေရှင်းမည်ဖြစ်ကြောင်း အဆိုပါဌာနခွဲဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်း၏ ပြောစကားများကို ကိုးကား၍ အပတ်စဉ်ထုတ် စိုက်ပျိုးရေးနှင့်စီးပွားရေးသတင်းဂျာနယ်ဖြစ်သည့် The Farmer က ရေးသားသည်။ ဝန်ကြီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ကြိုးစားနေကြောင်း၊ ဥပဒေပေါ်ပေါက်လာပါက စားသုံးသူများ၏ တိုင်တန်းချက်များကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဦးမောင်မောင်ထွန်းကို ကိုးကားပြီး ရေးသားထားသည်။

"ဥပဒေကို အတည်ပြုပြီးရင် ကျွန်တော်တို့ စားသုံးသူရေးရာဌာနခွဲကို တိုင်ကြားနိုင်ပါပြီ" ဟု ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆောက်အအုံတွင် ကျင်းပသည့် စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သော ဆွေးနွေးပွဲအတွင်း ဦးမောင်မောင်ထွန်း၏ ပြောစကားများကို ကိုးကားပြီး အဆိုပါဂျာနယ်က ရေးသားသည်။

ယခုအချိန်အထိ နာမည်ကျော်ဟန်းဆက်ကုမ္ပဏီများ က ၎င်းတို့အမှတ်တံဆိပ်ရိုက်နှိပ်ကာ ရောင်းချနေသည့် ကုန်ပစ္စည်းများ၊ ကုမ္ပဏီမှ အာမခံသည်ဟု ရောင်းချသည့်ပစ္စည်းများကြောင့် စားသုံးသူများ၏နစ်နာနေမှုကို ဖြေရှင်းပေးရန် ထင်သာမြင်သာသည့် ကြိုးစားအားထုတ်မှု တစ်စုံတစ်ရာ မတွေ့သေးပေ။

ထို့အတူ အစိုးရဘက်ကလည်း တိုင်းသူပြည်သားများ ကုန်ပစ္စည်းဝယ်ယူသုံးစွဲရာတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများကို တားဆီးဖြေရှင်းပေးမှုများလည်း မတွေ့ရသေး။

ဘောဂဗေဒပညာရှင်များနှင့် ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းရှင်များကမကြာခဏကိုးကားပြောဆိုသည့် "ဝယ်ယူသူသာ ထာဝရမှန်ကန်သည်" ဆိုတဲ့ ဆိုရိုးက မြန်မာပြည်မှ ဟန်းဆက် ဝယ်ယူသူများအတွက်တော့ ပြောင်းပြန်ဖြစ်သွားခဲ့သည်။ "ဝယ်သူသာ ထာဝရခံနေရဆဲဖြစ်သည်"။